
ရန်... (၁၆)

www.burmeseclassic.com

တိုးယက် နှင့် ငွေစိုးဘော်

စီစဉ်သည်



BURMESE CLASSIC

# သားရဲတွင်းမှ ဧရဲညီ

နှင့်

MYSTERY

မင်းသိင်္ခ ညီညီနိုင် ဆွေမြင့် ဘုန်းမင်းလွှံလူ

...သိုလ်လွမ်းမြင့်ဝေ မောင်မြင့်မား(ဘိုကလေး) သီဟထိပ်တင်စော

နှန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ) မောင်သစ်နွယ် တိုးယက်

2009.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၈၆၇၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၁၃၁၀၈၀၉ |
| အဖုံးဒီဇိုင်း | – | ကျော်မင်းမောင် |
| ထုတ်ဝေသူ | – | ဦးလှတိုး (ရန်အောင်စာပေ)<br>(မြ- ၀၃၇၇၂)<br>၃၄၃/၁၈၊ အနော်ရထာလမ်း<br>ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | – | ဦးတင်မောင်ဝင်း<br>(သင်းလဲ့ဝင်းပုံနှိပ်တိုက်)<br>အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း။ |
| အဖုံးပုံနှိပ်သူ | – | ဒေါ်ကျင်ယုံ (ကောင်းစံပုံနှိပ်တိုက်)<br>အမှတ် ၂၇၉၊ လမ်း ၄၀။<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | – | မိုးဝင်းကျော်၊ လမ်း (၄၀)၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | – | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

၈၀၈.၈၃

ကလောင်စုံ

သားရဲတွင်းမှ ငရဲညနှင့် ရင်သိမ့်ဖို (Mystery)

ကလောင်စုံ။ – ရန်ကုန်။

ရန်အောင်စာပေ၊ ၂၀၀၉။

၁၆၅ – စာ၊ ၁၂ x ၁၉ စင်တီ

(၁) သားရဲတွင်းမှ ငရဲညနှင့် ရင်သိမ့်ဖို (Mystery)


BURMESE CLASSIC

ရင်သိမ့်ဖိုအမှတ်စဉ် (၁၆)

တိုးထက် နှင့် နေမိုးသော်
စီစဉ်သည်

# သားရဲတွင်းမှ ငရဲည

နှင့်

# ရင်သိမ့်ဖို

## MYSTERY


ရန်အောင်စာပေ
၃၄၃/၁၈၊ အနော်ရထာလမ်း ရန်ကုန်မြို့။
ဖုန်း – ၅၂၂၉၅၂


www.burmeseclassic.com

www.burmeseclassic.com


**ဗိုလ်တာဝန်အရေးသုံးပါး**

⇨ ပြည်ထောင်စုမပြိုကွဲရေး — ဗိုလ်အရေး
⇨ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဗိုလ်အရေး
⇨ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဗိုလ်အရေး

**ပြည်သူ့သဘောထား**

⇨ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
⇨ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
⇨ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
⇨ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

⇨ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
⇨ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
⇨ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
⇨ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

⇨ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
⇨ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
⇨ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
⇨ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

⇨ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
⇨ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
⇨ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
⇨ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# မာတိကာ


၁။ မုတ်ဆိတ်ဖြူကြီးနှင့် ပန်းပုဆရာလူငယ် — ၁
**မင်းသိမ်**

၂။ သားရဲတွင်းမှ ငရဲညှ — ၂၃
**ညီညီနိုင်**

၃။ လိပ်ပြာမသန့်သောအခါ — ၄၀
**ဆွေမြင့်**

၄။ တစ္ဆေမထောင်ချောက် — ၅၀
**ဘုန်းမင်းလှိုင်လှ**

၅။ ဝတ္ထုနိဂုံး အဆုံးသတ်အန္တရာယ် — ၆၃
**တက္ကသိုလ်လှမ်းမြင့်ဝေ**

၆။ ရမ်တစ်လုံးနှင့် ပိန္နဲသီး — ၇၈
**မောင်မြင့်မား(ဘိုကလေး)**

၇။ မြစ်ပယ်၏ လွမ်းချစ်သက်ဝေ — ၈၇
**နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)**

၈။ ၄ ဂဏန်းနဲ့လူ — ၁၁၁
**သီဟထိပ်တင်စော**

၉။ ကိုယ်ပွားဝိညာဉ် — ၁၂၅
**တိုးထက်**

၁၀။ မျက်ဝန်းမှတစ်ဆင့် ပါးပြင်ဆီသို့ — ၁၄၆
**မောင်သစ်နွယ်**


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မုတ်ဆိတ်ဖြူကြီးနှင့် ပန်းပုဆရာလှငယ်

မင်းသိင်္ခ

မြက်ပင်ရှည်ကြီးများသည် ယိမ်းနွဲ့နေကြ၏။ ထိုမြက်ပင်ရှည်ကြီးတို့၏ နေရာသည်လည်း ကျယ်ပြောလှ၏။ ထိုမြက်ပင်ရှည်ကြီးတို့ နေရာအဆုံးတွင် ထုံးအိုင်ကလေး တစ်အိုင်ရှိ၏။ ထို ထုံးအိုင်ကလေး၏အလွန်တွင် မြေနီလမ်းကလေးရှိ၏။ ထိုမြေနီလမ်းကလေး၏အဆုံးတွင် တောစပ်ရှိ၏။ ထိုတောသည် အလျားရှည်၍ အနံကျဉ်း၏။ ထိုတော၌ကား ရာနှင့်ချီ၍ အသက်ရှည်သော သောင်ပင်ကြီးများလည်း ရှိ၏။ ထို့ပြင် အင်ကြင်းပင်တို့၏ ဘိုးဘေးများဖြစ်ကြသော အင်ကြင်းပင်တို့သည် အနိစ္စမွေကို နာခံ၍ သေလွန်ခဲ့ကြပြီဖြစ်သော်လည်း အင်ကြင်းကျောက်များအဖြစ်ဖြင့် ထိုတော၏အနှံ့၌ ရှိလေ၏။ ထို့ပြင် ကြက်တူရွေး၏ နှုတ်သီးကဲ့သို့ အဖျားကောက်သော အသီးတို့ကို သီးတတ်သော သရက်ပင်တို့သည်လည်း အစီအရီပေါက်လျက်ရှိ၏။ ထိုတောအား ခါးလယ်မှ ဖြတ်၍ စီးနေသော စမ်းချောင်းတစ်ခု ရှိ၏။ ထိုစမ်းချောင်းသည် မည်သည့်နေရာမှ စတင် စီးဆင်းခဲ့သည်ဟု မသိနိုင်သော်လည်း နောက်ဆုံးတွင် မြစ်တစ်ခုအတွင်းသို့ စီးဝင်သွားသည်မှာ သေချာ၏။ ထိုမြစ်ကို လူတို့က 'ရေနဒီ'ဟု ခေါ်၏။

ထိုတော၏ တောင်ဘက်ယွန်းယွန်းတွင် နှစ်ပေါင်းများစွာက သို့မဟုတ် ကမ္ဘာဦးက မီးတောင်ဖြစ်ခဲ့ဖူးသော တောင်မို့မို့ကြီးလည်း ရှိ၏။ ထိုတောင်ကြီးအား မီးသင့်ဖူးသောမြေ ဖြစ်သောကြောင့် မြေဩဇာအလွန်ကောင်း၏။ တောင်



ပေါ်တောင်အောက် တောင်တစ်ဝိုက်၌ အမျိုးပေါင်း အသိန်းအသန်းမကသော သစ်ပင်တို့သည် ပေါက်ရောက်နေ၏။ ထိုသစ်ပင်တို့တွင် ပန်းပင်များသည် အများစုဖြစ်၏။ ပန်းဟူသော စကားကို 'ပုပ္ပ'ဟု ခေါ်ဝေါ်သည့်ခေတ်က လူတို့သည် ပန်းပေါသော ထိုတောင်ကြီးကို 'ပုပ္ပတောင်'ဟု ခေါ်၏။

တောတိရစ္ဆာန် အမြောက်အမြား ထိုပုပ္ပတောင်၌ အောင်း၏။ လူထက် 'နဂါး'ကို ကြည်ညိုတတ်သော ခေတ်တစ်ခေတ်၏ လူသားတို့သည် ထိုတောင်ကြီး၌ နဂါးမတို့နေသည်ဟု ယုံကြည်ကြ၏။ လူသားထက် 'ဇော်ဂျီ'ကို ပို၍ အထင်ကြီးသောခေတ်က လူများကလည်း ထိုတောင်ကြီး၌ 'ဇော်ဂျီဝိဇ္ဇာတို့ ပျော်မွေ့သည်'ဟု ဆိုကြကုန်၏။

အကြောင်းအရာနှစ်ခုကို တသီးတခြား တကွဲတပြား ထားရခြင်းကို မနှစ်သက်သော လူတို့သည် ခေတ်တစ်ခေတ်၏ ယုံကြည်မှုဖြစ်သော 'နဂါးမ' နှင့် အခြားသော ခေတ်တစ်ခေတ်၏ ယုံကြည်မှုဖြစ်သော 'ဇော်ဂျီ'ကို လင်မယားဖြစ်အောင် ပေးစားလိုက်ကြလေ၏။

ထို့ကြောင့် ထိုပုပ္ပတောင်ကြီး၌ 'နဂါးမ' အမှန်တကယ် ရှိမရှိ၊ 'ဝိဇ္ဇာဇော်ဂျီ' အမှန်တကယ် ရှိမရှိကို စပ်စုတတ်သော သမိုင်းဆရာတို့သည်ပင်လျှင် အတတ်မပြောနိုင်ကြသော်လည်း ထိုဒေသတစ်ဝိုက်ရှိ လူတို့၏ မနောဝိညာဉ်၌မူ 'ပုပ္ပ'တောင်ရှိ 'နဂါးမ'နှင့် 'ဝိဇ္ဇာဇော်ဂျီ'တို့သည် အကြိမ်ကြိမ် မင်္ဂလာဆောင်ခဲ့ကြ၏။ အကြိမ်ကြိမ် လင်မယားဖြစ်ခဲ့ကြ၏။

နဂါးမများ၏ ပဋ္ဌာမြားရွှေကြုတ်၌လည်း အကြိမ်ကြိမ် နှုတ်ငုံခဲ့ရလေ၏။ အကြိမ်ကြိမ် မွေးဖွားပေးခဲ့ရ၏။ လူတို့သည် ယုတ္တိရှိစွာ စိတ်ကူးတတ်သောကြောင့် နဂါးမ၏ မီးနေခန်းကို အကောင်လိုက်မွေးသည်ဟု မည်သည့်အခါမျှ စိတ်မကူးခဲ့ကြ။ ဥများသာ ဥသည်ဟု ဆိုကြကုန်၏။ သို့ရာတွင် ထိုဥများ အချိန်တန်၍ ပေါက်သောအခါတွင် 'နဂါး'ကလေးများအဖြစ်လည်း မပေါက်ဖွားလိုကြ။ 'ဝိဇ္ဇာဇော်ဂျီ'ကလေးများအဖြစ်လည်း မပေါက်ဖွားလိုကြ။ မိမိတို့နှင့် နီးစပ်ရန် စိတ်ကူးကြပြန်၏။

ထို့ကြောင့် နဂါးမနှင့် ဝိဇ္ဇာလင်မယားအဖြစ် ပေါက်ဖွားလာသော ဥမှ အကောင်ပေါက်သောအခါတွင် နဂါးလည်း ဖြစ်မလာ၊ ဝိဇ္ဇာလည်း ဖြစ်မလာသော့ဘဲ လူများသာဖြစ်ဟု မနောသင်္ချာန်များကို ဖန်တီးကြပြန်လေ၏။ ထို့နောက် နတ်ဒေဝတာကို လူသားထက်ပို၍ အထင်ကြီးသော ခေတ်၌မူ လူတို့သည် စောစောက နဂါးမနှင့် ဝိဇ္ဇာတို့မှ ပေါက်ဖွားသောလူများကို နတ်ဒေဝတာတို့၏စာရင်း၌ သွင်းကြပြန်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပန်းမျိုးအထောင်အသောင်းနှင့် မူလကပင် ကျက်သရေရှိပြီးသော ပုပ္ပတောင်ကြီးသည် ထူးဆန်းအံ့ဩဖွယ်ရာများဖြင့် ထပ်လောင်းလိုက်သောအခါ၌ ကျက်သရေ ဆိုသောအရာနှင့် ဆန်းကြယ်ခြင်း ဆိုသောအရာတို့သည် ထိုပုပ္ပတောင်ကြီး၏ ဂုဏ်ထူးဝိသေသန ဖြစ်သွားလေတော့၏။

ထိုတော၏မြောက်ဘက် ခပ်ယွန်းယွန်း၌မူ လူနေသိပ်သည်း၍ လွန်စွာစည်ကားသော မင်းနေပြည်တော်ကြီးကိုလည်း လူတို့သည် သူ့ခေတ်နှင့်သူ အမည်အမျိုးမျိုးပေးခဲ့ကြ၏။

ယုန်လွတ်ကျွန်း ဟူ၍လည်းကောင်း၊ ပုဏ္ဏကမ ဟူ၍လည်းကောင်း၊ ပေါက္ကံ ဟူ၍လည်းကောင်း၊ ပုဂံ ဟူ၍လည်းကောင်း ဖြစ်လေတော့၏။ ထိုနေပြည်တော်ကြီးတို့နှင့် ပုပ္ပတောင်၏အကြား၌ အထက်ကဆိုခဲ့သော ခါးလျားရှည်သောတောသည် ပေါင်းကူးသဖွယ် ဆက်ပေးထားလေ၏။

တစ်နေ့သ၌ ဝေးလံသော အရပ်ဒေသမှ ခြေကျင်ခရီးနှင်ခဲ့သော လူငယ်တစ်ဦးသည် ထိုနေရာသို့ ရောက်ရှိလာ၏။ မြက်ခင်းပြင်ကြီးများကို ဖြတ်၏။ ထုံးအိုင်ကို ပက်၏။ မြေနီလမ်းကလေးအတိုင်း လျှောက်၏။ ထို့နောက် တောအတွင်းသို့ တရွေ့ရွေ့ ဝင်လာခဲ့လေတော့၏။

သူသည် အစာရေစာ ငတ်မွတ်ခေါင်းပါးသောဒေသကို စွန့်ခွာ၍ အစာရေစာပေါမည်ဟု ထင်မှတ်သောနေရာသို့ ခရီးနှင်ခဲ့သူဖြစ်ရာ လမ်းတွင်လည်း မဝတဝပင် စားခဲ့ရ၏။ တောသို့ မဝင်မီအချိန်ထိ အစာလုံးဝ မစားရသည်မှာ နှစ်ရက်ပင် ရှိခဲ့ပြီဖြစ်၏။ ထိုငတ်မွတ်ခေါင်းပါးသော လူငယ်သည် မှည့်ရွှမ်းနေသော သရက်သီးတို့မြင်လျှင် သူ၏မျက်နှာသည် ရွှန်းပသွားသည်။

ထို့နောက် သရက်ပင်တို့၏အောက်ကို ကြည့်လိုက်ရာ သန့်ပြန့်သော သဲမြေများပေါ်၌ ကြွေကျလျက်ရှိသော မြောက်မြားစွာသော သရက်သီးတို့ကို တွေ့မြင်ရလျှင် မိမိအနေနှင့် ငတ်မွတ်၍ မသေနိုင်တော့ကြောင်း ကောင်းစွာ ယုံကြည်သွားပြီဖြစ်၏။

သူ၏မျက်နှာသည် စောစောကထက်ပို၍ ရွှန်းပလာ၏။ သူ၏မျက်လုံးများသည် အရောင်တဖျပ်ဖျပ် လက်လာ၏။ သူ၏အထက်နှုတ်ခမ်းသည် အပေါ်သို့ကွေး၍ တက်သွား၏။

ထိုအခါ ငယ်ရွယ်ပျိုမျစ်ခြင်းတို့၏ အမှတ်လက္ခဏာဖြစ်သော ခိုင်မာညီညာသည့် သွားကလေးများသည် ဖွေးခနဲပေါ်လာလေ၏။ ထို့နောက် လူငယ်သည် အောက်ပါအတိုင်း ကြွေးကြော်လိုက်လေတော့၏။

"ငတ်လို့တော့ မသေတော့ပါဘူး"



ထိုသို့ ကြွေးကြော်ပြီးနောက် မည်သည့်အကြောင်းအရာကို စဉ်းစားမိသည်မသိ။

"သတ်လို့တော့ သေချင်သေမယ်ပေါ့လေ"ဟု ရေရွတ်လိုက်လေတော့၏။

ထိုအခါ သစ်ပင်တစ်ပင်၏ အကွယ်မှနေ၍ တစ်စုံတစ်ယောက်သောသူက–

"သတ်လို့လည်း မသေပါဘူး မောင်ရင်ရယ်...ဒီမှာက မင်းကျင့်တရားနဲ့ညီတဲ့ဘုရင် အုပ်ချုပ်နေတာပဲ။ အကြောင်းမဲ့ မင်းကို ဘယ်သူကမှ သတ်ခွင့်မရှိဘူး။ ဘုရင်က မင်းအသက်ကို ကာကွယ်ပေးထားမှာပါ"ဟု ပြောလိုက်သံကို ကြားသဖြင့် လူငယ်သည် သရက်သီးတစ်လုံးကို ကောက်ယူပြီးလျှင် အသံလာရာဆီသို့ ခပ်သုတ်သုတ်လေး လျှောက်သွားလေတော့၏။

ထို့နောက် လူငယ်သည် စူးရဲသောမျက်လုံးဖြင့် ထိုသူအား ကြည့်လိုက်လေ၏။ ထိုသူကား အသက်ခုနစ်ဆယ်ကို များစွာ ကျော်နေပြီဖြစ်သော အဘိုးအိုတစ်ဦးဖြစ်၏။

သူသည် သစ်ပင်တစ်ပင်ကိုမှီ၍ စိတ်အေးလက်အေး ထိုင်နေလေ၏။ သူ၏ဆံပင်များသည် ဖွေးဖွေးဖြူနေလေ၏။ သူ၏မှတ်ဆိတ်မွေးသည် သူ၏ချက်ထိအောင် ရှည်လျားပြီး ဆံပင်တို့နှင့်အတူ ပြိုင်၍ ဖြူနေလေ၏။

သူသည် တောင်ဝှေးရှည်ကြီး တစ်ချောင်းကို အသုံးပြု၍ ခရီးပြင်းနှင်ခဲ့ဟန် လက္ခဏာရှိ၏။ သူ၏ တောင်ဝှေးရှည်ကြီးထိပ်၌ ဖူးလန်ကျဲနေလေ၏။

လူငယ်သည် ထိုမှတ်ဆိတ်ဖြူကြီးအား ကြည့်မြဲ ကြည့်နေလေ၏။ ထိုအခါ မှတ်ဆိတ်ဖြူအဘိုးကြီးက–

"ဟေ့ကောင်...ဘာဖြစ်လို့ ဒီလောက်ငေးပြီး ကြည့်နေရတာတုံး။ ငါ့ကို ရက္ခစိုးကြီးများ ထင်နေလို့လား။ မင်းခြေထောက်တွေကလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ပါလား။ တော်တော်ဝေးတဲ့ ခရီးကနေ ခြေနင်းမပါဘဲ လျှောက်လာခဲ့ရတဲ့ ဒုက္ခိတတစ်မျိုးနဲ့ တူပါရဲ့"ဟု မှတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ လူငယ်က–

"မှန်ပါတယ် ခင်ဗျာ...ကျွန်တော်တို့ဒေသမှာ ကျွန်တော်တတ်တဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်း လုပ်လို့မဖြစ်လို့ အရဲစွန့်ပြီး လာခဲ့ရတာပါပဲ"ဟု ပြောလိုက်ရာ မှတ်ဆိတ်ဖြူကြီးက–

"မဟုတ်မှလွဲရော မင်းဟာ ပန်းပုဆရာလား၊ ပန်းချီဆေးရေး အတတ်တို့ တတ်တဲ့ ပန်းချီဆရာလား"ဟု မေးလိုက်လေ၏။

"မှန်ပါတယ်ခင်ဗျာ...ကျွန်တော်ဟာ ပန်းပုဆရာပါ။ ရွံ့တွေ သစ်သားတွေ၊ တိရစ္ဆာန်အရိုးတွေ၊ အစွယ်တွေကနေ အင်မတန်မှာကျော့တဲ့ ကျောက်တုံး

www.burmeseclassic.com



တွေ ကျွန်တော် ပန်းပုထုတတ်ပါတယ်”ဟု လူငယ်က ပြောရာ–

“မင်းကြည့်ရတာ အတော့်ကို တော်တော်ပြတ်ပြတ် ဖြစ်လာပုံရတယ်။ ဒါကိုထောက်ရင် မင်းဟာ တကယ်တတ်တဲ့ ပညာရှင်တစ်ယောက်ပဲ။ သူတစ်ပါး စိတ်ကို ကြည်နူးအောင်လုပ်ရတဲ့ အတတ်ပညာရှင် အတော်များများဟာ မင်းလိုပဲ တော်ကြတယ်ကွ။ ဒါပေမဲ့ သူတို့အားလုံး အငတ်ခံနိုင်တဲ့ စွမ်းရည်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ပညာထဲမှာ သူတို့ကိုယ်တိုင် နစ်မျောနေနိုင်တာ ကိုးကွ။ ပန်းပုဆရာဟာ ပန်းပုထုရင်းနဲ့ သူထုတဲ့အရုပ်နဲ့ တပေါင်းတစည်းတည်း ဖြစ်သွားတာကိုး။ အဲဒီတော့ ငတ်တာကို မစဉ်းစားတော့ဘူးပေါ့။ အဲဒီလိုပဲ ဆေးရေး ပန်းချီဆရာတွေလည်း သူရေးတဲ့အရုပ်ထဲမှာ နစ်မြုပ်သွားရင် ထမင်း ငတ်တာကို မစဉ်းစားတော့ဘူး။ ဂီတပညာရှင်လည်း ဒီအတိုင်းပဲကွ။ သူ့ရဲ့ ရေယာဉ်ကြောမှာ မျောနေပြီဆိုရင် ကျန်တာတွေအားလုံးကို မေ့နေနိုင်တယ်။ သူတို့အလုပ်က သူတို့ကို အာဟာရသိဒ္ဓိ ယာယီပြီးထားစေတယ်ကွ။ ဒါပေမဲ့ ရေရှည်တော့ မတတ်နိုင်ဘူးပေါ့ကွာ။ အဲဒါကြောင့် မင်းလည်း ထွက်ပြေးလာ ရတာ မဟုတ်လား။ အဲဒီပညာမျိုးတွေကလည်း ဆန်းတယ်ကွ။ ငတ်လေလေ လက်ရာက ကောင်းလေလေပဲကွ။ ကပါကွယ်...ဘာမှ အားမငယ်နဲ့တော့ မင်းလို ပညာရှင်မျိုးတွေ့ ဟောဒီတိုင်းပြည်မှာ အများကြီးလိုနေတာ၊ ဒီနေ့အဖို့တော့ နေဝင်တော့မယ်ကွ။ မြို့တံခါးလည်း ပိတ်တော့မယ်။ ဒီတောထဲမှာပဲ နေကြ တာပေါ့ကွာ။ မနက်ဖြန် မနက်စောစောကျမှပဲ ဝင်ကြရအောင်၊ ငါ့မှာ စားစရာ နည်းနည်းပါတယ်ကွာ။ ဒီနေ့ညအဖို့တော့ မပူရပါဘူး ငါ့လူရာ။ မင်း အသား စားတယ်မဟုတ်လား”ဟု မုတ်ဆိတ်ဖြူကြီးက မေးလိုက်လေ၏။

“စားပါတယ်။ အသားကို အသီးအရွက်ထက်လည်း ကျွန်တော် ပိုပြီး တော့ ကြိုက်ပါတယ်။ အသားဝယ်ပြီး မစားနိုင်တဲ့အခါကျတော့ အသီးအရွက် ကို ချိုးမွမ်းရတာပေါ့ ခင်ဗျာ”ဟု လူငယ်က ပြောလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက သူ၏လွယ်အိတ်အတွင်းမှ ကြွေဖြင့် ပြုလုပ် ထားသော လှနှစ်ဖွယ် သပ်ရပ်သည့် အိုးကလေးတစ်လုံးကို ထုတ်ယူလိုက်လေ၏။

ထို့နောက် အိုးကလေး၏ အဖုံးကိုဖွင့်၍ လူငယ်အားပြလိုက်ရာ အတွင်း၌ ဆီစိမ်ထားသော ဝက်သားတုံးများကို တွေ့ရလေတော့၏။

“ကျွန်တော် အကြိုက်ဆုံး အသားတွေပါပဲခင်ဗျ”ဟု လူငယ်က ပြော လိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် သူ၏အိတ်တွင်းမှ ဖက်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို လူငယ်၏လက်သို့ ပေးလိုက်လေ၏။ လူငယ် ကလည်း ထိုအထုပ်ကို ဖြေလိုက်ပြီးနောက်–



“ကောက်ညှင်းတွေလား”ဟု မေးလိုက်လေ၏။

“မဟုတ်ပါဘူးကွ...ရိုးရိုးဆန်ပါပဲ။ ပေါင်းပြီးချက်ထားလို့ မွှေးနေတာ ပါ”ဟု ပြောဆိုကာ မုတ်ဆိတ်ဖြူအဘိုးကြီးသည် သူ၏လွယ်အိတ်ထဲမှ တစ်ထွာ ကျော်ကျော်ခန့်ရှိ တုတ်ကလေးနှစ်ချောင်းကို ထုတ်ယူ၍ ကြွေအိုးလေးအတွင်းမှ သစ်သားတုံးကို တုတ်ဖြင့် ညှပ်ယူကာ လူငယ်၏ထမင်းထဲသို့ ထည့်ပေးလိုက် လေ၏။

ထိုအခါ လူငယ်က–

“မုတ်ဆိတ်ဖြူကြီးရဲ့ တုတ်ကလေးနှစ်ချောင်းက အတော်အသုံးဝင်တာ ပဲ။ ကျွန်တော်ဖြင့် ဒီတုတ်ကလေး နှစ်ချောင်းကို အသုံးပြုပြီး ဟင်းကို နှိုက်ယူ ရမှန်း တစ်ခါမှ မစဉ်းစားမိခဲ့ဘူး”ဟု ပြောလိုက်လေ၏။

“ဒါက တရုတ်လူမျိုးတွေ အသုံးပြုတာကွ။ သူတို့ထမင်းစားရင် လက်နဲ့ မစားဘူး။ အဲဒါနဲ့ပဲ စားကြတယ်”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ လူငယ်က–

“ဒီတုတ်ကလေးနှစ်ချောင်းက ရွယ်တူကလေးတွေနော်။ အလုံးလည်း တူတယ်။ အရှည်လည်း တူတယ်။ အဲဒါကို ဘာခေါ်သလဲဗျ”ဟု လူငယ်က မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက–

“ဒီလောက်တောင် တူနေတဲ့ဥစ္စာ တူလို့ပဲ ခေါ်လိုက်ပေါ့ကွာ။ တခြား ဘာကိုများ စဉ်းစားနေတာတုံး။ ရော့...လက်နဲ့မစားနဲ့၊ တူနဲ့ပဲစား”ဟုဆိုကာ မုတ်ဆိတ်ဖြူကြီးသည် သူ၏လွယ်အိတ်ကလေးအတွင်းမှ အခြားတုတ်ချောင်း လေး နှစ်ချောင်းကိုယူ၍ အပြီးအပိုင် ပေးလိုက်လေတော့၏။

လူငယ်သည် တူဖြင့်ကြိုးစား၍ စားကြည့်လေ၏။ သို့ရာတွင် လက်တွင်း မှတူသည် လွတ်သွားလေ၏။

ထို့နောက် မုတ်ဆိတ်ဖြူကြီး၏ လုပ်ပုံကိုင်နည်းကို အတုယူကာ ကြိုးစား၍ ကိုင်တွယ်လေ၏။

ထို့နောက် လူငယ်က–

“နက်ဖြန် ဒီတိုင်းပြည်ထဲ ဝင်တာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျွန်တော် ဒီတိုင်းပြည်မှာ ကြီးပွားချမ်းသာချင်တယ်။ နည်းကောင်းလေး ဘာလေးရှိရင် ကျွန်တော့်ကို ပြောပြစမ်းပါ မုတ်ဆိတ်ဖြူကြီးရယ်”ဟု ပြောရာ မုတ်ဆိတ်ဖြူ ကြီးက–

“ကြီးပွားချင်ရင်တော့ အလုပ်ကို ကြိုးစားရုံနဲ့၊ ကိုယ်လုပ်တဲ့အလုပ်ကို တတ်ကျွမ်းရုံနဲ့ မကြီးပွားဘူးကွ။ နည်းနည်းပါးပါး ကောက်ကျစ်စဉ်းလဲရတယ်။

www.burmeseclassic.com



ဆန်အိုးထဲမှာ လက်ကိုထည့်ပြီး ဆန်ကို နှိုက်တဲ့အခါမှာ လက်ကိုအဖြောင့်ထားပြီး ခပ်လို့မရဘူး။ လက်ကို နည်းနည်းကောက်ထားရတယ်မဟုတ်လား၊ ဒီလိုပဲကွ။ လောကသဘောမှာလည်း ကြီးပွားချမ်းသာချင်ရင် နည်းနည်းပါးပါး ကောက်ပေးရတယ်။ အဖြောင့်အတိုင်း အစင်းအတိုင်းဆိုရင်တော့ ရိုးသားတဲ့ ဂုဏ်တော့ရတယ်။ ဒါပေမဲ့ ကြီးပွားချမ်းသာဖို့ နှေးတတ်တယ်ကွ”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ ပန်းပုဆရာလူငယ်က–

“အတော် လေ့ကျင့်ရမယ့် ကိစ္စပဲ။ ကျွန်တော့် တစ်သက်လုံး ရိုးရိုးဖြောင့်ဖြောင့် လုပ်ခဲ့တာ။ ဒါပေမဲ့ မုတ်ဆိတ်ဖြူကြီးပေးတဲ့ နည်းအတိုင်းပဲ။ ကောက်ကောက်ကွေးကွေး လုပ်တတ်အောင် ကြိုးစားရမှာပေါ့လေ။ အဲဒီအလုပ်ဟာ ပန်းပုထုတာထက်. ခက်ချင်ခက်နေဦးမယ်...”ဟု လူငယ်က ပြောလိုက်၏။

ထိုညသို့ မုတ်ဆိတ်ဖြူနှင့် လူငယ်သည် တောအတွင်း၌ပင် စကားတပြောပြောနှင့် အချိန်ကုန်လွန်စေခဲ့သည်။

နံနက်အရုဏ်တက်သောအခါ၌မူ မြို့တွင်းသို့ဝင်မည့် ဈေးသည်ကုန်သည်များ၊ ခရီးသွားများသည် တောလမ်းတစ်လျှောက်၌ ပြည့်နှက်လာလေတော့၏။ ထိုအခါကျမှပင် မုတ်ဆိတ်ဖြူကြီးနှင့် ပန်းပုဆရာလူငယ်လည်း ထိုကုန်သည်များနှင့်အတူ မြို့တွင်းသို့ ဝင်လေ၏။ မြို့တွင်း၌ကား အဆောက်အအုံမြောက်မြားစွာ ရှိ၏။ ထိုအဆောက်အအုံများ၌ကား ပန်းပုလက်ရာ မြောက်မြားစွာကို တွေ့လေ၏။

လူငယ်သည် ထိုပန်းပုရုပ်များကို စိတ်ရှည်လက်ရှည် ငေးမောကြည့်ရှုနေလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက–

“မင်းရဲ့ပညာနဲ့ ပြောစမ်းပါဦးကွ။ အခု မင်းတွေ့ရတဲ့ ပန်းပုလက်ရာတွေက ဘယ်လိုလဲကွ။ အဆင့်အတန်း မြင့်ရဲ့လား”ဟု မေးလိုက်လေ၏။

“ဒီလိုရှိတယ် မုတ်ဆိတ်ဖြူကြီးရဲ့...ဒီပညာမျိုးတွေရဲ့ အဆင့်အတန်း မြင့်မားမှုဟာ လူတွေပေါ်မှာပဲ တည်တယ်။ လူတွေရဲ့ အဆင့်အတန်းလောက်မှာပဲ ပန်းပု၊ ပန်းချီဝစ္စည်းတွေဟာ ရပ်တည်နေတယ်။ ဥပမာပြောမယ်၊ အချိုးအစားမကျတဲ့ ပန်းပုရုပ်ကို လက်ခံနေသေးတဲ့ခေတ်ရဲ့ လူသားတွေဟာ သူတို့ကိုယ်တိုင် အာရုံခံစားမှု အချိုးမကျသေးဘူးလို့ ဆိုရမှာပဲ”ဟု လူငယ်က ပြောလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက ခေါင်းကိုခါ၍–



“ဒီလိုချည်းပဲလည်း မဟုတ်သေးဘူးကွ။ တစ်တိုင်းတစ်ပြည်လုံးက လူတွေနဲ့ သိပ်ပြီး မဆိုင်လှဘူး။ အုပ်ချုပ်တဲ့ ဘုရင်နဲ့လည်း ဆိုင်တယ်ကွ”ဟု ပြောလိုက်လေ၏။

“ဟုတ်နိုင်ပါ့မလား”ဟု လူငယ်က ပြန်၍ မေးလိုက်လေ၏။

“ဟုတ်ပါတယ်ကွ။ ဟောဒီတိုင်းပြည်မှာပဲ ပန်းချီဆရာ သုံးယောက် သဘာဝကျကျ ရေးဆွဲလို့ အသတ်ခံသွားရဖူးတယ်။ ဒီဘုရင်လက်ထက်မှာတော့ မဟုတ်ဘူး။ ဒီအရင်ကပေါ့ကွာ။ ပန်းချီဆရာက နံရံမှာ ဘုရင့်သမီးတော်ပုံကို ရေးဆွဲတယ်။ အဲဒီလို ရေးဆွဲတဲ့နေရာမှာ ပန်းချီဆရာက သူ့အမြင်၊ သူ့အတွေး၊ သူ့ပညာနဲ့ အကောင်းဆုံး ရေးဆွဲခဲ့တယ်။ ဘုရင့်သမီးတော်ရဲ့ ခြေချောင်းကလေးတွေကို ရေးဆွဲတဲ့နေရာမှာ ဒုက္ခတွေ့တော့တာပဲဟေ့...”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

“ဘယ်ပုံ ဒုက္ခဖြစ်တာလဲ”ဟု လူငယ်က အားမလိုအားမရ လေသံနှင့် မေးလိုက်လေ၏။

“ဒီလိုလေကွာ...ခြေချောင်းကလေးတွေက တစ်ဖက်မှာ ငါးချောင်းစီရှိတယ်မဟုတ်လား။ ဒါပေမဲ့ ခပ်စောင်းစောင်းကနေ မြင်ရတဲ့ပုံကို ရေးတဲ့အခါမှာတော့ ခြေချောင်းကလေးအားလုံးကို မမြင်ရဘူးမဟုတ်လား။ အဲ–မမြင်ရတဲ့ ခြေချောင်းကို ပန်းချီဆရာက ထည့်ပြီး မရေးတော့ဘူးပေါ့ကွာ။ ဒါမှလည်း သဘာဝကျမှာမဟုတ်လား။ အဲဒါကို ဘုရင့်သမီးတော်က သူ့ရဲ့ခြေချောင်းကလေးတွေကို အပြည့်အစုံမရေးဘူး။ အင်္ဂါမစုံဖြစ်နေတယ်ဆိုပြီး ပန်းချီဆရာရဲ့အသက်ကို သူနည်းသူ့ဟန်နဲ့ လုပ်ကြံခဲ့တယ်။ အဲဒီကိစ္စမျိုးတွေက အများကြီး၊ အဲဒီတော့ ပန်းချီဆရာတွေဟာ ဘေးကမြင်မြင်၊ ရှေ့ကမြင်မြင်၊ နောက်ကမြင်မြင် ခြေချောင်းတွေ အားလုံးပါအောင် ရေးရတော့တာပေါ့ကွာ။ အဲဒီတော့ ခြေထောက်ကြီးတွေက ထောင်ပြီး သဘာဝမကျဖြစ်ကုန်တာပေါ့...”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

ထိုအခါ လူငယ်က–

“အင်း...ဒီလိုလည်း ဖြစ်နိုင်တာပါပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ အသက်ရှည်ရှည် နေနိုင်အောင်တော့ ကြိုးစားရမယ်။ ပြီးမှ ချမ်းသာကြွယ်ဝအောင် လုပ်မယ်”ဟု ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက ဦးခေါင်းကိုယမ်း၍–

“ချမ်းသာချင်ရင်တော့ မင်းပညာတွေကို မေ့ပစ်ရမယ်။ အမှန်က အဲဒီပညာမျိုးတွေဟာ ချမ်းသာမှုရယ်လို့ သီးခြားမရှိဘူးကွ။ အဲဒီပညာနဲ့ အလုပ်လုပ်နေတာကိုက ပညာရှင်အတွက် ကြီးစွာသော ချမ်းသာခြင်းပဲ။ ကဲ ကဲ

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ငါနဲ့ လမ်းခွဲကြစို့…”ဟုဆိုကာ မုတ်ဆိတ်ဖြူကြီးသည် ရောဝတီမြစ်သို့ သွားသော လမ်းဘက်သို့ ထွက်၍သွားလေတော့၏။

ထိုအခါ လူငယ်သည် မုတ်ဆိတ်ဖြူကြီး၏ ကျောပြင်ကို ငေးမော ကြည့်ရှုရင်း–

“ဒီတိုင်းပြည် ဒီလိုမြို့မှာဆိုရင် ကျုပ်တတ်တဲ့ ပန်းပုပညာဟာ သိပ် အသုံးဝင်မှာပဲ။ ပထမဦးဆုံး ဆိုင်နေရာရှာပြီး ပန်းပုဆိုင်ကြီး တစ်ဆိုင်တည်မယ်။ တပည့်တပန်းတွေ မွေးပြီး ပန်းပုရုပ်တွေ အများကြီး ထုမယ်၊ ရောင်းမယ်၊ ဒီလိုဆိုရင် ကျုပ်အတွက် မချမ်းသာစရာအကြောင်း ဘာမှ မရှိတော့ဘူး။ ချမ်းသာ ကြွယ်ဝတာထက် ဟိုဘက်တောင် လွန်သွားဦးမယ်။ ကံကောင်းလို့ရှိရင် ဒီတိုင်း ပြည်က ဘုရင်ဟာ ကျုပ်ရဲ့ ပန်းပုလက်ရာတွေကို သဘောကျပြီး ကျုပ်ကို တောင် နန်းတွင်းသုံး ပန်းပုဆရာကြီးအဖြစ် မြှောက်စားချင် မြှောက်စားဦးမှာ၊ အဲဒီအခါမှာပဲ မုတ်ဆိတ်ဖြူကြီးကို နောက်တစ်ခါ ထပ်ပြီး တွေ့စေချင်စမ်းပါ ရဲ့ဗျာ…”ဟု တစ်ယောက်တည်း ရေရွတ် ကြွေးကြော်လိုက်လေတော့သတည်း။

ထို့နောက် လူငယ်သည် မြို့တွင်းရှိ လူစည်ကားသော ဈေးလမ်းများသို့ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်၍ ကြည့်ရှုငေးမောလေတော့၏။ အထူး သဖြင့် ဆင်စွယ်ပန်းပုရုပ်၊ ကျောက်ဆစ်ပန်းပုရုပ်၊ သစ်သားပန်းပုရုပ်များကို ထုလုပ်ရောင်းချနေသော ပန်းပုဆိုင်ကြီးကိုသာ အချိန်ယူ၍ ကြည့်ရှုလေ၏။ ၎င်းပန်းပုဆိုင်ကြီးများ၌လည်း ဈေးဝယ်သူများနှင့် ပြည့်၍နေလေ၏။ ထိုအခါ လူငယ်မှာ ၎င်းပန်းပုဆိုင်ကြီးများကို ကြည့်ရင်း လွန်စွာမှ ကျေနပ်ခြင်း၊ ဝမ်းသာ ခြင်း၊ အားတက်ခြင်းများ ဖြစ်၍နေလေ၏။

ဤသို့နှင့် ညနေစောင်းသို့ ရောက်သောအခါ၌ လူငယ်သည် လွန်စွာမှ ခန့်ညားထည်ဝါလှပြီး အရောင်အဝယ်ကောင်းလှသော ပန်းပုဆိုင်ကြီးတစ်ဆိုင် အတွင်းသို့ဝင်ကာ ဆိုင်ရှင် ပန်းပုဆရာကြီးတစ်ဦးနှင့် ဝင်ရောက် တွေ့ဆုံလေ၏။ ၎င်းဆိုင်ရှင် ပန်းပုဆရာကြီးမှာ လူငယ်အား ခြေဆုံးခေါင်းဆုံး ကြည့်ရှု အကဲခတ်လိုက်ပြီးလျှင်–

“မောင်ရင်လေးက ကျုပ်ဆိုင်မှာ အလုပ်, လုပ်ချင်တယ်လို့ပြောတော့ ပန်းပုရော ထုတတ်ရဲ့လား၊ ကျုပ်က ပန်းပုထုတတ်တဲ့လူကိုပဲ အလုပ်ပေးတော့ မယ်လို့ ဆုံးဖြတ်ထားတယ်။ ကျုပ်ဆီကိုရောက်မှ အစကနေသင်ပြီး အလုပ်ပေး ရတဲ့ လက်သင်အလုပ်သမားမျိုးကို ကျုပ်ကတော့ လက်မခံချင်တော့ဘူး။ ကျုပ်က အသက်လည်း ထောက်လှပြီ။ ဘယ်က တပည့်ကိုမှ အချိန်ကုန်ခံပြီး သင်မပေးချင် တော့ဘူးကွယ့်…”ဟု ပြောလိုက်လေ၏။ ထိုအခါ လူငယ်က–



“ကျွန်တော်က ပန်းပုဆရာတစ်ယောက်ပါ။ ဆရာကြီးဆီမှာ အလုပ် လိုချင်လို့ လာတာပါ။ ပညာလိုချင်လို့လာတာ မဟုတ်ပါဘူး။ ရှင်းရှင်းပြော ရရင်တော့ ဒီတစ်ဆိုင်လုံးမှာရှိတဲ့ ပန်းပုရုပ်တွေလောက်ကိုတော့ ကျွန်တော့် အနေနဲ့ မျက်စိမှိတ်ပြီး ထုလို့ရပါတယ်…”ဟု ပြောလိုက်ရာ ဆိုင်ရှင်ပန်းပု ဆရာကြီးမှာ လူငယ်စကားကြောင့် လွန်စွာမှ အံ့အားသင့်၍ သွားပြီးလျှင်–

“တယ်ဆိုတဲ့ စာပါလား၊ မောင်ရင်လေးဟာ ပန်းပုထုတတ်တယ်ဆို တာကိုတော့ ကျုပ် လက်ခံပါတယ်။ ဒါပေမဲ့ စောစောက ပြောခဲ့သလို ကျုပ်နဲ့ ကျုပ်ရဲ့ တပည့်ရင်းတွေ ထုထားတဲ့ ပန်းပုရုပ်တွေမျိုးလောက်ကို မျက်စိမှိတ်ပြီး ထုနိုင်တယ်ဆိုတာကတော့ မလွန်လွန်းဘူးလား။ စော်ကားရာလည်း ရောက် တယ်။ ဒီလိုစကားမျိုး မပြောရဘူးကွဲ့။ မောင်ရင်လေးက တခြား တနယ် တကျေးက လာတဲ့သူဆိုတော့ ချက်ချင်းဘယ်သိနိုင်ဦးမလဲ။ ဒီနေပြည်တော် မြို့ကြီးမှာ ပန်းပုဆရာတွေက အများကြီးပဲ။ အားလုံးလိုလိုလောက်ဟာ ပညာရှင် အဆင့်တွေချည်းပဲ။ လုပ်စားကိုင်စားလောက် ထုတတ်တဲ့ ပန်းပုဆရာတွေမျိုး မဟုတ်ဘူးကွဲ့။ အဲဒီ ပန်းပုပညာရှင် ဆရာကြီးတွေထဲမှာလည်း ကျုပ်ကို အတော် ဆုံးပဲလို့ အားလုံးက အသိအမှတ်ပြုထားကြတာကွဲ့။ ဒီလောက်ဆိုရင် မောင်ရင် လေး သဘောပေါက်ရောပေါ့။ မောင်ရင်လေးဟာ အသက်ငယ်သေးတယ်။ ရှေ့လျှောက်ပြီး ပန်းပုပညာတွေကို အများကြီး သင်ကြားရဦးမှာဆိုတော့ မဖြစ် စလောက် ပညာလေးနဲ့ စကားကို ကြွားမပြောရဘူး။ ကျုပ်က သားသမီးချင်း စာနာလို့ ဒီလိုအချိန်ကုန်ခံပြီး ပြောပြတာပါကွာ”ဟု ပြောလိုက်လေ၏။ ထိုအခါ လူငယ်က–

“ဆရာကြီးက ကျွန်တော် ပြောတဲ့စကားကို မယုံဘဲကိုးဗျ။ ကျွန်တော် ဒီနေ့မနက်ပိုင်းမှာ တစ်မြို့လုံးမှာရှိတဲ့ ပန်းပုဆိုင်ကြီးတွေက ပန်းပုရုပ်တွေကို လျှောက်ကြည့်ပြီးပြီ။ ကျွန်တော့်အနေနဲ့ ပြောရရင် ဒီနေပြည်တော်ကြီးမှာရှိတဲ့ ပန်းပုဆရာတွေဟာ တော်တော်ကို ညံ့သေးတယ်ဆိုတာကို တွေ့လာရတယ်။ အင်း…ဒီအထဲမှာတော့ ဆရာကြီးဆိုင်က ထုထားတဲ့ ပန်းပုရုပ်တွေကတော့ သိပ်ပြီး မဆိုလှဘူး။ ကျွန်တော် ပန်းပုပညာကို စပြီးသင်ခါစက လက်ရာမျိုး အဆင့်လောက်ရဲ့ တစ်ဝက်လောက် ရှိပါသေးတယ်။ ဒါကြောင့် ဆရာကြီးဆိုင်မှာ အလုပ်ဝင်တောင်းတာပါ။ ကျန်တဲ့ဆိုင်တွေမှာ ကျွန်တော် အလုပ်ဝင်ရင်လည်း ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်လက်ရာနဲ့ သိပ်ကွာနေတော့ ကျန်တဲ့ ပန်းပု ဆရာတွေ စိတ်ဓာတ်ကျသွားမှာ စိုးလို့ပါ”ဟု ပြန်ပြောလိုက်လေ၏။ ထို့နောက် လူငယ်သည် ဆိုင်ရှင်ပန်းပုဆရာကြီး၏ အခန်းထောင့်ရှိ သေတ္တာကြီးအတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ပန်းပုထုသော ဆုံးဆောက်တန်ဆာများကို ထုတ်၍ယူပြီးလျှင် သစ်သားတုံးအား စတင်၍ ရုပ်လုံးဖော်ကာ ပန်းပုထုလေတော့၏။ ဆိုင်ရှင် ပန်းပုဆရာကြီးမှာလည်း မည်သို့မျှပြန်၍ မပြောတော့ဘဲ အသာတကြည့် ကြည့်၍ နေလေတော့၏။ ထိုအချိန်၌ ၎င်းဆရာကြီး၏ တပည့်တပန်းများ ဖြစ်ကြသော ပန်းပုဆရာများလည်း အခန်းတွင်းသို့ ဝင်လာကြပြီးလျှင် လုလင်ပန်းပုဆရာ ထုနေသည်ကို ဝိုင်း၍ ငေးမော ကြည့်ရှုကြလေတော့၏။ ကွမ်းတစ်ရာညက်ခန့်မျှသာ ကြာ၏။ လေးထောင့်စပ်စပ် ကျွန်းတုံးကြီးသည် တန်ခိုးရှင်တစ်ဦးက ဖန်ဆင်းလိုက်ဘိသကဲ့သို့ မြင်းစီး၍ စစ်ချီလာသည့် စစ်သည်တော်တစ်ဦး၏ပုံ ဖြစ်၍သွားလေတော့၏။ ပန်းပုဆရာကြီးနှင့် သူ၏တပည့်များမှာ ပန်းပုရုပ်ကို တစ်လှည့်၊ လုလင်ကို တစ်လှည့် ကြည့်ရင်း လွန်စွာမှ အံ့အားသင့်ခြင်းသာမက အံ့အားသင့်၍ နေကြလေတော့၏။

ဤကဲ့သို့ အချိုးအစားကျပြီး လက်ရာမြောက်လှသော ပန်းပုရုပ်မျိုးကို ၎င်းတို့တစ်သက်တွင် အိပ်မက်ထဲ၌ပင် မမြင်ဖူးသေးကြသောကြောင့် ဖြစ်လေ၏။

"စောစောက မောင်ရင်လေး ပြောတုန်းက ကျုပ်အနေနဲ့ လွန်လွန်းလှပြီလို့ ထင်ခဲ့မိတယ်။ တကယ်တော့ မောင်ရင်လေးဟာ ကိုယ်တတ်ထားတာထက် သိပ်လျှော့ပြီး ပြောတတ်တဲ့သူပဲကိုးကွဲ့။ တကယ့်ကို ပါရမီထူးပါပေတယ်။ အမှန်တော့ မောင်ရင်လေးလို ပန်းပုပညာရှင်မျိုး ဒီနေပြည်တော်မှာ မပေါ်ဖူးသေးပါဘူး။ ဒီတော့ မောင်ရင်လေး ကျုပ်ဆိုင်မှာ အလုပ်လုပ်ဖို့ မလိုပါဘူး။ မောင်ရင်လေးလို ပညာရှင်မျိုးကို ကျုပ်မခိုင်းဝံ့ပါဘူး။ နေရာကောင်းကောင်း တစ်ခုရှာပြီး ပန်းပုဆိုင်ကြီးတစ်ဆိုင် ထောင်ပါ။ အဲဒီအတွက် ကျုပ်က အစအဆုံး ကူညီပေးပါ့မယ်။ ပြီးတော့ ကျုပ်ကို မောင်ရင်လေး တတ်ထားတဲ့ ပန်းပုပညာတွေ သင်ပေးပါ။ ကျုပ်နဲ့ ကျုပ်တပည့်တွေဟာ မောင်ရင်လေးဆီမှာ တပည့်ခံပါ့မယ်..."ဟူ၍ ဆိုင်ရှင် ပန်းပုဆရာကြီးက ပြောလေတော့သတည်း။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး ငါးနှစ်ခန့်ကြာသော နေ့တစ်နေ့၌ တောအုပ်တစ်ခုအတွင်း၌ လုလင်တစ်ဦးသည် ဒယီးဒယိုင်လျှောက်၍ လာရင်း အရှက်ဖားပြီး ပင်စည်တုတ်သော သစ်ပင်ကြီး တစ်ပင်အောက်သို့ ရောက်သောအခါ၌ ရုတ်တရက် အားပြတ်ကာ လဲကျသွားလေ၏။

သို့ရာတွင် လုံးလုံးလျားလျား သတိမေ့မြောသွားခြင်းမျိုးကား မဟုတ်ပေ။ အောပတ်ဝန်းကျင်သို့ ကောင်းမွန်စွာ မြင်နိုင်သေး၏။

၎င်းလုလင်သည် လဲနေရာမှ အားယူ၍ ထရန် ကြိုးစားလိုက်ချိန်၌



၎င်းထံသို့ လျှောက်၍လာသောသူတစ်ဦးကို မြင်လိုက်ရသောကြောင့် လွန်စွာမှ အားတက်သွားလေ၏။

၎င်းလုလင်သည် သူ၏ထံသို့ လျှောက်၍ လာသောသူအား သဲကွဲစွာ မြင်ရသောအခါ၌ ပို၍ပင် အားတက်သွားလေတော့၏။ မှည့်ရွှမ်းသော သရက်သီးမှည့်များကို တပွေ့တပိုက်ချည်း ပိုက်ကာ လျှောက်၍လာသော မုတ်ဆိတ်ဖြူအဘိုးကြီးသည် လုလင်၏အနီးသို့ ရောက်သောအခါ၌ ၎င်းလက်တွင်းမှ သရက်သီးမှည့်များကို လုလင်၏ရှေ့ မြေကြီးပေါ်၌ ချပေးလိုက်လေ၏။ လုလင်သည် မုတ်ဆိတ်ဖြူကြီး ချပေးသော သရက်သီးမှည့်များကို မြင်လိုက်ရသောအခါ၌ 'ငတ်လို့တော့ မသေတော့ပါဘူး'ဟု ကြွေးကြော်လိုက်လေ၏။ ထိုသို့ ကြွေးကြော်လိုက်ပြီးနောက် မည်သည့်အကြောင်းအရာကို စဉ်းစားမိသည်မသိ။

"သတ်လို့တော့ သေချင်သေမယ်ပေါ့လေ"ဟု ထပ်မံ၍ ရေရွတ်လိုက်ပြန်၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက–

"ကြုံမှကြုံတတ်ပလေ ပန်းပုဆရာလေးရေ၊ ဟိုးလွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကလည်း ဟောဒီတောထဲမှာ ငါတို့နှစ်ယောက် ဒီလိုပဲ ဆုံကြသေးတယ် မဟုတ်လား"ဟု ပြောလိုက်လေ၏။ ထိုအခါ လုလင်က–

"ဟုတ်တယ်...မုတ်ဆိတ်ဖြူကြီး၊ သိပ်အံ့သြဖို့ကောင်းတယ်။ အခုလည်း ကျွန်တော် အသက်အောက လွတ်မြောက်အောင် ပြေးလာရင်း အစားရေစာ မစားရလို့ အားပြတ်လဲကျသွားတယ်..."ဟု ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက–

"ဒါနဲ့နေပါဦး၊ တစ်ခါတုန်းကတော့ မင်းက နေပြည်တော်ကိုသွားပြီး မင်းတတ်တဲ့ ပန်းပုပညာနဲ့ ချမ်းသာကြွယ်ဝအောင် လုပ်မယ်ဆိုကွ။ ခုတော့ ဘယ့်နှယ် တောထဲမှာ အစာတော်၊ ရေငတ် ဖြစ်ရပြန်တာလဲ"ဟု မေးလေ၏။

"ပြောတဲ့အတိုင်းဖြစ်အောင် ကျွန်တော် လုပ်နိုင်ခဲ့ပါတယ် မုတ်ဆိတ်ဖြူကြီး။ နေပြည်တော်ကြီးမှာ ပန်းပုပညာနဲ့ ချမ်းသာကြွယ်ဝအောင် ကျွန်တော် လုပ်နိုင်ခဲ့ပါတယ်"ဟု လုလင်က ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုဆိုရင် မောင်ရင့်ဥစ္စာပစ္စည်းတွေထားပြီး ဒီတောထဲကို ထွက်ပြေးလာတာ ဘာကြောင့်လဲကွဲ..."ဟု မုတ်ဆိတ်ဖြူကြီးက ပြန်၍ မေးလိုက်လေ၏။

ထိုအခါ လုလင်သည် ၎င်းပိုက်၍ထားသော အဝတ်ထုပ်အတွင်းမှ ဆင်စွယ်ပန်းပုရုပ်ကလေး တစ်ရုပ်အား ထုတ်ယူ၍ မုတ်ဆိတ်ဖြူကြီးအား ပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူကြီးသည် လူငယ်ပြသောအရာကို ကြည့်၍ အချိန်အတန်ကြာ အံ့အားသင့်နေခဲ့ပြီးနောက်–

"ဟာကွာ...ငါ့တစ်သက်မှာ ဒီလောက်လက်ရာမြောက်တဲ့ ပန်းပုရုပ်မျိုး မမြင်ဖူးပါဘူးကွာ။ တကယ့်ကို အသက်ဝင်တာပဲ။ အဲဒီအရုပ်ကို မောင်ရင်ထုတာလား။ တယ်ပြီး ပါရမီထူးတဲ့ မောင်ရင်ပဲ"ဟု ချီးကျူးလေတော့၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီးသည် ဆင်စွယ်ပန်းပုရုပ်ကလေးကို လက်ထဲတွင်ကိုင်ကာ အမျိုးမျိုး လှည့်ပတ်ကြည့်ရှုရင်း လူငယ်အား ချီးကျူးခန်းများ ဖွင့်၍နေလေ၏။

"ဒီအရုပ်လေးကြောင့် ကျွန်တော့်ရဲ့ဆိုင်တွေ အိမ်တွေ ရတနာတွေကို ပစ်ပြီး ပြေးလာရတာပေါ့ မုတ်ဆိတ်ဖြူကြီး။ ကျွန်တော်ဟာ နေပြည်တော်မှာ အကျော်ကြားဆုံး ပန်းပုပညာရှင်တစ်ဦးအဖြစ်နဲ့ ရပ်တည်နိုင်ခဲ့ပါတယ်။ တိုတိုပြောရရင် နောက်ဆုံးတွင် နန်းတွင်းပန်းပုဆရာကြီးအဖြစ်နဲ့ ဘုရင်မင်းမြတ် မြှောက်စားခဲ့ပါတယ်။ ဆုတော် လာဘ်တော်တွေ အဆောင်အယောင်တွေလည်း အများကြီးရပါတယ်။ ရှစ်နေ့မှာတော့ ဘုရင်မင်းမြတ်ဟာ ကျွန်တော့်ကို သူ့ရဲ့ သမီးတော်လေး ပုံကို ဆင်စွယ်နဲ့ ထုခိုင်းတယ်။ ကျွန်တော်လည်း စိတ်ပါလက်ပါနဲ့ ကြိုးစားပြီး ထုလိုက်တာ နောက်ဆုံးတော့ မုတ်ဆိတ်ဖြူကြီး မြင်တဲ့အတိုင်း သိပ်လက်ရာမြောက်တဲ့ ပန်းပုရုပ်ကလေးတစ်ရုပ် ဖြစ်လာပါတယ်။ ဘုရင်မင်းမြတ်နဲ့ နန်းတွင်းသူ နန်းတွင်းသားတွေက အဲဒီ ပန်းပုရုပ်ကလေးကို အမျိုးမျိုး ချီးမွမ်းခန်း ဖွင့်နေကြတာပေါ့ဗျာ။ ဒါပေမဲ့ ဘုရင့်သမီးတော်လေးကတော့ တစ်မျိုးပဲ၊ သူ့ပုံဟာ လည်တိုင်နည်းနည်း ရှည်နေလို့ တိုပေးပါလို့ ပြောတယ်။ အဲဒီတော့ ဘုရင်မင်းမြတ်ကလည်း သူ့သမီးတော် စိတ်ကြိုက်ဖြစ်သွားအောင် လည်တိုင်နည်းနည်းတိုပေးဖို့ ကျွန်တော့်ကို အမိန့်ပေးတယ်။ အဲဒီလို သူပြောသလို လည်တိုင်တိုပေးလိုက်ရင် အဲဒီပန်းပုရုပ်ကလေးဟာ ပျက်သွားမှာပဲ။ ဘုရင်ပဲဖြစ်ဖြစ်၊ ဘုရင့်သမီးတော်ပဲဖြစ်ဖြစ် ပန်းပုပညာမှာတော့ သူတို့ ဘာမှ မတတ်ပါဘူး။ ကျွန်တော်က ကျွန်တော့်ပညာကို အလကား အဖြစ်မခံနိုင်ဘူး။ နောက်တစ်ကြိမ် ပြန်ထုရင် ဒီလိုကောင်းတဲ့အရုပ်မျိုး ရချင်မှရတော့မှာ၊ အနုပညာဆိုတာ တစ်ကြိမ်ပဲ လုပ်လို့ရတာ။ ဒီတော့ ကျွန်တော့်လောက်မှ ပန်းပုပညာနားမလည်တဲ့ သူတို့သားအဖနှစ်ယောက် ပြောတာကို ကျွန်တော် လိုက်မလုပ်နိုင်ဘူး။ ဒါကြောင့် ဒီအရုပ်ကလေးပိုက်ပြီး နေပြည်တော်က တိတ်တဆိတ် ထွက်ပြေးလာတာပဲ"ဟု လူငယ်က ရှည်လျားစွာ ရှင်း၍ပြလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက–



"အစက ငါမပြောဘူးလားကွ။ ချမ်းသာကြီးပွားချင်ရင် မင်းရဲ့ပညာတွေကို မေ့ထားပါလို့ ငါပြောခဲ့တယ် မဟုတ်လား။ အနုပညာဆိုတာ ငတ်မွတ်ခြင်းရဲ့ ကျေးဇူးရှင် မွေးမိခင်ကြီးပကွယ်၊ အနုပညာသည်ဟာ အနုပညာကို ကျေးဇူးဆပ်ချင်ရင် ငတ်မွတ်ခြင်းနဲ့ ကျေးဇူးဆပ်ရတယ်ကွဲ့။ အနုပညာရှင်တစ်ယောက်ဟာ ကျော်ကြားမှု၊ အောင်မြင်ချမ်းသာမှုတွေနဲ့ အနုပညာကို ကျေးဇူးကန်းတတ်ကြတယ်"ဟု ပြောလိုက်ရာ လူငယ်လည်း မည်သို့မျှ ပြန်၍ မပြောတော့ဘဲ မြေကြီးပေါ်၌ ကျ၍နေသော သရက်သီးမှည့်တစ်လုံးကို ကောက်၍ယူကာ တစ်ကိုက်ပြီးတစ်ကိုက် ကိုက်၍ စားနေလေတော့၏။ သို့ရာတွင် ၎င်း၏နားထဲတွင်ကား...

"အနုပညာသည်ဟာ အနုပညာကို ကျေးဇူးဆပ်ချင်ရင် ငတ်မွတ်ခြင်းနဲ့ ကျေးဇူးဆပ်ရတယ်"ဟူသော မုတ်ဆိတ်ဖြူကြီး၏ စကားသံသည် သူ၏နားထဲ၌ ပဲ့တင်ထပ်၍ နေလေ၏။

သို့ရာတွင် သူ၏ပါးစပ်ကမူ သရက်သီးကို အားရပါးရ ကိုက်စားနေလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိမ်**

www.burmeseclassic.com

www.burmeseclassic.com



# သားရဲတွင်းမှ ငရဲည

ညီညီနိုင်

မာရင်းနား ဖယောင်းပြတိုက် ယွန်ဖောင်းဝတ် ဝန်ထမ်းများက နောက်ဆုံး ဧည့်သည်တစ်သုတ်ကို ရောမ မှန်တံခါးကြီး နှစ်ထပ်ကိုပြတ်၍ လမ်းပြခေါ်ဆောင်သွားစဉ် ပြတိုက်မှူးက ရေမွှန်ဟော်ဆန်ကို လက်ခံတွေ့ဆုံကာ အင်တာဗျူးနေ၏။

ပြတိုက်မှူးက အသက်ငယ်သေးပြီး ကြံ့ခိုင်သန်မာ၍ အရုပ်မနိမ့်မမြင့်ရှိသည်။ သူက အဝတ်အစားကို သေသပ်ကျနစွာ ဝတ်စားထား၍ လူရည်သန့်ရုပ်က ပိုပြီး ပေါ်လွင်နေသည်။ ရေမွှန်ဟော်ဆန်နှင့်တော့ တခြားစီပါပဲ။

ဟော်ဆန်၏ အဝတ်အစားတွေက အညွှန်တုန်းက အကောင်းစားတွေ ဖြစ်ဟန်ရှိသော်လည်း ခုတော့ နွမ်းလျှနေပေပြီ။ အထပ်ထပ် လျှော်ဖွတ်ထားသဖြင့် တချို့နေရာများ၌ စုတ်ပြဲလုလု ရှိနေသည်။ သည်အသွင်အပြင်က သူ့ဘဝ တိုက်ပွဲမှာ အရေးနိမ့်နေကြောင်း ထင်ရှားပြနေ၏။

သူသည် ဖြူဖပ်ဖြူလျော်နှင့် ပိန်ပိန်ညှက်ညှက်ကလေးဖြစ်ပြီး ခပ်ပါးပါး အညိုရောင်ဆံပင်တွေလည်း ရှိသည်။ သူ့လေသံက ခပ်မြင့်မြင့်နိုင်လင့်ကစား အနိမ့်ခံ အပယ်ခံဘဝကို အံတုနေရပုံဖြင့် အရဲစွန့်ရသော အသံမှန်း သိသာ၏။

သူ့ကို ကြည့်ရသည်မှာ သာမန်ထက် ထူးခြားသော ပါရမီရှင်ဖြစ်သည် တိုင်အောင် ကံမကောင်း အကြောင်းမလှသဖြင့် အရှုံးနှင့် ရှန်းကန်နေရသူဟု ပြောနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်မှူးက–

"ခင်ဗျားရဲ့ မေတ္တာရပ်ခံတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဘာမှမထူးခြားဘူး။ အသစ်အဆန်း မပါဘူးဗျ။ စင်စစ်တော့ ကျွန်တော်တို့ကလည်း လောင်းကြေးစားကြေးနဲ့ စွန့်စားချင်ဇွဲ လူငယ်မိုက်ရူးရဲလေးတွေကို တစ်ပတ်မှာ သုံးကြိမ်လောက် ငြင်းလွှတ်နေရတာပဲ။ လူသတ်ကောင်တွေရဲ့ သားရဲတွင်းလို့ နာမည်ပေးထားတဲ့ ပြတိုက်ခန်းထဲမှာ ညအိပ်ခွင့်ပေးလိုက်တာဟာ ကျွန်တော်တို့အတွက် ဘာအကျိုးအမြတ်မှ မရှိတဲ့အပြင် ဆုံးရှုံးမှုတွေတောင် ကြုံနိုင်ပါသေးတယ်။ ကဲ–တကယ်လို့ ကျွန်တော်က ခွင့်ပြုလိုက်လို့ လူငယ်တစ်ယောက် ဦးနှောက်ပျက်သွားပြီဆိုရင် ကျွန်တော် ဘာဖြစ်သွားမလဲ၊ အဲ–ဒါပေမဲ့ ခင်ဗျားက စာနယ်ဇင်းသမားတစ်ယောက်ဆိုတော့ သူတို့နဲ့တော့ နည်းနည်းကွာခြားမှာပေါ့လေ"

ဟော်ဆန်က ပြုံးလိုက်သည်။

"ခင်ဗျားဆိုလိုတာက စာနယ်ဇင်းသမားတွေဟာ စိတ်ဖောက်ပြန်နိုင်ခြေမရှိဘူးလို့လား"

ပြတိုက်မှူးက ရယ်သည်။

"ဟိုးဟိုး...ဒီလိုလည်း မဟုတ်ပါဘူးဗျာ။ ဒါပေမဲ့ သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူနိုင်တဲ့ ပုဂ္ဂိုလ်လို့ အများက နားလည်ထားကြတာပဲ။ ပြီးတော့ ဒီနေရာမှာ ခင်ဗျားတို့နဲ့ ပတ်သက်မိခြင်းအားဖြင့် ပြတိုက်ကို လူသိများ ထင်ရှားကျော်ကြားအောင် ကြော်ငြာပြီးသား ဖြစ်သွားမှာပေါ့"

"ဒါတော့ အစစ်ပဲဗျ။ ဒီနေရာမှာ ကျွန်တော့်အထင်တော့ အခေါ်အပြောလေးတွေ လိုလာမယ်လို့ ယူဆတယ်"

ပြတိုက်မှူးက ရယ်လိုက်ပြန်တယ်။

"ခင်ဗျား ဘာပြောတော့မယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ခင်ဗျားက ကြေးထပ်တောင်းချင်တယ်ပေါ့။ ဟိုးနှစ်ပေါင်းများစွာက မဒမ်တူးဆော့ ပြတိုက်မှာ 'သွေးပျက်ကြောက်မက်အခန်း'မှာ တစ်ယောက်တည်း သွားအိပ်ရဲတဲ့ လူကို ပေါင်တစ်ရာပေးမယ်လို့ ပြောသံကြားဖူးတယ်ထင်ပေ၊ ဒီလောက်ကြီးတော့ ခင်ဗျားမှန်းမယ်လို့ ကျွန်တော် မထင်ပါဘူးဗျာ။ ဒါနဲ့ ခင်ဗျားရဲ့သတင်းစာက ဘာပါလိမ့် မစ္စတာဟော်ဆန်"

"လောလောဆယ်တော့ ကျွန်တော်က အလွတ်တန်း သတင်းဆောင်းပါးရှင်ပါ။ သတင်းစာအများကြီးမှာ ဝင်ရေးနေတာပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီအကြောင်းကို ကယ်ပိုးပိုးရပါတယ်။ အခက်အခဲ သိပ်ရှိမှာမဟုတ်ပါဘူး။ အထူးသဖြင့်



'မနက်ခင်းပဲ့တင်သံ' သတင်းစာက ဆောင်းပါးမျိုးကို သဘောကျမှာပါ။ 'မာရင်းနားက လူသတ်သမားများနှင့်တစ်ညတာ' ဆိုတဲ့ ခေါင်းစဉ်ပေါင်းလိုက်ရင် ဘယ်သတင်းစာကမှ ပယ်မှာမဟုတ်တာ သေချာတယ်"

ပြတိုက်မှူးက မေးဖျားကိုပွတ်၍ စဉ်းစားရင်း–

"ကိုင်း...ခင်ဗျားက ဒီလိုရေးပေးတဲ့အတွက် ဘာတွေ တောင်းဆိုမှာလဲ"

"ကျွန်တော်က သည်းထိတ်ရင်ဖို ရသမြောက်အောင် ရေးမှာပါ။ ငိုအားသက် ရယ်အားသန်ဆိုသလို ဟာသလေးနှောပြီး နိဂုံးချုပ်မှာပေါ့"

ပြတိုက်မှူးက ခေါင်းညိတ်ကာ ဟော်ဆန်အား စီးကရက်ဘူး ထုတ်တည့်သည်။

"ကောင်းပြီလေ မစ္စတာဟော်ဆန်၊ ခင်ဗျားရဲ့ ဆောင်းပါးဇာတ်လမ်း မနက်ခင်းပဲ့တင်သံ သတင်းစာမှာ ပါလာပြီဆိုတာနဲ့ ကျွန်တော့်ဆီက ငွေ ၅ ဆါင် လာထုတ်ပေတော့။ တစ်ခုတော့ စဉ်းစားနော်...အဲ့ဒီသားရဲတွင်းက လူတွေ ဘစ်ပုံကြီးနဲ့ သွားကြည့်တာတောင် ရင်တွေဒူးတွေ တုန်ချင်လာတာ။ ညသွားအိပ်ဖို့နေနေသာသာ နေ့ခင်းကြောင်တောင် တစ်ယောက်တည်း သွားကြည့်ရင် ဆောင် ချောက်ချားစရာကြီးဗျ။ ကျွန်တော်ကိုယ်တိုင် ခင်ဗျားလောက် မစွန့်စားရဲဘူး။ ခင်ဗျား စဉ်းစားဦးနော်"

"ဘာကြောင့် ခင်ဗျား ဒီလိုသတိပေးနေတာလဲ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ကျွန်တော်က တစ္ဆေသရဲဆိုတာလည်း မယုံကြည်ဘူး။ တစ္ဆေသရဲ ရှိတယ်ဆိုဦးတော့ သူတို့အမှုအခင်း ဖြစ်တဲ့နေရာ၊ ဒါမှမဟုတ် သူတို့အလောင်းကို မြုပ်နှံတဲ့ သင်္ချိုင်းမှာသာ ရှိမှာပါ။ ဖယောင်းရုပ်တွေရှိတဲ့ ပြတိုက်ထဲက သူတို့ဖယောင်းရုပ်ထဲမှာတော့ ဝင်ပူးနေမှာ မဟုတ်ပါဘူး"

"ဒါပေါ့ဗျ..."

"ကျွန်တော် သူတို့နဲ့ တစ်ညလုံး မနေရဲတဲ့အကြောင်းက ရက်ရက်စက်စက် သတ်မယ်ဖြတ်မယ် တကဲကဲလုပ်နေတဲ့ ဟန်အမူအရာနဲ့ ကြောက်စရာမျက်လုံးတွေနဲ့ စိုက်ကြည့်တဲ့ဒဏ်ကို မခံရဲလို့ပါဘဲ။ တကယ်တော့ သူတို့တွေက သကယ့်ကို လူမဆန်အောင် ကောက်ကျစ်ယုတ်မာ ရူးသွပ်ရက်စက်ခဲ့တဲ့ လူတွေမဟုတ်လား။ အဲ့ဒီအခန်း ဝန်းကျင်တစ်ခုလုံးကလည်း ဘယ်လိုမှ သာယာကြည်နူးစရာမရှိဘဲ မသဒ်စရာ အနိဋ္ဌာရုံကြီးဗျ။ ဒီတော့ စိတ်မခိုင်ရင်တော့ သက်သာမှာ မဟုတ်ဘူးနော်"

ပြတိုက်မှူး၏ သတိပေးစကားက စေတနာပါသော်ငြား ဟော်ဆန်ကို မြှင်းခြောက်လိုက်သလို ဖြစ်နေ၏။ ထိုစကားတွေကြားကာမှ ဟော်ဆန် သွေး

www.burmeseclassic.com



ကြောင်ချင်သွားသည်။ ဒါပေမဲ့ သူက ပြတိုက်မှူးလေးကို ခပ်ယဲ့ယဲ့ ပြုံးပြလိုက်မိ၏။

ဘာပဲပြောပြော ကိုယ်ဝမ်းနာ ကိုယ်သာသိသည်။ အိမ်က ဇနီးမယားနှင့် သားသမီးတွေအရေး၊ ကြွေးတွေ ဗရပွ။ တစ်ပတ်နှင့်တစ်ပတ် အလျဉ်မီအောင် ရှာဖွေနေရသော ဒုက္ခ။

ဒီတော့ အခွင့်အရေးလေး ရတုန်းရခိုက် လက်လွှတ်ခံလို့ မဖြစ်တာတော့ အမှန်။ မနက်ခင်းပဲ့တင်သံက အကောင်းဆုံး ဆောင်းပါးဓာတ်လမ်းကို ချီးမြှင့်မည့်ဆုငွေအပြင် ပြတိုက်ကပါ ၅ ပေါင် ထပ်ရဦးမည်တဲ့။ ဒီငွေတွေက တစ်ပတ်စာ တစ်လစာ ဖုလုံနိုင်သလို လောလောဆယ် ပြဿနာများကို ဖြေရှင်းပေးနိုင်သည်။ ဒီ့ထက် အရေးကြီးတာက သူ့ဓာတ်လမ်းက ပထမဆုရခဲ့လျှင် အမြဲတမ်းသတင်းထောက်(သို့) ပင်တိုင်ဆောင်းပါးရှင်အလုပ်ကို ရလမ်းရှိသည်။

"ကျွန်တော်တို့ သတင်းစာသမားတွေဘဝက သူ့ထက်ငါ ထူးခြားအောင် ခက်ခက်ခဲခဲ ကြိုးပမ်းရတာပါ။ ခင်ဗျားရဲ့ လူသတ်ကောင်တွေ ပျော်စံရာ သားရဲတွင်းဟာ ဟိုတယ်က မွေ့ရာခန်းလို နေချင့်စဖွယ်မရှိမှန်း ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ဖယောင်းရုပ်တွေက ကျွန်တော့်အတွက် စိုးရိမ်စရာ သိပ်ရှိမယ် မထင်ပါဘူး"

"ခင်ဗျားက အယူမသီးတတ်ဘူးလား"

"နှမ်းတစ်စေ့စာလေးမှ အယူမသီးတတ်ပါဘူးဗျ"

ဟော်ဆန်က ရယ်ရယ်မောမော ပြန်ဖြေမိ၏။

"ဒါပေမဲ့ စာနယ်ဇင်းသမားတစ်ယောက်အနေနဲ့တော့ စိတ်ကူးယဉ်မှုတွေ ရှိမှာပေါ့"

"ကျွန်တော့်ရဲ့ သတင်းအယ်ဒီတာတွေက ကျွန်တော်ဟာ စိတ်ကူးယဉ်ရသမမြောက်ဘူးလို့ အပြစ်တင်တာတောင် ရှိတယ်။ သတင်းအချက်အလက် ချည်းသက်သက်ကတော့ အလုပ်မဖြစ်ဘူး။ ဖတ်ကောင်းအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးရမယ်ပေါ့လေ။ သူတို့အပြောအရ စာဖတ်ပရိသတ်ဟာ ထောပတ်သုတ်မထားတဲ့ ပေါင်မုန့်ကို စားချင်မှာ မဟုတ်ဘူးတဲ့"

ပြတိုက်မှူးက ပြုံးလိုက်ပြီး ထိုင်ရာမှထသည်။

"ဟုတ်ပြီ၊ နောက်ဆုံး ဧည့်သည်တစ်အုပ်တော့ ထွက်သွားလောက်ပြီ ထင်တယ်။ ခဏစောင့်ဦးဗျာ...အောက်ထပ်ကို မပိတ်လိုက်ဖို့နဲ့ ညစောင့်တွေကို ခင်ဗျား ဒီပြတိုက်ထဲမှာ ဒီညရှိနေမယ့်အကြောင်း အသိပေးလိုက်ဦးမယ်။ နောက်မှ ခင်ဗျားကို ကျွန်တော်လာခေါ်မယ်"



ပြောပြောဆိုဆို ပြတိုက်မှူးလေးက အိမ်တွင်းသုံး တယ်လီဖုန်းကို ကောက်ကိုင်ပြီး မှာစရာရှိတာတွေ မှာလိုက်သည်။ ပြီးတော့-

"ခင်ဗျားကို တစ်ခုတော့ သတိပေးထားချင်သေးတယ်။ တခြားမဟုတ်ပါဘူး...စီးကရက်မသောက်ဖို့ပါ။ ဒီညနေကပဲ လူသတ်ကောင်တွေရဲ့ သားရဲတွင်းမှာ မီးလုန့်သံချောင်းသံ ထွက်လာသေးတယ်။ ဘယ်သူက သွားလက်ဆော့လိုက်တယ် မသိပါဘူးဗျာ။ တကယ်လောင်တာမဟုတ်ဘဲ မတော်တဆ ခလုတ်သွားဆွဲမိတာလည်း ဖြစ်နိုင်တယ်။ ဒီနေ့ လူတွေ သိပ်မလာတာဘဲ ကံကောင်းလို့ မှတ်ရမယ်။ ကဲ...ခင်ဗျားအသင့်ဖြစ်ရင် သွားကြရအောင်"

ဟော်ဆန်လည်း ပြတိုက်မှူးလေးနောက် လိုက်ခဲ့ရာမှ ပြခန်း ၆ ခန်းလောက်ကို ကျော်ဖြတ်လာသည်။ ဝန်ထမ်းတွေက အင်္ဂလန်ဘုရင်များ၊ မိဖုရားများ၊ ဗိုလ်ချုပ်များနှင့် ကျော်ကြားထင်ရှားသော နိုင်ငံခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ကြီးများ၏ ပုံတူဖယောင်းရုပ်များကို အဝတ်များဖြင့် လိုက်ဖုံးနေကြသည်။

တစ်နေရာတွင် ပြတိုက်မှူးလေးရပ်ပြီး ယူနီဖောင်းဝတ် အစောင့်တစ်ဦးအား လူသတ်ကောင်များ သားရဲတွင်းသို့ လက်တင်ကုလားထိုင်တစ်လုံး ပို့ပေးရန် မှာကြားသည်။

"ခင်ဗျားအတွက် ကျွန်တော်တို့ အကောင်းဆုံးလုပ်ပေးနိုင်သမျှ လုပ်ပေးလိုက်တာပဲ။ တရေးတမော အိပ်လို့တော့ ရမယ်ထင်ပါရဲ့"

သူက အတားအဆီးမရှိသော စင်္ကြံလမ်းမှ မီးမှိန်မှိန်လေးသာ ထွန်းထားသော မြေတိုက်လှေကားတိုလေးအတိုင်း ဦးဆောင်ခေါ်လာသည်။ မီးလင်းလင်းချင်းချင်း ထွန်းမထားသည်ကပင် ပြခန်း၏အရုပ်ဆိုးကို ပိုပေါ်လွင်စေသော အခင်းအကျင်း ဖြစ်ပုံရ၏။

သားရဲတွင်းသို့မရောက်မီ အသွားလမ်းမှာပင် ပြသထားသော ပစ္စည်းများက ထိတ်စရာလန့်စရာ။ ကြိုးပေးသော စင်တိုင်များ၊ သံခြေကျင်းများ၊ ထိပ်တုံးကြီးများ၊ ခေါင်းဖြတ်စက်များ၊ နှိပ်စက်ညှဉ်းပမ်းသော ကိရိယာများ စသဖြင့် တစ်ခေတ်တစ်ချိန်က လူလူချင်း မညှာမတာရက်စက်ခဲ့သော ပြယုဂ်များမှ သက်သေခံ အထောက်ထားတွေပါပဲ။

လမ်းအဆုံးမှာတော့ လူသတ်ကောင်များ၏ သားရဲတွင်း။

အခန်းက မြေတိုက်ခန်းဖြစ်၍ ခေါင်မိုးနိမ့်နိမ့်နှင့် ပုံပန်းမကျဘဲ အတော်အတန်တော့ ကျယ်ဝန်းသည်။ ဖုန်တက်နေသော မှန်အိမ်များနှင့် အားနည်းသော လျှပ်စစ်မီးလုံးများ ထွန်းထားသည်။

တိုက်ခန်းက တကယ့်သားရဲတွင်းနှင့် တူနေသလို ဝင်ကြည့်သူများအဖို့

www.burmeseclassic.com

www.burmeseclassic.com



လည်း စကားဟဟပင် မပြောရဲလောက်အောင် ချောက်ချားစရာ ကောင်းနေသည်။

လေ့ဝင်ပေါက်တွေကလည်း ခပ်ကျဉ်းကျဉ်းလေးပဲ ရှိသဖြင့် အတွင်းမှာ မှုန်းကြုပ်ကာ အနံ့အသက်တွေကလည်း သိပ်မကောင်းလှ။

သည်ကြားထဲမှ ဖယောင်းရုပ် လူသတ်ကောင်တွေက ခုံခြေရင်းမှာ နံပါတ်တပ်ထားသော ဆိုင်းဘုတ်ငယ်လေးတွေ ကိုယ်စီနှင့် ဟန်ပန်မျိုးစုံနှင့် ရပ်စောင့်နေကြသည်။

အကယ်၍သာ သူတို့ကို လူသတ်ကောင်တွေလို့ ကြိုပြောမထားပါက မြင်ရသူအဖို့ အရူးတွေလို့ ထင်စရာ။ အဝတ်အစားတွေက ဘိုသီဘတ်သီ စုတ်ပြတ်ညစ်ထေးလျက်။ ကြောက်စရာ မျက်လုံးမျက်နှာ ကိုယ်စီဖြင့် တကယ့်လူတွေအလား သရုပ်ဆောင်ထားကြ၏။

နာမည်ကြီးလူသတ်သမား သာတဲလ်ဆိုလျှင် ဆိုင်ပြတင်းပေါက်တစ်ခုကို ပြူးတူးပြဲတဲ ချောင်းမြောင်းနေဟန်။

စိတ္တဇလူသတ်သမား လီဖရှိုင်းဆိုလည်း ဧရာမလူထွားကြီးဖြစ်၍ ကြောင်စီစီကြီးနှင့် ရပ်နေသည်။

သူနှင့် ငါးကိုက်လောက်အကွာတွင် သွေးအေးအေး သတ်ခဲ့သော မစ္စစ်သွန်မဆင်က သူနာပြုကုတ်ဝတ်စုံနှင့် ထိုင်နေသည်။

တင်းမာခက်ထန်သော မျက်နှာထားနှင့် ပကတိကြမ်းကြုတ်ရက်စက်သောပုံဖြင့် သရော်တော်တော် ပြောင်ချော်ချော် ကြည့်နေသူကတော့ ချားလ်စ်ပိ(စ်)။

ပေါင်းကူးတံတားလေးထိပ်မှာတော့ နော်မင်သွန်း။

မကြာမီကမှ အသစ်ရောက်လာသော ဘရျောင်နီနှင့် ကနေဒီတို့ကတော့ မစ္စစ်ဒိုင်ယာနှင့် ပက်ထရွန်မာဟွန်းတို့ကြားမှာ ရှိ၏။

ပြတိုက်မှူးလေးက ဟော်ဆန်အား အရုပ်တွေကို လှည့်ပြရင်း သူတို့၏ ဆိုးသွမ်းရက်စက်မှုတွေကိုပါ ရှင်းပြခဲ့သည်။

"ဒါ...နရစ်ပင်လေ ခင်ဗျား မှတ်မိမှာပါ။ သူ့ကြည့်လိုက်ရင်တော့ ကြမ်းပိုးတစ်ကောင်တောင် သတ်မယ့်ပုံမရှိဘူး။ ဒါပေမဲ့ တကယ့်အန္တရာယ်ကောင်ပေါ့။ ဟောဒီက အမ်စထရောင်းဆိုလည်း တကယ့်သူတော်ကောင်းတောသူကြီးဂိုက် ဖမ်းထားတာဗျ။ တွေ့တယ်မဟုတ်လား။ အဘိုးကြီး ဇက်ကွဲ ယားကိုလည်း သူ့မှက်ဆိတ်ကြီးကြောင့် မကြည့်ဘဲနေနိုင်မှာ မဟုတ်ဘူး။ အဲ... သူကတော့..."



"ဟိုဟာ ဘယ်သူပါလိမ့်"

ဟော်ဆန်က အရုပ်တစ်ခုကို လက်ညှိုးထိုးပြီး လေသံမှုနှင့် မေးလိုက်သည်။

"ဟာ...ကျွန်တော်လည်း သူ့အကြောင်း ပြောချင်နေတာပါ။ သူ့ကို သေသေချာချာကြည့်၊ သူက ကျွန်တော်တို့ရဲ့ မင်းသားကြီးပဲ။ သူတစ်ယောက်ပဲ ကြိုးစင်အတင်မခံရဲဘဲ လွတ်သွားတာ"

ဟော်ဆန် စိတ်ဝင်စားခဲ့သော ရုပ်တုမှာ အရပ်ငါးပေထက်မပိုသော လူ့ဗလံလေးသာ ဖြစ်သည်။ နှုတ်ခမ်းမွေးပါးပါးလေးနှင့် ဧရာမမျက်မှန်ကြီး တပ်ထားပြီး ကုတ်အင်္ကျီလက်ပြတ် ဝတ်ထားသည်။

ရုပ်လက္ခဏာအရ ပြင်သစ်တစ်ယောက်နှင့် ခပ်ဆင်ဆင်။ ရုပ်ပြောင်တစ်ခုနှင့်လည်း တူနေသည်။ ယဉ်ကျေးသိမ်မွေ့ပုံရသော မျက်နှာက သူ့အတွက် ဘာကြောင့် မနှစ်မြို့စရာ ကောင်းနေသည်ကို ဟော်ဆန် အဖြေရှာမရ။

ပြတိုက်မှူးအနားမှာ ရှိနေသည့်ကြားကပင် သူက ခြေတစ်လှမ်း နောက်ဆုတ်လိုက်မိပြီး စာအုပ်ကို ထပ်ကြည့်ဖို့ ကြိုးစားမိသည်။

"သူက ဘယ်သူလဲ"

"အဲဒါ ဒေါက်တာဘိုးဒက်ပေါ့"

"ကျွန်တော် ဒီနာမည် ကြားဖူးသလိုပဲ။ သူ့အဖြစ်အပျက်တွေတော့ မေ့သွားပြီ"

"ဟော်ဆန်က ခေါင်းရမ်းရင်း ပြောလိုက်ရာတွင် ပြတိုက်မှူးလေးက ပြုံးသည်။

"ခင်ဗျား ပြင်သစ်တစ်ယောက်ဆိုရင်တော့ သူ့ကို မှတ်မိမှာပေါ့။ သူဟာ ပဲရစ်(စ)မြို့ရဲ့ အကြီးအကျယ်အန္တရာယ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့။ သူ့အလုပ်က နေ့ဘက်မှာ ဆေးကုပြီး ညဘက်မှာ လည်လိုက်လှီးတာပဲ။ သူက အပျော်တမ်းလူသတ်တဲ့ မကောင်းဆိုးဝါးဆိုလည်း မမှားဘူး။ သူက သင်တုံးဓားနဲ့ လှီးသတ်တာ။ လူဘယ်နှယောက်တောင် သတ်ခဲ့သလဲတော့ မဆိုနိုင်ဘူး။ နောက်ဆုံးအမှုကျမှ သဲလွန်စကျန်ပြီး ရဲတွေက ခြေရာခံမိတာ၊ ပဲရစ်(စ)မြို့သားတွေကတော့ ဒုက်သည်ရစ်ပါးနှင့် တန်းတူထားကြတာပဲ။ သူ့ကို လူသတ်မှုတစ်ဒါဇင်လောက်နဲ့ အရှုံးထောင် (ဒါမှမဟုတ်) ကြိုးစင်တင်နိုင်မယ့် အထောက်အထားတွေ ရခဲ့တယ်။

"ဒါပေမဲ့ သူက အရမ်းဖျံကျတယ်။ သူ့နောက်ကို လိုက်ဖမ်းပြီးတာနဲ့ ခြေရာပျောက် ပျောက်ကွယ်သွားတာကလား၊ ရဲတွေက နိုင်ငံတကာ လိုက်ရှာတာတောင် ဒီနေ့ထိ မတွေ့ကြသေးဘူး။ သူပျောက်သွားပြီးပြီးချင်း သူ့လက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ခြေရာနဲ့ လူသတ်မှုနှစ်မှုလောက် ထပ်ပေါ်လာသေးတယ်။ တချို့ကလည်း သူ သေလောက်ပြီလို့ ယုံကြည်ကြတယ်။ မှုခင်းပါရဂူတွေကတော့ သူ့ကို အတုခိုးပြီး နောက်လူတစ်ယောက်က လုပ်တာဖြစ်မယ်လို့ ပြောတာပဲ။ ဟုတ်ဟုတ်မဟုတ်ဟုတ် ကြောက်စရာတော့ ကောင်းနေတုန်းပဲ”

ယော်ဆန်က ပခုံးတွန့်လိုက်ပြီး အရုပ်ကို အနီးကပ် လှည့်ပတ်ကြည့်သည်။

“သူ့ပုံကို ကျွန်တော် မကြိုက်ဘူးဗျာ။ ဟာ…သူ့မျက်လုံးတွေက တစ်မျိုးကြီးပါလား”

“ဟုတ်တယ်။ ဒါ ဒီအရုပ်ရဲ့ လက်ရာပြောင်မြောက်မှုပဲ။ မျက်လုံးတွေက ခင်ဗျားကို ဖမ်းစားနေတယ်လို့ မထင်ရဘူးလား။ ဒါ…ဘိုးဒက်ရဲ့ ဇာတိရုပ်ပဲပေါ့။ သူက စိတ်ညှို့လေ့ကျင့်ထားသလို သူ့သားကောင်တွေကိုလည်း စိတ်ညှို့ပြီးမှ သွေးအေးအေးနဲ့ လည်လှီးတာ၊ ဒီလိုမှ ပညာမသုံးရင်လည်း သူ့လို လူ့ဗလံလေးတစ်ယောက်က တခြားလူတွေကို ဘယ်လိုလုပ် သတ်နိုင်ပါ့မလဲ။ သူ့သားကောင် အားလုံးကတော့ ရုန်းကန်ခုခံတဲ့ အရိပ်အယောင်တွေ တစ်ခုမှ မရှိဘူး”

“ဟာ…သူ…လှုပ်လိုက်သလိုပဲ”

ယော်ဆန်က အသံတုန်တုန်ဖြင့် ပြောလိုက်သည်။

ပြတိုက်မှူးလေးက ပြုံးရင်း…

“ဒီည မီးမလင်းခင်အထိတော့ ခင်ဗျားအမြင်အာရုံတွေ မှောက်မှားစရာတွေ တစ်ခုမက ကြုံဦးမှာပဲ။ သူတို့ကို မကြည့်တာ အကောင်းဆုံးပဲ။ ခင်ဗျား နေနိုင်သလောက်သာ နေပါ။ မနေသာရင်လည်း အပေါ်ပြန်တက်ခဲ့ပေါ့။ ပြတိုက်ခန်းမထဲမှာရှိနေတဲ့ အစောင့်တွေဆီ သွားနေလို့ရပါတယ်။ သူတို့ ကင်းလှည့်စစ်ဆေးလာရင်လည်း လန့်မသွားနဲ့ဦးဗျ။ ဒီက မီးတွေက သဘာဝကျကျ မှိန်ပေးထားရတာဆိုတော့ လင်းလင်းချင်းချင်း မနေရတဲ့အတွက်လည်း စိတ်တော့ မရှိနဲ့၊ ကဲ–အခုတော့ ကျွန်တော့်ရုံးခန်းကို ပြန်လိုက်ခဲ့ပြီး ဝီစကီလေး တစ်ခွက်နှစ်ခွက်နဲ့ ရဲဆေးတင်လိုက်ပါဦး”

* * *

သူ့ကို လက်တင်ကုလားထိုင် ယူလာပေးသော ညစောင့်က စပ်ဖြဲဖြဲနှင့် လှောင်သံစွက်၍ မေးလိုက်၏။

“ကုလားထိုင် ဘယ်မှာ ထားပေးရမလဲ ဆရာ။ ဒီနေရာကတော့ ထိုင်ရတာညောင်းလာရင် ခရစ်ပင်နဲ့ စကားပြောလို့ ကောင်းတဲ့နေရာပဲ။ ဒါမှမဟုတ်



မာသာဒိုင်ယာကို အပျင်းပြေထိုင်ကြည့်ဖို့ သူ့ရှေ့မှာ သွားချရမလား။ ဆရာကြိုက်တဲ့ နေရာပြော…”

ယော်ဆန်ကလည်း ရှိသဲ့သဲ့ ပြုံးလိုက်သည်။

“ကျွန်တော့်ဟာကျွန်တော် နေရာချလိုက်ပါ့မယ်ဗျာ။ လောလောဆယ်တော့ စာကြမ်းရေးလို့ ကောင်းတဲ့နေရာ ရှာရဦးမယ်”

“ဒါဆိုလည်း ဖွတ်နိုက်ဗျာ။ ကျွန်တော် အပေါ်ထပ်မှာပဲ ရှိနေမှာပါ။ တစ်ခုတော့ ပြောချင်တယ်။ ဒီမကောင်းဆိုးဝါးတွေ ခင်ဗျားနောက်ကို တိတ်တဆိတ်ကပ်လာပြီး လက်အေးကြီးတွေနဲ့ လည်ပင်းမညှစ်အောင်တော့ သတိထားလို့၊ ဒီအဘွားကြီးဒိုင်ယာကိုလည်း အလစ်မပေးနဲ့နော်…သူကလည်း ပျော်ဖြေရေးကောင်းမယ့်ပုံပဲ”

ယော်ဆန်ကလည်း ချော်လဲရောထိုင်လုပ်၍ ရယ်မောကာ ညစောင့်ကို နှုတ်ဆက်လိုက်သည်။

အခြေအနေက သူမျှော်လင့်တာထက် အဆင်ပြေနေသည်။

သူက ဆိုဖာတပ် လက်တင်ကုလားထိုင်ကို ဘီးလိမ့်တွန်းသွားသည်။ သူက အလယ်ကောင် လျှောက်လမ်းအတိုင်း တွန်းချသွားရာမှ ဒေါက်တာဘိုးဒက်နှင့် မလှမ်းမကမ်း၌ ကျောပေးလျက် ရပ်တန့်ထားလိုက်မိသည်။

အမျိုးအမည်မသိသော အကြောင်းတစ်ရပ်ဖြင့် သူက ဒေါက်တာဘိုးဒက်ကိုပင် သဘောကျမိနေသလိုလို။

ကုလားထိုင်ကို နေရာချရင်းက စိတ်လက်ပေါ့ပါးခဲ့သော်လည်း ညစောင့်ခြေသံများ အဝေးရောက်သွားသည့်နောက် စိတ်အားငယ်သွားမိသလိုလို။

မြေတိုက်အတွင်း၌ လှုပ်ရှားမှုမရှိသော အလင်းရောင်က ဖယောင်းရုပ်များအပေါ် ထိုးကျနေရာမှ လူသဏ္ဌာန်တွေ ပိုမိုပီပြင် ဖောင်းကြွလာဟန် ရှိ၏။

သဘာဝမကျသော တိတ်ဆိတ်ခြင်းနှင့် ငြိမ်သက်ခြင်းက ချောက်ချားစရာ ကောင်းနေသည်။

လေမတိုက်ဘဲနှင့် အေးစိမ့်လာသည်။

အသက်ရှူသံ လှုပ်ရှားသံ ခန်းဆီးနှင့် အဝတ်ဖိုးများကို တွန်းဖယ်သံလည်း မရှိ။

သူ့အရိပ်ကသာ သူလှုပ်သလို လိုက်လှုပ်နေသည်။ သူငြိမ်လျှင် ပြန်ငြိမ်သည်။

အမှန်ကတော့ ပကတိငြိမ်သက်ခြင်းနှင့် တိတ်ဆိတ်ခြင်းသာ လွှမ်းမိုးထားသောည။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ပင်လယ်အောက် ကြမ်းပြင်ကို ရောက်နေရတဲ့အတိုင်းပဲ"

ဘွေးလိုက်မိပြီး သူ့ဇာတ်လမ်း ဘယ်သို့ အစချီရမည်ကို စဉ်းစားနေမိသည်။

သူက ကျက်သရေမရှိသော အရုပ်များကို ရဲရဲတင်းတင်းပင် လှမ်းကြည့် မိ၏။ အို...ဖယောင်းနှင့် ပုံသွန်းထားတဲ့ အရုပ်တွေပဲ။ ဘာကြောက်စရာ ရှိလို့လဲ။ တကယ်စင်စစ်လည်း အသက်ဝိညာဉ် မရှိတဲ့ အသေကောင်ကြီးတွေပဲ မဟုတ်လား။

ဒါပေမဲ့ သူ့ကျောနောက်မှ ဒေါက်တာဘိုးဒက် အရုပ်ကြီး ရှိနေသည်ကို သတိရလိုက်ပြီး မလုံမလဲ ဖြစ်သွားသည်။ ပြင်သစ်ကြီး၏ ဖယောင်းရုပ်မှ မျက်လုံးအစုံက သူ့ကို ခြောက်ခဲ့လှန့်ခဲ့တာတော့ အမှန်ပင်။ သူ နောက်လှည့် ကြည့်ချင်စိတ် တယားယား ပေါ်လာသည်။

"ငါ့စိတ်တွေ ငါထိန်းလို့ မရတော့ဘူး။ နောက်လှည့်ကြည့်ချင်လိုက်တာ၊ ဒါပေမဲ့ သူ့မျက်လုံးတွေ မြင်လိုက်တာနဲ့ ငါ ယိမ်းယိုင်ပြိုကွဲသွားမှာပဲ"

နောက်အသံတစ်သံက သူ့ခေါင်းထဲက ထွက်လာပြန်သည်။

"မင်း ကြောက်နေတယ်။ ဒါကြောင့် သူ့ကို လှည့်မကြည့်ရဲတာပေါ့"

အသံနှစ်သံက တိတ်ဆိတ်စွာ အငြင်းပွားနေခဲ့သည်။ အဆုံးတော့ သူက ဆုံလည်ကုလားထိုင်ကို အနည်းငယ်လှည့်၍ ဖယောင်းရုပ်ကြီးဆီသို့ စောင်းငဲ့ ကြည့်လိုက်မိသည်။

အရုပ်သွန်းလုပ်တဲ့ ပန်းပုဆရာက လက်ရာမြောက်လှသည်မှာ ပကတိ လူအတိုင်း။ မျက်လုံးအတုကလည်း တကယ့်ကို အသက်ဝင်နေသလိုပင်။

"ဘာပဲပြောပြော ဖယောင်းရုပ်ဟာ ဖယောင်းရုပ်ပဲပေါ့။ အသေကောင်နဲ့ ဘာထူးမှာမို့လဲ"

ဟုတ်ပါရဲ့။ အရုပ်တွေပီပီ မလှုပ်မယှက် ငြိမ်နေကြတာပါကလား။

ဒါပေမဲ့...

သူ ဒေါက်တာဘိုးဒက် အရုပ်ကြီးကို လှည့်ကြည့်လိုက်စဉ်မှာ သူ့ရှေ့က တန်းစီထားသော အရုပ်တွေမှာ အပြောင်းအလဲ နည်းနည်းဖြစ်သွားသည် ထင်လိုက်၏။

'ခရစ်ပင်'အရုပ်ကြီးက ဘယ်ဘက်သို့ တစ်ဒီဂရီလောက် ရွေ့စောင်းသွားသလိုလို။

မဖြစ်နိုင်ပါဘူးလေ။ ငါ ကုလားထိုင် ပြန်လှည့်လိုက်တာ အထိုင်ပျက်သွားလို့ အမြင်တိမ်းသွားတာနေမှာပါ။



သူ ကုလားထိုင်ကို မူလအနေအထားအတိုင်း ပြန်ပြင်ထိုင်လိုက်သည်။

သည်တော့လည်း ဖိးလ်နှင့် ဂရေးတို့၏ မြောက်ထားသော လက်ချောင်းတွေက နည်းနည်းလှုပ်သွားတာ သတိပြုမိလိုက်၏။

ယော်ဆန် အသက်ရှူမှားသွားရာမှ သတ္တိမွေး၍ ပြန်အားတင်းလိုက်သည်။

အာရုံပြောင်းသည့်အနေဖြင့် သတင်းစာအယ်ဒီတာ၏ စကားတွေကို ပြန်စဉ်းစားကာ တစ်ယောက်တည်း လှောင်ရယ်ရယ်လိုက်သည်။

"ဟင်း...သူတို့ကများ ငါ စိတ်ကူးမယဉ်တတ်ဘူးတဲ့"

သူက အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ငယ်ကို ထုတ်၍ ခပ်သော့သော့ ရေးချလိုက်၏။

တစပြင်နှင့်မခြား တိတ်ဆိတ်မှုအောက်တွင် ရုပ်တုများက အသေများလို ငြိမ်သက်နေသည်။ ပတ်ဝန်းကျင်က ပင်လယ်ပြင်အောက် ရောက်နေရသည်နှင့် မခြား။ ဒေါက်တာဘိုးဒက်၏ စိတ်ညို့မျက်လုံးများက မကြည့်ရဲစရာကောင်းသည်။ ရုပ်တုတွေလည်း စောင့်ကြည့်မထားလျှင် နေရာရွှေ့မည်တကဲကဲ။

ရေးလက်စ စာအုပ်ကိုပိတ်ပြီး သူ့ညာဘက်ပခုံးကို ကျော်၍ ဖျတ်ခနဲ ကြည့်လိုက်မိသည်။

အသံကြားလို့ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲ မြင်လိုက်လို့တော့ မဟုတ်။

ဒါပေမဲ့ သူ၏ဆဋ္ဌမအာရုံက နှိုးကြားလာရာမှ တစ်ယောက်ကို ဂရုစိုက်လို့ သတိပေးခဲ့သည်။

သူက လီဖရိုင်း၏အရုပ်ကြီးကို လှမ်းကြည့်လိုက်သည်။ လီဖရိုင်းက သူ့ကို မခိုးမခန့်နှင့် ပြန်ပြုံးပြနေသလိုလို။ 'အဲဒါ ငါမဟုတ်ဘူးကွ'လို့တောင် ပြောလိုက်သလားပါပဲ။

သူ့မဟုတ်လည်း သူတို့ထဲက တစ်ယောက်ယောက်ဖြစ်မှာပေါ့။ တခြား နေရာတွေကို သူလိုက်ကြည့်နေတုန်း ခရစ်ပင်က နေရာထပ်ရွှေ့လိုက်တာများ လား။ ဒီလူ အဲ...ဒီအရုပ်ကလည်း နည်းနည်းလေးမှ စိတ်ချယုံစားလို့ မရဘူး။ သူ့အလစ်ကို ချောင်းပြီး လှုပ်ရှားဖို့ ကြံနေသယောင်ယောင်။

သူတို့တွေအားလုံး အသက်ဝင်ပြီး သူ့ကို ဝိုင်းဖမ်းမယ့်ပုံပါပဲ။

သူ ကုလားထိုင်ပေါ် ထိုင်နေရာမှ ကြွလိုက်မိသည်။ သူ စောင့်ကြည့် မထားလျှင် ဖယောင်းရုပ်တွေ အကုန်အသက်ဝင် လှုပ်ရှားလာမှာ စိုးရိမ်လို တစ်ညလုံး သူအိပ်လို့ ဖြစ်တော့မှာမဟုတ်။

ယော်ဆန် ပြန်ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အို…မင်းသက်သက် သရဲခြောက်ကြောင်းပြီး ပေါက်ကရတွေ လျှောက်တွေး နေတာပဲ။ သူတို့က ဖယောင်းရုပ်တွေပါကွ။ ဘယ်လိုလုပ် လှုပ်ရှားနိုင်ပါ့မလဲ။ ထိုအတွေး ဝင်လာရာမှ နည်းနည်းစိတ်သက်သာရာ ရသွားသည်။

သည်လိုနှင့် သူက ချာခနဲ နောက်လှည့်ကြည့်လိုက်ရာမှ မျက်မှန်ထဲမှ ပြူးကြည့်နေသော ဒေါက်တာဘိုးဒက်စ် မျက်လုံးများနှင့် ထိပ်တိုက်ရင်ဆိုင် လိုက်ရသည်။ ထို့နောက် သူက ဖြုန်းခနဲ ခေါင်းလှည့်ပြီး ခရစ်ပင်ကို စိုက်ကြည့် လိုက်သည်။ ဟား…သည်တစ်ခါတော့ ခရစ်ပင် လှုပ်လိုက်တာ မိသွားသည်။

"ရှေ့ဆက် သတိထားရင် ကောင်းမယ် ခရစ်ပင်။ အေး…မင်းတို့ အားလုံးကို ပြောလိုက်မယ်။ တစ်ယောက်ယောက် လှုပ်တာတွေ့လိုက်တာနဲ့ မှန်မှန်ကြေအောင် ငါထောင်းပစ်မယ်၊ ကြားလား"

သူ ပြန်သင့်ပြီလို့ သူ့ကိုယ်သူ ပြောလိုက်မိသည်။

ခုလောက်ဆိုရင်ပဲ ဓာတ်လမ်းတစ်ပုဒ်၊ အဲ…ဆယ်ပုဒ်စာလောက် ရေးနိုင်မယ့် အတွေ့အကြုံတွေ ရခဲ့ပြီပဲ။

ဘာလို့ မသွားရမှာလဲ။ မနက်ခင်းပွဲတင်သံက လူတွေကလည်း သူ့ ဓာတ်လမ်းကောင်းလို့ကတော့ ဒီသားရဲတွင်းထဲမှာ ဘယ်လောက်ကြာအောင် နေခဲ့တာလဲ မေးမှာမဟုတ်။

ဒါပေမဲ့ အပေါ်ထပ်က ညစောင့်ကတော့ သူပြန်တက်လာတာကို သရော် နိုင်သည်။ ပြတိုက်မှူးကလည်း မိုးလင်းအောင် မနေလို့ဆိုပြီး သူ အရေးတကြီး လိုနေတဲ့ငွေကို ထုတ်ပေးချင်မှ ပေးတော့မည်။

ဒီအချိန်ဆို သူ့ဇနီးရှီစ် အိပ်နေပြီလား၊ ဒါမှမဟုတ် မအိပ်သေးဘဲ သူ့အကြောင်းကို စဉ်းစားနေမလား။

ကြောက်စရာ လူသတ်ကောင်ကြီးတွေအလယ်မှာ သူရောက်နေရတဲ့ အဖြစ်ကို မြင်ယောင်ပြီး ရယ်ချင်ရယ်နေမှာ။

အသက်ရှူသံလိုလို သူကြားလိုက်သည်။

စင်စစ်တော့ သူ့အသက်ရှူသံကလွဲလို့ တခြားက ဖြစ်နိုင်ပါ့မလား။

သူ မတ်မတ်ထိုင်ပြီး နားစွင့်ထားလိုက်မိသည်။

ဘာသံမှ မကြားရ။ အို…ဘာသံပဲဖြစ်ဖြစ် ဂရုမစိုက်စမ်းပါနဲ့။ သူ့ကိုယ်သူ ပြောပြီး သက်ပြင်းချလိုက်သည်။

သည်နောက်တော့ ကုလားထိုင်ပေါ်မှ အခန်းတစ်ပတ် ပတ်ချာလှည့်ပြီး အရုပ်တွေကို ဝေ့ကြည့်သည်။ လူသတ်ကောင်တွေ၏ မျက်လုံးများက သူ့ကို ကြောက်စရာမျက်လုံးတွေနှင့် ပြန်ကြည့်နေကြ၏။



ပြီးတော့ မျက်နှာတွေက သရော်တော်တော် ပြောင်ချော်ချော်တွေနှင့်။

ဒီ့အပြင် ခြေတွေလက်တွေက ဆတ်ခနဲ လှုပ်ပြီး အနေအထား ပြင်လိုက် ကြဟန်ရှိသည်။

နှုတ်ခမ်းတွေကလည်း ပြုံးမဲ့မဲ့နှင့် မျက်တောင်တောင် ခတ်လိုက်ကြ သလား ထင်ရသည်။

လူအစစ်တွေလိုပင် အသိဉာဏ်တွေ ဝင်နေကြပုံရသည်။ တစ်နည်းအား ဖြင့် သူတို့က စာသင်ခန်းထဲမှ ကျောင်းသားဆိုးတစ်စုနှင့်မခြား ဆရာမနောက် ကွယ်မှာ သူတို့ချင်း နှစ်ကိုယ်ကြားပြောလိုက်၊ အချက်ပြလိုက်၊ ကြိတ်လှောင်ကြ လုပ်နေပြီး သူတို့ကို ကြည့်လိုက်တော့လည်း ဣန္ဒြေမပျက် မခုတ်တတ်တဲ့ ကြောင်တွေလို လုပ်နေသည့်အတိုင်း။

မဖြစ်ဘူး။ ကိုယ့်ဟာကိုယ် ဖာသိဘာသာ နေလိုက်မှ။ မကောင်းတဲ့ အတွေးတွေကို ဖျောက်ပြီး လန်ဒန်မြို့လည်ကို အာရုံလွှင့်လိုက်သည်။

သူဟာ ရေမှန်ဟော်ဆန်ဆိုတဲ့ မအောင်မြင်တဲ့ စာနယ်ဇင်းသမားတစ် ယောက်၊ အသက်ရှင်နေတဲ့လူ၊ သူ့ပတ်လည်မှာ အစိဉာဏာက ဖယောင်းရုပ် တွေပဲ ရှိတာ။ လှုပ်ရှားပြောဆိုတာတွေ ဘာမှ မလုပ်နိုင်ဘူး။

သူတို့က လူသတ်ကောင်ကြီးတွေရဲ့ ပုံတူရုပ်တွေသာဖြစ်ပြီး လွှစာမှုန့်နဲ့ ဖယောင်းသားတွေနဲ့ လုပ်ထားတာပဲ။ အချိုးရှည်သောက်ရင်း လိုက်ကြည့်နေတဲ့ လူတွေကို အကြည့်ခံဖို့ သက်သက်ထက် မပိုပါဘူး။

သည်တော့လည်း ရဲစိတ်ရဲမာန်တွေ ဝင်လာသည်။

ဒေါက်တာဘိုးဒက်ဆိုတာ နာမည်ကြီး လူသတ်ကောင်ဆိုပေမယ့် ခုဟာ က ဖယောင်းရုပ်ကြီးပဲ ဥစ္စာ။

ဟော်ဆန် ချာခနဲလှည့်ပြီး ကြောက်စရာ ညှို့မျက်လုံးတွေကို တည့်တည့် ကြီး စိုက်ကြည့်လိုက်သည်။

သူ့မျက်လုံးတွေ ပြူးကျယ်သွားရသည်။

ပါးစပ်လည်း အဟောင်းသား။

အလန့်တကြားနှင့် ထအော်လိုက်မိ၏။

"ခင်ဗျား လှုပ်လိုက်တယ်။ မသာကောင်ကြီး…ခင်ဗျား လှုပ်လိုက်တာ ကျုပ် မြင်တယ်"

ဒီနောက်တော့ သူ မြောက်ဝင်ရိုးစွန်း ရေခဲပြင်ပေါ် ရောက်သွားသလို တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရသည်။

ဒေါက်တာဘိုးဒက်၏ လှုပ်ရှားမှုက ပိပိပြင်ပြင်နှင့် လွှတ်လွှတ်ကျွတ် ကျွတ်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



သူက သူရပ်နေရာ ခုံလေးပေါ်မှ အသာလေး ဆင်းလာသည်။

နောက် စင်မြင့်ပတ်လည်ကာထားသော စည်းကြိုးကို ကျော်ထွက်လာပြီး စင်မြင့်အောက် ဟော်ဆန်နှင့် မျက်နှာချင်းဆိုင် လာထိုင်သည်။

ပြီး...ဟော်ဆန်ကို ခေါင်းညိတ်ပြုံးပြကာ နှုတ်ဆက်၏။

"ကောင်းသော ညခင်းပါ"တဲ့။

တစ်ဆက်တည်း၌ ဗဲတဲတဲ အင်္ဂလိပ်သံဖြင့်–

"မင်း နားလည်အောင် ငါပြောဖို့ လိုလိမ့်မယ်ထင်တယ်။ စောစောက မင်းနဲ့ ပြတိုက်မှူးတို့ ပြောခဲ့ကြတဲ့ စကားတွေ ငါကြားပြီးသားပဲကွ။ ဒီတော့ ဒီည မင်းကို ငါအဖော်လုပ်ပြီး နေပေးရတော့မှာပေါ့။ အဲ...မင်းအနေနဲ့ ငါ့ ခွင့်ပြုချက်မရဘဲ စကားပြောခွင့် ထသွားခွင့်မရှိဘူး။ ငါပြောတာ သဘောပေါက် တယ်မဟုတ်လား။ မင်း တုန်လှုပ်ချောက်ချားနေတာကို ငါသိတယ်။ ဒါပေမဲ့ သူငယ်ချင်း...မင်းအခု ထင်ယောင်ထင်မှား ဖြစ်နေတာမဟုတ်ဘူးနော်။ ငါက တခြားအရုပ်ကောင်တွေလို အပမှီပြီး အသက်ဝင်နေဖို့ ကြိုးစားနေတာ မဟုတ် ဘူး။ ငါဟာ ဒေါက်တာဘိုးဒက် ကိုယ်တိုင်ပဲ"

သူက ချောင်းဆိုးလိုက်သည်။ ခြေထောက်တွေ ရွှေ့လိုက်သည်။

"ငါ့ကို ခွင့်လွှတ်ပါ။ ငါ ရပ်နေရတာ ညောင်းလို့ပါ။ မင်း သံသယ ရှင်းအောင် ပြောချင်တယ်။ ငါ့အနေနဲ့ အင်္ဂလန်မှာပဲ ပုန်းနေခဲ့တာကွ။ ခုညနေ ဒီပြတိုက်နားရောက်တော့ ရဲတစ်ယောက်နဲ့ တန်းတိုးတာနဲ့ ပြတိုက်လာကြည့်တဲ့ လူအုပ်နဲ့ရောပြီး အထဲဝင်ခဲ့တာပဲ။ ဝင်ကြေးပေးဖို့လည်း ငါ့မှာ အကြွေတွေ ပါလာခဲ့တယ်လေ။ ဒီလိုနဲ့ ဒီသားရဲတွင်းထဲကိုရောက်ခဲ့ပြီး မင်းနဲ့ ခုလို တွေ့ ခဲ့ကြရတာပေါ့"

"မီးလုန့်ခလုတ်ကိုလည်း ငါ ဆွဲလိုက်တာပဲ။ လူတွေက အကြောက် လွန်ပြီး ထွက်ပြေးကြတာနဲ့ ငါ့ဖယောင်းရုပ်က အဝတ်အစားတွေလဲပြီး လူစား ဝင်နေလိုက်တာ ဆိုပါတော့။ ဖယောင်းရုပ်အစစ်ကိုတော့ ဟိုနောက်ဘက် စင်မြင့် အောက်မှာ ဝှက်ထားခဲ့တာပဲ"

"တစ်ညနေလုံး ငါ အရုပ်ယောင်ဆောင်နေရတာ ပင်ပန်းလိုက်တာကွာ။ ဒါပေမဲ့ တို့အခန်းထဲကို လူတွေက သိပ်ဝင်မကြည့်ကြဘူး။ တစ်ယောက်စ နှစ်ယောက်စ ဝင်ကြည့်ကြရတဲ့တိုင်အောင်လည်း ငါ့ကို ရဲရဲမကြည့်ဝံ့ကြဘူးလေ။ ဒီလိုနဲ့ ငါအသက်ရှုခွင့်တွေရသလို သက်တောင့်သက်သာ လှုပ်ရှားခွင့်လည်း ရှိခဲ့တာပေါ့။ ဒါတောင် ကလေးလေးတစ်ယောက် ငါလှုပ်လိုက်တာ မြင်တယ် ဆိုပြီး ထအော်တာ ကြုံလိုက်ရသေးတယ်။ သူ့အိမ်ပြန်ရောက်တော့ နာနာလေး



အရိုက်ခံရပြီး အိပ်ရာထဲမောင်းသွင်းတာ ခံရမယ်ထင်တယ်"

"ခုန ပြတိုက်မှူးလေးက ငါ့အကြောင်း ပြောသွားတာ ကျန်နေသေး တယ်ကွ။ အဓိကတစ်ချက်က အများထင်သလို ငါသေတယ်ဆိုတာ မဟုတ်ဘူး။ ငါ မသေဘဲရှင်နေတာ အခု မင်းမျက်မြင်ပဲ။ နောက်ပြီး ငါက ရူးသွပ်နေတယ် တဲ့။ ဒါလည်း ဘယ်မှန်ပါ့မလဲ၊ မင်းသိမှာပေါ့။ လောကကြီးမှာ သူ့ဝါသနာနဲ့ သူ ရှိနေကြတာ။ ငွေစုတယ်၊ ပန်းချီကားတွေ စုတယ်၊ လိပ်ပြာတွေ စုတယ်၊ တံဆိပ်ခေါင်းတွေ စုတယ်၊ ဖောင်တိန် စုတယ်၊ နာရီ စုတယ် စသဖြင့်ပေါ့။ ငါကတော့ လည်ချောင်းတွေ စုတယ်"

ပြောရင်းတန်းလန်းမှ ဒေါက်တာဘိုးဒက်က ဟော်ဆန်ရဲ့ လည်မြိုကို လှမ်းကြည့်လိုက်သည်။ သူ့အကြည့်မှာ စိတ်ဝင်စားမှုနှင့် မနစ်မြို့မှု ရောနေသည်။

"ငါက မင်းနဲ့အတူ တွေ့ခွင့်ရတာ ဝမ်းသာပါတယ်။ ငါ့အား ငါရှောင် နေရတာနဲ့ ဝါသနာအရ မလုပ်ရတာ ကြာနေပြီ။ ခုတော့ ကြုံတောင့်ကြုံခဲ အခွင့်အရေးရတာ ကံကောင်းသွားတယ်။ ဒါပေမဲ့ မင်းလည်ချောင်းက ပိန်ခြောက် နေတာတော့ ငါအကြိုက် မတွေ့ချင်ဘူး။ ငါက တုတ်တုတ်ခိုင်ခိုင်နဲ့ နီရဲနေတာ မျိုးမှ ရွေးလှီးတာ...ဘာပဲဖြစ်ဖြစ်ပေါ့လေ"

သူက သူ့ဝတ်ရုံကြီး အတွင်းအိတ်မှ လက်သုံးတော် သင်တုံးဓားကို ဆွဲထုတ်သည်။ အသွားကို ဆွဲဖွင့်လိုက်ပြီး ဘယ်ဘက်လက်ဖဝါးတွင် ဘယ်ပြန် ညာပြန် တရှမ်းရှမ်း ခတ်နေပြန်သည်။

"ဒါ...ပြင်သစ်သင်တုံးဓား အငယ်စားလေးကွ။ သေးသေးသွယ်သွယ် လေးပါ။ မင်းတို့ အင်္ဂလန်မှာတော့ ဒီဓားမျိုး သုံးလေ့သုံးထ သိပ်မရှိဘူး။ အဲ...ဓားသွားက သေးတော့ သိပ်အနက်ကြီးတော့ လှီးလို့ မရဘူးပေါ့ကွာ။ ဒါပေမဲ့ သွေးကြောမကြီးတော့ အသာလေးပြတ်နိုင်ပါတယ်။ ဒီအရသာကို ခဏ ကြာရင် မင်း သိလိုက်မှာပါ။ ဒီတော့ ယဉ်ကျေးတဲ့ ဆံသဆရာတွေလို မေးနေကျ မေးခွန်းလေးတစ်ခုတော့ ဝတ္တရားအရ မေးရမှာပဲ။ မင်းနဲ့ ဒီသင်တုံးဓားနဲ့ အတော်ပဲလား...ဟင်"

ဒေါက်တာဘိုးဒက်က ထလာပါပြီ။

ကြုံလှီသေးကွေးပေမယ့် ရူးသွပ်နေသော မကောင်းဆိုးဝါးကြီးက ဟော်ဆန်နားသို့ တဖြည်းဖြည်း ကပ်လာသည်။

သားကောင်ကို ချောင်းလာသော ကျားသစ်နက်တစ်ကောင်လို တိတ် တဆိတ်နှင့် သတိကြီးစွာသော ခြေလှမ်းများနှင့်...။

"မင်း...အတော်လေး စည်းစိမ်ရှိသွားမှာပါကွာ။ မေးစေ့လေး နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



မော့ထားလိုက်၊ အေးအေး...ကျေးဇူးပဲ။ အဲ...နည်းနည်း...နည်းနည်း ထပ်မော့ထားပါဦး...နည်းနည်းလေးပါ။ အား...ဟုတ်ပြီ...ကျေးဇူးပဲကွာ။ သနားစရာကောင်းတဲ့ လူသားရယ်၊ အင်း...သနားစရာ၊ သနားပါတယ်...သနား..."

* * *

ညအမှောင်ထု လွှင့်ပြယ်၍ နေ့အလင်းရောင်များက ဖုန်တက်နေသော မှန်ပေါက်တချို့မှ ဝင်လာသည်။

သားရဲတွင်းထဲမှ ဖယောင်းရုပ်တွေကတော့ သူတို့နေရာတွင် သူတို့ ရပ်လျက်။ ပြတိုက်လာကြည့်သူတွေကို စိတ်ချောက်ချားအောင် သရုပ်ဆောင်ပြဖို့ စောင့်နေကြ၏။

ဖယောင်းရုပ်တု လူသတ်ကောင်များ၏ အလယ်ပတ်လမ်း၏ ဗဟိုမှာတော့ ဟော်ဆန်တစ်ယောက်က ဆံလည်ကုလားထိုင်ကြီးပေါ်တွင် နောက်လှန်မှီပြီး ထိုင်လျက်သား။

ဆံသဆရာက မုတ်ဆိတ်ရိတ်ပေးဖို့ သူက ဇက်လှန်ပြီး မော့ပေးထားသည့်ပုံစံ။

သို့သော်လည်း သူ့လည်မြိုပေါ်မှာ ခြစ်ရာလေး တစ်ချက်မှတောင် မရှိပါ။

သူ့တစ်ကိုယ်လုံးမှာလည်း ဘာဒဏ်ရာ ဒဏ်ချက်မှ မရှိ။

သူ့တစ်ကိုယ်လုံး အေးစက် တောင့်တင်းပြီး သေနေပါပြီ။

သူ့အလုပ်ရှင် အယ်ဒီတာများက သူ စိတ်ကူးယဉ် မဖန်တီးတတ်ဘူးလို့ ပြောခဲ့တာ မှားသွားပါသည်။

ဒေါက်တာဘိုးဒက်ကတော့ ခုံလေးပေါ်ကနေပြီး သူ့အလောင်းကို မလှုပ်မယှက် စိုက်ကြည့်နေသည်။

ဒေါက်တာဘိုးဒက်က လုံးဝမလှုပ်သလို အသက်ဝင်ခဲ့တဲ့ အရိပ်အယောင်လည်း စိုးစဉ်းမျှ မရှိပါ။

စင်စစ်တော့ သူက ဖယောင်းရုပ်ကြီး သက်သက်သာ ဖြစ်နေသည် မဟုတ်ပါလား။

*[ALFRED HITC HCOCK လက်ရွေးစင်များမှ A.M.Burrage ၏ The Waxwark ကို ပြန်ဆိုပါသည်။]*

**ညီညီနိုင်**



www.burmeseclassic.com

# လိပ်ပြာမသန့်သောအခါ

**ခွေမြင့်**

တံခါးအပြင်ဘက်ရှိ လူခေါ်ခေါင်းလောင်းသံကို ကြားလိုက်ရသည်။

အချိန်အားဖြင့် ညဥ့်သန်းခေါင်ယံသို့ မရောက်မီကာလ…။

တည်းခိုဆောင်ပိုင်ရှင် ဒေါ်မိမိသည် အိပ်ရာထဲမှ လူးလဲထလိုက်မိသည်။ ယုဇနမြိုင်ကဲ့သို့သော မြို့ငယ်လေးတွင် တည်းခိုသူ ဟူ၍ ပုံမှန် များများစားစား မရှိပါချေ။

တစ်ခါတစ်ရံ မောတို့ဒေသသို့ အသွားဖြစ်စေ၊ ထိုဒေသမှ အပြန်ဖြစ်စေ ကားနှင့် ဖြတ်သွား ဖြတ်လာရင်း ကြုံကြိုက်မှုဖြင့် ဝင်ရောက်တည်းခိုသူ အချို့သာ ရောက်လာတတ်ကြသည်။

ဒေါ်မိမိသည် တစ်ချိန်က လင်ယောက်ျား ရှိခဲ့ဖူးသော်လည်း လွန်ခဲ့သော ရှစ်နှစ်ကတည်းက ချောင်းဆိုးသွေးပါ ရောဂါဖြင့် သေဆုံးခဲ့လေပြီ။ သူမ၏ ယောက်ျား မျိုးမောင်မောင်သည် အလွန် သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့် နေတတ်သူ ဖြစ်သည်။

မျိုးမောင်မောင်သည် ထိုခေတ်က အနောက်နိုင်ငံတွင် ခေတ်စားနေသော ရုပ်ရှင်မင်းသား ဗလင်တီနိုး၏ စတိုင်မျိုး။ ရှည်မြသော ဆံပင်များကို နောက်လှန် ဖီး၍ ပြောင်လက်နေစေရန်၊ ဂျက်မှင်ဘီးဖြင့် ဖိပွတ်ဆွဲလေ့ရှိသည်။

မျက်ခုံးနက်နက်၊ မျက်လုံးလက်လက်၊ အသားညက်ညက်၊ စကားသွက်



သွက်ဖြစ်သည်။ မိန်းမပျိုတစ်ယောက်ကို ကြည့်ပြီဆိုလျှင် မျိုးမောင်မောင်၏ တောက်ပြောင်သော မျက်လုံးအစုံထဲတွင် အလင်းရောင်တစ်ခု ဖျတ်ခနဲ လင်း လက်လာသည်။ ညှို့ တတ်ဟု ယူဆရမည်ထင်သည်။

ထိုအကြည့်ဖြင့် ဒေါ်မိမိ၏ရင်ကို လှုပ်ခါနိုင်စွမ်း ရှိသည်။

မျိုးမောင်မောင်၏ နှုတ်ခမ်းညာဘက်ထောင့်စွန်းတွင် အစဉ်သဖြင့် မီးခိုးအူသော စီးကရက်တစ်လိပ်ကို တွေ့ရတတ်သည်။ ဒါကလည်း မျိုးမောင် မောင်၏ စတိုင်တစ်ခုပင် ဖြစ်သည်။ နောက်ဆုံး မျိုးမောင်မောင် အသက် လေးဆယ်ကျော်နှင့် သေဆုံးရသည်မှာလည်း ထိုစီးကရက်ကြောင့်ပင် ဖြစ်သည်။

စတိုင်ဖြောင့်သည်ဟူ၍ ယူဆထင်မြင်ခဲ့သော မျိုးမောင်မောင်တစ်ယောက် သေလမ်းဖြောင့်သွားလေပြီ။ မသေခင် ချောင်းတစ်ခါဆိုးတိုင်း သွေးများသည် ထွေးခံနှင့် ပြည့်လုပြည့်ခင်အထိ အန်ထွက်လာသည်။ ထိုခေတ် ထိုအခါက တီဘီရောဂါအတွက် အစွမ်းထက်သော ဆေးဝါးများ မယ်မယ်ရရ မပေါ်သေးချေ။

စီးကရက်၏ အန္တရာယ်ကိုလည်း မသိနားမလည်ကြသေးချေ။

မည်သို့ပင်ဖြစ်စေ၊ တည်းခိုခန်းပိုင်ရှင် ဒေါ်မိမိသည် အိပ်ရာမှ လူးလဲ ထကာ အိပ်ခန်းထဲတွင် ချိတ်ဆွဲထားသော ကိုယ်တစ်ပိုင်း သက်ရှိလူ့အရွယ် မျိုးမောင်မောင်၏ အဖြူအမည်း ဓာတ်ပုံကြီးကို ငေးကြည့်ရာမှ အတွေးဖြာခေ နေသည်။

ထိုအချိန်တွင် တည်းခိုဆောင်အပြင်ဘက် တံခါးဘောင်မှ လူခေါ်ခေါင်း လောင်းသံကို ထပ်မံ၍ ကြားလိုက်ရပြန်သည်။

ထိုအခါ ဒေါ်မိမိသည် ပြေကျနေသော ဆံပင်ကို ကပျာကယာ တစ်ပတ် လျှို့ထုံး၍ အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ လောလောဆယ်အချိန်တွင် သူမ၏ တည်းခိုဆောင်၌ တည်းခိုနေသူ ဟူ၍ တစ်ယောက်သာရှိသည်။

ထိုသူ၏အမည်ကား ဒွေးကိုကို ဖြစ်သည်။

ညဦးပိုင်းကဆိုလျှင် သူနှင့် ခပ်ကြာကြာ စကားလက်ဆုံကျဖြစ်ခဲ့ပေ သည်။ တံခါးအပြင်ဘက်ရှိ လူခေါ်ခေါင်းလောင်းသံကြောင့် ဒွေးကိုကိုလည်း အိပ်ရာမှ နိုးကောင်းနိုးနေပေတော့မည်။

ဒေါ်မိမိက လှေကားမှ နေးကွေးစွာ ဆင်းသက်ခဲ့သည်။

အောက်ထပ်သို့အရောက် နံရံမှ မီးခလုတ်ကို နှိပ်လိုက်သည်။ အောက်ထပ် ဆီတွင် ခိုအောင်းနေသော အမှောင်ထုသည် အဝေးသို့ ပြေးရှဲသွားလေသည်။

ဒေါ်မိမိသည် တံခါးကလန့်ကို လက်ဖြင့်ထိရင်း–

“ဘယ်သူလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု၍ မေးရာမှ တစ်ဆက်တည်း ချောင်းကြည့်ပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လျက် အကဲခတ်လိုက်သေးသည်။

"ကျွန်တော် အခန်းငှားချင်လို့ပါ"

အပြင်ဘက်မှ လူက ပြန်လည်ဖြေကြားသည်။

ဒေါ်မိမိက တံခါးဖွင့်ပေးလိုက်သည်။ အထဲသို့ ထိုသူ ဝင်ရောက်ပြီးသည်နှင့် တစ်ပြိုင်နက် တံခါးကို ကလန့်ထိုးလိုက်သည်။ တံခါးပေါက်အတွင်းဘက် စားပွဲပေါ်ရှိ ရီဂျစ်စတာစာအုပ်ကြီးနှင့် ခဲတံကို တည်းခိုမည့်သူ၏ ရှေ့သို့ တွန်းပို့လိုက်သည်။

"မောင်ရင်က ဘယ်လောက်ကြာကြာနေမှာလဲ"

ဒေါ်မိမိက လှမ်းမေးသည်။

"တစ်ညထဲပါ၊ ကားကြုံနဲ့လိုက်လာပြီး ခရီးဆက်ဖို့ရာ အချိန်မရှိတော့လို့ ဒီတစ်ည ဒီမြို့မှာပဲ ညအိပ်မှာပါ။ မနက်ဖြန်မှပဲ စောစောထပြီး သွားတော့မယ်"

"ကောင်းပြီလေ၊ အခန်းခကတော့ တစ်ညအတွက် နှစ်ရာငါးဆယ်ကျမယ်"

"ကောင်းပါပြီ"

လူစိမ်းက ပြောလိုက်သည်။

ဒေါ်မိမိက ရီဂျစ်စတာ စာအုပ်ကြီးကို လှန်လိုက်သည်။

"ဟောဒီစာအုပ်ထဲမှာ မောင်ရင့်နာမည်နဲ့ လိပ်စာကို ဖြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ပါ"

လူစိမ်းက စာအုပ်ကြီးဘေးရှိ ခဲတံဖြင့် စာအုပ်ကြီးထဲသို့ စာရင်းသွင်းလိုက်သည်။

"စိုးလွင်မြင့် အမှတ်-၃၈ ဈေးလမ်း၊ ရွှေနံ့သာမြို့"

ဟူ၍ ဖြစ်သည်။

စင်စစ်အားဖြင့် သူ့နာမည်သည် စိုးလွင်မြင့် မဟုတ်ပါချေ။ ထို့ပြင် ရွှေနံ့သာမြို့ ဆိုသည်မှာလည်း တကယ်ရှိမရှိ သေချာမသိ၊ အမှတ် ၃၈ နှင့် ဈေးလမ်းဆိုသည်မှာ အခြား မည်သည့်မြို့မဆို ရှိနိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ဒေါ်မိမိသည် တည်းခိုဆောင်တစ်ခု၏ လုပ်ရိုးလုပ်စဉ် သမားရိုးကျသဘောမျိုး ဖြစ်သည်။ စိုးလွင်မြင့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သူမအနေနှင့် အမိကမကျ၊ အခန်းခ အပြည့်အဝရဖို့သာ ပဓာနဖြစ်သည်။

"အခန်းခ ကြိုပေးရတယ် မောင်ရင်...စိတ်မရှိနဲ့နော်။ ဒီမြို့မှာ ထုံးစံ ဖြစ်နေတယ်"



"ရပါတယ်ဗျာ။ ကျွန်တော် ပေးမှာပါ"

စိုးလွင်မြင့် ဆိုသူသည် ပိုက်ဆံအိတ်ထဲမှ တစ်ဆယ်တန် နှစ်ဆယ့်ငါးရွက်ကို တစ်ရွက်ချင်း သေချာရေတွက်နေသည်။

ထိုသို့ ရေတွက်နေစဉ် အတောအတွင်း တည်းခိုဆောင်ပိုင်ရှင် အမျိုးသမီးကြီးကို အမှတ်မထင် ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်မိသည်။ သူ့လက်များကို ငုံ့ကြည့်နေသော အမျိုးသမီးကြီး၏ မျက်လုံးတစ်စုံကို မြင်လိုက်ရသောအခါ သူ့စိတ် ကျဉ်းကြပ်သွားသည်။

"ဒီမိန်းမကြီးက ဘာဖြစ်လို့များ ငါ့လက်တွေကို သေချာစိုက်ကြည့်နေပါလိမ့်။ ငါ့လက်မှာလည်း ဘာမှ ပေမနေပါဘူး။ ဪ...လက်ကိုကြည့်တာ ဟုတ်ချင်မှဟုတ်မှာပါ။ ပိုက်ဆံရေတာ စေ့မစေ့ လိုက်ကြည့်နေတာ ဖြစ်ပါလိမ့်မယ်"

ဟု၍ သူ့ဘာသာ နှစ်သိမ့်နေမိသည်။

ဒေါ်မိမိသည် သူလှမ်းပေးသော ငွေများကို လက်ခံပြီးနောက် သူ နေရမည့်အခန်းကို လိုက်ပြရန် လှေကားမှ တက်သွားသည်။ စိုးလွင်မြင့် ဆိုသူသည် ဒေါ်မိမိ၏နောက်မှ ဒေါ်မိမိ၏ ခြေသလုံးအစ်အစ်ကြီးများကို ကြည့်ရင်း လှေကားသုံးထစ်မျှခွာ၍ တက်လိုက်ခဲ့သည်။

လှေကားထိပ်သို့ရောက်သွားသော ဒေါ်မိမိသည် ခေတ္တရပ်၍ တက်လာသော သူ့ကို လှည့်ကြည့်လိုက်သည်။

"မောင်ရင့် သေတ္တာကြီးက တော်တော်လေးမယ် ထင်တယ်။ ကြည့်ရတာ ဝင်ပန်းလိုက်တာကွယ် ဘာတွေများ ထည့်လာလို့လဲ"

"စာအုပ်တွေပါ..."

စိုးလွင်မြင့်က ချက်ချင်း ဖြေလိုက်သည်။

ဒေါ်မိမိသည် လှေကားထိပ်နှင့် နီးသော အခန်းတံခါးကို သော့ဖွင့်ကာ အခန်းထဲသို့ ဝင်လိုက်သည်။ အခန်းပေါက်ညာဘက်အတွင်းရှိ မီးခလုတ်ကို လက်ဖြင့်စမ်း၍ ဖွင့်လိုက်သည်။

အခန်းတွင်းရှိ နှစ်ဆယ့်ငါးတိုင်အား မီးလုံးလေးမှ မီးလင်းသွားသည်။

စိုးလွင်မြင့် ဆိုသူသည် သူဆွဲလာသော သေတ္တာကြီးကို အခန်းအလယ်တွင် ချလိုက်သည်။ ထို့နောက် အိပ်ရာခင်းထားသော ခုတင်၏ခေါင်းရင်းဘက်ရှိ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

နောက်ဖေးလမ်းကြားမှ မြောင်းပုပ်နံ့သည် လွင့်ပျံ့လျက် ပြတင်းပေါက်မှ တိုးဝင်လာသည်။ သူက နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com



ဒေါ်မိမိက အခန်းသော့ကို အိပ်ရာထက်ရှိ ခေါင်းအုံးပေါ်သို့ ချပေးသည်။

"တကယ်လို့ မနက်စောစော ခရီးထွက်ချင်ရင်လည်း အခန်းတံခါးကို အောက်ထပ်က သော့ချိတ်တဲ့ချိတ်မှာ ချိတ်ခဲ့ရင်လည်း ဖြစ်ပါတယ်"

ဒေါ်မိမိက ပြောပြောဆိုဆိုနှင့် အခန်းထဲမှ ထွက်သွားသည်။

စိုးလွင်မြင့် ဆိုသူသည် ထိုအခါကျမှ သက်ပြင်းမော တစ်ချက်ကို လေးလေးပင်ပင် ချလိုက်သည်။ ထို့နောက် အခန်းတံခါးကို ပိတ်၍ အတွင်းမှ ကလန့်ထိုးလိုက်သည်။

ပြီးလျှင် အိပ်ရာပေါ်သို့ လှဲချလိုက်သည်။

တစ်ကိုယ်လုံးရှိ အကြောများကို လျှော့၍ မျက်စိမှိတ်လိုက်ချိန်တွင် အခန်းပြင်ဘက် လူသွားစင်္ကြံမှ စကားသံများကို ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် အခန်းတံခါး ခေါက်သံကိုပါ ကြားလိုက်ရသည်။

စိုးလွင်မြင့် ဆိုသူက အသည်းထိတ်ထိတ် ရင်တဖိုဖိုဖြင့် တံခါးကလန့်ဖြုတ်၍ ဖွင့်သည်။

"မောင်ရင့်အခန်းမှာ မျက်နှာသုတ်ပဝါ မရှိဘူး။ ဒါကြောင့် လာပေးတာ ရော့ရော့"

ဒေါ်မိမိက လျှော်ဖွပ်သန့်စင်ပြီး ခေါက်ထားသော မျက်နှာသုတ်ပဝါ တစ်ထည်ကို လှမ်းပေးသည်။ ထိုအခိုက်အတန့်တွင် ဒေါ်မိမိ၏ နောက်တွင် ရပ်လျက် သူ့ကို အကဲခတ်နေသော ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ကိုလည်း မြင်လိုက်ရသည်။

"သူ့နာမည်က ဒွေးကိုကို...တဲ့။ မောင်ရင်နဲ့ အခန်းချင်းကပ်လျက်မှာ တည်းခိုနေတာ"

ဒေါ်မိမိက မိတ်ဆက်ပေးသည်။

စိုးလွင်မြင့် ဆိုသူက စိတ်မပါသော်လည်း ဟန်ဆောင်ပြုံးဖြင့် ပြုံးပြလိုက်သည်။

"ကျွန်တော့်နာမည် စိုးလွင်မြင့်ပါ"

"မိတ်ဆွေ ဘယ်နေ့ရက် တည်းမှာပါလဲ"

ဒွေးကိုကို ဆိုသူက စပ်စုလိုက်သည်။

"ကျွန်တော် ဒီတစ်ညပါပဲ။ မနက်ဖြန် မနက်စောစော ခရီးဆက်ရမှာ မို့ပါ"

သူက အလိုက်သင့် ပြန်ပြောလိုက်သည်။

သို့ရာတွင် သူ့စိတ်ထဲတွင် ဘဝင်မကျ ဖြစ်နေမိသည်။ ယောက်ျားချင်း



ဖြစ်ပါလျက်နှင့် ညအချိန်မတော်ကြီးမှာ တွေ့တွေ့ချင်း စကားရော ဖော်ရော လာစပ်စုသည်ဟူသော အတွေးဖြင့် စိတ်ထဲမှ ကျိတ်၍ ရေရွတ်နေမိသည်။

"သိပ်အဝေးကြီး မထွက်နဲ့ဦး မိတ်ဆွေ။ ညဦးပိုင်းက အစောင့်တို့ ရိုက်သတ်ပြီး ဆိုင်ထဲက ပစ္စည်းတွေရော ငွေတွေပါ ဖောက်ထွင်းယူသွားသတဲ့"

ဒွေးကိုကို ပြောလိုက်သော သတင်းစကားကြောင့် သူ ရင်တွေပန်းတွေ တုန်လာမိသည်။ ပြီး...သူ့အား စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်သော ဒွေးကိုကို၏ အကြည့်ကိုလည်း 'ဘာကြောင့်များ ငါ့ကို ဒီလိုအကြည့်မျိုးနဲ့ ကြည့်သွားပါလိမ့်' ဟူ၍ သံသယအတွေးတစ်ခု ဖြစ်ပေါ်လိုက်မိသည်။ 'ဒါ...ငါ အတွေးချော်နေတာ ဖြစ်မှာပါ' ဟူ၍လည်း သူ့စိတ်သူ ဖြေမိသည်။

"အခုလောက်ဆိုရင် ယခုနမြို့ တစ်မြို့လုံး ရဲတွေ ပိုက်စိပ်တိုက်နေကြပြီ ထင်တယ်။ ဒါက သူတို့ လုပ်ရိုးလုပ်စဉ်အလုပ်ပဲ မဟုတ်လား။ ဒါပေမဲ့ လူသတ်မှု ကျူးလွန်သူတိုင်း ဟာကွက်တစ်ခုခုတော့ ကျန်တတ်တာပဲ။ ဟိုဆောင်ပုဒ်တစ်ခု လိုပေါ့ဗျာ။ 'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ' ဆိုတာမျိုးလေ"

ဒွေးကိုကိုက ဆက်လက် လေကြောရှည်နေပြန်သည်။

သူသည် ဒွေးကိုကိုနှင့် ဆက်လက်ဆွေးနွေးရန် စိတ်မပါတော့။ ထို့ကြောင့် ဦးခေါင်းတစ်ချက် ညိတ်ပြကာ အခန်းတံခါးကို ပြန်ပိတ်၍ အတွင်းမှ ကလန့်ထိုးလိုက်ရသည်။

စိုးလွင်မြင့်သည် ခုတင်ပေါ်ရှိ အိပ်ရာထက်တွင် လဲလျောင်းနေလိုက်သည်။

သို့ရာတွင် တစ်ဖက်ခန်းသည် သုံးထပ်သား နံရံတစ်ချပ်မျှသာ ခြားနေသောကြောင့် ချိုးချိုးချွတ်ချွတ် အသံများကို ကြားနေရသည်။ မိနစ်ပေါင်းများစွာ ကြာသွားပြီး သန်းခေါင်ကျော်သည်အထိ လူးလှိမ့်နေသည်။

အခန်းအပြင်ဘက် လူသွားစင်္ကြံ၌ ထွန်းထားသော မီးလုံးမှ အလင်းရောင်သည် တံခါးရွက်နှင့် အောက်ခြေကြမ်းပြင်တို့ စပ်ကြားမှ အတန်းလိုက် တိုးဝင်နေသည်။ ၁၀ မိနစ်မျှ ကြာသောအခါ တစ်ဖက်ခန်းမှ အခန်းတံခါးဖွင့်သံကို ကြားလိုက်ရသည်။

သူ၏ နှလုံးခုန်နှုန်းက မြန်ဆန်လာချေပြီ။

တစ်ဖက်ခန်းမှ ထွက်လာသော ဒွေးကိုကို ဆိုသူ၏အရိပ်သည် လူသွားစင်္ကြံမှ အခန်းထဲသို့ တိုးဝင်နေသော မီးရောင်တန်းကို ကွယ်နေသည်။ ထို့ကြောင့် ဒွေးကိုကိုသည် စိုးလွင်မြင့်၏ အခန်းတံခါး အပြင်ဘက်တွင် ရောက်ရှိရပ်တည် နေကြောင်း သိသာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ထိုမီးရောင်တန်းကို အပြည့်အဝ မြင်လိုက်ရသည်။ တစ်ဆက်တည်းမှာပင် လှေကားထစ်များကို ညင်သာစွာနင်း၍ ဆင်းသွားသော ခြေသံကို ကြားနေရသည်။

ထိုအခါ စိုးလွင်မြင့်သည် လက်တွင်ပတ်ထားသော သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။ အရုဏ်တက်ရန် တစ်နာရီမျှသာလိုတော့သည်။ အခန်းတံခါးရှိရာသို့ ခြေဖော့၍ လျှောက်သွားသည်။ ထို့နောက် အသံမကြားရအောင် ကလန့်ကို ဂရုတစိုက် ဖွင့်လိုက်သည်။ တံခါးရွက်ကို တစ်လက်မခန့်မျှ ဟ...ကာ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

လှေကားအောက်ဆုံးထစ်သို့ ရောက်သွားပြီဖြစ်သော ဌေးကိုကို ဆိုသူ၏ နောက်စေ့ဘက် ဦးခေါင်းထိပ်ပိုင်းကို လှမ်းမြင်ရသည်။ ထို့ကြောင့် သူသည် အခန်းတွင်းမှ ထွက်လိုက်သည်။ လှေကားထိပ်သို့ ဦးတည်၍ ခြေသံလုံလုံဖြင့် လျှောက်သွားသည်။

ထိုအခိုက်အတန့်တွင် သွက်လက်သော ခြေလှမ်းများဖြင့် တည်းခိုဆောင်အောက်ထပ် တယ်လီဖုန်းတင်ထားသော စားပွဲရှိရာသို့ လျှောက်သွားသည့် ဌေးကိုကို ဆိုသူကို မြင်လိုက်ရသည်။

ဌေးကိုကိုသည် တယ်လီဖုန်း စကားပြောခွက်ကို ဆွဲယူ၍ ပါးစပ်နှင့်ကပ်လိုက်သည်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် စိုးလွင်မြင့်က သူ့အခန်းဘက်သို့ ခြေဦးလှည့်၍ အလျင်အမြန် ပြန်ဝင်ခဲ့သည်။

သူ့စိတ်က အကြီးအကျယ် လှုပ်ရှားနေလေပြီ။

အခန်းတံခါးကို ကလန့်ထိုးပြီးနောက် သူ့အနေနှင့် လုပ်စရာတစ်ခုသာရှိတော့ကြောင်း နားလည်သဘောပေါက်လိုက်မိသည်။ သူ့အတွက် အချိန်...ယူ၍ များများစားစား မကျန်တော့...။

စက္ကန့်နှင့်အမျှ အရေးကြီးလာချေပြီ။

စိုးလွင်မြင့်သည် အခန်းတွင်း၌ ရှိရှိသမျှ မိမိပိုင် ပစ္စည်းလေးများကို တစ်ခုမကျန် သိမ်းဆည်းစုပေါင်း၍ သေတ္တာထဲသို့ ထည့်လိုက်သည်။ ခရီးဆောင်သေတ္တာကြီးကို သေချာစွာ သော့ခတ်သည်။ လက်ကိုင်ကွင်းမှ ဆွဲ၍ ဖွင့်ထားသော ပြတင်းပေါက်ကို ကျော်၍ အခန်းပြင်သို့ ဆင်းလိုက်သည်။ ပြတင်းပေါက်ကို ခို၍ တွဲလောင်းအနေအထားမှ လက်လွှတ်လိုက်သောအခါ လက်တစ်ဖောင်သာသာ အမြင့်မှ နောက်ဖေးလမ်းကြားသို့ ကျသွားသည်။

လူတခြား၊ သေတ္တာတခြား၊ ဖင်ထိုင်လျက်သား ကျသွားခြင်းမျိုး။

စိုးလွင်မြင့်သည် အနည်းငယ် မျက်...ခနဲ ဖြစ်သွားသော မြီးညှောင့်ရိုးမှ



ဝေဒနာကို ဂရုမစိုက်အားပါချေ။ လက်ဆွဲသေတ္တာကြီးကို ကောက်ယူလိုက်သည်။

ထို့နောက် နောက်ဖေးလမ်းကြားထိပ်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့သည်။

လမ်းကြားထိပ်မှ ရှင်းလင်းတိတ်ဆိတ်နေသော ကားလမ်းမကြီးပေါ်သို့ အရောက် ကားလမ်းဘေးမှ ခြေလှမ်းနှစ်ဆယ်မျှ လျှောက်လိုက်မိသောအခါ...

သူ့နောက်ကျောဘက်မှ ကားတစ်စီး မောင်းလာသံကို ကြားလိုက်ရသည်။ စိုးလွင်မြင့် ဆိုသူက လှည့်မကြည့်အား ရှေ့သို့သာ သဲသဲမဲမဲ ခွန်နှင့်လျှောက်သည်။ သူ့နောက်မှ လိုက်ပါလာသော ကားသည် သူနှင့် ဘေးချင်းယှဉ်လျက် အရှိန်လျှော့၍ ရပ်တန့်သွားသည်။

သူက တစ်ချက်လှမ်းကြည့်လိုက်သည်။

ရပ်လိုက်သော ကားမှာ ရဲပတ္တရောင်ကား-

“မနက် အရုဏ်တောင် မတက်သေးဘူး။ သုတ်သီးသုတ်ပျာနဲ့ ဘယ်သွားမလို့လဲ မိတ်ဆွေ”

ပတ္တရောင် ရဲကားပေါ်တွင် ပါလာသော ရဲတပ်ဖွဲ့ဝင် နှစ်ယောက်အနက် တစ်ယောက်က မေးသည်။

“ကားဂိတ်ကိုပါ၊ အဝေးပြေးကားဂိတ်...”

သူက မဖြေချင် ဖြေချင်ဖြင့် ခပ်ပြတ်ပြတ် ပြောသည်။

“မိတ်ဆွေရဲ့ သေတ္တာကြီးက အတော်လေးနေပုံပဲ။ အထဲမှာ ဘာတွေများ ထည့်လာလို့လဲဗျ”

ရဲတပ်ဖွဲ့ဝင် တစ်ဦးက စစ်ကြောသော လေသံမျိုး။

သူ့ဘဝတစ်လျှောက်လုံး ရွှေနံ့သာမြို့သို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးပါဘဲနှင့်၊ သူ့အမည်မှာ စိုးလွင်မြင့် မဟုတ်ပါဘဲနှင့် တည်းခိုဆောင်၏ မှတ်ပုံတင်စာအုပ်ကြီးထဲတွင် စာရင်းဖြည့်ခဲ့သည်။

ယခုအခါ၌ သူသည် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့်အတူ ပတ္တရောင်ရဲကားဖြင့် လိုက်ပါသွားရသည့်အတွက် ဖုန်းဆက်လိုက်သော ဌေးကိုကို ဆိုသူကို ရေရွတ်ကျိန်ဆဲနေရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်ပါချေ။

* * *

စိုးလွင်မြင့် ဆိုသူသည် လုယက်မှုကျူးလွန်ကာ ဖောက်ထွင်း၍ ယူဆောင်ခဲ့သော ပစ္စည်းများ ထည့်ထားသည့် လက်ဆွဲသေတ္တာကြီးနှင့်အတူ ရဲလက်သို့ ရောက်ရှိနေချိန်တွင် ဌေးကိုကို ဆိုသူသည် တည်းခိုဆောင်ပိုင်ရှင် ဒေါ်မိမိ၏ အခန်းတံခါးကို စိတ်လှုပ်ရှားစွာဖြင့် တဒုန်းဒုန်းထုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိသည် ပြုံးပြုံးပြာပြာဖြင့် အိပ်ရာမှထ၍ အခန်းတံခါးဖွင့်သည်။

"ကျွန်တော် မပြောရ မနေနိုင်တော့လို့ အခုလို နှိုးပြီး ပြောမိတာကို ခွင့်လွှတ်ပါ ဒေါ်မိမိရယ်။ ကျွန်တော် မိုးလင်းတဲ့အထိ အောင့်မထားနိုင်တော့လို့ပါ။ ဒီကိစ္စကိုလည်း ကျွန်တော် စောစောက သားဖွားဆေးရုံကို ဖုန်းဆက်ပြီး မေးလိုက်တော့မှ သိရတာပါ"

ဟု၍ ဒွေးကိုကိုက အဆက်မပြတ် ပြောနေရာမှ ခေတ္တနားသည်။ ထို့နောက် ဆက်လက်၍—

"ယောက်ျားလေးတဲ့ ဒေါ်မိမိရေ့...နှစ်ပေါင်တောင်ရှိတယ်။ အမေရော ကလေးပါ ကျန်းကျန်းမာမာပဲတဲ့ဗျ"

ဟု၍ ဝမ်းသာအားရ လှိုက်လှဲစွာ ပြောလိုက်လေတော့သည်။

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com

# တရွေ့မထောင်ချောက်

ဘုန်းမင်းလျှံလူ

(၁)

အပြင်ဘက်မှာ ဆောဆော လျှပ်စီးတွေ တဝင်းဝင်းနဲ့ လင်းလက်နေပြီး မိုးက ဖွဲဖွဲလေး ရွာစပြုနေတယ်။ အခုတော့ လျှပ်စီးတွေ ဝင်းလက်မနေတော့ဘဲ မိုးသံတွေက တဝုန်းဝုန်းနဲ့ ဆူညံနေတော့တယ်။ ကျွန်တော်က ထိုင်းမှိုင်းနေတဲ့ စိတ်ကို သက်သာရာရဖို့အတွက် ဝီစကီတစ်ပက်ကို ဖန်ခွက်ထဲ ငှဲ့ထည့်ပြီး မော့သောက်လိုက်တော့ လည်ချောင်းထဲမှာ ရှတကာ ပူဆင်းသွားတယ်။

ဒါပေမဲ့ ဖန်ခွက်ကို ကိုင်ထားတဲ့ ကျွန်တော့် လက်ချောင်းတွေက ဘာလို့ တုန်ယင်နေရတာလဲ။ ပြီးတော့ ကျွန်တော့်စိတ်တွေကလည်း ဘာလို့ ကြောက်ရွံ့ ထိတ်လန့်သလို ခံစားနေရတာလဲလို့ တွေးရင်း မွန်းကြပ်သလိုလို ဖြစ်လာတယ်။ ဒါနဲ့ ဖြစ်ပျက်ခံစားနေရတာတွေ ပြေပျောက်သွားဖို့အတွက် နောက်ထပ် ဖန်ခွက် ထဲကို ဝီစကီတစ်ပက်လောက် ထပ်ငှဲ့ပြီး သောက်လိုက်မိပြန်တယ်။

ဒီအခိုက်မှာပဲ တယ်လီဖုန်းမြည်သံကို ထိတ်လန့်တကြား ကျွန်တော် ကြားလိုက်ရလို့ အနီးနားရှိ စားပွဲပေါ်က တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်မိတယ်။ ဒီလိုအချိန်မျိုးမှာ ကျွန်တော့်ဆီကို ဖုန်းဆက်တာ ဘယ်သူများပါလိမ့်...၊ စိတ်ထဲက အတွေးတွေကို ဟိုဟိုဒီဒီ ယောက်ယက်ခတ် နေတုန်းမှာပဲ...



"ဟဲလို..."

တစ်ဖက်က အသံပြုသံကို ကြားလိုက်ရတယ်။

"ကျွန်တော် မင်းခန့်ပါ"

"ဩော်...ဟုတ်ပြီ။ ဒါဆို ခင်ဗျားဇနီးနဲ့ ပတ်သက်ပြီး ဘာများ အကြောင်းထူးသေးလဲ"

စကားဆုံးတာနဲ့ တစ်ဖက်တာဝန်ရှိ ပုဂ္ဂိုလ်ရဲ့ မေးသံက ဆက်တိုက် နားထဲကို စီးမျောလာတယ်။

"ဟုတ်ကဲ့...ကျွန်တော့်ဇနီးနဲ့ ပတ်သက်ပြီး ဘာမှတော့ မထူးခြားသေး ဘူး။ ဒါပေမဲ့ သူ့ညီမတစ်ယောက်နဲ့ တွေ့ဖို့တော့ ကျွန်တော်ဖုန်းဆက်ပြီး ချိန်းထားတယ်။ သူနဲ့ တွေ့ရင်တော့ တစ်ခုခုထူးခြားမယ် ထင်တာပဲ။ အဲဒီကျရင် ကျွန်တော် ပြန်ပြီး အကြောင်းကြားပါ့မယ်"

"ကောင်းပြီလေ...ဒါဆို"

စကားသံနဲ့အတူ ဖုန်းချသံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရတယ်။ အခုမှပဲ ကျွန်တော့်စိတ်တွေလည်း နည်းနည်းလတ်ဆတ် ပေါ့ပါးသွားသလို ခံစားလိုက်မိတယ်။ ဘာလို့လဲဆိုတော့ စောစောက ကျွန်တော် ပြောလိုက်မိတဲ့ အတိုင်းပဲ၊ ကျွန်တော့်ဇနီးရဲ့ ညီမအရင်းဖြစ်သူ ခင်စောမူနဲ့ တွေ့ရင်တော့ ကျွန်တော့်ဇနီး ကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုတော့ သိရမှာပဲ။ အကြောင်းထူး မှာပဲ"

ကျွန်တော့်ဇနီး ခင်စောဖြူ ပျောက်ဆုံးမှုအတွက် ရှာပုံတော်ခရီးက အဖြည်းဖြည်းနဲ့တော့ နီးလာနိုင်ပါပြီလို့ ကျွန်တော့်စိတ်ထဲကလည်း ထင်ယောင် နေမိခဲ့တယ်။ ကျွန်တော့်ဇနီး ခင်စောဖြူက နာမည်နဲ့ လိုက်ဖက်ညီအောင်ပဲ အသားဖြူဖြူလေးရယ်၊ သူ့ညီမ ခင်စောမူကတော့ သူ့လောက် အသားမဖြူဘူး။ ဒါပေမဲ့ နာမည်နဲ့ လိုက်ညီအောင် စကားပြောတဲ့နေရာမှာ ဟန်အမူအရာက နွဲ့နွဲ့နဲ့ ယောက်ျားတစ်ယောက်ရဲ့ အသည်းနှလုံးကို ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ် အောင် ပြုစားနိုင်တဲ့ ကဝေမလည်း ဖြစ်သလို သူ့ရဲ့ ကိုယ်လုံးပေါ် ခန္ဓာဗေဒ အလှကလည်း ယောက်ျားလေးတွေရဲ့ မျက်လုံးကို သံလိုက်ဓာတ်လိုပဲ ညှို့ငင် ဆွဲဆောင်နိုင်တယ်။ ကျွန်တော့်ဇနီးရဲ့ ကိုယ်လုံးပေါ် အလှကတော့ သူ့လောက် တော်မောဖက်တွယ်စရာ မကောင်းဘူး။ ဒါပေမဲ့ သူတို့ညီမနှစ်ယောက်ဟာ တစ် ယောက်နဲ့တစ်ယောက် ခွဲခြားမရအောင် ရုပ်ချင်းက ဆင်တူတယ်။ ထူးခြားတာ ကတော့ ကျွန်တော့်ဇနီးရဲ့ မေးစေ့လေးမှာ မှဲ့နက်လေးတစ်လုံး ရှိတယ်။ အဲဒါပဲ ခြားကြည့်လို့ရတာလို့ ကျွန်တော့်စိတ်ထဲက သူတို့ညီမနှစ်ယောက်ရဲ့ ထူးခြားမှု

www.burmeseclassic.com

www.burmeseclassic.com



တွေကို စဉ်းစားတွေးတောရင်း အိမ်အောက်ထပ်ကို ဆင်းလာခဲ့တယ်။

ပြီးတော့ ကားဂိုဒေါင်ထဲက ဟိုင်းလပ်ကားလေးကို ထုတ်ပြီး ခင်စောမူ ရှိရာကို မောင်းထွက်လာခဲ့မိတယ်။ ခင်စောမူနဲ့ ကျွန်တော်က ချိန်းထားတယ် မဟုတ်လား။ အပြင်မှာ မိုးကတော့ ဖွဲဖွဲလေး ရွာနေဆဲ။

* * *

ခင်စောမူ နေထိုင်ရာ တိုက်ခန်းရှေ့မှာ ကားကို ထိုးရပ်လိုက်ပြီး ခင်စောမူ ရှိတဲ့ အခန်းဆီကို ကျွန်တော် ဦးတည်ပြီး တက်လာခဲ့တယ်။ အခန်းရှေ့ရောက် တော့–

“ဒေါက်…ဒေါက်…ဒေါက်”

အသံမြည်အောင် အခန်းတံခါးကို လက်နဲ့ခေါက်ပြီး ကျွန်တော် ရောက် နေကြောင်း အသိပေးလိုက်တယ်။ ဒါပေမဲ့ ဘာမှမထူးခြား၊ ဒါနဲ့ အခန်းတံခါးကို ရုတ်တရက် လက်နဲ့တွန်းကြည့်လိုက်တော့ အခန်းတံခါးက အနည်းငယ် ဖွင့်ဟ သွားတယ်။

“ခင်စောမူ…ခင်စောမူ…ခင်စောမူ”

ကျွန်တော်က တွေ့ချင်စိတ်စောကြီးစွာနဲ့ အသံပြုခေါ်လိုက်မိပြန်တယ်။ ဒါလည်း ဘာမှတုံ့ပြန်ပြီး ထူးသံက ထွက်မလာဘူး။ ဘာများဖြစ်နေလို့များလဲ။ ကျွန်တော် လာမယ်ဆိုတာလည်း သိထားရက်သားနဲ့လို့ စိတ်ထဲက ကသိ ကအောက်ဖြစ်ကာ အခန်းထဲကို လှစ်ခနဲဝင်ပြီး ဧည့်ခန်းထဲက ထိုင်စောင့်နေမိ တယ်။

တစ်မိနစ်…

နှစ်မိနစ်…

သုံးမိနစ်…ဟာ ဘယ်လိုဖြစ်တာလဲ။ ခင်စောမူ မရှိလို့လား။ ဘာများ ဖြစ်နေလို့လဲ။ နာရီကိုကြည့်ရင်း ကျွန်တော့်စိတ်တွေကလည်း လှုပ်လှုပ်ရှားရှား ဟိုလိုလို ဒီလိုလို ဖြစ်နေမိတယ်။ ကြာတော့ ကျွန်တော့်သိချင်စိတ်ကို အောင့်အည်း ချုပ်တီးမရတော့ဘဲ နောက်ခန်းထဲကို ဝင်ကြည့်မိတော့တယ်။

ဘယ်မှာလဲ…ခင်စောမူရဲ့ အရိပ်။ အရောင် အဆင်း ရနံ့ ဘာမှ မတွေ့ ခြင်ရ။ ဒါပေမဲ့ ထူးခြားတာက ရေမှန်ပြွန်အောက်မှာ ကွင်းလုံးပုံထားတဲ့ ခင်စောမူ ရဲ့ ထဘီရေစို အိပ်ခန်းထဲမှာ ပွင့်ဟနေတဲ့ အဝတ်ဗီရိုနဲ့ ဖွင့်ထားတဲ့ အိပ်ခန်းထဲက မီးပြာလဲ့လဲ့။ အိပ်ခန်းနံရံပေါ်က သွေးစက်…သွေးကွက်တွေ။ ဘာတွေ ဘယ်လို



ဖြစ်ကုန်ပြီလဲ။ ကျွန်တော် မတွေးတောတတ်တော့ စိတ်ရှုပ်ထွေး နောက်ကျိစွာနဲ့ ဧည့်ခန်းထဲကို ပြန်လာကာ ဆိုဖာခုံတစ်ခုမှာ ထိုင်ချလိုက်တယ်။ ခင်စောမူ ဘယ်မှာလဲ…ခင်စောမူတော့ တစ်ခုခုဖြစ်နေပြီနဲ့တူတယ်။ ဘာမှန်းတော့ ဆို သေး။ ကျွန်တော် သိနေမိတာကတော့…

ရေစိုနေတဲ့ ထဘီ။ ပွင့်ဟနေတဲ့ အဝတ်ဗီရို။ နံရံပေါ်က သွေးစက်၊ သွေးကွက်။ ဖွင့်ထားတဲ့ မီး။ အားလုံးက ခင်စောမူနဲ့ပတ်သက်ပြီး ထူးဆန်း အံ့ဩစရာတွေ ဖြစ်နေသလို စိတ်ဝင်စားစရာလည်း ကောင်းတယ်။ ဒါပေမဲ့ ခင်စောမူနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာဆက်လုပ်ရမှန်းတော့ မသိသေး။

ထိုင်နေရင်းက စိတ်တွေ တုန်လှုပ်ချောက်ချားကာ ခင်စောမူအတွက်လည်း စိုးရိမ်ပြီး အိမ်ကို ကျွန်တော် ပြန်လာခဲ့တယ်။ ကျွန်တော့်ဇနီးခင်စောဖြူ ရှိစဉ် ကတော့ အမြဲတမ်း ကျွန်တော်ပြန်အလာကို စောင့်ကြိုနေတတ်တယ်။ ကျွန်တော် က ကားဟွန်းသံ အချက်ပေးလိုက်တာနဲ့ တံခါးဖွင့်ပေးပြီးသား။ ပြီးတော့…

‘ဒါလင်…ပြန်လာပြီလား’ ဆိုကာ ချွဲနွဲ့သံလေးနဲ့အတူ လက်နှစ်ဖက်ကို ကျွန်တော့်ပခုံးပေါ် ဆန့်တန်းတင်ရင်း အမောပြေအနမ်းနဲ့ ကြိုတတ်သေးတယ် လေ။ ဒါကလည်း ကျွန်တော့်စိတ်ကိုတော့ ဆွဲဆောင်နိုင်စွမ်း မရှိလှပါဘူး။ ဘာပဲဖြစ်ဖြစ် အခုတော့ အဲဒီလို ကြိုဆိုတတ်တဲ့ ကျွန်တော့်ဇနီး ခင်စောဖြူလည်း မရှိတော့ဘူး။ ကျွန်တော့် စိတ်အာရုံတွေကို မြေတစ်ကောင်လို ညှို့ငင်ဆွဲဆောင် နိုင်စွမ်းရှိတဲ့ သူ့ညီမ ခင်စောမူလည်း မရှိတော့ဘူး။

တကယ်လို့ ခင်စောမူ ရှိခဲ့ရင်လည်း ကျွန်တော့်အချစ်စိတ်ကို ဖြည့်ဆွတ် နိုင်ဦးမယ်။ သူက ကျွန်တော့်ရင်ခွင်ထဲမှာ သူ့ခေါင်းလေးကို မြှုပ်ထားမယ်။ ကျွန်တော်ကလည်း သူ့ရဲ့ ပျော့ပျောင်းအိနွဲ့ ရှည်လျားတဲ့ ဆံပင်တွေကို လက်နဲ့ ပွတ်သပ်ကစားရင်း မြူဆွယ်ကျီစယ် မဟုတ်လား။ စိတ်ကူးတောင်ပံတွေ တဖျပ် ဖျပ်ခတ်ရင်း ကျွန်တော့် ရင်ခုန်သံတွေက ရထားတစ်စင်းလို အရှိန်ပြင်းပြင်းနဲ့ ခုတ်မောင်းလာတော့တယ်။ ကျွန်တော့် စိတ်ထဲမှာလည်း ဇနီး ခင်စောဖြူရဲ့ သူ့ညီမ ခင်စောမူအတွက် စိုးရိမ်မှု၊ ပူပန်မှုတွေကြောင့် ချောက်ချားတုန်လှုပ် နေတာကြောင့် စိတ်ကို ထိန်းချုပ်ကိုင်ဖို့ရာ ဝီစကီပုလင်းကို ထုတ်ပြီး သောက်နေ မိတော့တယ်။

ဒါက ဇနီးခင်စောဖြူအတွက် အောက်မေ့ခြင်း၊ ဟောဒါက ခင်စောမူကို သတိရခြင်းဆိုပြီး ကျွန်တော့်ရဲ့ ခံစားမှုစိတ်တွေကို တစ်ညလုံး အရက်နဲ့ဖြည်း သောက်နေမိတော့တယ်။ ပြီးတော့ အရက်မူးမူး အချစ်လည်းမူးမူးနဲ့ ကျွန်တော့် ရင်တစ်ခုလုံး ပွင့်ကွဲထွက်သွားအောင် အော်ပစ်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်စောမူ...မင်းအခု ဘယ်မှာလဲ။ ငါ့ကို ပစ်ထား ခဲ့သွားခဲ့ပြီလား..."

(၂)

ကျွန်တော် အိပ်ရာက လန့်နိုးလာတော့ ညေ့ခန်းထဲမှာ ဧည့်ပရိသတ်တွေ ရောက်ရှိနေတာကို တအံ့တသြ တွေ့ရတယ်။ ဟောကြည့်... အိမ်နီးချင်းဖြစ်တဲ့ ဦးခင်မောင်နဲ့ သူ့ဇနီး ဒေါ်ထားမေ။ နောက် ရပ်ကွက်လူကြီး ဦးတင်မေ။ ပြီးတော့ ရဲအရာရှိများ။ သူတို့အားလုံးက ကျွန်တော့်ကို စူးစူးရှရှ အကဲခတ်သလို ကြည့်နေကြတယ်။

ကျွန်တော်ကလည်း သူတို့ကို ပြန်ကြည့်နေရင်း အားငယ်ထိတ်လန့်သလို စိတ်ထဲက ခံစားနေရတယ်။ ဒီအချိန်မှာပဲ ရဲအရာရှိက ကျွန်တော့်ကို မျက်စုံးတစ်ဖက် ပင့်ကြည့်ကာ မေးတယ်။

"ဒီမှာ...ကိုမင်းခန့်။ ခင်ဗျားဇနီး ခင်စောမြူဟာ ဒီလိုပဲ အိမ်က ခဏခဏ ထွက်သွားတတ်ဖူးသလား၊ သွားတဲ့အခါတိုင်းလည်း ခင်ဗျားကို အသိပေးသွားဘူးလား"

"အင်း...ကျွန်တော့်ဇနီးက ခုလိုပဲ တစ်ယောက်တည်း ခဏခဏ ထွက်သွားတတ်တယ်။ သွားရင်လည်း ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုတာ ဘယ်တော့မှ ပြောမသွားတတ်ဘူး။ သူ့သဘောနဲ့သူ လုပ်ချင်တာလုပ်တာ။ မယုံရင် ဟောဒီ ကျွန်တော်တို့နဲ့ အိမ်နီးချင်းဖြစ်တဲ့ ဦးခင်မောင်နဲ့ သူ့ဇနီးကိုသာ မေးကြည့်ပါတော့ဗျာ"

"ဟုတ်ပါတယ်။ ကိုမင်းခန့်ပြောတာ ကျွန်တော်တို့လည်း တွေ့နေသိနေရပါတယ်။ သူပြောသလိုပါပဲ"

အိမ်နီးချင်းဖြစ်တဲ့ ဦးခင်မောင်နဲ့ သူ့ဇနီးကလည်း ကျွန်တော့်ဘက်က ထောက်ခံပြောဆိုကြတယ်။ ဒီမှာ...သက်ဆိုင်ရာ ရဲအရာရှိက ကျွန်တော်တို့ ပြောစကားတွေကို စိတ်ဝင်တစား နားထောင်စဉ်းစားရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ–

"ဒါနဲ့ ကိုမင်းခန့် မနေ့ညက ခင်ဗျားနဲ့ချိန်းထားတဲ့ သူ့ညီမ ခင်စောမူဆီကို သွားသေးလား"လို့ မေးပြန်တယ်။

"ဟုတ်ကဲ့...ကျွန်တော် သွားပါတယ်။ ဒါပေမဲ့ သူနဲ့ မတွေ့ခဲ့ရပါဘူး။ အိမ်မှာလည်း သူမရှိဘူး။ အဲဒါကြောင့် ကျွန်တော် ပြောပါရစေဦး။ သူလည်း ပျောက်ဆုံးနေပြီ ထင်တာပဲ"

"ဗျာ"



အံ့သြကာ ရဲအရာရှိ နှုတ်ခမ်းက ပွင့်ဟသွားတယ်။

"ကျွန်တော်တော့ ဒီလိုပဲ ထင်တာပဲ။ ဆရာတို့လည်း စုံစမ်းကြည့်ကြပါဦး"

"ခက်တာပဲ။ ဇနီးကလည်း ပျောက်၊ ခယ်မကလည်း ပျောက်နဲ့ ခင်ဗျားအဖြစ်ကလည်း ဘယ်လို ဖြစ်သွားရတာလဲဗျာ။ ထားပါလေ...ကျွန်တော်တို့ဘက်ကတော့ ဝတ္တရားအရ စုံစမ်းရှာဖွေရမှာပဲ။ အဲဒီ အချိန်အတွင်းမှာတော့ ကိုမင်းခန့် ခရီးဝေးဝေး ဘယ်မှ မသွားပါနဲ့။ အကူညီလိုအပ်ရင် ကျွန်တော်တို့အတွက် အထိရောက်ဆုံး ကူညီနိုင်တာက ခင်ဗျားပဲ ရှိတယ်မဟုတ်လား။ ကျွန်တော်တို့လည်း အမြန်ဆုံး ကြိုးစားစုံစမ်းမှာပါ။ ဒီကိစ္စကို..."

"ဟုတ်ကဲ့...စိတ်ချပါ"

"ဒါဆို ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

ရဲအရာရှိက ကျွန်တော့်ကို နှုတ်ဆက်ပြီး ထိုင်ရာက ဆတ်ခနဲထကာ ထွက်သွားသလို အိမ်နီးချင်းမိတ်ဆွေနဲ့ ရပ်ကွက်လူကြီးကလည်း နှုတ်ဆက်ကာ ထပြန်သွားကြတာကို ကြည့်ရင်း သက်ပြင်းတစ်ခုကို ခပ်ပြင်းပြင်း ကျွန်တော် ရှိုက်ချပစ်လိုက်မိတယ်"

သြော်...တစ်ပူပေါ်တစ်ပူဆင့်၊ တစ်မှုပေါ်တစ်မှုဆင့် ဖြစ်နေပါရောလား ခင်စောမူရယ်။

(၃)

မိုးက တဖွဲဖွဲနဲ့ စတင်ရွာနေတယ်။ အပြင်ဘက်မှာတော့ အမှောင်က အိုရင့်ရင့်။ ကျွန်တော့် စိတ်ထဲမှာလည်း တထင့်ထင့်။

ခင်စောမူ ဘာများ ဖြစ်နေပြီလဲ။ ကျွန်တော့်စိတ်က ဟိုဟိုဒီဒီ တွေးတာ ဂဏှာမငြိမ် ဖြစ်နေတယ်။ ဒါနဲ့ ကျွန်တော့်စိတ်တွေ တည်ငြိမ်အောင် ထိန်းချုပ်ဖို့အတွက် စားပွဲပေါ်က ဝီစကီပုလင်းကိုဖွင့်ကာ ထိုင်သောက်နေမိတယ်။ ခဏကြာတော့ တယ်လီဖုန်းမြည်သံကို ရုတ်တရက် ကြားလိုက်ရတယ်။

"ကလင်...ကလင်...ကလင်..."

ကျွန်တော်က စကားပြော ဖုန်းခွက်ကို ကောက်ကိုင်လိုက်တယ်။

"ဟလို...ကျွန်တော် မင်းခန့်ပါ"

"ကိုမင်းခန့် အရေးကြီးလို့ အခုချက်ချင်း ဆေးရုံကြီးရင်ခွဲရုံကို လာခဲ့ပါ"

တစ်ဖက်က စကားပြောသံအဆုံးမှာ ကျွန်တော့်နှလုံးခုန်သံတွေက တဒိတ်ဒိတ်နဲ့ မြည်လာပြီး တစ်ကိုယ်လုံးလည်း တုန်လှုပ်ချောက်ချားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်စောဖြူ ဘာများဖြစ်လို့လဲ၊ ဒါမှမဟုတ် ခင်စောမူ ဘာဖြစ်လို့များလဲ။ တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပဲ။

တစ်ခုခုတော့ တစ်ခုခုပဲ။ အဲဒါ သေချာတာကတော့ စိတ်ထဲကဘာသာ တွေးကြည့်ရင်း ဖုန်းခွက်ကို ငွပ်ခနဲ အသံမြည်အောင်ထိ အမှတ်တမဲ့ ပစ်ချလိုက်မိတယ်။ ပြီးတော့ ဗီရိုမှာ ချိတ်ထားတဲ့ မိုးကာအင်္ကျီကိုဝတ်ပြီး အိမ်အပြင်ဘက်ကို ထွက်လာခဲ့မိတယ်။ နောက်တော့ ဘာများဖြစ်ဦးမလဲဆိုတဲ့ သိချင်စိတ်စောကြီးစွာနဲ့ ကားကို အမြန်ဆုံး အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်လာခဲ့မိတော့တယ်။

* * *

ရင်ခွဲရုံရောက်တော့ အမှုကိုင်တဲ့ ရဲအရာရှိက ကျောက်သားခုံကြီး တစ်ခုရှိရာကို ခေါ်သွားတယ်။ ကျောက်သားခုံကြီးပေါ်မှာတော့ အဝတ်ဖြူနဲ့ လွှမ်းအုပ်ဖုံးထားတဲ့ တစ်စုံတစ်ရာတစ်ခု။ ဘယ်သူများလဲ...ခင်စောဖြူလား၊ ခင်စောမူလား၊ ကျွန်တော် မသိမြင်ရသေး၊ မခွဲခြားနိုင်သေး။ ကျွန်တော့် ရင်ထဲမှာတော့ တဒိတ်ဒိတ်နဲ့ တုန်ခါနေပြီး တစ်ကိုယ်လုံးမှာလည်း ချွေးတွေ စိမ့်ပျံ့နေတယ်။

ဒီအခိုက်မှာပဲ တာဝန်ကျ ဆရာဝန်က လွှမ်းအုပ်ဖုံးထားတဲ့ အဝတ်ဖြူကို လှစ်ခနဲ ဆွဲပြလိုက်တယ်။ ဆရာဝန်ပြလိုက်တဲ့အရာက အသက်မဲ့နေတဲ့ ဇနီးခင်စောဖြူရဲ့အလောင်းကို ရုတ်တရက် တွေ့မြင်လိုက်ရတော့ ကျွန်တော့်မျက်လုံးထဲမှာ ပြာခနဲဖြစ်ပြီး မေ့မူးသွားတော့မလို ခံစားလိုက်ရတယ်။

"ကိုမင်းခန့် သတိထားပါ။ ဒီအလောင်းကို ကျွန်တော်တို့ မြစ်ထဲက ဆယ်လာခဲ့တာပဲ။ ဒီအလောင်းဟာ ခင်ဗျားဇနီး ခင်စောဖြူရဲ့ အလောင်းဟုတ်မဟုတ်၊ သေချာ မသေချာ သိချင်လို့ ခေါ်ပြတာပဲ။ သေသေချာချာ ကြည့်ပါဦး။ ခင်ဗျားဇနီး ဟုတ်ရဲ့လား"

ရဲအရာရှိပြောနေတဲ့ စကားကြောင့် ကျွန်တော်က ထပ်ပြီး ကြည့်လိုက်တယ်။ သိပ်ပြီး နီးနီးကပ်ကပ်တော့ မဟုတ်။ နီးနီးကပ်ကပ်ကြည့်ရမှာ ကြောက်ရွံ့သလို စိတ်ထဲက ဖြစ်နေမိတယ်။ ဒါပေမဲ့ ကျွန်တော့်ဇနီး ခင်စောဖြူဆိုတာ သေချာပါတယ်။ ဘာလို့လဲဆိုတော့ မေးစေ့ပေါ်က မှဲ့နက်လေးဟာ ဇနီးခင်စောဖြူရဲ့ အထင်ရှားဆုံး အမှတ်အသားတစ်ခုပဲ မဟုတ်လား။ ဒီ့ကြောင့်ကျွန်တော်ဟာ ဝမ်းနည်းကြေကွဲစွာနဲ့ ဖျတ်ခနဲ မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်တယ်။

"ဘယ်လိုလဲ ကိုမင်းခန့်...ပြောပါဦး"



ရဲအရာရှိက ကျွန်တော့်ပခုံးကို ပုတ်ကာ ထပ်မေးတယ်။

"ကျွန်တော့်ဇနီး ဟုတ်ပါတယ်"

ကျွန်တော်က အသံကို ထိန်းချုပ်ပြီး ပြောလိုက်တယ်။ ရဲအရာရှိကတော့ ကျွန်တော့်ကို ကိုယ်ချင်းစာ နားလည်နေပုံရတယ်။ ဘာမှ ဆက်မပြော၊ ဆက်မမေးတော့။ ကျွန်တော့်မှာသာ ဇနီးခင်စောဖြူရဲ့အလောင်းကို ခုလို ပြန်တွေ့လိုက်ရတော့ စိတ်မကောင်းဖြစ်ရသလို...

သူ့ညီမ ခင်စောမူရဲ့ သတင်းအစအနကလည်း ဘာမှ အခုအချိန်ထိ စုံစမ်းမသိရသေးတော့ ပိုပြီး စိတ်ထိခိုက် နေရတော့တာပေါ့။

(၄)

ဇနီးခင်စောဖြူရဲ့ကိစ္စတွေ အားလုံးပြီးစီးသွားတဲ့အထိ ကျွန်တော့်စိတ်က မတည်မငြိမ်သေး။ တစ်ရံတစ်ခါ ဇနီးခင်စောဖြူကို သတိရနေမိသလို၊ တစ်ခါတစ်ရံ သူ့ညီမ ခင်စောမူကို တမ်းတနေမိရင်း သင်းကွဲအဖြစ်နဲ့ အထီးကျန်ဘဝကို ဖြတ်သန်းနေရတော့တယ်။

ဒီအတွက် လေလွင့်စိတ်တွေကို သက်သာစေဖို့အတွက် ဂီတကို အဖော်ပြုကာ ရင်ထဲမှာ ဖူးပွင့်လာတဲ့ စိတ်အာရုံခံစားမှုတွေကိုလည်း အစိမ်းချွေ ချွေခူးခံနေမိတယ်။ ဒီအခိုက်မှာပဲ ရုတ်တရက် တယ်လီဖုန်းခေါ်သံကို ကြားလိုက်ရတယ်။ ဘယ်ကများပါလိမ့်...ဘယ်သူများပါလိမ့်။ သိချင်စိတ်စောက ဖုန်းခွက်ကို ချက်ချင်း ကောက်ကိုင်လိုက်တယ်။

"ဟလို...ကိုမင်းခန့်လား"

တစ်ဖက်မှ ကြားလိုက်ရတဲ့ ရုတ်တရက် အသံကြောင့် ကျွန်တော် အံ့သြမင်သာ ဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ ဒီအသံက ကျွန်တော့်နားနဲ့ ရင်းနှီးပြီးသားမို့ ဘယ်သူ့ဆိုတာကိုလည်း ချက်ချင်း သိလိုက်ရတယ်။

"ဟုတ်တယ်...အခုပြောနေတာ ခင်စောမူ မဟုတ်လား"

"ဟင်း...ဟင်း...ဟင်း ကိုမင်းခန့်က ကျွန်မအသံကို မှတ်မိသားပဲ"

"ဟား...ကိုမင်းခန့်က ခင်စောမူနဲ့ ပတ်သက်ရင် အားလုံးကို မှတ်မိနေတယ် သိလား"

"ယုံပါတယ် ကိုမင်းခန့်ရယ်။ ဒါနဲ့ မမခင်စောဖြူနဲ့ ပတ်သက်ပြီး ကိုမင်းခန့်ကို အရေးတကြီး စကားပြောစရာ ရှိလို့ပါ။ အဲဒါ ကျွန်မဆီ လာခဲ့မလား။ အခုည အိမ်က စောင့်နေမယ်။ လာမှာလား...ဘယ်လိုလဲ ကိုမင်းခန့် ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောဖို့လိုသေးလား မှုလေးရယ်။ ကိုမင်းခန့်က မှုလေးနဲ့ တွေ့ရမယ် ဆိုရင် သေရာကတောင် ထလာမယ့်ကောင်ပါ...သိသားနဲ့"

"သိပါတယ်...ဒါဆို ဖုန်းချလိုက်တော့မယ်။ ဆက်ဆက်နော်"

"အိုကေ"

ပြောရင်း ဖုန်းခွက်ကို နှုတ်ခမ်းနဲ့ နမ်းစုပ်ကာ ပြန်ချလိုက်တယ်။ ပြီးတော့ ခင်စောမှုကို တွေ့ချင့်တဲ့ဆန္ဒ စိတ်ဇောတွေနဲ့ ဂိုဒေါင်ထဲက ကားကို ထုတ်ကာ အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်လာခဲ့မိတယ်။

ဒီညက ကျွန်တော်နဲ့ ခင်စောမှုရဲ့ အချစ်ညမဖြစ်နိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။ ကျွန်တော့် ရင်ခုန်သံတွေကတော့ တဖွဲဖွဲရွာနေဆဲပေါ့။

* * *

ခင်စောမှုနေတဲ့ အခန်းကိုရောက်တော့ တစ်ခါကလိုပဲ အခန်းမီး ပြာလဲ့လဲ့ လေးကို ထွန်းထားပြီး အခန်းတံခါးကို စေ့ထားတယ်။ အရင်တစ်ကြိမ်ကလိုပဲ အခန်းထဲကို ရောက်ရောက်ချင်း ခင်စောမှုကို မတွေ့ရလို့ နောက်ဘက်ခန်းထဲကို ဝင်လာခဲ့မိတယ်။ နောက်ဘက်ခန်းထဲကို ကျွန်တော် ရောက်သွားခိုက်မှာပဲ...

ရုတ်တရက် ဝုန်းခနဲ အပြင်ဘက်မှ အခန်းတံခါးပိတ်သံကို ထိတ်လန့် တကြား ကြားလိုက်ရတယ်။

"ဟာ...တံခါး ဘယ်သူပိတ်လိုက်တာလဲ မသိဘူး"

စိတ်ထဲက ထင့်ခနဲ ဖြစ်သွားရင်း ကမန်းကတန်း အိမ်ရှေ့ကို ကျွန်တော် ထွက်လာခဲ့တယ်။ အိမ်ရှေ့ဧည့်ခန်းထဲကိုရောက်တော့ မထင်မှတ်ဘဲ တွေ့လိုက် ရတဲ့ မြင်ကွင်းကြောင့် ကျွန်တော့်စိတ်တွေ ချောက်ချားတုန်လှုပ်ကာ ကျောက်ရုပ် တစ်ရုပ်လို ကျွန်တော့် တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားတယ်။

ကျွန်တော် မြင်တွေ့နေရတဲ့ မြင်ကွင်းကတော့ အခန်းတံခါးကို ခပ်ရွဲ့ရွဲ့ လေးကျောမှီရပ်နေတဲ့ ကျွန်တော့်ဇနီး ခင်စောဖြူကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော် တစ္ဆေချောက်ခံနေရပြီလား၊ ဒါမှမဟုတ် မိုးညအိပ်မက် မက်နေပြီလား၊ စိတ်ထဲ မှာ ဘာတစ်ခုမှ မသေချာ။ ဝိုးတဝါး...။

နို့မို့ကြောင့် အံ့သြကြောက်ရွံ့မှု စကားလုံးတွေက ကျွန်တော့် နှုတ်ဖျား ပေါ်မှ အထိတ်တလန့်နဲ့ ပြုတ်ကျသွားကြတယ်။

"မင်း...မင်း...မင်း...ခင်စောမှု မဟုတ်ဘူး...ခင်စောဖြူမဟုတ်လား..."

"ဟင်း...ဟင်း...ဟင်း...ကိုယ့်ဇနီးကိုယ်တောင်မှ မမှတ်မိတော့ဘူး လား"



ဇနီးခင်စောဖြူက ကျွန်တော့်ကို ကြည့်ကာ မခိုးမခန့်ရယ်ရင်း ပြော တယ်။

"မှတ်မိပါတယ်။ ဒါပေမဲ့ မင်း...မင်း...သေသွားပြီလေ။ ဘာလဲ... ငါ့ကို တစ္ဆေလာခြောက်နေတာလား။ ငါ ကြောက်တတ်တယ်။ သွား...သွား... ခုထွက်သွား"

ကျွန်တော်က သူ့မျက်နှာကို မကြည့်ရဲ ကြည့်ရဲနဲ့ ကြည့်ရင်း အော်ပြော လိုက်တယ်။

"ဒီမှာ...ကိုမင်းခန့်၊ ရှင်ပြောနေသလို ကျွန်မက သရဲလာချောက်ပြနေ တာလည်း မဟုတ်ဘူး။ ရှင်ထင်ထားသလို ကျွန်မ သေလည်း မသေသေးဘူး"

"ဘာ...မသေသေးဘူး ဟုတ်လား...မဖြစ်နိုင်တာတွေ...ငါကိုယ်တိုင် မင်း...ကို..."

"ဟုတ်တယ်...ကိုမင်းခန့်။ ဒါပေမဲ့ ကျွန်မ ရှင်းပြပါရစေဦး။ ကိုမင်းခန့် က ကျွန်မကို ငြီးငွေ့လာပြီး ကျွန်မညီမ ခင်စောမှုကို တပ်မက်လိုချင်စိတ်နဲ့ ကျွန်မကို အပြတ်ရှင်းဖို့အတွက် အဲဒီ တစ်ညက ကျွန်မအလစ်မှာ နွားနို့ခွက် ထဲကို အိပ်ဆေးတွေ ထည့်တိုက်ခဲ့တယ်။

"ပြီးတော့ ကျွန်မကို ကားပေါ်တင်ပြီး ရန်ကုန်မြစ်ဆီကို ခေါ်သွားတယ်။ ဒါပေမဲ့ အိပ်ဆေးကို သေသေချာချာ အသုံးမချတတ်တဲ့အတွက် ကားပေါ်မှာတင် အိပ်ဆေးပြယ်ပြီး ကျွန်မ ပြန်သတိရလာတယ်။ ဒါပေမဲ့ ဘာလို့ အခုလို လုပ် ရသလဲဆိုတဲ့ ရှင့်ရဲ့ အကြံအစည်ကို ကျွန်မသိချင်တာနဲ့ ဆက်ပြီး အိပ်ဆေး မိနေသလို ဟန်ဆောင်ပြီး နေခဲ့မိတယ်။ ရန်ကုန်မြစ်ကိုရောက်တော့ ကျွန်မကို မြစ်ထဲပစ်ချထားခဲ့ပြီး ရှင်ပြန်သွားတယ်မဟုတ်လား။ ဒီမှာ...ကျွန်မဟာ ရေကူးပြီး ကုန်းပေါ်ကို ပြန်တက်လာခဲ့တယ်။ ပြီးတော့ ကျွန်မ သေသွားပြီလို့ ရှင်ထင် မှတ်အောင် ရှောင်ပုန်းနေခဲ့တယ်။ နို့မို့ကြောင့် ရှင့်ကိုပြောနေတာ ကိုမင်းခန့်။ ကျွန်မ မသေဘူးဆိုတာ ဘယ်လိုလဲ...ယုံပြီလား။ ခုတော့..."

စကားအဆုံးမှာ ကျွန်တော့်အမှားကြောင့် ရှက်စိတ်မွန်ထူပြီး ဒေါသ ဆွက တစ်ကိုယ်လုံးကို တစ္ဆေတစ်ကောင်လို ဝင်ပူးကပ်လာတယ်။

"အင်းလေ...ဒါဆိုလည်း ယုံလိုက်ပါပြီ။ မင်းပြောတာတွေ...ဒါပေမဲ့ အရင်တစ်ခါက သတ်လို့မသေပေမယ့် ဒီတစ်ခါတော့ မင်းသေရဖို့ သေချာပြီ ခင်စောဖြူ...ကြည့်လိုက်...ဟောဒီမှာ..."

ပြောပြောဆိုဆို ကျွန်တော်ကိုင်ဆောင်တဲ့ ပစ္စတိုသေနတ်ကို ဆွဲထုတ်ပြီး ချောင်ညွှန့်တည့်တည့်ကို ချိန်ရွယ်လိုက်စဉ်မှာပဲ...

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

သေနတ်သံနှင့်အတူ သေနတ်မောင်းကို လက်ညှိုးနဲ့ ဖျစ်ညှစ်ဖို့ ကြိုးစားနေချိန်မှာပဲ နာကျင်တဲ့ အသိတစ်ခုနဲ့အတူ ကျွန်တော့်လက်ထဲက သေနတ်ဟာလည်း ရုတ်တရက် ပြုတ်ကျလွင့်စင်သွားတယ်။ ကျွန်တော့်လက်ကို ဘယ်သူသေနတ်နဲ့ လှမ်းပစ်လိုက်တာလဲ။

မကျေနပ်စိတ်နဲ့ မျက်လုံးကို ဝေ့ဝဲကြည့်လိုက်တော့ ရဲအရာရှိနဲ့ ရဲတပ်ဖွဲ့ဝင်များ။ ပြီးတော့ ရပ်ကွက်လူကြီးများ။ နောက်တစ်ယောက်က ခင်စောမူ။ ဟာ...အားလုံးကို ထိတ်လန့်တုန်လှုပ်စွာနဲ့ တွေ့မြင်လိုက်ရရင်း ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်လိုမှ စဉ်းစားဝေခွဲလို့ မရတော့...

"ဘယ်လိုလဲ ကိုမင်းခန့်...ခင်ဗျားနဲ့ကျွန်တော် ဖုန်းပြောပြီး ခဏအကြာမှာ သူတို့ညီမနှစ်ယောက် ရောက်လာပြီး ဖြစ်ပုံအကြောင်းစုံကို ရှင်းပြကြတယ်။ ဒါနဲ့ ကျွန်တော်တို့က ခင်ဗျားကျူးလွန်ခဲ့တဲ့ လူသတ်မှုအတွက် တန်ပြန်ပြီး အကွက်ဆင်ရတော့တာပေါ့။ ရင်ခွဲရုံမှာ ခင်ဗျားလာကြည့်တုန်းက သေသေချာချာ မကြည့်ခဲ့ဘူးမဟုတ်လား။

"အင်းလေ...လူသတ်မှုကျူးလွန်ခဲ့တဲ့ လူတစ်ယောက်ဟာ သူသတ်ခဲ့တဲ့ အလောင်းကို ဘယ်တော့မှ သေသေချာချာ ပြန်မကြည့်ရဲဘူးဆိုတာ သိထားတော့ ကျွန်တော်တို့က ခင်စောဖြူ အလောင်းကောင်ပုံစံမျိုးနဲ့ မျက်နှာလေးကိုပဲ ဖော်ပြခဲ့တယ်လေ။ ခင်ဗျားကလည်း မေးစေ့က မှဲ့လေးကိုတွေ့တာနဲ့ ကြောက်ရွံ့တာနဲ့ ရောထွေးပြီး သေသေချာချာ မကြည့်တော့ဘဲ လှည့်ပြန်သွားခဲ့တယ်မဟုတ်လား"

ရဲအရာရှိက ဒီမှာ ကျွန်တော် ဘာများပြောဦးမလဲဆိုပြီး ပြောလက်စစကားကို ဆက်မပြောသေးဘဲ ကျွန်တော့်ကို အကဲခတ်သလို ကြည့်တယ်။ မျက်နှာချင်းမဆိုင်ဝံ့စွာနဲ့ ကျွန်တော်က ခေါင်းကို အောက်စိုက်ချထားတယ်။

"အဲ...ဆက်ပြောရဦးမယ်။ ဒါဆို...ကျွန်တော်တို့က ဒီအမှုအတွက် ခင်စောမူကို တယ်လီဖုန်းဆက်ခိုင်းပြီး အကွက်ဆင်ရတော့တာပေါ့။ ခင်ဗျားက ခင်စောမူ ဖုန်းဆက်ထားတော့ အချစ်မီးတောက်လောင်ပြီး ဒီကို ရောက်လာတယ်။ ဒီမှာ ကျွန်တော်တို့က ခင်စောမူကို ဝှက်ထားပြီး ခင်ဗျားဇနီး ခင်စောဖြူကို အခုလို ခင်ဗျားနဲ့ တွေ့ပေးလိုက်တော့ ရုတ်တရက် ခင်ဗျားက ကြောက်လန့်အံ့သြပြီး ခင်ဗျားရဲ့ ပြစ်မှုကျူးလွန်ခဲ့မှု အဖြစ်မှန်တွေ အကုန်ပေါ်တော့တာပဲ မဟုတ်လား။ ဒါနဲ့ ခင်ဗျားက နောက်ထပ်တစ်ကြိမ် ခင်စောဖြူကို သတ်ဖို့ ကြိုးစားမယ်လုပ်တုန်း အခုလို ကြိုတင်ကာကွယ်လိုက်ရတာပဲဗျာ"



"ကဲ...ဘာပြောချင်သေးလဲ ကိုမင်းခန့်။ ဒီလိုလုပ်လိုက်ရတဲ့အတွက်တော့ စိတ်မကောင်းပါဘူး...ဆောရီးဗျာ"

ရဲအရာရှိရဲ့စကားက ဒီမှာ ဆုံးသွားပေမယ့် ကျွန်တော့်မှာက ဘာမှခုခံပြောစရာ စကားလုံးမရှိတော့။ ဘာလို့လဲဆိုတော့ အချစ်စိတ်မွှန်ထူပြီး ကျူးလွန်ခဲ့မိတဲ့ ကျွန်တော့်ရဲ့ပြစ်မှု မကောင်းမှုအားလုံးဟာ ပြကွက်မြုပ်ကွက်ကောင်းတဲ့ တစ္ဆေမ ခင်စောမူရဲ့ ထောင်ချောက်ထဲမှာ ပြန်ရုန်းမထွက်နိုင်အောင် လှလှပပကြီး ကျရောက်နေခဲ့ပြီ မဟုတ်လား။

ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ...။

အားလုံးလည်း စဉ်းစားကြည့်ကြပါဦး...။

ကျွန်တော်လည်း စဉ်းစားမိတယ်။ လုပ်စရာ တခြားဘာများရှိလဲလို့...မှ...တစ်ပါးအခြားမရှိတော့။

ဘုန်းမင်းလျှံလူ

www.burmeseclassic.com



# ဝတ္ထုနိဂုံး အဆုံးသတ်အန္တရာယ်

**တက္ကသိုလ်လွှမ်းမြိုင်စေ**

(တစ်)

စာရေးဆရာ ကျော်ရိုင်ကြည် တစ်ယောက် သူကိုယ်သူ သတ်သေသွား တာဒါလို့ ကံသေကံမ မပြောနိုင်သလို မတော်တဆ ထိခိုက်ပြီး သေဆုံးခဲ့တာ ပါလို့လည်း တပ်အပ်သေချာ မဆုံးဖြတ်နိုင်ပါ။ ယခုတော်ပြမည့် ဖြစ်ရပ်တစ်ခု လုံး၌ တစ်စုံတစ်ရာသော ဆန်းကြယ်မှုသည် ဖုံးကွယ်မှုချောင် ရှိ၏။

အင်းလေ... သည်လောကကြီးမှာ လူသားတွေ မဖြေရှင်းနိုင်သေးတဲ့ သိပ္ပံထက်ဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်ဆန်းတွေက မနည်းမနော ရှိနေချေသည်မဲ မဟုတ်ပါလား။

(နှစ်)

တကယ်တော့ သူ့အပေါင်းအသင်းတွေ၊ မိတ်ဆွေသင်္ဂဟတွေ ကြုံတွေ့ ရင်ဆိုင်နေရသော ပြဿနာတွေ၊ ဘဝအမောတွေ၊ အတွေ့အကြုံတွေကို ကုန် ကြမ်းအဖြစ်ရယူပြီး ဝတ္ထုဇာတ်လမ်းဆင်တာ မရေးဘဲ မနေနိုင်ခြင်းကြောင့်ပင် သည်ဖြစ်ရပ်တွေ ပေါ်ပေါက်လာရခြင်း ဖြစ်ပါ၏။

မှတ်မှတ်ရရ သည်ဖြစ်ရပ်တွေကို ဖွေဆော်ဦး အစပျိုးခဲ့သူက သူ့ ငယ်ချင်း ဝင်းထွန်းအောင်ရယ်လေ။ ဝင်းထွန်းအောင် ဆိုသည်က ကော်ငြာ [illegible]သော စီးပွားရေးသမား ကုမ္ပဏီပိုင်ရှင် တစ်ဦး။

www.burmeseclassic.com



သူတို့နှစ်ယောက် လူချင်းမတွေ့ကြသည်ပင် ကာလအတန်ကြာခဲ့ပြီ။

အမှတ်မထင် ရုံးကြီးတစ်ရုံး၏ လှေကားအတက်အဆင်းမှာ ပက်ပင်းတိုးကြရင်းက ဝင်းထွန်းအောင်ကပင် စတင်ပြီး မြို့စွန်ရှိ လပ်ကီးစတားစားတော်ဆက်မှာ စားရင်းသောက်ရင်း စကားစမြည်ပြောကြဖို့ ဖိတ်မန္တကပြုလာသည်။ သူ၏ ဆန်နီပစ်ကပ် ကားလေးဖြင့်ပင် မြင်းခြံမြို့၏ မြောက်ဘက်တူရှုသို့ မောင်းလာခဲ့ကြသည်။

မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်းတို့ ထုံးစံအတိုင်း 'အိုး(လ်)ဘရန်ဒီ' တစ်လုံးကို အတူဖြိုကြရင်း စကားတွေ ဖောင်ဖောင်ကျဲကြသည်။ စကားတွေ အများဆုံးပြောသူက ဝင်းထွန်းအောင်၊ အင်းလေ...သူက ဘဝမှာ အစစအောင်မြင်နေသူကိုး။ ကျော်ခိုင်ကြည် ဆိုသည်က မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုကလေးတွေ ကြိုကြား၊ ကြိုကြားသာ ပါနေသေးသည်။ စာပေခရီးလမ်းမှ စမ်းတဝါးဝါး သွားနေရသော ဝတ္ထုတိုစာရေးဆရာ။ သည်တော့လည်း အပြောထက် အတွေးကို ဦးစားပေးခြင်းက သူ့အကျင့်လို ဖြစ်နေသည်။

"မင်းလည်း သိသားပဲ ကျော်ခိုင်ကြည်။ ခုဆို ဝင်းမြကြည်နဲ့ငါ အိမ်ထောင်ကျခဲ့တာ ဆယ်နှစ်ပြည့်သွားပြီ။ ကျောင်းပြီးလို့ ဘွဲ့ရတာနဲ့ ငါတို့လက်ထပ်ခဲ့ကြတာပဲလေ။ အေး...ဝင်းမြကြည်ကို ဘာအလုပ်မှမခိုင်းဘဲ အိမ်ထောင်ထိန်းသိမ်းဖို့ပဲ တာဝန်ယူခိုင်းခဲ့တယ်။ စီးပွားရှာတဲ့အလုပ်က ငါ့တာဝန်လေ"

"အေး...ဝင်းမြကြည်ဟာ ဇနီးကောင်းတစ်ယောက်၊ အိမ်ထောင်ရှင်မကောင်းတစ်ဦးဆိုတာ ငါ ဝန်ခံပါတယ်။ အိမ်ထောင်သက် ဆယ်နှစ်လုံးလုံး သားသမီး မထွန်းကားတာကလွဲရင် ဝင်းမြကြည်မှာ ဘာမှ အပြစ်ဆိုစရာမရှိဘူး။ အင်းလေ...သားသမီးဆိုတာကလည်း လိုချင်တိုင်းရတာမှ မဟုတ်ဘဲ။ သူ့ကို အပြစ်မတင်ပါဘူး။ အခု ငါတွေ့နေရတဲ့ ပြဿနာက တခြားမဟုတ်ဘူး သူငယ်ချင်း"

"ငါ့ကုမ္ပဏီက အတွင်းရေးမှူးမလေး 'ခင်ခင်ချစ်'နဲ့ ငါ မေတ္တာမျှနေကြတယ်။ မပြုံးပါနဲ့ သူငယ်ချင်း၊ သာမန် မင်းတွေ့နေမြင်နေကျ လူမှုရေးဖောက်ပြန်တဲ့ ဇာတ်လမ်းမျိုး မဟုတ်ပါဘူး။ တို့နှစ်ယောက် တကယ့်ကို နှစ်နှစ်ကာကာ ချစ်နေကြတာ။ ခက်တာက ဝင်းမြကြည်ကို ကွာရှင်းပြတ်စဲဖို့ ငါ ဖွင့်မပြောရဲဘူး။ ငါ့လိပ်ပြာ ငါမလုံဘူး။ သူ့မှာ အပြစ်ပြောစရာ ဘာတစ်ခုမှ မရှိဘဲကိုး"

"ဒီတော့ ငါ ရင်ဆိုင်နေရတဲ့ အကျပ်အတည်းက လက်ရှိပုံစံအတိုင်း ပိုနေမြဲကျားနေမြဲ နေလိုက်ပြီး ခင်ခင်ချစ်ရောငါပါ စိတ်ဆင်းရဲခံကြမလား။



ဒါမှမဟုတ် အပြစ်ကင်းမဲ့တဲ့ ဝင်းမြကြည်ကိုပဲ တို့နှစ်ယောက် စိတ်ချမ်းသာမှုအတွက် စတေးရမလားဆိုတာ ဝေခွဲမရဖြစ်နေတာပဲ ကျော်ခိုင်ရယ်"

သည်တုန်းက ကျော်ခိုင်ကြည်သည် နားထောင်ရုံသက်သက်ပဲ နားထောင်ခဲ့ပါသည်။ ဘာတစ်ခွန်းမှ ဝေဖန်ခြင်း၊ အကြံပေးခြင်း မပြုလုပ်ခဲ့ပါ။ သို့ဖြင့် အိုး(လ်)ဘရမ်ဒီပုလင်းလည်း ထန်းလည်ဆစ်ကျိုး ဖြစ်ခဲ့ပြီ။ လပ်ကီးစတားစားဖိုမှူး၏ လက်ရာကောင်း တရုတ်အစားအစာတွေလည်း အစာအိမ်ထဲမှာ အပြည့်အနင့် နေရာယူခဲ့ပြီ။ အရက်ကြောင့်လည်း ခေါင်းထဲမှာ ရီဝေဝေ၊ အဆီအဆိမ့် အစားအသောက်တွေကြောင့်လည်း ခန္ဓာကိုယ်က လေးတွဲတွဲ။

ဝင်းထွန်းအောင်က အေးကျင်းရပ်ထဲရှိ သူ့အိမ်ပေါက်ဝမှာ ချပေးပြီး ကားမောင်းထွက်သွားသည်ထိ ကျော်ခိုင်ကြည်သည် ဘာတစ်ခွန်းမှ စကားမဆိုခဲ့ပါလေ။ အံ့စရာတော့ အကောင်းသား။

ရီတီတီ၊ ဝေတေတေဖြင့်ပင် သူသည် စာရေးစားပွဲဆီသို့ တန်းသွားသည်။ ကုလားထိုင်မှာ ဝင်ထိုင်ပြီး စာရွက်ဖြူတစ်ထပ်ကို ဆွဲယူလိုက်သည်။ အံဆွဲထဲမှ ဘော(လ်)ပင်ကို ဆွဲထုတ်ပြီး စာကြည့်မီးအိမ်၏ ခလုတ်ကို ဖွင့်လိုက်လေသ၏။

သို့ဖြင့် ကျော်ခိုင်ကြည်သည် ဝတ္ထုတိုတစ်ပုဒ်ကို စတင် ရေးသားပါတော့သည်။ အစောပိုင်းတုန်းက လပ်ကီးစတားမှာ ဝင်းထွန်းအောင် ပြောခဲ့သမျှကို ဇာတ်လမ်းကျောရိုးအဖြစ် ယူလိုက်သည်။ သို့တစေ ဝင်းထွန်းအောင်၏ ဇာတ်လမ်းက မဆုံးသေး။ ကိစ္စမရှိ၊ ကျန်နိဂုံးပိုင်းကို သူ့စိတ်ကူးဖြင့် ပေါင်းစပ်ရေးဖွဲ့သည်။ ရေးရသည်မှာ လက်တွေ့လိုက်သည့် ဖြစ်ခြင်း။ သူ့ကလောင်ကလည်း သွက်မှသွက် ထက်မှထက်...။

ဇာတ်လမ်းက သည်လို...။

သူ့ဇာတ်ကောင်သည် အိမ်ထောင်သည် တစ်ဦး။ ဇနီးသည်က သူနှင့်အတူ တက္ကသိုလ်မှာတက်ရင်း ချစ်ရည်တူနှစ်ကိုယ်မျှခဲ့သူ။ ကျောင်းပြီးတော့ ခိုးသား လက်ထပ်ခဲ့ကြသည်။ ခုဆို အိမ်ထောင်သက် ဆယ်နှစ်တင်းတင်း ရှိခဲ့ပြီ။ သူ့ဇာတ်ကောင်သည် အောင်မြင်သော စီးပွားရေးသမားတစ်ယောက်၊ ဇနီးသည်ကို ဘာလုပ်ငန်းမှ မလုပ်စေဘဲ အိမ်ထောင်ထိန်းသိမ်းဖို့ပဲ တာဝန်ယူစေသည်။ ဇနီးသည် အလိမ္မာကလည်း သားသမီး မထွန်းကားသည်မှအစ အိမ်ထောင်ရှင်မကောင်းတစ်ယောက်၊ ဇနီးကောင်းတစ်ဦးပဲ ဖြစ်သည်။ ပြဿနာမှာ သူ့ဇာတ်ကောင်သည် သူ့ရုံးမှ အတွင်းရေးမှူးမလေးနှင့် ငြိစွန်းသွားခြင်းပင်။ သာမန်အပျော်သဘောမဟုတ်ဘဲ တကယ်ကို ရင်ထဲမှ ချစ်နှင်တားသော

www.burmeseclassic.com



မြတ်နီးမိခြင်းပင် ဖြစ်သည်။ ခက်သည်က သူသည် အိမ်ထောင်သည်။ ဘာ အပြစ်မှ မရှိရှာသော ဇနီးသည်ကိုလည်း မကွာရှင်းရက်။ အခြေအနေက ရှေ့မတိုးသာ နောက်မဆုတ်သာ...။

သို့တစေ သူဇာတ်ကောင်သည် နောက်ဆုံးတော့ ဇနီးသည်အား ကွာရှင်းခွင့် တောင်းခဲ့သည်။ ဇနီးသည်က မျက်နှာတစ်ချက်မပျက်ဘဲ ကြည်ကြည်ဖြူဖြူပင် ကွာရှင်းပေးခဲ့သည်။ စာချုပ်မှာ လက်မှတ်ရေးထိုးပေးခဲ့သည်။ သူလည်း အတွင်းရေးမှူးမလေးနှင့် လက်ထပ်နိုင်ခဲ့သည်။ ဇနီးဟောင်းနှင့် အခေါ်အပြောမပျက်၊ မိတ်ဆွေတစ်ယောက်လို ဆက်ဆံခဲ့သည်။ ဇနီးဟောင်းက အထည်စက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်နေသည်။ တစ်ရက် သူဇာတ်ကောင်သည် ဇနီးဟောင်း အလုပ်လုပ်နေသော စက်ရုံသို့ အလည်ရောက်သွားခဲ့သည်။

"အံ့စရာပဲ...သူငယ်ချင်း၊ ငါ့ဇနီးဟောင်းကို ကြည့်ရတာ သူ့အလုပ်သူ သိပ်ကျေနပ်ဂုဏ်ယူနေပုံပဲ။ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်နဲ့ ဒါကြောင့်လည်း အချိန်တိုလေးအတွင်းမှာ အောင်မြင်တဲ့ 'ဒီနိုင်နာ' တစ်ယောက်ဖြစ်လာတာပဲ ထင်ပါရဲ့။ ငါလည်း ခုမှပဲ သဘောပေါက်တော့တယ်။ တကယ်တော့ ငါဟာ သူ့ကို အိမ်ထောင်ရေးအကျဉ်းထောင်မှာ ဆယ်နှစ်လုံးလုံး အကျဉ်းချထားခဲ့တာပဲကလား။ သူ့ ပင်ကိုအရည်အသွေးတွေကို မှေးမှိန်ပျောက်စေခဲ့တာကလား။ ငါအလိုကျ အတွင်းရေးမှူး မိန်းကလေးနဲ့ လက်ထပ်ခွင့်ရလို့ ပျော်တဲ့အပျော်ဟာ သူ့အပျော်နဲ့ယှဉ်လိုက်တော့ နေလာနှင်းပျောက်ပဲ သူငယ်ချင်း။ သူ့ကိုတောင်-စိတ်ထဲမှာ မနာလို ဖြစ်မိပါသေးရဲ့..."

ကျော်ခိုင်ကြည်က အထက်ပါအတိုင်း သူဇာတ်ကောင်၏အပြောဖြင့် ဝတ္ထုကို အဆုံးသတ်လိုက်သည်။ သေသပ်လှပသော ဝတ္ထုတိုလေးတစ်ပုဒ် ဖြစ်ပါ၏။ ကျော်ခိုင်ကြည်သည် ဝတ္ထုကို မဂ္ဂဇင်းတိုက်တစ်တိုက်သို့ ပို့လိုက်သည်။ အယ်ဒီတာချုပ် အကြိုက်တွေ့သွားသည်ပဲထင့်။ မဆိုင်းမတွပင် မဂ္ဂဇင်းမှာ ရွေးချယ်ဖော်ပြပေးခဲ့သည်။

မဂ္ဂဇင်းတိုက်မှ စာအုပ်နှင့် စာမူခရောက်လာသည့်နေ့ကများ ကျော်ခိုင်ကြည်တစ်ယောက် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ဝင်းထွန်းအောင်အား သည်အကြောင်း ပြောပြချင်လိုက်သည်မှာ လျှာကိုယားလို့။ မအောင့်နိုင်သည့်အဆုံး ဝင်းထွန်းအောင်ရှိရာ ကုမ္ပဏီရုံးခန်းသို့ ထွက်လာခဲ့သည်။ သူ့ကို မြင်တော့ ဝင်းထွန်းအောင်က ဝမ်းသာအားရ ဆီးကြိုသည်။ သူ ဘာစကားတစ်ခွန်းမှ မဟရသေးမီ ဝင်းထွန်းအောင်ကပင်။

"ငါ့ကိစ္စတော့ အဆင်ပြေသွားပြီ သူငယ်ချင်းရေ"



ကျော်ခိုင်ကြည်က ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီးမှ–

"မင့်ဟာက ဆိုင်းမပါ ဗုံမဆင့်နဲ့ ဘာကိစ္စ အဆင်ပြေသွားတာလဲကွ"

"ဟိုတစ်ခေါက် မင်းကို ငါပြောပြခဲ့တဲ့ ဝင်းမြကြည်နဲ့ ငါ့ကိစ္စလေကွာ။ အဲဒါ အခု အဆင်ပြေသွားပြီ။ ဝင်းမြကြည်က ပြီးခဲ့တဲ့လထဲကပဲ ငါ့ကို ကွာရှင်းစာချုပ်မှာ ကျေကျေနပ်နပ်၊ ကြည်ကြည်ဖြူဖြူပဲ လက်မှတ်ထိုးပေးလိုက်တယ်။ အဲဒီနောက် တစ်ပတ်အတွင်း ခင်ခင်ချစ်နဲ့ငါ တရားရုံးမှာ လက်ထပ်လိုက်ကြတယ်။ ဝင်းမြကြည်လည်း အခုဆို အထည်စက်ရုံတစ်ရုံမှာ ဝင်လုပ်နေလေရဲ့။ ငါနဲ့ကွာရှင်းလိုက်ပေမယ့် မိတ်ဆွေတစ်ယောက်လို အခေါ်အပြောမပျက်ပါဘူး"

"ပြီးခဲ့တဲ့အပတ်က လမ်းကြုံတာနဲ့ သူ့အလုပ်လုပ်တဲ့ အထည်စက်ရုံကို တောင် ဝင်ခဲ့သေးတယ်။ အံ့စရာပဲ...သူငယ်ချင်း ဝင်းမြကြည်ကို ကြည့်ရတာ သူ့အလုပ်သူ သိပ်ကျေနပ်ဂုဏ်ယူနေပုံပဲ။ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်နဲ့။ ဒါကြောင့်လည်း အချိန်တိုအတွင်းမှာ အောင်မြင်ခဲ့တဲ့ 'ဒီနိုင်နာ'တစ်ယောက် ဖြစ်လာတာ ထင်ပါရဲ့။ ငါလည်း ခုမှ သဘောပေါက်တော့တယ်။ တကယ်တော့ ငါဟာ သူ့ကို အိမ်ထောင်ရေးအကျဉ်းထောင်မှာ ဆယ်နှစ်လုံးလုံး အကျဉ်းချထားခဲ့တာပဲကလား။ သူ့ပင်ကို အရည်အသွေးတွေကို မှေးမှိန် ပျောက်စေခဲ့တာကလား။ ငါအလိုကျ ခင်ခင်ချစ်နဲ့ လက်ထပ်ခွင့်ရလို့ ပျော်တဲ့အပျော်ဟာ သူ့အပျော်နဲ့ ယှဉ်လိုက်တော့ နေလာနှင်းပျောက်ပဲ သူငယ်ချင်း။ သူ့ကိုတောင် စိတ်ထဲမှာ မနာလို ဖြစ်မိပါသေးရဲ့..."

ကျော်ခိုင်ကြည်မှာ ဘာစကားမှ မဆိုနိုင်ပါလေတော့...။ သူ့ဝတ္ထုအကြောင်းလည်း ဝင်းထွန်းအောင်အား မပြောမိပါလေတော့။ ဝင်းထွန်းအောင်ထိုသာ ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်နေမိပါလေသည်။ ခုဝင်းထွန်းအောင်ပြောလိုက်သည့် စကားတွေက ဝတ္ထုထဲမှ သူဇာတ်ကောင်ပြောသည့်အတိုင်း ထပ်တူထပ်မျှ တစ်သဝေမတိမ်းလေ...။

(သုံး)

မဖြစ်နိုင်ပါ။

လုံးဝမဖြစ်နိုင်ပါ။

စင်စစ် တိုက်ဆိုင်မှုသက်သက်သာ ဖြစ်ပါလိမ့်မည်။ ခက်သည်က တိုက်ဆိုင်မှုပဲဆိုစေ။ တိုက်...တိုက်ဆိုင်လွန်းလှချည့်လို့ ညြချရမည့်အဖြစ်မျိုး...။

အိမ်ပြန်ရောက်သည်အထိ အတွေးမျှင်က မပြတ်သေး။ ခေါင်းထဲမှာ ခက်ကျိုနေသည်။ အိမ်ရှင်အမျိုးသမီး ဖွင့်ပေးသော တံခါးမှ လှောက်ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ခိုင်ကြည်က အပေါ်ထပ်မှာ ငှားနေပြီး အိမ်ရှင်လင်မယားက အောက်ထပ်မှာ နေကြသည်။ အိမ်ရှင်အမျိုးသားနာမည်က ဦးသန်းဌေး၊ အမျိုးသမီးက ဒေါ်သန်းလှိုင်၊ လင်မယားနှစ်ယောက်လုံး အသက်သုံးဆယ်ဝန်းကျင်ပဲ ရှိကြသေးသည်။

ကျော်ခိုင်ကြည် ရောက်ကတည်းက အိမ်ရှင်ဦးဌေးသည် ဘာအလုပ်ကိုမှ မည်မည်ရရ လုပ်သည်ဟူ၍ မတွေ့ရ။ အချိန်ရှိသရွေ့ သူ့ရာတောမှာ ပျော်မော နေသော အရက်အိုး ဖိုးသမား။ ဒေါ်သန်းလှိုင်က ဈေးထဲမှာ ဆိုင်ထွက်သည်။ ဆိုင်သိမ်းပြီး အိမ်ပြန်လာတော့လည်း ချက်ဟယ်၊ ပြုတ်ဟယ်၊ လျှော်ဟယ်နှင့် ဇက်ဆယ်သလို အလုပ်လုပ်သူဖြစ်သည်။

ဒေါ်သန်းလှိုင်သည် ကျော်ခိုင်ကြည်နှင့်အတူ အိမ်ထဲသို့ လိုက်ဝင်လာ ရင်း…

"လောကမှာ ကျွန်မလောက် လင်ရက်ဆိုးတဲ့မိန်းမ ရှိမယ်မထင်တော့ ပါဘူး ဆရာရယ်။ ဆရာမြင်တဲ့အတိုင်း ကျွန်မကတော့ ဈေးလည်း ပြေးလိုက်ရ၊ အိမ်ဟင်းရလည်းလုပ်ရနဲ့ အားတယ်ကို မရှိဘူး။ အခုလည်း ကြည့်လေ၊ ကိုယ်တော်မြတ်ကတော့ ဆက်ရက်မင်းစည်းစိမ်နဲ့ စက်တော်ခေါ်နေလိုက်တာများ သီးလို့။ ကျွန်မကသာ မနက် ဈေးထွက်ချိန်အမီ ရောင်းနိုင်ဖို့ ထုပ်ပိုးပြင်ဆင် နေရတာ"

ပြန်လာကတည်းက ခေါင်းထဲမှာ နောက်ကျိနေသည်မို့ ကျော်ခိုင်ကြည် သည် ဒေါ်သန်းလှိုင်စကားကို ဘာတစ်ခုမှ ထင်မြင်ချက် မပေးမိပါလေခဲ့။ အပေါ်ထပ်သို့သာ တန်းတက်လာခဲ့သည်။ ဒေါ်သန်းလှိုင် စကားတွေကတော့ သူ့နောက်မှာ ကပ်ပါလာဘိသို့ ရှိသည်။

သူ့ခြေထောက်တွေက စာရေးစားပွဲဆီသို့ သူ့ကို ဆွဲခေါ်လာခဲ့သည်။ ကုလားထိုင်မှာ အကျအန နေရာယူမိသည်နှင့် သူ့လက်တွေက ဝတ္ထုတိုတစ်ပုဒ် ကို ရေးဖွဲ့နေပြန်ပါချေပြီ။ ရေးနေသည့် အကြောင်းအရာက သူ့ခေါင်းထဲမှာ ပူပူနွေးနွေး လောလောလတ်လတ် ရှိနေသော အိမ်ရှင်လင်မယားအကြောင်းပဲ ဖြစ်ပါ၏။

သူ့ဝတ္ထုထဲမှာ အိမ်ရှင်အမျိုးသားသည် အရက်သောက်များပြီး အသည်း ကြွပ်နာဖြင့် သေဆုံးသွားခဲ့သည်။ သိပ်မကြာလှသောကာလမှာ အရွယ်ရှိသေး သော အမျိုးသမီးက နောက်အိမ်ထောင်ပြုလိုက်သည်။ သည်တစ်ခါ အမျိုးသား ကတော့ ပထမအိမ်ထောင်ဖက်နှင့် ဖီလာဆန့်ကျင်၊ ဇနီးကို ဘာတစ်ခုမှ အလုပ် မခိုင်းဘဲ ဈေးအရောင်းအဝယ်ရော၊ အိမ်မှုကိစ္စတွေပါ သူတစ်ယောက်တည်း ဒိုင်ခံလုပ်သည်။ အစပိုင်းမှာတော့ အမျိုးသမီးခမျာ ကျေနပ်သလိုလို အရှိသား၊



သို့တစေ ကြာလာတော့ ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင်နေရသည်ကို ငြီးငွေ့ လာသည်။ သွားလေသူ အမျိုးသားနှင့် နေခဲ့စဉ်က တစ်အိမ်လုံး သူ့ခြေ၊ သူ့ လက်ဖြင့် လုပ်ကိုင်ခဲ့ရသည်များကို ပြန်လည်အမှတ်ရ၊ မြင်ယောင်လာမိသည်။ ထိုကာလ အပိုင်းအခြားလေးကို မက်မောတမ်းတလာမိသည်။ နောက်ဆုံးတွင် အမျိုးသမီးက အိမ်ငှားဖြစ်သော စာရေးဆရာထံ သွားရောက်ရင်ဖွင့်ပြီး ညည်းညူ မိပါသည်။

"ကျွန်မကတော့ အရင်အိမ်ထောင်နဲ့တုန်းက တစ်အိမ်လုံး ကိုယ့်ခြေ၊ ကိုယ့်လက် လုပ်ကိုင်လာခဲ့ရတာတွေကိုပဲ ပြန်ပြီး တမ်းတနေမိတယ်။ အရင် ယောက်ျားက ဝဋ်တွေများ ပြန်လည်နေသလားပဲ။ ခုကိုယ်တော်မြတ်က တစ် အိမ်လုံး သူ့ခြေ၊ သူ့လက် မင်းမူနေတော့တာ။ ကျွန်မကိုတော့ အရုပ်လေး တစ်ရုပ်လောက် သဘောထားနေပုံရပါရဲ့"

ကျော်ခိုင်ကြည်သည် အမျိုးသမီး၏ ညည်းတွားရေရွတ်မှုဖြင့်ပင် ဝတ္ထုကို အဆုံးသတ်လိုက်သည်။ သူက ဝတ္ထုကို ပြန်ဖတ်ကြည့်သည်။ မဆိုးပါ…။ သူ အကြိုက်တွေ့သော ဝတ္ထုလေးပဲ ဖြစ်ပါ၏။ ကျော်ခိုင်ကြည်က စာမူကို သေသေ သပ်သပ်ခေါက်ပြီး စာအိတ်ရှည်တစ်လုံးတွင် ထည့်ကာ မဂ္ဂဇင်းတိုက်သို့ ပို့လိုက် ပါလေသည်။

ရင်ထဲမှာလည်း ကိုယ့်ဝတ္ထုပေါ် ကျေနပ်အားရနေမိသည်။ ကြည်နူး နေသာနေမိသည်။

သို့…တ…စေ…

သူ့ရင်မှ ကျေနပ်အားရမှုတွေ၊ ကြည်နူးမှုတွေက တာမရှည်ပါလေခဲ့…။

မကြာခင်မှာပင် အိမ်ရှင် ဦးသန်းဌေးသည် အရက်ကို အလွန်အကျွံ သောက်သူတို့ ထုံးစံအတိုင်း အသည်းကြွပ်နာဖြင့် အနိစ္စရောက်သွားသည်။ သည်နောက်မကြာခင်မှာပင် ဒေါ်သန်းလှိုင်သည် နောက်အိမ်ထောင်ပြုလိုက်သည်။ အမျိုးသားက သူ့ထက် ငယ်ရွယ်ပြီး လုံ့လဝီရိယရှိသည်။ ဒေါ်သန်းလှိုင် ဘာမှ မလုပ်ရလည်းမကြည့်ရအောင် ဈေးကိစ္စရော၊ အိမ်လုပ်ငန်းတွေကိုပါ ဇယ်ဆက်သလို ပြေးလုပ်သွားသည်။ ဒေါ်သန်းလှိုင်ကို ဘာမှမလုပ်စေရ။ အစပိုင်းတော့ ဒေါ်သန်း လှိုင်သည် ကျေနပ်သဘောကျမိသလိုရှိသည်။ သို့တစေ ကြာလာတော့ ဒေါ်သန်း လှိုင် စိတ်ပျက်ငြီးငွေ့လာသည်။ ယခင်ဦးသန်းဌေးနှင့် အတူနေစဉ်က အစစအရာရာ ကိုယ်တိုင် လုပ်ကိုင်ခဲ့ရသည်များကို အမှတ်ရ မြင်ယောင်လာမိသည့်အဆုံး ဒေါ်သန်း လှိုင်သည် တစ်ရက်တွင် ကျော်ခိုင်ကြည်ရှိရာ အိမ်ပေါ်ထပ်သို့ တက်လာပြီး ညည်းညူရင်ဖွင့်ခဲ့ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ ကိုသန်းဌေးနဲ့တုန်းက တစ်အိမ်လုံး ကိုယ့်ခြေ၊ ကိုယ့်လက် လုပ်ကိုင်လာခဲ့ရတာတွေကိုပဲ ပြန်ပြီး တမ်းတနေမိတယ်။ ကိုသန်းဌေးတုန်းက ဝဋ်တွေများ ပြန်လည်နေသလားပဲ။ ခုကိုယ်တော်မြတ်က တစ်အိမ်လုံး သူ့ခြေ သူ့လက် မင်းမူနေတော့တာ။ ကျွန်မကိုတော့ အရုပ်လေး တစ်ရုပ်လောက် သဘောထားနေပုံရပါရဲ့"

ကြားရကြားရ နားဝမသက်သာဆိုသည်မှာ ဒါမျိုးပဲထင့်။ ကျော်ခိုင်ကြည် ခမျာ ရှုံးသွပ်သွားတော့မည်သို့ရှိသည်။ တုန်လှုပ်ချောက်ချားမှုက နှိုင်းယှဉ်စရာ ပင် မရှိပါလေတော့...။ တိုက်ဆိုင်မှုရယ်လို့ ယူဆနိုင်သေးသည်။

ခုဟာက ဒုတိယမို့ နောက်တစ်ကြိမ်ရယ်လေ။

## (လေး)

ခုတလော ကျော်ခိုင်ကြည် အခန်းအောင်းနေရသည်။

အပြင်ထွက်ရမည်ကို ဝန်လေးနေမိသည်။ အပြင်ထွက်သည်နှင့် သူ့အသိ မိတ်ဆွေတွေထဲမှ တစ်ဦးမဟုတ်တစ်ဦးနှင့် တွေ့ရတော့မည်သာ။ တွေ့သည်နှင့် သူတို့၏ ဘဝမောတွေ၊ အတွေ့အကြုံတွေကို ပြောပြကြလိမ့်မည်။ ခက်သည်က သူတို့ပြောပြသည့် အကြောင်းအရာတွေပေါ် ဇာတ်အိမ်တည်ပြီး ဝတ္ထုအဖြစ် မရေးဘဲ မနေနိုင်ခြင်း ဖြစ်ပါ၏။ မည်သို့သော တန်ခိုးရှင်များကများ သူ့အား ကြိုးစိုး လွှမ်းမိုးထားလေသည် မသိ...။ ဝတ္ထု၏ပထမပိုင်းကို သူတို့ပြောပြသည့် အပေါ် အခြေခံရေးဖွဲ့ပြီး အဆုံးသတ်နိဂုံးပိုင်းကို မိမိဘာသာ ဖန်တီးရေးဖွဲ့လိုက် သည်။ အခုတော့ သူ့စိတ်ကူးဖြင့် ဖန်တီးခဲ့သမျှတွေက အပြင်လောကမှာ တကယ်ပင် လာဖြစ်နေသည်။

အခန်းအောင်းနေသည့် ရက်တွေအတွင်း ကျော်ခိုင်ကြည် သည်အကြောင်း ကို အထပ်ထပ် အပြန်ပြန် စဉ်းစားသည်၊ တွေးတောသည်။

ခုဖြစ်ပွားသည့် ဖြစ်ရပ်နှစ်ခုလုံးသည် တကယ့် ပြင်ပလောကမှာလည်း ဖြစ်လာဖို့ မခဲယဉ်းသည့် ဖြစ်ရပ်တွေ...။ သည်တော့လည်း စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းကျသည်မှာ ဆန်းသည်ဟု မဆိုသာ။ တိုက်ဆိုင်မှုသက်သက်ထဲ သူ့အစိုးရိမ်လွန်ခြင်းလည်း ဖြစ်နိုင်သည်။

တွေးရင်းမှ ကျော်ခိုင်ကြည်သည် စိတ်ကူးတစ်ခု ရလာသည်။ တခြား မဟုတ်။ သည်ဖြစ်ရပ်တွေအားလုံး တိုက်ဆိုင်မှု ဟုတ်မဟုတ် လက်တွေ့စမ်းသပ် ကြည့်ဖို့ပဲ ဖြစ်သည်။

သည်တစ်ခါ သူရေးမည့် ဇာတ်လမ်းက ပြင်ပလောကမှာ ပသို့မျှမဖြစ် နိုင်သည့် ဇာတ်လမ်းမျိုး။ ဟုတ်ပြီ၊ အတွေးနှင့်အတူ သူပျော်သွားသည်။



အိပ်ရာမှလူးလဲထပြီး အဝတ်အစားလဲကာ မြို့ထဲသို့ ထွက်လာခဲ့သည်။

သည်အချိန်လောက်ဆို 'ကိုအောင်သန်း' တစ်ယောက် ဘူတာတန်းမှ 'ရွှေထူးစားတော်ဆက်'မှာ ရှိနေမည်ကို သူ အတပ်သိပြီးသား။ ကိုအောင်သန်း ဆိုသည်က သူ့စာပေ မိတ်ဆွေတစ်ဦးလေ...။

အများအားဖြင့် ဘူတာတို့၊ ကားဂိတ်တို့မှာ ရောင်းချသော စားသောက် ဆိုင်တွေသည် ဈေးကြီးသလောက် အစားအသောက် ညံ့ဖျင်းတတ်ကြသည်။ သို့တစေ၊ မြင်းခြံဘူတာမှ စားသောက်ဆိုင်တွေမှာ စားသောက်ဖူးကြသော ခရီး သွားတွေကတော့ ကျေနပ်သဘောကျ သွားတတ်ကြသည့်ချည်း။ ပေးရသော ငွေကြေးနှင့် စားသောက်ရသော အစားအသောက်တွေက တန်ပါပေသည်ဟု နှီးကျူးသွားတတ်ကြစမြဲ။ သည်အထဲမှာ 'ရွှေထူးစားသောက်ဆိုင်'နှင့် 'မွှေးမွှေး သိန်း မြန်မာထမင်းဆိုင်'တို့က ထောမနာ အပြုခံရဆုံး...။

ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် စားပွဲတစ်လုံးမှာ ရမ်နှစ်ပက်၊ အူမကြီး သုပ်တစ်ပွဲနှင့် စည်းစိမ်ခံနေသော ကိုအောင်သန်းက လှမ်းခေါ်သည်။

"လာဗျို့...ကိုကျော်ခိုင်ကြည်၊ ကျုပ်တစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ"

ကျော်ခိုင်ကြည်က ကိုအောင်သန်းနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်သည်။ ပုပုဝဝနှင့် သဘောကောင်းဖော်ရွေသော ဆိုင်ရှင် 'ကိုထင်အောင်' က ဘာသုံးဆောင်မလဲ...ဟု မေးလာသည်။ ကိုအောင်သန်းက ရမ်နှစ်ပက် မှာလိုက်သည်။

နှစ်ယောက်သား စာကြောင်းပေကြောင်း ပြောနေရာမှ အရှိန်ကလေး ရလာတော့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေ ရင်ဖွင့်ပြောလာသည်။ ထုံးစံ အတိုင်း ကျော်ခိုင်ကြည်ကတော့ နားထောင်သမားသက်သက်။

ကိုအောင်သန်းက ခိုနှင့်အပြိုင် ညည်းညည်းတွားတွား ပြောလာသည်။ အမ်းကြီး 'ခင်ဝါဝါ' အကြောင်းပဲ ဖြစ်ပါလေ၏။ ခင်ဝါဝါက သူသဘောမကျ သော ကောင်လေးတစ်ယောက်နှင့် ရည်ငံနေသည့်အကြောင်း၊ မကြာခဏ ချိန်း တွေ့နေကြသည်ကို သိနေ ကြားနေရကြောင်း၊ သမီးတစ်ကောင် နွားတစ်ထောင် ဆိုသော စကားအဓိပ္ပာယ်ကို ကိုယ်တွေ့ကြုံမှ သဘောပေါက် နားလည်ရတော့ ကြောင်း၊ စသည်...စသည်...။

ကျော်ခိုင်ကြည်က ကိုအောင်သန်း ပြောသမျှ နားစိုက်ထောင်နေရင်း ရမ်တစ်ကျိုက် စုပ်ယူလိုက်၊ အမြည်းဝါးလိုက် ရှိနေသည်။ ဘာတစ်လုံးမျှ စကားဝင်မထောက်ပါလေခဲ့။

www.burmeseclassic.com

www.burmeseclassic.com



နေချိန်ကိုက်သွားကြပြီဆိုတော့ ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့ကြသည်။

နောက်သည်နှင့် ကျော်ခိုင်ကြည်သည် စာရေးစားပွဲမှာ ဝင်ထိုင်သည်။

သမီးတစ်ယောက်အတွက် စိုးရိမ်ပူပန်နေရသော ဖခင်တစ်ဦး၏ သောက ကို ရေးဖွဲ့သည်။ သို့တစေ ဝတ္ထုအဆုံးပိုင်းမှာတော့ သမီးအတွက် စိတ်ပူနေသော သူ့ဇာတ်ကောင်ခမျာ ဇနီးသည်၌ ရင်သွေးတစ်ဦးကို ကိုယ်ဝန်ဆောင်ထားရ ကြောင်း အံ့သြတုန်လှုပ်စွာ သိလိုက်ရသည်နှင့် အဆုံးသတ်ထားသည်။

"ဒါဟာ ကိုယ့်ကလေးမဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပေါ့ သူငယ်ချင်း။ ဒါပေမဲ့ သူ့ကိုလည်း ကိုယ်အပြစ်မတင်ရက်ပါဘူး။ ဘာပဲ ဖြစ်ဖြစ် ဒီကလေးကို ကိုယ်မွေးမှာပါ"

ကိုအောင်သန်း၏ဇနီး 'မလေးလေးဝင်း'အကြောင်းကို ကျော်ခိုင်ကြည် တို့ အပေါင်းအသင်းတွေအားလုံး သိပြီးသား။ ရည်မွန်သည်၊ ဖော်ရွေသည်၊ သဘောကောင်းသည်၊ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး တည်ကြည်ရင့်ကျက်သော ဣန္ဒြေနှင့်လည်း ပြည့်စုံသည်။ ယောကျ်ားကို ချစ်သည့်နေရာမှာလည်း တော်လေး၀ စာရင်းမှာ နောက်ဆက်တွဲအဖြစ် ထည့်နိုင်လောက်သည့် စံပြဇနီးသည်။ သည်လို အမျိုးသမီးတစ်ယောက်က အပြင်လောကမှာ တခြား ယောကျ်ား တစ်ဦးနှင့် ဖောက်ပြန်ပြီး ကိုယ်ဝန်ရှိဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်သည့် ကိစ္စမျိုး...။

ကျော်ခိုင်ကြည်သည် ဝတ္ထုကို အဆုံးသတ်လိုက်ပြီ။ စိတ်လက်ပေါ့ပါးစွာ မဂ္ဂဇင်းတိုက်သို့ ပို့လိုက်ပါလေ၏။

ကဲ...ဘာတတ်နိုင်သေးသလဲ။ တန်ခိုးရှင်...။

သူက ရင်ကော့ခေါင်းမော့ပြီး လက်မထောင်ကာ စိတ်ထဲမှ ကြိမ်းဝါး လိုက်သည်။

သို့ဖြင့် သူ့ဝတ္ထုတိုလေး မဂ္ဂဇင်းမှာ ပါလာသည်။ သူက မဂ္ဂဇင်းစာအုပ် ကို ကိုင်ပြီး ရွှေထူးစားတော်ဆက်သို့ ထွက်ခဲ့သည်။ စင်စစ် သူရောက်သော အချိန်သည် နောက်မကျပါ။ စောလည်း မစောပါ။ ကိုအောင်သန်း ရောက်နေကျ အချိန်ကိုမှန်းပြီး သူထွက်လာခဲ့ခြင်း ဖြစ်ပါ၏။ သူရောက်သွားတော့ ကိုအောင် သန်းက ရောက်နှင့်နေပြီ။ ဘယ်အချိန်ကရောက်လို့ ဘယ်လောက်များ သောက် ထားလေသည်မသိ၊ ရေချိန်လွန်ပြီး ခေါင်းလုလု...။

ရောက်မဆိုက်ပင် ကျော်ခိုင်ကြည်က ဘာတစ်ခွန်းမှ မပြောရသေး။ ကိုအောင်သန်းက အားလေးလျှာလေးဖြင့် ရင်ဖွင့်လာသည်။

"ထိုင်ဗျာ...ကိုကျော်ခိုင်ကြည်။ ထင်အောင့်ကို ကြိုက်သလောက်မှာ



သောက်။ ကျုပ်တော့ ခေါင်းနေပြီ။ လောကကြီးက မတရားဘူးဗျာ။ ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာဆိုတာ ကျုပ်အဖြစ်မှ အစစ်။ Misfortune never comes alone လေ။ ဘယ့်နှယ်ဗျာ၊ သမီးအတွက် စိတ်ပူလို့မှ မဆုံးဘူး။ ဟင်း...ဟင်း...။

စကားကို တစ်ဝက်တစ်ပျက်နှင့် ဖြတ်ပြီး ဘေးလူတွေ မကြားစေရန် ကျော်ခိုင်ကြည် နားနားသို့ တစ်စုံတစ်ခု တီးတိုးကပ်ပြောလိုက်သည်။

"အဲဒါပဲ...ကိုကျော်ခိုင်ကြည် ဒါဟာ ကိုယ့်ကလေး မဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပေါ့ သူငယ်ချင်း။ ဒါပေမဲ့ အဝင်းကိုလည်း ကိုယ် အပြစ်မတင်ရက်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီကလေးကို ကိုယ်မွေးမှာပါ..."

ကိုင်း...ဘယ့်နှယ့်ရှိစ၊ မောင်ကျော်ခိုင်ကြည်...။

မလှုပ်ပါလေတော့...။ ကျော်ခိုင်ကြည်ခမျာ တုတ်တုတ်မှ မလှုပ်ပါလေ တော့။ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်သာ ငြိမ်ကျသွားသည်။ လက်ထဲမှ မဂ္ဂဇင်း စာအုပ်ပင် လွတ်ကျသွားသည်။ စာအုပ်ကို ကုန်းကောက်လိုက်တော့၊ သူ့ဝတ္ထု ကို သရုပ်ဖော်ရေးဆွဲထားသော ဇာတ်ကောင်ကပင် သူ့အား သရော်လှောင်ပြောင် နေသလိုလို...။

(ငါး)

မပြေးသော် ကံရာရှိခဲ့ပြီပဲ ဖြစ်ပါ၏။

သည်အခြေကျတော့ 'တန်ပါအမိ မဘိုမယ်'လို့လည်း ဘွာခတ်၍ မရပါ လေတော့။

သည်ဖြစ်ရပ်တစ်ခုလုံးမှာ တစ်စုံတစ်ရာသော ဆန်းကြယ်မှုကတော့ ကန်မှုချရှိနေပြီ။ ခုဖြစ်နေသည်က သူ့အပေါင်းအသင်း မိတ်ဆွေသင်္ဂတွေ အားလုံး သူ့ကလောင်၏ သားကောင်တွေ ဖြစ်နေပြီ။ သူတို့၏အနာဂတ်ကို မိမိက ပိုင်စိုးနေဘိသို့ရှိသည်။

သူတို့ခမျာ သူကြိုးဆွဲရာကရသော အရုပ်ကလေးများ...။

ဒါက ယေဘုယျအမြင်ပဲ ဖြစ်သည်။

စင်စစ် မမြင်ရသော တန်ခိုးရှင်တစ်ယောက်ယောက်က မိမိဦးနှောက်ကို သွမ်းမိုးပြီး မိမိလက်တွေကို စေစားခိုင်းစေနေမှန်း သူ့ကိုယ်သူ အသိဆုံး၊ အပေါင်းအသင်းတွေပြောသော အကြောင်းအရာတွေကို ဝတ္ထုတိုအဖြစ် မရေးရ မနေနိုင်တာပဲကြည့်၊ တကယ်တော့ သူကိုယ်တိုင်ပင် တန်ခိုးရှင်၏ စေသည့်ကျွန် ဖြစ်နေသည့်နှယ်...။

www.burmeseclassic.com



အခြေအနေက မလွယ်ကြောမှ တကယ်မလွယ်ကြော။ တကယ်ကျဉ်းထဲ လျှပ်ထဲ။

ထန်းနိုးရှင်၏ဆန္ဒကို လွန်ဆန်ပြီး အပေါင်းအသင်းတွေနှင့် မတွေ့အောင် ရှောင်နေနိုင်ရင်တော့။

ရှောင်နိုင်…လုံးဝ မဖြစ်နိုင်။ လူတစ်ယောက်ဖြစ်သောသူသည် လူတွေနှင့် ကင်းကွာ၍မရ။ ထို့အပြင် သူသည် ကလောင်တစ်ချောင်းကို ကိုင်စွဲခွင့်ရထားသော စာရေးဆရာ။ လူတွေ၏ စရိုက်သဘာဝနှင့် ဘဝသရုပ်ကို ပီပြင်အောင် ရေးဖွဲ့ဖို့ ကြိုးစားနေသည့် ကလောင်ရှင်…။ လူတွေနှင့် တွေ့ရမည်သာ။ လူတောထဲသို့ တိုးဝင်ရမည်သာ။

ကျော်နိုင်ကြည်သည် အခြေအနေကို အပြန်ပြန်အထပ်ထပ် စဉ်းစားသည်။ သူဘာလုပ်ရမည်ကို အလေးအနက် တွေးဆသည်။

နောက်ဆုံးတွင် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်သည်။

ရဲတင်း စွန့်စားလွန်းလှသော ဆုံးဖြတ်ချက်ပဲ ဖြစ်ပါ၏။

သူ ဝတ္ထုတစ်ပုဒ် ရေးမည်။

သည်တစ်ခါ သူရေးမည့် ဝတ္ထု၏ ဇာတ်ကောင်က သူ…။

ဇာတ်လမ်းက အနာဂတ်ကြိုဝတ္ထုတွေကို ရေးသားနေသော စာရေးဆရာ တစ်ယောက်အကြောင်း၊ အပေါင်းအသင်းတွေ ပြောပြသော အကြောင်းအရာတွေကို အခြေခံပြီး ဝတ္ထုနိဂုံး အဆုံးပိုင်းမှာ သူ့စိတ်ကူးဖြင့် ဖြည့်စွက်ရေးသားနေသော စာရေးဆရာ။ သူရေးလိုက်သည့် ဝတ္ထုနိဂုံး အဆုံးသတ်အတိုင်း ပြင်ပမှာ တကယ်ဖြစ်လာသည့်အကြောင်း။

ဇာတ်သိမ်းပိုင်း နိဂုံးချုပ်မှာတော့ စာရေးဆရာသည် မတော်တဆ ထိခိုက်မှုတစ်ခုဖြင့် ကြုံတွေ့ကာ သေဆုံးသွားခဲ့ရသည်လို့…။

ကျော်နိုင်ကြည်သည် အချိန်ဆိုင်းမနေတော့ဘဲ ဆုံးဖြတ်ချက်ကို လက်တွေ့ အကောင်အထည်ဖော်သည်။ စာရေးစားပွဲမှာထိုင်ပြီး ဝတ္ထုကို စတင် ရေးသည်။

သူ့ဝတ္ထုအမည်က 'ဟီးရိုး'။

လွယ်တော့ မလွယ်လှ။ သည်ဝတ္ထု ရေးနေသည့် ရက်တွေအတွင်း ကျော်နိုင်ကြည်မှာ စိုးတထိတ်ထိတ် စိတ်တထင့်ထင့်၊ ကားအသွားအလာ ယာဉ် အကူးအသန်း ထူထပ်သော လမ်းမကြီးတွေကို ဖြတ်ကူးရသည့်အခါတိုင်း ဘုရား တနေရသည်။



တော်ပါသေးရဲ့။ ဝတ္ထုသာ အဆုံးသတ်သွားသည်။ သူ့မှာ နဘာထံ ဘေးမျိုးမရှိ။

ဝတ္ထုအဆုံးမှာ သူ့ကလောင်အမည်ကို ရေးထိုးပြီးသည်နှင့် ကျော်နိုင်ကြည် သည် စာအိတ်ရှည်တစ်လုံးမှာ ဝတ္ထုစာမူကို ထည့်ပိတ်လိုက်သည်။ စာအိတ်ပေါ်မှာ အယ်ဒီတာ့ထံ လိပ်စာရေးပြီး စာတိုက်သို့ သူထွက်လာခဲ့သည်။

ကျော်နိုင်ကြည်အိမ်က အေးဂျင်းရပ်ထဲမှာ ရှိသည်။ စာတိုက်ကိုသွားဖို့ ဘုတာကြီးကို သူဖြတ်သွားရမည်။ ကားလမ်းနှင့် ရထားလမ်းဆုံသို့ သူရောက် လာသည်။ ရထားတစ်စီး၏ ဥသြသံ စူးရှရှက သူ့နားစည်အမြှေးပါးကို ရိုက်ခတ် လာသည်။

မန္တလေး-ပုဂံရထားတောင် ဆိုက်လာပါပကော…။

သူ့စိတ်ထဲမှ တွေးလိုက်ပြီး ရထားဖြတ်ကျော်သွားသည်အထိ ကားလမ်း ပေါ် သံလမ်းဘေးမှာ သူရပ်စောင့်နေလိုက်သည်။

သူ့လိုပင် ရထားဖြတ်အသွားကို စောင့်နေကြသူ သုံးလေးယောက်ရှိသည်။ သံလမ်းကူးမောင်းတံကလည်း ပိတ်ဆီးထားပြီးသား။ ရထားက သူတို့မြင်ကွင်းထဲ ပေါ်လာပြီ။ စက္ကန့်အတွင်း သူ့အရှေ့မှ ဖြတ်သွားတော့မည်။

သည်အခိုက်အတန့်မှာပဲ ဖြစ်ပါလေ၏။ သည်တဒင်္ဂအတွင်းမှာပဲ ဖြစ်ပါ လေ၏။

ကျော်နိုင်ကြည်သည် တစ်စုံတစ်ယောက်က သူ့ကို နောက်မှ ဆောင့် တွန်းခံလိုက်ရဘိသို့ ရှိသည်။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး ခန္ဓာကိုယ်သည် ရှေ့သို့ ငိုက်စိုက် ဟပ်ထိုးလဲကျသွားပါလေ၏။

သတိတရားနှင့် ခန္ဓာကိုယ်တို့ လွင့်စင် ပြတ်တောက်မသွားမီ ကျော်နိုင် ကြည်သည် နောက်ဆုံး သိခွင့်ရလိုက်သော အသိလေ…။

(ခြောက်)

'ပန်းမဉ္ဇူမဂ္ဂဇင်း' အယ်ဒီတာချုပ် 'ဆရာဇော်ဝင်းထက်'၏ စားပွဲပေါ်သို့ အညိုရောင် စာအိတ်ရှည်တစ်လုံး ရောက်လာသည်။ စာအိတ်ရှည်နှင့် အတူ စာတိုလေးတစ်စောင်လည်း တွဲလျက်သား…။

မြင်းခြံမြို့၊ အမှတ်(၁) ရဲစခန်းမှူး ဒုရဲအုပ် ကျော်ထင်ထွန်း၏ စာပဲ ဖြစ်ပါ၏။ စာပါအကြောင်းအရာက လွန်ခဲ့သော သုံးရက်လောက်က လူတစ် ယောက် ရထားတိုက်ခံရ၍ သေဆုံးသွားကြောင်း၊ သေသူအနီးမှ ဆရာဇော်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



ထက်ထံ လိပ်မူထားသော စာအိတ်ရှည်တစ်လုံး တွေ့သဖြင့် ယခုပေးပို့လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဖော်ဝင်းထက်က စာအိတ်ရှည်ကို ဖွင့်ဖောက်လိုက်သည်။ အထဲမှ စာမူတစ်ထပ်ကို ဆွဲထုတ်ဖတ်ကြည့်လိုက်သည်။

ကျော်နိုင်ကြည်၏ 'ဟီးရိုး'အမည်ရှိသော ဝတ္ထုစာမူပဲ ဖြစ်ပါ၏။

ဝတ္ထုအစမှာ ကျော်နိုင်ကြည်၏ သေသပ်ဝိုင်းစက်သော လက်ရေးဖြင့် ရေးသားထားသည်က…။

စာရေးဆရာ ကျော်နိုင်ကြည်တစ်ယောက် 'သူ့ကိုယ်သူ သတ်သေသွားတာပါ'လို့ ကံသေကံမ မပြောနိုင်သလို

'မတော်တဆ ထိခိုက်ပြီး သေဆုံးခဲ့ရတာပါ'လို့လည်း တပ်အပ်သေချာမဆုံးဖြတ်နိုင်ပါ။

ယခုဖော်ပြမည့် ဖြစ်ရပ်တစ်ခုလုံး၌ 'တစ်စုံတစ်ရာသော ဆန်းကြယ်မှု'သည် ဧကန်မုချပင် ရှိနေပါလေ၏။

အင်းလေ… သည်လောကကြီးမှာ လူသားတွေ မဖြေရှင်းနိုင်သေးတဲ့ သိပ္ပံထက် ဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်ဆန်းတွေက မနည်းမနောရှိနေချေသည်ပဲ မဟုတ်ပါလား…တဲ့။

***ဝန်ခံချက်။*** ။*London Mystery Magazine No.21* မှ *Rose Mary Timperley* ၏ *Something of a Mystery* ဝတ္ထုကို ကျောရိုးယူရေးဖွဲ့ပါသည်။

**ထာဝရသစ္စာတည်လျက်**
**တက္ကသိုလ်လှမ်းမြင့်ဆေ**



www.burmeseclassic.com

www.burmeseclassic.com

# ရမ်တစ်လုံးနှင့် ပိန္နဲသီး

မောင်မြင့်မား(ဘိုကလေး)

ညိုလုံးက နွားကိုဆွဲလာရင်း စိတ်ထဲက မကျေမနပ် ဖြစ်နေလေသည်။ အတော်ခြေရှည်သော နွားပေတကား။ ကုန်းတန်းတစ်လျှောက် ၂ နာရီကျော် လောက်ရှာမှ သကောင်းသားကို တွေ့ရသည်။ တောကောင်မရှိသော အရပ်မို့သာ တော်တော့သည်။ နင်မို့ရင် ခြေရှည်သောနွား၊ ချိုနှင့်သားရှည်သာ ကျန်တော့မည်။

ညိုလုံးက နွားများကို တောစပ်တွင် လှမ်းထား (ကျောင်းထား)၍ အရိပ်ကောင်းကောင်း သစ်ပင်အောက်တွင် ထမင်းလုံးစီရင်း မှေးခနဲ အိပ်ပျော် သွားသည်။ အိပ်ရာကနိုးတော့ နေအတော်စောင်းနေပြီ။ ခဏဆိုပြီး မှေးလိုက် တာ နေစောင်းမှ နိုးလာသောကြောင့် ကမန်းကတန်းထကာ လှမ်းထားသော နွားတွေကို ရှာလိုက်သည်။ ရှစ်ကောင်အနက် တစ်ကောင်ပျောက်နေသည်။ ခုနစ်ကောင်ကို ပြောင်းခင်းတစ်ခုတွင် စုထားလိုက်ကာ တစ်ကောင် အရှာထွက် နေသည်။

နေအတော်စောင်းနေပြီ။ တောရိပ်ကြောင့် အပြင်တွင် လင်းနေသော်လည် ကုန်းတန်းတစ်လျှောက် နည်းနည်းမှောင်နေပြီ။ ညိုလုံးက လယ်သမားဖြစ် ကုန်းတန်းကို တစ်လနေလို့ တစ်ခေါက်ရောက်သူမဟုတ်။ ခပ်သုတ်သုတ်လျှော လာနေသော်လည်း နွားကိုလည်း ဆွဲလာရ၊ လမ်းကိုလည်း ရှာရသောကြော ခရီးမတွင်။ တောစပ်ကိုရောက်ဖို့ အတော်လိုသေးသည်ဟု တွေးလိုက်သည်



တောတမာ၊ တောအရက်၊ တောကဲ့ကော်၊ မျှောက်လုပ်၊ သခွပ်၊ သခွပ်ဖို၊ သင်းဝင်၊ သင်းဝင်စပ်၊ တောင်တမာ၊ တောင်ပိန္နဲ၊ လက်ပံခါး၊ တောင်ရေမနေ၊ တောင်သစ်စေး၊ သင်းဝင်ဖို၊ သင်းဝင်ဖြူ၊ သစ်ကတိုး၊ သစ်ကြား၊ ဖက်ဝန်း၊ ပက်ဝန်းကြီး၊ ဖက်ဆန်း၊ ဖန်ခါး၊ မျှောက်ဆိပ်၊ မြွားဆိပ်၊ သစ်အယ်၊ သစ်စေး၊ သစ်ဆိမ့်၊ အုံတုံ၊ ရင်းတိုက်၊ ရင်းရှား၊ ရင်းမား၊ ဥနဲ့ စသည်ဖြင့် အပင်များက စုံလှသည်။ အချို့နေရာတွင် နေပျောက်ပင် မထိုး။

ညိုလုံးက ခြေရှည်သော နွားကို ဆောင့်ဆွဲကာ ကျိန်ဆဲလာသည်။ အလင်းရောင် နည်းလာသောကြောင့် ပို၍ စိုးရိမ်လာသည်။

"ဗုန်း..."

"ဟာ..."

"ဗုန်း" ခနဲအသံကြောင့် ညိုလုံးခြေလှမ်းများ တုန့်ခနဲ ဖြစ်သွားသည်။ အသံက အတော်ကြီးကျယ်သည်။ အိပ်တန်းတက်ရန်လာသော ငှက်များပင် လန့်ဖျပ်ကာ ထပျံကုန်ကြသည်။ ညိုလုံးက ကြောက်ကြောက်နှင့်နွားကို ဆောင့်ဆွဲ ကာ သုတ်ခြေတင်တော့သည်။ လမ်းကိုလည်း မသိ၊ ကယောင်ကတန်းဖြင့် ပြေးတိုး၍ လျှောက်လာလိုက်သည်မှာ တောစပ်ကိုရောက်တော့ အလင်းရောင်ပင် ပျောက်နေပြီ။

ထန်းရည်ဝိုင်းတွင် ယုန်သောင်၊ တောကြက်သောင်၊ တောကြောင်လိုက် ထုပ်နေသော မဲလုံး ပြောစကားကို သတိရလိုက်သည်။ အဲဒီနေရာရောက်တိုင်း အသံပ်ကြီးတစ်ထုပ် ကျလာသလို "ဗုန်း"ခနဲ အသံကြီး ကြားလိုက်ရသည် ဆိုသောနေရာကို ညိုလုံး ကိုယ်တွေ့ကြုံလိုက်ရပြီ။

* * *

ဆတ်သားခြောက်ဖုတ်၊ မျှောက်ချေးခါး ဟင်းအရည်သောက်၊ ချေ(ဂျီ) သားဟင်းများနှင့် ထန်းရည်ဝိုင်းက စိုပြည်နေစဉ် မဲလုံးက ထန်းရည်တစ်အိုး ထမ်းကာ ရောက်လာသည်။ အိမ်ရှင် ကိုနက်ကျော်က–

"ဟ...မဲလုံး ထန်းရည် ဘယ်က ရလာတာလဲ"

"ကျွန်တော်တို့ရွာမှာ ကုန်သွားပြီဆိုလို့ ဟိုဘက်ရွာက သွားယူလာတာ"

"အေး ဟုတ်တယ်။ ကိုပျော့တို့ ထန်းတဲက ကုန်သွားပြီဆိုလို့ ဒီကားအ ကုန်သွားရင် ဘာဆက်လုပ်ရမလဲ စိတ်ညစ်နေတာ။ မဲလုံး မင်းတော်တယ်၊ ဘစ်ခါတလေလာလည်တဲ့ မုဆိုးကြီးတွေကို ပြုစုချင်နေတာ"

"မုဆိုးကြီးတွေ ရောက်နေတာ ကျွန်တော်ကြားတယ် ဒါကြောင့်မို့

www.burmeseclassic.com

www.burmeseclassic.com



တွေ့လည်း တွေ့ခဲ့နေတာနဲ့ ကိုယ့်ဖျော ထန်းတဲကိုသွားတာ ကိုနက်ကျော်လည်း လာသွားတာပေါ့။ ထန်းရည်လည်း ကုန်နေတယ်ဆိုလို့ တကူးတက သွားယူလာတာ"

"ထိုင်...မဲလုံး၊ ဒါက မုဆိုးစောဂျိမ်း၊ ဟိုနှစ်ယောက်က စောဂျိမ်းတသည့်နှစ်ယောက် ကျော်စိုးနဲ့တင်ဝင်း...စောဂျိမ်း ဒါက ကျွန်တော်တို့ရွာခံ မုဆိုးမဲလုံး။ သူ့ကြောင့် ကျွန်တော်တို့လည်း တောကောင်သား မကြာခဏ စားရပါတယ်"

"ကိုနက်ကျော်က မြှောက်နေပြန်ပြီ။ ကျွန်တော်က မုဆိုးစစ်စစ် မဟုတ်ပါဘူးဗျာ"

မုဆိုးဆိုသောကြောင့် စောဂျိမ်းက စိတ်ဝင်စားကာ–

"ကိုမဲလုံးက ဘာတွေနဲ့ အမဲလိုက်တာလဲ"

"မုဆိုးဆိုလို့ အထင်မကြီးပါနဲ့ဆရာတို့ရယ်။ ကျွန်တော့်မှာ ဘာလက်နက်မှ မရှိပါဘူး။ ပိုက်တို့၊ ထောင်ချောက်တို့နဲ့ ထောင်ဖမ်းတာပါ။ လက်နက်ဆိုလို့ လှံတစ်ချောင်းနဲ့ ဓားတစ်ချောင်းပဲ ရှိပါတယ်။ ဒါတောင် ခွေးနှစ်ကောင် အကူပါမှ ဟင်းစားရတာပါ"

"ဪ...ဪ..."

ကိုနက်ကျော်က–

"ကျွန်တော်တို့ရွာမှာတော့ သူ့ကြောင့် တောကောင်သားတွေ စားနေရတော့ သူ့ကို မုဆိုးကြီးလို့လည်း ခေါ်နေကြတာပါ"

"ဒါလောက်ဆိုရင် သိပါပြီ။ ဒါဆိုရင် တောတော့ ကျွမ်းမယ်ထင်တယ်နော်"

"ဟုတ်ကဲ့ မုဆိုးကြီး။ ဒီတော ဒီကုန်းတန်းတစ်လျှောက်တော့ ကျွန်တော် ခြေရာကြီးပါပဲ"

"ကျွန်တော်တို့မှာ လက်နက်တွေပါတယ်။ တောကောင်ကြီး အထိပစ်လို့ရတယ်။ မနက်စောစောထွက်မယ်၊ လိုက်ခဲ့ပါလား"

"သိပ်လိုက်ပေါ့၊ ဒါမျိုးကို စောင့်နေတာ။ ကျွန်တော်ယူလာတဲ့ ထန်းရည်လည်း သောက်ကြပါဦး။ မြို့မှာလို အရောအနှော မရှိဘူး၊ ပင်ကျရည်စစ်စစ်ပါ"

"သောက်ကြည့်တာနဲ့ သိပါတယ်။ မနက်ဖြန် တောပစ်ထွက်တော့ ခင်ဗျားခွေးတွေ ခေါ်မလာပါနဲ့နော်"

"ဟုတ်ကဲ့ပါ။ ကျွန်တော် သဘောပေါက်ပါတယ်"

* * *



စောဂျိမ်းတို့အဖွဲ့ ဝေလီဝေလင်းကတည်းက ထွက်လာခဲ့သည်မှာ ထန်းတစ်ဖျားလောက် အရောက်တွင် တောထဲသို့ အတော်ခရီးပေါက်လာပြီ ဖြစ်သည်။ သာက အောက်ခြေရှင်းသော တောမျိုး၊ အပေါ်တွင်တော့ ပင်ချင်းယှက်ကာ ဘချို့နေရာများတွင် နေပြောက်မထိုးအောင် အပင်ရှုပ်လှသည်။ မုဆိုးအရောက် အပေါက်နည်းလို့များလားမသိ၊ တောမျောက်မျိုးစုံကတော့ စောဂျိမ်းတို့ အဖွဲ့ဝင်လာသည်နှင့် အထူးအဆန်းသဖွယ်ကြည့်ကာ ဆူညံစွာ အော်ဟစ်နေကြသည်။

တောသရက်၊ တောင်ပိန္နဲနှင့် ဖန်ခါးပင်များ အလွန်ပေါသော တောဖြစ်သည်။ ပဒပ်စာပင်များက နေရာအနှံ့ အလေ့ကျပေါက်နေကာ မြို့နှင့်နီးသော အရပ်ဆိုလျှင် ပဒပ်စာခူးရောင်းရုံနှင့် စီးပွားဖြစ်နိုင်သည်ဟု စောဂျိမ်းက တွေးမိသည်။

ရိုးမ၏အစွယ်ဖြစ်၍ တောင်ကြော၊ တောင်ကုန်းများ ရှိသည်။ ရေနည်းနေသော စမ်းချောင်းများနှင့် ရေထွက် သုံးလေးခုလောက် တွေ့လိုက်ရသည်။ ခတ်ချုံနွယ်၊ ကြွေးနွယ်နှင့် ကြောင်ပန်းရွက်ချုံများ ထူလှသောကြောင့် တောင်ကြောတစ်ခုကိုအတက်တွင် ဝဲဘက် ကြောင်ပန်းရွက်ချုံအကြားမှ "ရှူး"ခနဲ မြည်သံနှင့်အတူ သတ္တဝါတစ်ကောင် တိုးထွက်လာသည်။

မဲလုံးက ရှေ့ကသွားနေ၍ မဲလုံးလွန်သွားမှ အသံပေးကာ ထွက်လာခြင်းဖြစ်၍ စောဂျိမ်းတို့ သုံးယောက်က ယာဘက်သို့ သုံးလေးလှမ်းမျှ ဆုတ်လိုက်ကြသည်။ မဲလုံးက နောက်လှည့်ကာ–

"ဆရာစောဂျိမ်း...သတိထား၊ မြွေဟောက်နဲ့တူတယ်"

ပါးပြင်းခွက်ကာ တစ်လံလောက်အထိ ခေါင်းထောင်နေသည်။ လူကလေးယောက်ဖြစ်၍ မြွေခေါင်းက ရန်ပြုမည့်သူကိုရှာရင်း ခေါင်းကလည်နေသည်။ မဲလုံးက စောဂျိမ်းမျက်နှာကို လှမ်းကြည့်လိုက်သည်။ စောဂျိမ်းက–

"ကဲတော့ ကောင်းနေပြီကွ"

"ဗိုး..."

"ဘုတ်"

ဓားတိုလည်း မဟုတ်၊ ငှက်ကြီးတောင်ဓားလည်း မဟုတ်၊ အရိုးအသွားတစ်တောင်ကျော်လောက်ရှိ မဲလုံးကိုင်လာသည့်ဓားက ဗိုးခနဲ မြည်သံနှင့်အတူ မြွေဟောက်၏ ပါးပျဉ်းအောက်ဘက် တစ်မိုက်လောက်နေရာကို ပိုင်းဖြတ်လိုက်ကာ မြွေပုံကြီးက မြေကြီးပေါ်သို့ ဘုတ်ခနဲ ပုံကျသွားခြင်း ဖြစ်သည်။ ကိုယ်လုံးကြီးက တွန့်လိမ်နေကာ ခဏနေတော့ ငြိမ်သက်သွားသည်။ စောဂျိမ်းက

"ကိုမဲလုံး သွက်လှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



"တချို့မုဆိုးတွေက စောစောစီးစီး မြွေတွေ့ရင် ကံကောင်းတယ်၊ တောကောင်ရတတ်တယ်လို့ အယူရှိတာကြားဖူးလို့ ဆရာစောဂျိမ်းကို လှည့်ကြည့်လိုက်တော့...ကံတော့ကောင်းနေပြီလို့ ပြောတာကြားလိုက်ရလို့ ဆော်ထည့်လိုက်တာပဲ"

"အယူရှိတယ်လို့တော့ မဟုတ်ပါဘူး။ မြွေတွေ့ရင်တော့ တောကောင် မကြာခဏ ရတတ်လို့ပါ"

ကျော်စိုးက–

"မြွေဟောက်သားဟင်းတော့ ညနေစာအတွက် သေချာသွားပြီ။ ကိုမဲလုံး မြွေဟောက်သား စားဖူးလား"

"မစားဖူးဘူး"

"မြွေဟောက်သားက ချိုတယ်ဗျာ။ ပိန်းဥနဲ့ အရည်သောက်ကလေး ချက်စားရင် အင်မတန်ကောင်းပေါ့ဗျာ။ ကဲ..ညနေကျရင် ကျွန်တော်ချက်ကျွေးမယ်။ အဲဒီကောင်ကို ကိုမဲလုံး လုံချည်ဟောင်းနဲ့ ထုပ်ယူလာခဲ့ပေတော့"

စောဂျိမ်းတို့ လာရာလမ်းတစ်လျှောက် တောမျောက်များက ဆူညံနေသည်။ မျောက်ချေးခါးဟင်းက သေချာနေသော်လည်း တခြားအကောင်များကို ပစ်ချင်သောကြောင့် စောဂျိမ်းတို့အဖွဲ့က သည်းခံကာ အေးအေးဆေးဆေးပင် လျှောက်လာကြသည်။ နောက်ထပ် ၁ နာရီလောက် လျှောက်လာသည်အထိ ဟင်းစားကောင်ကို အရိပ်အယောင်မျှပင် မတွေ့သေး။

ဖွေ့(တောင်ရိုးအလယ်ကုန်းကြောကို ခေါ်သည်။)တစ်ခုကို တက်လာကြပြီးနောက် အရိပ်ကောင်း၍ ရှုခင်းကောင်းသော သစ်ပင်ရိပ်တစ်ခုတွင် ထိုင်လိုက်ကြသည်။ သစ်ပင်ရိပ်မှ ထိုင်ကြည့်လိုက်လျှင် အထပ်ထပ်နှင့် မှိုင်းပြာနေသော ရိုးမကြီးကို မြင်နေရသည်။ တချို့နေရာများတွင် မြူတွေ ဆိုင်းနေသည်။ စောဂျိမ်းက–

"ခဏနားကြရအောင်ကွာ။ နံနက်စာကတော့ ကိုနက်ကျော်မိန်းမ လုပ်ပေးလိုက်တဲ့ ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်ဖုတ်ပေါ့ကွာ။ တင်ဝင်းရေ...မစားမီ တင်တာမြှောက်တာလေးလည်း လုပ်လိုက်ပါဦးကွာ။ ချိုကြီးနဲ့ နားရွက်ပုံလေးလည်း တောင်းဟော့"

ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ဖုတ်ကို ရေနှင့်မျှောချကာ ဝမ်းဖြည့်ကြပြီးနောက် လေကောင်းလေသန့်ရှူ၊ ရှုခင်းကို ငေးပြီးနောက် ပက်လက်လှန်ကာ တစ်ယောက်တစ်နေရာစီ လှဲနေကြသည်။ ၁၅ မိနစ်ခန့်လောက်အကြာတွင် ခပ်လှမ်းလှမ်းဆီမှ တဖြုန်းဖြုန်းတောတိုးသံများကို ကြားလိုက်ကြ



ရသည်။ လေးယောက်လုံး ထထိုင်လိုက်ကြကာ လက်နက်ကိုယ်စီဆွဲ၍ အသင့်အနေအထားဖြင့် စောင့်နေလိုက်သည်။

ဥနှံပင်အုပ်စုနှင့် ကြိမ်ပင်အုပ်စုက အနီးတွင် ရှိသောကြောင့် ထိုအပင်များကို အကာအကွယ်ယူကာ စောင့်နေခြင်းဖြစ်သည်။ ဖွေ့အတိုင်း ခြုံများကို တိုးကာ တစ်ဟုန်းထိုးပြေးလာသော သတ္တဝါနှစ်ကောင်၊ ခြုံများကြောင့် ဘာကောင်တွေမှန်း မသိရသေး။

စောဂျိမ်း၊ ကျော်စိုးနှင့် တင်ဝင်းက ကိုင်လာသော လက်နက်များကို အသင့်အနေအထား ချိန်ထားလိုက်ကြသည်။ စောင့်နေသောနေရာနှင့် ၁၅ ကိုက်ခန့်အကွာ ဆင်ခြေလျှော ကုန်းကြောအတိုင်း ပတ်ပြေးလာသော ဆတ်နှစ်ကောင်၊ တစ်ကောင်နှင့်တစ်ကောင် ငါးကိုက်လောက်ပင် ကွာမည်။ ဥနှံပင်များကို အလွန် ပစ်ကွင်းကောင်းသောအနေအထားကို ရောက်သည်နှင့်–

"ဒေါင်း"

"ဖန်း"

စောဂျိမ်းထံမှ ၅၀၀ နှစ်လုံးပြူး ရိုင်ဖယ်သံနှင့် ကျော်စိုးထံမှ ၃၀.၀၆ ရိုင်ဖယ်သံက စက္ကန့်ပိုင်းလောက်သာခြား၍ ထွက်သွားခြင်းဖြစ်သည်။ နှစ်ကောင်စလုံး တုန့်ခနဲဖြစ်သွားကာ ယာဘက်အနိမ့်ပိုင်းသို့ လည်၍ ဗုန်းခနဲ ပစ်ကျသွားတော့သည်။ ထို့နောက် ပေ ၂၀ ခန့်လောက်အထိ ဆင်ခြေလျှောအတိုင်းအထိ လျှောကျသွားကာ ရပ်သွားတော့သည်။ မဲလုံးနှင့်တင်ဝင်းက အပြေးကလေး ဆင်းလိုက်သွားကြသည်။ ချက်ကောင်းမမှန်ပါက ပွဲသိမ်းပေးရန် ဖြစ်သည်။

တင်ဝင်းနှင့်မဲလုံး ရောက်သွားချိန်တွင် နှစ်ကောင်စလုံး အကြောဆွဲကာ ငြိမ်သက်နေပြီ ဖြစ်သည်။ တင်ဝင်းက လှမ်းအော်လိုက်သည်။

"စောဂျိမ်းရေ...အထီးတစ်ကောင် အမတစ်ကောင်ဗျ"

ဆတ်ဖိုမနှစ်ကောင်ကို အပေါ်သို့ဆွဲယူလာပြီးနောက်–

"ကံကောင်းချင်တော့ အဲဒီလိုကွ။ နှစ်ကောင်တွဲပြီး အေးအေးဆေးဆေး တွေ့ရင် ပစ်ဖြစ်မှာ မဟုတ်ဘူး။ အခုတော့ အပြေးအလွှား မဆိုးအကြိုက်ဆိုတော့ ပစ်ဖြစ်တာပေါ့"

ကျော်စိုးက–

"ဒီနှစ်ကောင် တစ်ခုခုကို ကြောက်လန့်ပြီး ပြေးလာတာဖြစ်မယ်"

မဲလုံးက–

"မဟုတ်မှလွဲရော၊ ဗုန်းခနဲ အသံကြီးကြောင့်ပဲ ဖြစ်မယ်"

စောဂျိမ်းက–

"ဟေ...ဘာကွ၊ ဗုန်းခနဲ အသံကြီးဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆရာစောဂျိမ်း"

"မင်းပြောတာ ငါနားမလည်ဘူး။ ရှင်းပြစမ်းပါဦးကွ"

"ဒီလိုဆရာစောဂျိမ်း...အခု ဆတ်နှစ်ကောင်ပြေးလာတဲ့ဘက်မှာ မြောင်လေးတစ်ခုရှိတယ်။ အဲဒီမြောင်ကို ဒီအရပ်က လူတွေက မြောင်ကျပ်လို့ ခေါ်ကြတယ်။ ကျွန်တော် လူမှန်းသိစအရွယ်ကတည်းက ကြားဖူးနေတာ။ ကျပ်ရှိတယ်၊ သရဲရှိတယ်နဲ့ ပြောနေကြတယ်။ ဘယ်သူမှလည်း တကူးတက မသွားကြပါဘူး။ ကျွန်တော်တောင် တောကောင်ထောင်ရင်းနဲ့ မျက်စိလည်ပြီး ရောက်ဖူးတယ်။ မြောင်ရဲ့အောက်မှာ စမ်းချောင်းကလေး တစ်ခုလည်း ရှိတယ်။ ငှက်ပျောတောလည်း ရှိတယ်။ မျက်စိလည်ပြီး ရောက်တုန်းကတော့ ဘာမှ ထူးထူးခြားခြား မတွေ့ပါဘူး။ ဒါပေမဲ့ အနီးအနား ဖြတ်သွားရင် "ဗုန်း"ခနဲ တစ်ခုခု ပြုတ်ကျတဲ့အသံကြီးကို ခဏခဏ ကြားဖူးတယ်။ တစ်နေ့ကတင် ရွာထဲက ညိုလုံးနားပျောက်ရာရင်းနဲ့ အဲဒီနားက ဗုန်းခနဲအသံကြီး ကြားလိုက်လို့ ကြောက်ပြီး ပြေးလာတယ်လို့ ပြောတယ်။ ထင်းခွေသွားတဲ့လူတို့ မှိုချိုးမျှစ်ချိုး သွားတဲ့လူတို့လည်း ကြုံခဲ့ဖူးတယ်လို့ ပြောတယ်"

"ဘာပြုတ်ကျတယ်ဆိုတာတော့ တစ်ယောက်မှ မတွေ့ဖူးသေးဘူးပေါ့"

"ဟုတ်တယ်...ဆရာစောဂျိမ်း"

"ပြုတ်ကျတာများကွာ...ပြေးကောက်လိုက်ပေါ့။ တောထဲမှာ ထောင်ခြောက်တာတို့၊ တောမှောက်တာတို့ကတော့ မုဆိုးဘဝမှာ ရိုးနေပါပြီ"

"အဲဒီမြောင်ကျပ်ဘက်ကို သွားကြည့်မလား ဆရာစောဂျိမ်း။ သိပ်မဝေးပါဘူး။ ကံကောင်းရင် ဟင်းစားကောင်း ရနိုင်တယ်"

"သိပ်မဝေးရင်တော့ သွားကြမယ်ကွာ။ ဒီနှစ်ကောင်ကို သစ်ပင်တစ်ပင်မှာ ချိတ်ခဲ့။ တော်ကြာ တခြားအကောင်တွေ စားသွားမှာ စိုးရတယ်"

မဲလုံးပြောသော မြောင်ကျပ်က သိပ်မဝေးလှ။ ၁၀ မိနစ်ခန့်လျှောက်သွားရုံနှင့် ရောက်လာသည်။ စောဂျိမ်းတို့အဖွဲ့ ရောက်နေသော ဇွဲ(ကုန်းကြော)၏ အနောက်ဘက်တည့်တည့်မှာ ဖြစ်သည်။ တဖြည်းဖြည်း နိမ့်ဆင်းသွား၍ ချိုင့်နေသောကြောင့် ဝါးတော၊ ငှက်ပျောတောက မိုက်နေအောင် ကောင်းလှသည်။

တောကောင်းလှ၍ စောဂျိမ်းတို့အဖွဲ့ လက်နက်များကို သတိအနေအထားဖြင့် ကိုင်၍ ဆင်းလာကြရာ တောင်လေဖြူးဖြူးက တစ်ချက်ဝှေ့လိုက်ရာ စောဂျိမ်းတို့လျှောက်လာရာ ယာဘက်ခြမ်း တစ်နေရာမှ-

"ဗုန်း"

အတော်ကျယ်လောင်သော အသံဖြစ်သည်။ မြောင်အောက်ဘက်ဆီမှ ကျေးငှက်သာရကာများပင် လန့်ဖျပ်၍ ထပျံကုန်ကြသည်။



စောဂျိမ်းက-

"အသံက နီးနီးလေးကွ၊ သွားကြည့်မယ်ကွာ"

အသံကြားရာဆီသို့ စောဂျိမ်းကပင် ဦးဆောင်ကာ ထွက်လာခဲ့သည်။ သိပ်မသွားလိုက်ရ၊ လေအဝှေ့တွင် မွှေးကြိုင်နေသော ပိန္နဲသီးနံ့က ထောင်းခနဲ ထွက်လာသလို တစ်နေရာတွင် လုံးကြီးနှစ်ဖက်စာမျှရှိသော ပိန္နဲပင်ကြီး။ အသီးများက နေရာအနှံ့သီးနေကာ အသီးတော်တော်များများက အတော်အလုံးကြီးသော အသီးများဖြစ်သည်။ လူမရောက် သူမရောက်ဖြစ်၍ ခူးမည့်သူမရှိ ဖြစ်ကာ အပင်ပေါ်တွင် မှည့်၍ အောက်ကို ပြုတ်ကျနေသော အသီးများကလည်း တစ်ပုံကြီး။ ကျေးငှက်များ၊ တောသတ္တဝါများ ဖောက်စားထားသော အသီးများကလည်း အများအပြား။ စောဂျိမ်းက မဲလုံးကို ကြည့်လိုက်သည်။

"ဒါလောက်ကြီးတဲ့ အသီးကြီးတွေ အပင်အမြင့်ကြီးပေါ်က ပြုတ်ကျမှတော့ ဗုန်းခနဲ မမြည်လို့ ဘယ်လိုမြည်မတုန်း မဲလုံးရ"

"သဘောပေါက်ပြီ ဆရာစောဂျိမ်း။ အသီးတွေကလည်း အိမ်မှာသီးတွေဗျ။ အပြန်စားဖို့ တစ်လုံးလောက် ထမ်းသွားရဦးမယ်။ ရွာကလူတွေလည်း ပြောလိုက်ဦးမယ်"

"ကဲ...ဗုန်းခနဲ ကိစ္စပြီးရင် ဒီအောက်မှာ ခဏထိုင်ကြကွာ။ မြောင်ထဲလည်း ဆင်းမနေနဲ့တော့။ ဒီလောက် တစ်ဗုန်းဗုန်းအသံတွေ ကြားနေရရင် မြောင်ထဲမှာ ဘာကောင်မှရှိမှာ မဟုတ်တော့ဘူး။ လန့်ပြေးကုန်ကြရောပေါ့"

တင်ဝင်းက-

"စောဂျိမ်း...ထိုင်ပြီး ဘာလုပ်ဦးမှာလဲ"

"မင်းကျောပိုးအိတ်ထဲက ရမ်ပုလင်းထုတ်..."

"ဘာနဲ့ မြည်းမှာလည်း၊ ဆတ်သားခြောက်က ကုန်ပြီ"

"ညံ့ပါ့ကွာ၊ ပိန္နဲသီးမှည့်နဲ့ မြည်းမှာပေါ့"

"ဗျာ...ပိန္နဲသီးမှည့်နဲ့..."

"ဒါမျိုး မမြည်းဖူးဘူး မဟုတ်လား..."

စောဂျိမ်းက ရမ်ပုလင်းဖွင့်ကာ ပိန္နဲသီးမှည့်နဲ့ လက်တွေ့မြည်းပြလိုက်သည်။ ထိုအခါကျမှ ကျော်စိုး၊ တင်ဝင်းနှင့် မဲလုံးပါ ရောယောင်၍ စောဂျိမ်းနည်းသလို တစ်ယောက်တစ်ခွက် ချလိုက်ကြသည်။

ကောင်းမကောင်းတော့ မသိ၊ ရမ်ပုလင်းတော့ တက်တက်ပြောင်သွားသောအခါများ၏။

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com



# မြစ်ပယ်၏ လွှမ်းချစ်သက်ဝေ

နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)

(၁)

ကြာတော့လည်း ကြာမြင့်ခဲ့ပါပြီ။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်၊ ၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင် လောက်ဆီက ဖြစ်ပျက်ခဲ့သော ထူးဆန်းသော **'စိတ္တဇဆန်ဆန် ဖြစ်ရပ်မှန်ဇာတ်လမ်း'** တစ်ခုပဲ ဖြစ်ပါသည်။

လူ့လောကကြီးသည် အလွန်ဆန်းကြယ်လှ၏။ ထိုနည်းတူ လူတို့၏ နှလုံးသားသည်လည်း ပို၍ နားလည်ရခက်၊ အသိရခက်လှပါသည်။ လူသည် အစွဲအလမ်းလွန်၊ အချစ်လွန်ကဲလျှင်လည်း ကြောက်စရာကောင်း၏။ သိစိတ် (Sub conscious mind)နှင့် မသိစိတ်( unconscious mind)တို့ ရောထွေးကာ ဆက်ပြန်ပေါက်ကွဲ ပွင့်ထွက်တတ်လာလေသည်။ ထိုအခါ အမှားနှင့် အမှန်ကို ဆခွဲ၍မရတော့ဘဲ အလွန် သိမ်မွေ့နူးညံ့သည့် အချစ်သည် နှလုံးသား၏ အဆိပ် ဖြစ်သွားရတော့သည်။

ထိုထူးဆန်းသည့် အဆိပ်ရည်လွှမ်းသော အချစ်ဇာတ်လမ်းဖြစ်ရပ်မှန် နှင်းလေးက စာရေးသူ၏ အသည်းစိုင်မှာ ယနေ့တိုင်အောင် မေ့မရနိုင်စွာ စွဲထင်ကျန်ရစ်နေဆဲ ရှိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေရာက သထုံခရိုင် ဘီးလင်းမြို့လေးဖြစ်သည်။ စိမ်းညို့မှိုင်းဝေသော ဆေးခင်းတောင်တန်းနှင့် ပြာလွင်လဲ့လဲ့ ဘီးလင်းမြစ်ကွေ့၏ကြားဝယ်တွင် တည်ရှိသော ဘီးလင်းမြို့လေးသည် ဖြူဝင်းစက်သည့် လရောင်အောက်တွင် နိုးထလျက် နေလေသည်။

မှန်ပါသည်။ တန်ဆောင်မုန်းလပြည့်နေ့ညမို့ လမင်းကြီးက ဝန်းဆက်လှပစွာ လင်းထိန်နေလျက် ဘီးလင်းတစ်မြို့လုံးကို ဘော်ငွေရောင်ဖြင့် လွှမ်းခြုံထားပါ၏။

မြို့လယ်ခေါင် ဘောလုံးကွင်းကြီးထဲမှာလည်း စိန်ကျော်လွင်ဇာတ်အဖွဲ့က ဂီတသံတို့ဖြင့် စိုးမိုးထားသောကြောင့် ပွဲခင်းကြီးတစ်ခုလုံး ခြိမ့်ခြိမ့်သဲစည်ကား နေသည်။ ယနေ့ညပွဲက ဒုတိယမြောက်ည။

ထို့သို့ ဆိုင်းသံဗုံသံဖြင့် ဆူညံဝေကာ ဂီတလွှမ်းသည့် ချစ်မြတ်နိုးစရာ ညချမ်းလေးကို အရုပ်ဆိုးအကျည်းတန်အောင် ထိတ်လန့်ချောက်ချားစရာ သတင်း တစ်ပုဒ်က ဖျက်ဆီးဝါးမြိုပစ်လိုက်ပါတော့သည်။

ထိုသတင်းက တခြားမဟုတ်။ ပြဇာတ်ပြီးချိန်နှင့် နှစ်ပါးသွားမထွက် သေးမီ အားလပ်ချိန်။ လူတွေပွဲခင်းထဲမှာ ဆူညံစွာ သွားလာလှုပ်ရှားနေ ည ၁၂ နာရီနှင့် ၁ နာရီကြား။ ထိုအချိန်လေးကြားမှာပဲ ခေါင်းဆောင်မင်းသမီး မြစံပယ်ဝေ တစ်ယောက် ပွဲခင်းနောက်ဘက် ခပ်လှမ်းလှမ်းက မရမ်းပင် အမှောင် ရိပ်အောက် သွေးအိုင်ထဲ၌ အသက်ပျောက်နေသည့် သတင်းပဲ ဖြစ်ပါသည်။

မင်းသမီး မြစံပယ်ဝေ အသတ်ခံရမှု သတင်းက ချက်ချင်း ပွဲခင်းအ ပျံ့နှံ့သွားသည်။ ကြောက်လန့်တကြား ပြေးသူပြေး၊ ပြန်သူပြန်၊ ပွဲခင်းနောက် မင်းသမီးအလောင်းနားမှာလည်း လူတွေအုံသူအုံနှင့် ပွဲခင်းတစ်ခုလုံး ရုတ်ရုတ် သဲသဲ ဆူဆူညံညံတွေ ဖြစ်ကုန်သည်။

ဇာတ်မန်နေဂျာနှင့် တာဝန်ခံလူကြီးတွေက ပွဲကိုထိန်းထားပြီး ဘီးလင်း ရဲဌာနသို့ အကြောင်းကြားသဖြင့် ရဲဌာနအုပ်ကြီး ဦးမောင်မောင်စိန်နှင့် ရာဇဝတ် အုပ် ဦးဝင်းအောင်တို့ ရောက်လာကြသည်။ ရဲသားသုံးဦးလည်း ပါလာကြသည်။

အလောင်းက ဇာတ်စင်နောက် ကိုက် ၁၀၀ ကျော်ခန့်ရှိ မရမ်းပင်ခြေရင်း အမှောင်ရိပ်အစပ်တွင် ရင်ညွန့်၌ ဓားဒဏ်ရာ တစ်ချက်တည်းနှင့်ပင် ခွေခွေလေး လဲကျ သေဆုံးနေခြင်း ဖြစ်သည်။

လရောင်ဖြင့် မသဲမကွဲ မြင်နေရသည့် မြစံပယ်ဝေ၏ စွဲမက်ချစ်စရာ မျက်နှာလေးက မိတ်ကပ်ရောင်စုံတွေနှင့် အိပ်မောကျနေသည့်နှယ် ပြုံးယဲ့ယဲ့လေး သေနေရှာသည်။



ရဲဌာနအုပ်ကြီး ဦးမောင်မောင်စိန်နှင့် အဖွဲ့သားများက အလောင်းကို သေချာစွာ စစ်ဆေးပြီး ဘီးလင်းတိုက်နယ်ဆေးရုံသို့ ညတွင်းချင်း အလောင်း ကို သယ်ဆောင်သွားကြသည်။

* * *

(၂)

နောက်တစ်နေ့မနက် ဆေးရုံဝင်းလေးထဲတွင် လူတွေက တရုန်းရုန်း။ မင်းသမီးအလောင်းကို လာကြည့်ကြသူတွေက တိုးဝှေ့နေသည်။

မင်းသမီးအလောင်းကို ပထမဦးဆုံး တွေ့ရှိခဲ့သူက လက်ထောက် မင်းသမီး ခင်စိုးမြင့်။ သူက ပြဇာတ်အပြီး နှစ်ပါးသွားထွက်ရန် မင်းသမီး အဝတ်အစားများ ဝတ်ပြီး မျက်နှာကို မိတ်ကပ်ပို့နေသည်။ ပြီးနောက် မှန်ရှေ့ မှခွာကာ အပေါ့အပါး သွားချင်သဖြင့် ဇာတ်စင်နောက်ဘက်ရှိ အမျိုးသမီး အိမ်သာဆီ ထွက်လာခဲ့သည်။

လကလည်း သာသဖြင့် တစ်ယောက်တည်း သီချင်းလေး ညည်းပြီး အလာ ခပ်လှမ်းလှမ်း မရမ်းပင်ရိပ်ထဲမှ လဲကျနေသည့် လူရိပ်တစ်ခုကို လရောင် ဖြင့် မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

ခင်စိုးမြင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အဝတ်အစားများကလည်း အဖြူရောင်တွေမို့ အမှောင်ရိပ်ထဲမှ ဖြာထွက်နေသည်။ ပထမတော့ လူကြမ်း သောင်းကျန်းသူများ အရက်မူးပြီး လဲနေသလား ထင်လိုက်သည်။ နောက် မသင်္ကာ သဖြင့် အနားတိုးပြီး သွားကြည့်လိုက်တော့ မြစံပယ်ဝေ၏ ဖြူဖွေးသည့် မျက်နှာ လေးကို ဘွားခနဲ မြင်တွေ့လိုက်ရတော့သည်။

"အမလေး...မစံပယ်ပါလား။ လာကြပါဦး...လာကြပါဦး..."

သည်တော့မှ ခင်စိုးမြင့် လန့်အော်လိုက်ပြီး အူယားဖားယား ဇာတ်စင် နောက်ကို ပြန်ပြေးဝင်လာသည်။ ဇာတ်သမားတွေလည်း ခင်စိုးမြင့် အော်သံ ကြောင့် ပြေးထွက်လာကြပြီး...

"ဟဲ့...ခင်စိုးမြင့်၊ ဘာဖြစ်လို့လဲ..."

"ဟိုမှာ...မရမ်းပင်အောက်မှာ မစံပယ်...မစံပယ်"

သူ့စကားမဆုံးမီ လူပြက်ချက်ကြီးနှင့် ဇာတ်သမားတွေ မရမ်းပင်အောက် ဆီ ပြေးထွက်သွားကြသည်။

သည်မှာပင် မြစံပယ်ဝေ၏ အလောင်းကို သူတို့ တွေ့ကြရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆန်းတော့လည်း ဆန်းသည်။

မြစံပယ်သည် အလွန်ချောမောလှပသလောက် အင်မတန် စိတ်သဘော ထားကောင်းသူ မင်းသမီးဖြစ်သည်။ တစ်ဇာတ်လုံးကလည်း သူ့ကို ချစ်ကြသည်။ နှာတံချွန်ကောကောလေးနှင့် မျက်ခုံးက နက်မှောင်နေကာ မျက်လုံးတွေက ဝင်းတောက်စိုလဲ့နေသည်။ ပါးလျလျ နှုတ်ခမ်းလေးကလည်း သဘာဝအတိုင်း ရဲရိုနေကာ တစုသီးအလျားလိုက်ပုံသဏ္ဌာန် ချစ်စရာလေးဖြစ်နေသည်။ ပါးထက်မှ မှဲ့နက်ကလေးက မြစံပယ်ဝေ၏ အလှကို ထပ်ဖြည့်ထားသလို ကျက်သရေ ရှိနေသည်။

မြစံပယ်ဝေ အသားက တအားအဖြူကြီး မဟုတ်။ ဝင်းစိုပြီး အဝါဘက် လုကာ စိမ့်စိမ့်လေး ချောမွေ့လွန်းလှသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဘာမှပြောစရာမရှိအောင် ပြည့်တင်းကျစ်လျစ်နေပြီး အချိုးအဆစ်ကျသည်။ ပြီး မြစံပယ်ဝေက ခေတ်ပညာတတ် ၁၀ တန်းကျောင်းသူ ပန်တျာကျောင်းဆင်း။

ဒါကြောင့်လည်း ကာလသားတွေ နှုတ်ဖျားမှာ မြစံပယ်ဝေ၏ အလှက ကဗျာတစ်ပုဒ်လို ဖွဲ့နွဲ့စရာ ဖြစ်နေသည်မှာ မဆန်းချေ။

ဆန်းသည်က သည်လောက်ချောမောလှပပြီး ချစ်ခင်သူတွေ ဝိုင်းဝိုင်း လည်နေသည့် မင်းသမီးလေးကို ဘယ်သူက ရက်ရက်စက်စက် သတ်သွား ပါလိမ့်ဟူသော ပဟေဠိပင်။

ရဲဌာနာအုပ်ကြီး ဦးမောင်မောင်စိန် အတော် ဦးနှောက်ခြောက်သွားသည်။ စဉ်းစားရ အလွန်ခက်နေသည်။ သူ့အပိုင် နယ်ထဲမှာ ပွဲခင်းကြီးထဲ ညကြီးမင်း ကြီး ဝင်သတ်သွားသည့် တရားခံ၏ သဲလွန်စက ပျောက်နေသည်။ တရားခံ၏ လက်ရာ ခြေရာကိုလည်း ဘာမှ ရှာမတွေ့ရ။ ဇာတ်အဖွဲ့သား အားလုံးကိုလည်း တစ်ဦးချင်း အားလုံး ခေါ်စစ်ပြီးပြီ။ ဘယ်သူမှ သေချာမသိ။

ဇာတ်မန်နေဂျာ ကိုအေးဝင်း ပြောပြချက်အရ ဆိုရင်တော့ မသက်ာစရာ လူနှစ်ယောက်တော့ တွေ့ရှိထား၏။ တစ်ယောက်က ပြဇာတ်မင်းသား ရေနံ့သာ ဝင်းမြင့်။ သူ့အသက်က ၃၀ ခန့်ရှိ လူငယ်တစ်ဦး။ အသားညိုညို၊ နှာတံပေါ် ပေါ် မေးရိုးမသိမသာလေးကားပြီး မျက်ခုံးထူထူ၊ ဆံပင်ကောက်ကောက်နှင့် လူကြမ်းမင်းသားချော ချောသူ။ ကိုယ်လုံးကိုယ်ပေါက် တောင်တောင့်၊ အရပ် မြင့်မြင့်။ မိန်းမတွေ ကျလောက်သည့်ရုပ် ရှိသည်။

စိန်ကျော်လွင် ဇာတ်အဖွဲ့ထဲတွင် ဒီနှစ်မှ ရောက်ရှိလာသူ။ ပြဇာတ် မင်းသား။ သူကလည်း ခေတ်ပညာတတ်။ ကုန်သည်မျိုးနွယ်က ဆင်းသက် လာသူ။ ဝါသနာအလျောက် ဇာတ်ထဲရောက်လာသူ ဖြစ်သည်။ သူက မြစံပယ်



ဝေကို ချစ်နေသည်။ ချစ်ခွင့်လည်း ဆိုထား၏။ သို့သော် မြစံပယ်ဝေက သူ့ကို ချစ်တဲ့မပြန်။ အစ်ကိုလိုပဲ ခင်ပါရစေဟု ပြုံးပြုံးလေးပဲ မြစံပယ်ဝေက ပြောခဲ့သည်ဟု ဆိုသည်။

နောက်တစ်ဦးကတော့ ဂီတစာဆို စန္ဒရားဆရာ တစ်ခုလပ် တင်အောင် သူ။ သူက ဖြူဖြူပိန်ပိန်နွဲ့နွဲ့။ အသက် ၂၈ နှစ်ခန့်။ ဆံပင်ရှည်ရှည်နှင့် မိန်းမ ချော ချောသည်။ တစ်ဇာတ်လုံး သီချင်းတွေကို သူကပဲ ရေးပေးသည်။ သူက ဒီဇာတ်ထဲရောက်လာတာ ၃ နှစ်ရှိပြီ။ သူ့မိန်းမက အရင်က ပြဇာတ် မင်းသမီး တစ်ဦးဟု ဆိုသည်။ မိန်းမနှင့်ကွဲပြီး သူ ဒီဇာတ်ထဲရောက်လာသည်။ သီချင်းဆို လည်း ကောင်းသည်။ သူ့အသံကြားလျှင် တော်ရုံမိန်းကလေး စွဲသွားနိုင်သည်။ ကျသွားနိုင်သည်။

သို့သော် သူက စန္ဒရားအတီးကောင်းသလို အရက်ကို စွဲမက်ခုံမင်သည်။ စန္ဒရားတီးနေရင်း အရက်ပုလင်းကိုလည်း ဘေးမှာချထားသည်။ သူက အချစ်ကို အရက်နှင့် စတေးနေသူ။

သူကလည်း မြစံပယ်ဝေကို ချစ်သည်။ ရင်ဖွင့်မတတ် မြစံပယ်ဝေကို ချစ်ပါသည်ဟု ဆိုပါသည်။ သူချစ်နေမှန်းကိုလည်း တစ်ဇာတ်လုံး သူပြော ထားသဖြင့် အားလုံးက သိနေသည်။ သို့သော် ကာယကံရှင် မြစံပယ်ဝေကို တော့ သူ ဖွင့်မပြော။ သူကတော့ အုံ့ပုန်းချစ်သမား။

သူကလည်း အရက်သောက်တာ တစ်ခုကလွဲလျှင် လေးစားစရာ ကောင်း သည်။ သူ့စည်းနှင့်သူ နေသည်။ ဝင်းမြင့်ကလည်း သူ့ကို လေးစားသည်။ သူတို့နှစ်ဦးစလုံး မြစံပယ်ဝေကို ချစ်နေကြသော်လည်း ဘယ်တော့မှ သူတို့နှစ်ဦး တွေ့လျှင် မြစံပယ်ဝေ အကြောင်းကို စကားမဟကြ။

သူတို့နှစ်ဦးက တစ်ဦးဦးများ မြစံပယ်ဝေကို အချစ်မွန်ပြီး ဒေါသ အလျောက် လက်လွန်သွားလေသလား။ ကြည့်ရတာကတော့ တစ်ယောက်မှ မှုမပျက်။ ဌာနာအုပ်ကြီး တော်တော် စဉ်းစားရ ခက်နေသည်။

* * *

(၃)

ဆရာဝန်စစ်ချက်အရဆိုလျှင်လည်း အသွားခြောက်လက်မခန့်ရှိ ဓား ထက်သော ဓားမြှောင်လို အရာဝတ္ထုဖြင့် တစ်ချက်တည်း ရင်ညွန့်ကို အဆုံးသတ် ထိုးခဲ့ပုံရသည်ဟု ဆိုထားသည်။ တခြား ဘာထူးခြားချက်မှ မတွေ့ရ။ မြစံပယ်ဝေ ကိုယ်မှာဝတ်ဆင်ထားသည့် ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားကပ်

www.burmeseclassic.com

www.burmeseclassic.com



မြဘာယက် စသည့် လက်ဝတ်ရတနာများကိုလည်း ဘာတစ်ခုမှ ယူမသွား။

ထူးတော့ ထူးဆန်းသည်။ တရားခံ လူသတ်သမားသည် မည်သည့် အငြိုးနှင့်များ မြစ်ပယ်ဝေကို ရက်ရက်စက်စက် သတ်သွားပါလိမ့်။ မြစ်ပယ်ဝေ ရုန်းကန်လှုပ်ရှားကာ တရားခံကို ပြန်လည် ခုခံသတ်ပုတ်ထားသည့် အရာလည်း မတွေ့ရ။ သေဆုံးပုံကလည်း ညင်ညင်သာသာ ပြုံးမွေ့မွေ့လေး။ မချိမဆန့် အံ့ဩထိတ်လန့်ခဲ့သည့် အမူအရာဖြစ်ပုံမျိုးလည်း မဟုတ်။ သူ မထင်မှတ်သူ သူနှင့် ရင်းနှီးချစ်ခင်သူ တစ်ဦးဦးထဲကပေလား။

ခက်သည်က ဇာတ်စင်နောက်ဘက်နား မရမ်းပင်ရိပ်တွင် ဆိုတော့လည်း တစ်နေ့လုံး အဲဒီနားမှာ သွားလာနေကာ ချက်ပြုတ်စားသောက်နေကြသဖြင့် ခြေရာတွေက ရှုပ်နေသည်။

သဲလွန်စတစ်ခုခု တွေ့လိုတွေ့ငြား ရာဇဝတ်အုပ် ဦးဝင်းအောင်နှင့် ရဲသားနှစ်ဦးတို့ကိုလွှတ်ပြီး အခင်းဖြစ်ပွားခဲ့သည့် နေရာတစ်ဝိုက်ကိုတော့ သေသေချာချာ ပြန်စစ်ဆေး ကြည့်ရှုခိုင်းထားသေးသည်။

ပြီး…လူဆိုးထိန်း ချစ်ဆွေနှင့်အဖွဲ့ကိုလည်း နှင်းပုလဲ၊ ရွှေလှေ၊ လိပ်သင်၊ ဒေါက်ရပ် စသည့် ရွာများသို့ သွားပြီး စုံစမ်းပေးဖို့ မှာထားသည်။

သို့သော် ညနေဘက်တွင် မမျှော်လင့်ဘဲ ဇာတ်အဖွဲ့မန်နေဂျာ ကိုအေးဝင်း ရောက်လာပြီး သတင်းတစ်ခုပေးသည်။

"ဌာနာပိုင်ကြီး…ကျွန်တော် သတင်းတစ်ခုပေးချင်လို့ လာခဲ့တာပါ။ အရေးတော့ နည်းနည်းကြီးမလား မသိဘူး။ ကျွန်တော် လူကြမ်း ဘဂျမ်းနဲ့ လူပြက်ချက်ကြီးတို့နှစ်ယောက်ကို သိပ်မသင်္ကာဘူး။ ဌာနာပိုင်ကြီး။ ဒီနှစ်ကောင် ကြည့်ရတာ နည်းနည်းမှုပျက်နေသလိုပဲ"

ဌာနာပိုင်ကြီးက ညနေစာ ထမင်းစားပြီး ဧည့်ခန်းထဲထိုင်ကာ အမှုအကြောင်း စဉ်းစားရင်း ရေနွေးကြမ်း သောက်နေသည်။ ထိုစဉ် မန်နေဂျာ ကိုအေးဝင်း ရောက်လာပြီး သတင်းလာပေးခြင်း ဖြစ်သည်။

"ဆိုပါဦး…ဘယ်လို မှုပျက်နေတာလဲ…"

"ဘဂျမ်းအရင်က အရက်မသောက်ပါဘူး။ ချက်ကြီးကတော့ သောက်တတ်တယ်။ ဒီညနေတော့ ချက်ကြီးနဲ့ ဘဂျမ်း အရက်အတူတူသောက်နေကြပြီး မီးဖိုနားမှာ တိုးတိုး တိုးတိုးနဲ့ တိုင်ပင်နေကြတာ တွေ့တယ်။ ဘဂျမ်းပုံ ကြည့်ရတာလည်း တစ်ခုခုကို ထိတ်လန့်နေသလိုပဲ။ အဲဒါ ကျွန်တော် သိပ်မသင်္ကာတာနဲ့ ဌာနာပိုင်ကြီးကို လာပြောတာ။ ဒီကောင်တွေ လူသတ်မှုနဲ့ ပတ်သက်ပြီး တစ်ခုခုပဲ။ ပြီးတော့ ဘဂျမ်းဟာ အရင်ကလည်း ဇ,ရှိဖူးတယ် ကြားဖူးတယ်…"



"ဟုတ်လား…ဘယ်လို ဇ,ရှိတာလဲ…"

"အရင် သူလိုက်ခဲ့ဖူးတဲ့ တိုင်းချစ်သန်းစိန်ဇာတ်ထဲမှာ ဇာတ်မင်းသား …ယောက်နဲ့ ရန်ဖြစ်ပြီး ဓားထိုးမှုဖြစ်ခဲ့ဖူးတယ် ကြားတယ်။ ပြီးတော့ လူပြက် …ကြီးကလည်း ခပ်ရှုပ်ရှုပ်၊ အရင်က ဖဲသမား…"

"ကောင်းပြီ ကိုအေးဝင်း၊ ကျေးဇူးပဲ။ ဒီကောင်နှစ်ကောင်ကို ကျွန်တော့်ဆီ …ချက်ချင်းလွှတ်လိုက်ဗျာ။ နေဦး…ကျွန်တော့် ရဲသားအုန်းလွင်ပါ ထည့်လိုက် …ယ်။ ရဲဌာနထဲက ကျွန်တော် စောင့်နေမယ်"

ဌာနာအုပ်ကြီးက ကိုအေးဝင်းကိုခေါ်ပြီး အိမ်ထဲမှ ထွက်လာခဲ့ကြသည်။ …အုပ်ကြီးအိမ်က ရဲဌာနဝင်း အရှေ့ထောင့်တွင်ရှိသည်။ လေးခင်တောင်နှင့် …လမ်းလေးသာခြားသည်။ ဘီးလင်းရဲဌာနက ဘီးလင်းအချုပ်ထောင်ကြီးနှင့် …ထားသည်မို့ အကျယ်ကြီး ဖြစ်သည်။ ရဲဌာနက အချုပ်ထောင်နှင့်ကပ်လျက် …နဝင်းအလယ်တွင် ရှိသည်။

ခဏကြာတော့ လူကြမ်းဘဂျမ်းနှင့် လူပြက်ချက်ကြီးတို့နှစ်ဦး ရဲသား …လွင်နှင့်အတူ ပါလာသည်။ ပထမ ဘဂျမ်းကို အရင်ခေါ်ပြီး ဌာနာပိုင်ကြီးက …သီးသန့်ရုံးခန်းထဲ ခေါ်စစ်သည်။

ဘဂျမ်းပါးစပ်က ချက်အရက်နံ့ သင်းသင်းထွက်နေသည်။ လူကလည်း …နည်းတွေနေပုံရသည်။ မှုပျက်နေသည်။ မျက်နှာက ထိတ်ထိတ်ပြာပြာနှင့် …ကြောက်လန့်နေသည့် အသွင်ပေါ်နေသည်။

"ကဲ…ဟေ့ ဘဂျမ်း၊ မင်းကို သိပ်ရှည်ရှည်ဝေးဝေးတွေ မမေးချင်တော့ …။ မင်းအကြောင်းတွေ ငါတို့အားလုံး စုံစမ်းထားလို့ သိနေပြီးနေပြီ။ မင်းလည်း …ကိုမင်း သိမှာပေါ့။ ကဲ…လူသတ်မှုနဲ့ ပတ်သက်ပြီး မင်းမှန်မှန်ပြောမလား။ …ဖုံးကွယ်ထားရင် ဒီထက်ပိုဆိုးမယ်…ကဲ…"

ဘဂျမ်းမျက်နှာကြီးက ရှာတော့မည့် မိုးလိုအုံ့မှိုင်းသွားသည်။ ငိုမဲ့မဲ့ …ရှုပ်ရှုပ်ကြီး ဖြစ်သွားပါသည်။ တစ်ကိုယ်လုံး ချွေးချေးတွေ ပြန်လာပြီး …တုန်ယင်ယင် ဖြစ်လာသည်။

"မိုးကြိုးပစ်…ဘုရားစူးပါရဲ့ ဌာနာပိုင်ကြီးရယ်။ ကျွန်တော်ဇာတ်ထဲမှာ …ကြမ်းလုပ်စားနေပေမယ့် ငှက်ကလေး တစ်ကောင်တောင် မသတ်ဝံ့ပါဘူး။ …ရင်တစ်ခါ ကျွန်တော်ဓားထိုးမှု ဖြစ်တာလည်း အရက်မူးပြီး ကြောက်ကြောက် …လန့်နဲ့ ပြန်လုပ်ခဲ့မိတာပါ။ သတ္တိရှိလို့ မဟုတ်ပါဘူး။ ဒါကြောင့် ခု မြစ်ပယ်… …သိုးခံရပြီး သေရတာဟာ ငါ့ကိုတော့ အမှုပတ်တော့မှာပဲဆိုပြီး ချက်ကြီးနဲ့ …ပြနေမိတာ။ အဲဒါ အရမ်းကြောက်တာနဲ့ ချက်ကြီး အရက်တိုက်လို့ သောက်

www.burmeseclassic.com



...သောက်နေတာပါ ဥာနာပိုင်ကြီးရယ်။ ကျွန်တော် လူသတ်မှုကိစ္စ ဘာ မှ,မသိပါဘူး တကယ်ပါဗျာ..."

ဘဂျမ်း အမူအရာကို ကြည့်ရတာ တကယ် ဖြစ်နိုင်သည်။ ဟန်ဆောင် လုပ်ပြနေတာမဟုတ်မှန်း ဥာနာအုပ်ကြီး နားလည်သည်။ တရားခံတွေကို ကိုင် တွယ်ခဲ့သည်မှာ များပြီမို့ အတွေ့အကြုံအရ ချက်ချင်း သိလိုက်သည်။ ဘဂျမ်း မဖြစ်နိုင်။ သို့သော် တရားခံဆိုသည်များမှာ ပရိယာယ်တော့ များသည်။ လျှော့ တွက်ထား၍တော့ မဖြစ်။

"အေး...မင်းစဉ်းစားပေါ့ကွာ။ ကဲ...အုန်းလွင်ရေ၊ ဒီကောင့်ကို အချုပ်ထဲ ထည့်ထားလိုက်ကွာ။ ချက်ကြီးကို ဒီလွှတ်လိုက်..."

ဘဂျမ်း ငိုမဲ့မဲ့မျက်နှာနှင့် အုန်းလွင်နောက် ပါသွားသည်။ လူပြက်ချက်ကြီး ဝင်လာပြီး စားပွဲရှေ့ခုံမှာ ဝင်ထိုင်သည်။

သူ့ပုံစံက ခပ်အေးအေး။ အရက်နံ့က မွှန်နေပေမယ့် ဣန္ဒြေရသည်။ မျက်လုံးတွေကတော့ ဂနာမငြိမ်။ မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး ချီတုံချတုံ ဖြစ်နေပုံရသည်။

ဥာနာအုပ်ကြီးက စီးကရက်ကို မီးညှိပြီး ဖြည်းညှင်းစွာဖွာသည်။ မီးခိုး များကို ဖြည်းညှင်းစွာ ပြန်မှုတ်ထုတ်ရင်း ချက်ကြီးကို ခပ်စူးစူးစိုက် ကြည့်ပြီး မေးသည်။

"ကဲ...ချက်ကြီး၊ ဒီလူသတ်မှုနဲ့ ပတ်သက်ပြီး မင်း သိထားတာတ ဘာရှိလဲ ပြောစမ်း။ မလိမ်နဲ့နော်"

ချက်ကြီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး မျက်မှောင်တွန့်ကုတ်လိုက် ကာ...

"ဥာနာပိုင်ကြီး မြစံပယ်ဝေက အနေအေးတယ်။ လျှို့ဝှက်သိုသိပ်သည်းတယ် ဆိုရပေမယ့် ရည်းစားတော့ ရှိတယ်လို့ ကျွန်တော်ထင်တယ်။ သူ့ရည်းစား လည်း သူတော်တော် ချစ်မြတ်နိုးပုံရတယ်..."

"အင်း...ဆိုပါဦး။ အဲဒါနဲ့ လူသတ်မှုနဲ့ ဘာဆိုင်လဲ"

"ဒီလိုပါ ဥာနာပိုင်ကြီး။ တစ်ခါ တစ်ခါ သူမှန်ကြည့်ရင်း ဖီးလိမ်း ပြင်ဆင်နေတုန်း တစ်ယောက်တည်းပြုံးနေတာတို့ တစ်ခါတစ်ခါလည်း ပွဲခင်း ကို လှမ်းကြည့်ပြီး ကြည်နူးနေတဲ့ ပုံစံလေးတွေ သတိထားမိတယ်..."

"ဟာ...ဒါကတော့ သူလည်း ပုထုဇဉ်ပဲ။ မိန်းမသားအပျိုအရွယ်လေး ဟာ စိတ်ကူးယဉ်မှာပေါ့။ ရည်းစားလည်း ရှိချင်ရှိမှာပေါ့။ ဒါ ဆန်းလား ဒါတွေထားပါ။ ငါသိချင်တာက လူသတ်မှုနဲ့ ပတ်သက်ပြီး သိချင်တာကွ"



ဥာနာအုပ်ကြီးက စိတ်မရှည်တော့ဘဲ ချက်ကြီးကို ခပ်တည်တည်အော် ငေါက်လိုက်သည်။ သည်တော့မှ ချက်ကြီး ငြိမ်သွားပြီး မျက်နှာမဲ့သွားကာ...

"ဒီ...ဒီလိုပါ ဥာနာပိုင်ကြီး။ မနေ့ည စောစောပိုင်းမှာ ပြဇာတ်ထွက် ခါနီးတုန်း ကျွန်တော် နောက်ဖေးဘက် ခဏထွက်ပြီး ဆီးသွားတော့ မြစံပယ်ဝေ ဇာတ်စင်နောက် မီးဖိုလေးနားမှာ ကလေးလေး ဆယ်နှစ်အရွယ်လောက် ချာတိတ် ကလေးတစ်ယောက်နဲ့ စကားရပ်ပြောနေတာ တွေ့တယ်။ ပွဲခင်းထဲက ကလေး တစ်ယောက် ထင်တာပဲ။ အဲဒီကောင်လေးက စာရွက်ခေါက်လေးတစ်ခု မြစံပယ် ဝေကို လှမ်းပေးလိုက်တာ ရိပ်ခနဲ မြင်လိုက်ရတယ်။ ကျွန်တော်က ပရိသတ်ထဲက ဘာလသားတွေ မိတ်ဆက်စာ ပေးခိုင်းတာလား၊ သီချင်းဆိုခိုင်းတာပဲလား ထင်မိ တာ။ ဒါမျိုးက ဇာတ်သမားတွေအတွက်တော့ မဆန်းတော့ဘူး၊ မဟုတ်လား..."

ချက်ကြီးက သူ့စကားကို ခဏရပ်လိုက်ပြီးမှ တစ်ဖန် ဆက်ပြော၏။

"ဒါပေမဲ့ ညက အဲဒီလို မြစံပယ်ဝေ အသတ်ခံရပြီး ဒီမနက် ဥာနာ ပိုင်ကြီးအမိန့်နဲ့ ဇာတ်သမားတွေ ဒီရဲဥာနဝင်းထဲ ပြောင်းရွှေ့ကြတော့ ကျွန်တော် ပစ္စည်းတွေ ဝိုင်းသိမ်းရင်း ဇာတ်စင်ပေါ်တက်တဲ့ ပွဲနောက်က လှေကားရင်းမှာ စာလေးကို ကောက်ရခဲ့တယ်။ ပထမတော့ ဘာမှ မထင်မိဘူး။ အခုတော့ ဒီစာက မြစံပယ်ဝေနဲ့များ သက်ဆိုင်နေမလားလို့..."

ချက်ကြီးက သူ့ပုဆိုး ခါးကြားထဲမှာ လိပ်ထားသည့် စာရွက်ခေါက်လေး ကို ထုတ်ယူပြီး ဥာနာအုပ်ကြီးကို ကမ်းပေးသည်။ ဥာနာအုပ်ကြီးက စာရွက် ခေါက်ဖြူဖြူလေးကို လှမ်းယူပြီး စိတ်ဝင်စားစွာဖြင့် ဖြန့်ဖတ်လိုက်သည်။ စာက တိုတိုလေးပဲဖြစ်သည်။ စာလုံးလေးတွေက ပန်းချီစာလုံးလေးတွေ ဝိုင်းစက်ညီညာ သည့် ပန်းစာလုံး လက်ရေးလေးတွေ ဖြစ်သည်။

**အချစ်စံပယ်**

**ပြဇာတ်ပြီးရင် ထွက်ခဲ့နော်။ မောင် ဇာတ်စင်နောက်က မရမ်းပင် အောက်မှာ စောင့်နေမယ်။**

**လွမ်းချစ်**

စာကိုဖတ်ကြည့်ပြီး ဥာနာအုပ်ကြီးက ဖျတ်ခနဲ ချက်ကြီးကို လှမ်းစိုက် ကြည့်သည်။ ဒေါသလည်း ထောင်းခနဲ ထွက်သွားသည်။

"ဟင်...ဒါအရေးကြီးတာပေါ့ကွ။ ဘာဖြစ်လို့ မင်းစောစောကတည်းက ငါ့ကို မပြတာလဲ။ ဒီအကြောင်းတွေကို ဘာလို့ မပြောတာလဲကွ။ ဟာ—"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်...ကျွန်တော်လည်း အမှုပတ်မှာ ကြောက်လို့၊ ဒါကြောင့် စောစောက ဘဂျမ်းနဲ့ အရက်သောက်ရင်း ဒီကိစ္စကို တိုင်ပင်နေတာ။ ကျွန်တော်ကြောက်ကြောက်နဲ့ မီးရှို့ပစ်လိုက်မလို့ လုပ်နေတာ။ ဘဂျမ်းက မလုပ်ပါနဲ့ဗျာ ငါလည်း ကြောက်တယ်...ရဲဌာနသာသွားအပ်လိုက်လို့ ပြောနေတုန်း ဌာနာပိုင်ကြီးခေါ်ခိုင်းတယ်ဆိုလို့ ကျွန်တော်တို့လည်း ထလိုက်လာခဲ့တာ..."

"ဒါ အမှန်တွေပဲလား"

"သေချာပြီး သေရစေတော့။ ဒါ အားလုံး အမှန်တွေပါပဲ ဌာနာပိုင်ကြီး"

"အေး...ကောင်းပြီ။ ကဲ...အုန်းလွင်ရေ သူ့ကိုလည်း ဘဂျမ်းနဲ့တွဲပြီး အချုပ်ထဲ ထည့်ထားလိုက်..."

ချက်ကြီးလည်း မျက်နှာငယ်လေးနှင့် အုန်းလွင်နောက် ပါသွားပါသည်။ ဌာနာအုပ်ကြီးလည်း စာရွက်လေးကို သေချာပြန်ဖတ်ကြည့်ပြီး စဉ်းစားနေသည်။ လွမ်းချစ်ဆိုတာ ဘယ်သူလဲ၊ မြစံပယ်ဝေကို ချိန်းတာ သေချာသည်။ သို့သော် ဒီစာက အစစ်အမှန်ကော ဟုတ်ရဲ့လား။ လုပ်ကြံဖန်တီးထားတဲ့ စာလားတွေးစရာဖြစ်သည်။

မည်သို့ဖြစ်စေ၊ မြစံပယ်ဝေနှင့် ပတ်သက်ပြီး စဉ်းစားစရာ ဖြစ်လာသည်။ 'လွမ်းချစ်'ဆိုတာ လျှို့ဝှက်နာမည်တစ်ခုသာ ဖြစ်ရမည်။ သို့မဟုတ် ကလောင်နာမည်။ သို့မဟုတ် မြစံပယ်ဝေ တစ်ဦးတည်းသာ သိနိုင်သည့် ချစ်သူချင်းဆက်သွယ်ကြသော သင်္ကေတနာမည်တစ်ခုလည်း ဖြစ်နိုင်သည်။

* * *

## (၄)

ဌာနာအုပ်ကြီး အိမ်ပြန်လာပြီး ပက်လက်ကုလားထိုင်မှာထိုင်ရင်း စဉ်းစားနေသည်။

ဒီစာဟာ လုပ်ကြံဖန်တီးထားသည့် စာ မဖြစ်နိုင်။ လရောင်အောက်မှာ စိတ်ကူးယဉ်ချစ်သူနှစ်ဦး ချိန်းဆိုကြသည့် စာပဲဖြစ်သည်။ လွမ်းချစ်သည် မြစံပယ်ဝေ၏ ချစ်သူသာ ဖြစ်ရမည်။

သို့သော် လွမ်းချစ်သည် ပြင်ပမှ လူတစ်ဦးလည်း ဖြစ်နိုင်သည်။ ဓာတ်ထဲမှ ဓာတ်အဖွဲ့သား တစ်ယောက်ယောက်လည်း ဖြစ်နိုင်သည်။ သူ ဘယ်သူလဲ စန္ဒရားဆရာ တင်အောင်သူလည်း ဖြစ်နိုင်သည်။ ပြဇာတ်မင်းသား ရေနံ့သာဝင်းမြင့်လည်း ဖြစ်နိုင်သည်။ ဟုတ်ပြီ။ ဒီလက်ရေးကို ဓာတ်မန်နေဂျာ ကိုအေးဝင်းကို ခေါ်ပြီး ပြကြည့်ရမည်။



ဌာနာအုပ်ကြီးက ဓာတ်မန်နေဂျာ ကိုအေးဝင်းကို ခေါ်ခိုင်းပြီး လွမ်းချစ်၏ စာလေးကို ပြသည်။

"ကဲ...မန်နေဂျာကြီး ဒီလက်ရေးကို ခင်ဗျားသိလား၊ ဘယ်သူ့လက်ရေးဖြစ်နိုင်မလဲ။ ခင်ဗျားတို့ ဓာတ်ထဲမှာ ဒီလက်ရေးမျိုး ရေးတတ်တာ မြင်ဖူးလား။ လွမ်းချစ်ဆိုတာ ဟိုပြဇာတ်မင်းသားနဲ့ စန္ဒရားဆရာထဲက တစ်ယောက်ယောက်ဆိုတာ မဖြစ်နိုင်ဘူး"

ဓာတ်မန်နေဂျာက စာကို သေသေချာချာကြည့်ပြီး ခေါင်းကိုလေးလံစွာခါသည်။

"ဒီလက်ရေးမျိုး ကျွန်တော်တို့ ဓာတ်အဖွဲ့သားတွေထဲမှာ တစ်ယောက်မှ ရေးတာ မတွေ့ဖူးဘူး။ ဌာနာပိုင်ကြီး...ဒီလက်ရေးက ဓာတ်သမားလက်ရေးနဲ့လည်း မတူဘူး။ သိပ်လှတယ်။ ပြီးတော့ ကဗျာလည်း ဆန်တယ်။ ဝင်းမြင့်လက်ရေးက ရှည်ရှည်လေးတွေ။ စန္ဒရားဆရာလက်ရေးကတော့ ပဒိုင်ပေါက်တွေ ကနေသလိုပဲ ဌာနာပိုင်ကြီး။ ဟဲ...ဟဲ..."

"ဟုတ်လား။ လွမ်းချစ်ဆိုတာရော သိလား။ မြစံပယ်ဝေရဲ့ ရည်းစား ခင်ဗျားသိလား..."

"ကျွန်တော် မသိဘူး၊ မကြားဖူးဘူး ဌာနာပိုင်ကြီး။ မြစံပယ်ဝေက ဓာတ်မင်းသမီးသာ ဖြစ်နေတာ၊ သူက ဓာတ်သမားကိုတော့ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မယ့်ပုံမပေါ်ဘူး။ သူက သိပ်လျှို့ဝှက်တာ။ ရည်းစားရှိတယ်လို့လည်း ကျွန်တော်တော့ မကြားမိပါဘူး။ အဲ-နေဦး။ အရင်ကတော့ မပြောတတ်ဘူး။ ဩော်...ဒါနဲ့ ဌာနာပိုင်ကြီး သူ့အမေတော့ ရောက်လာပြီ။ စောစောလေးကပဲ။ ဆေးရုံက ရင်ခွဲရုံမှာ သူ့သမီးအလောင်းကို ဝင်ကြည့်ပြီး ဓာတ်အဖွဲ့တွေ ဌာနာဝင်းထဲမှာ ရှိတယ်ဆိုတာနဲ့ လိုက်လာတာ..."

"ဟာ...ဒါဆိုအတော်ပဲဗျာ၊ ကျွန်တော့်ဆီ လွှတ်လိုက်စမ်းပါ။ ကျွန်တော် နည်းနည်းပါးပါး မေးကြည့်ချင်လို့။ ပြီးတော့ ခင်ဗျား မြစံပယ်ဝေရဲ့ ပစ္စည်းလေးတွေ သူ့အမေနဲ့ပြောပြီး နည်းနည်းပါးပါး ရှာကြည့်ခဲ့စမ်းပါ။ ဘာများ ထူးခြားတာလေးတွေ တွေ့ရမလဲလို့။ ဥပမာ-စာတို့၊ ဓာတ်ပုံတို့ တစ်ခုခုပေါ့ဗျာ"

"ကောင်းပါပြီ...ဌာနာအုပ်ကြီး"

ဓာတ်မန်နေဂျာ ပြန်သွားပြီး နာရီဝက်လောက်အကြာတော့ ပြန်ရောက်လာသည်။ သူနှင့်အတူ အသက် ၅၀ ခန့် အသားဖြူဖြူ သွယ်သွယ်ရှည်ရှည် အမျိုးသမီးကြီး တစ်ဦးလည်း ပါလာသည်။ မျက်နှာက မြစံပယ်ဝေနှင့် ချောင်တော်ဆင်သည်။ မျက်ခုံးထူထူ၊ ဆံပင်တွေက နက်မှောင်ပြီး ကျက်သရေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ငိုထားပုံရသည်။ မျက်လုံးတွေနီရဲပြီး မျက်ခွံများက မို့အစ်နေသည်။

"ထိုင်...အစ်မကြီး...ထိုင်ပါ"

"ဥာနာပိုင်ကြီးရေ ဒီမှာ လွမ်းချစ်တော့ တွေ့ပြီ။ မြစံပယ် အဝတ်အစား သေတ္တာထဲက သူ့လက်ဝတ်လက်စားတွေ ထည့်ထားတဲ့ ငွေသေတ္တာလေးထဲမှာ တွေ့တာ။ ဓာတ်ပုံလေး တစ်ပုံနောက်မှာ စာရေးထားတယ်..."

"ဟာ...ဟုတ်လား၊ ပြစမ်းပါဦးဗျာ"

ဥာနာအုပ်ကြီးက မန်နေဂျာကိုအေးဝင်း လှမ်းပေးသည့် ပိုစကတ် အရွယ် ဓာတ်ပုံလေးကို လှမ်းယူပြီး ဝမ်းသာသွားသည့် အမူအရာဖြင့် ကြည့်လိုက်သည်။

ဓာတ်ပုံထဲမှ လူရွယ်မျက်နှာက အံ့ဩလောက်အောင် ချောလှ၏။ နှာတံ စင်းစင်း၊ မျက်လုံးကစူးနက်ပြီး အရောင်တောက်နေသည်။ ညို့အားတွေ ဝင်နေ သလား ထင်ရသည်။ ပြီး မျက်ခုံးက နက်မှောင်သွယ်တန်းနေကာ နှုတ်ခမ်း ထူတော့ စူစူလေးနှင့် ပြုံးရောင်ဝေ့ဝေ့လေး ကြည့်နေပုံက လူတစ်ယောက်၏ နှလုံးသားထဲကို စူးနစ်သွားလောက်အောင် ဆွဲဆောင်မှု ရှိလှသည်။ သူ့ဆံပင် တွေကလည်း ဆံနွယ်လှိုင်းလေးတွေ ထပြီး နဖူးပေါ် တစ်ဝက်ဝဲကျနေသည်က လည်း ကဗျာဆန်လှသည်။

ဥာနာအုပ်ကြီး ရင်ထဲမှာ...

"ဟာ...ချောလှချည်လား" ဟုပင် ပွင့်ထွက်သွားသည်ထိ လူရွယ်၏ ချောနပုံက စံတင်လောက်သည်။

ဓာတ်ပုံနောက်ကျောကို ဥာနာအုပ်ကြီး လှန်ကြည့်လိုက်သည့်အခါမှာ တော့...

အချစ် စံပယ်အတွက်

အမြဲတမ်း လွမ်းချစ်

ဆိုသည့် စာတန်းလေးကို တွေ့ရသည်။ ထိုစာတန်းလေးကလည်း ချက်ကြိုးကောက်ရခဲ့သည့် စာရွက်ထဲကလက်ရေးနှင့် တထေရာတည်းဖြစ်နေ သည်။

ဥာနာအုပ်ကြီး ကျေနပ်သွားသည်။ သူ ဖြည်းဖြည်းလေး ခေါင်းညိတ် လိုက်ပြီး ပြုံးသည်။

"အင်း...သူ့ပုံစံကြည့်ရတာ စိတ်ကူးယဉ်သမားပဲ။ အနုပညာသည်ဖြစ် ရမယ်။ အစ်မကြီး သူ့ကိုသိသလား"



ကောက်ကာငင်ကာနှင့် ဥာနာအုပ်ကြီးက မြစံပယ်ဝေအမေဘက် လှည့် ပြီး တစ်ဆက်တည်း မေးလိုက်သည်။

"သိပါတယ် ဥာနာပိုင်ကြီး။ ဒီကောင်လေးက ကျွန်မတို့နဲ့ တစ်မြို့ တည်းသား။ သမီးနဲ့ကျောင်းနေဖက် သူငယ်ချင်းပဲ။ သူနဲ့သမီးက ဆယ်တန်း အထိ တောင်စွန်းအထက်တန်းကျောင်းမှာ နေလာခဲ့ကြတာ..."

"ဟုတ်ကဲ့ ပြောပါဦး အစ်မကြီး"

ဥာနာအုပ်ကြီး စိတ်ဝင်စားသွားသည်။

"သူက အင်မတန် နူးညံ့သိမ်မွေ့တဲ့ ကလေးပါ။ ပညာလည်း တော်ပါ တယ်။ သူ့မိဘတွေလည်း ပိုက်ဆံရှိတယ်။ ဆန်စက်ပိုင်ရှင်တွေပဲ။ သမီးနဲ့သူ လူငယ်ချင်း မေတ္တာရှိနေကြတယ် ဆိုတာတော့ ကျွန်မလည်း ရိပ်မိပါတယ်။ ဒါပေမဲ့ သမီးက ဆယ်တန်းအောင်တဲ့နှစ်မှာ သူဝါသနာပါတဲ့ ပန်းချီကျောင်း တက်ချင်တယ်ဆိုတာနဲ့ ကျွန်မလည်း ခွင့်ပြုလိုက်ပါတယ်။ အဲဒါကို ဟိုသူငယ် က သဘောမတူဘူး ထင်ပါ့။ ဓာတ်မင်းသမီးလုပ်တာကို မကြိုက်တော့ လူငယ် ချင်း စိတ်ကောက်ပြီး အဆက်အသွယ် ပြတ်သွားကြတာပဲ။ ကောင်လေးကတော့ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်တက်တယ်လို့ ပြောသံကြားရတာပဲ ဥာနာ ပိုင်ကြီးရယ်..."

"နောက်ထပ်ကော သူတို့ အဆက်အသွယ်ရှိကြသေးလား..."

"ဒါတော့ ကျွန်မလည်း မပြောတတ်တော့ဘူး ဥာနာပိုင်ကြီးရယ်။ သမီးက မင်းသမီးဖြစ်သွားတော့ ဓာတ်တွေနောက် လိုက်နေရတော့ ကျွန်မလည်း သေိတော့ဘူး။ သူ့နောက်ကို ညီမဝမ်းကွဲသမီးလေးက လိုက်ပြီး အဖော်လိုက်ပေး နေတယ်။ ကျွန်မက ကလေးအငယ်တွေရှိသေးတော့ မလိုက်အားဘူးလေ။ ခုတော့ ဘယ်လိုဖြစ်သွားတာလဲဆိုတာ ကျွန်မ မစဉ်းစားတတ်အောင်ပါပဲ။ ကြားကြား ချင်း ကျွန်မ ယုံတောင်မယုံဘူး။ ကျွန်မသမီးဟာ အင်မတန် လူချစ်လူခင်ပေါတဲ့ မိန်းကလေးပါ။ ဘယ်လိုအငြိုးနဲ့ ဒီလိုရက်ရက်စက်စက် လုပ်ရက်တယ် မသိပါ ဘူးရှင်။ အဟင့် ဟင့်..."

ပြောရင်းက မြစံပယ်ဝေအမေ ငိုပါလေတော့သည်။ ဥာနာအုပ်ကြီးက လည်း စိတ်မကောင်းဖြစ်သွားသည်။

"အင်း...ကံတရားပေါ့လေ။ ဒါနဲ့ ဒီကောင်လေးနာမည်က ဘယ်သူလဲ လွမ်းချစ်ပဲလား..."

မြစံပယ်ဝေအမေက ရှိုက်သံကို ရပ်လိုက်ပြီး လက်ကိုင်ပဝါနှင့် မျက်ရည် ကိုသုတ်ကာ မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ သူ့နာမည်က မောင်သက်ဝေတဲ့"

"ဪ...ခု သူဘယ်မှာလဲ"

"တလောက သမီးပြောသံ ကြားရတာတော့ သူ ဒီနှင်းပုလဲမှာ ကျောင်းဆရာ လုပ်နေတယ်ဆိုလား ပြောတာပဲ..."

နှင်းပုလဲမြို့လေးက ဘီးလင်းမြို့တောင်ဘက် ဆယ်မိုင်အကွာ မီးရထားလမ်းပေါ်တွင် တည်ရှိသည်။

"ဟုတ်ပြီ။ ဒါဆို ကျွန်တော် မနက်ဖြန်ခါ နှင်းပုလဲ လိုက်သွားပြီး မောင်သက်ဝေကို သွားစုံစမ်းမယ်။ ကဲ...အစ်မကြီး ဘာမှမပူပါနဲ့။ စိတ်အေးအေးသာထားပါ..."

ထို့နောက် မြစ်ပယ်ဝေအမေနှင့် ဇာတ်မန်နေဂျာတို့နှစ်ဦး ဌာနာအုပ်ကြီးအိမ်မှ ပြန်သွားကြပါသည်။

အပြင်မှာတော့ လက ဝင်းဝင်းစက်စက် သာနေပါသည်။

* * *

(၅)

သူ မေးခနဲ အိပ်ပျော်သွားသည်။

အပြင်ဘက်မှ တံခါးခေါက်သံနှင့်အတူ ဆရာကြီး...ဆရာကြီးဟူသောအသံကို ကြားရသဖြင့် ဌာနာအုပ်ကြီး ဦးမောင်မောင်စိန် ဖျတ်ခနဲ လန့်နိုးလာသည်။ အချိန်က ညသန်းခေါင်ယံ ၁၂ နာရီခွဲ ရှိနေပြီ။

"ဟေ့...ဘယ်သူလဲကွ"

"ကျွန်တော်ပါ ဆရာကြီး အရေးကြီးလို့ပါ"

"အေး...အေး...လာမယ်"

ဌာနာအုပ်ကြီး အိပ်ခန်းထဲမှ ထလာပြီး တံခါးဖွင့်ပေးလိုက်သည်။ လူဆိုးထိန်းချစ်ဆွေနှင့် လူတစ်ယောက် တံခါးပေါက်မှာ ရပ်နေကြသည်။

"ဆရာကြီး သူက ဆေးရုံက အစောင့် စောထူးတဲ့"

ဌာနာအုပ်ကြီးက လူစိမ်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ မျက်နှာပြားပြားနှင့် ကရင်အမျိုးသား ဖြစ်ပုံရသည်။

"ကဲ...အထဲဝင်ကြလေ..."

"မဝင်တော့ဘူး ဆရာကြီး၊ ကဲ...စောထူး မင်းတွေ့ခဲ့ရတာ ဆရာကြီးကိုပြောပြလိုက်..."

"ဒီလိုပါ ဌာနာပိုင်ကြီး။ ကျွန်တော်က ညစောင့်တာဝန်ကျလို့ ဆေးရုံ



ကို ပတ်ကြည့်တာ။ ဆယ့်နှစ်နာရီ ထိုးခါနီးလောက်မှာ လူတစ်ယောက် လွတ်အိတ်တစ်လုံးနဲ့ ရင်ခွဲရုံထဲဝင်သွားတာ ရိပ်ခနဲ တွေ့လိုက်ရလို့ ကျွန်တော်လည်း မသင်္ကာတာနဲ့ နောက်က လိုက်ချောင်းကြည့်တော့ မင်းသမီး မြစ်ပယ်ဝေအလောင်းပြင်ထားတဲ့ အလောင်းရဲ့နံဘေးမှာ အဲဒီလူရပ်ပြီး စကားတိုးတိုးပြောနေတာ တွေ့ရတယ်။ ဘာတွေပြောနေမှန်းတော့ မသိဘူး။ ကောင်းကောင်းမကြားရဘူး။ သူက မြစ်ပယ်ဝေရဲ့ မျက်နှာပေါ်မှာ ဖုံးထားတဲ့ အဝတ်ကိုလှမ်းကြည့်ပြီး 'မောင့်ကို ခွင့်လွှတ်ပါ။ မောင့်ကိုခွင့်လွှတ်ပါ မြစ်ပယ်ဝေ'လို့ပြောလိုက်သံကိုတော့ ခပ်သဲ့သဲ့ ကြားလိုက်မိတယ်။ အဲဒါနဲ့ ကျွန်တော်လည်းဘာဝန်ကျတဲ့ နာ့စ်မလေးမေရီကို သွားပြောပြလိုက်တော့ သူက ရဲဌာနကိုသွားပြီး အကြောင်းကြားလိုက်ဆိုတာနဲ့ အဲဒါ ကျွန်တော် လာပြီးပြောတာ..."

"ဟာ...ဒါဆို မောင်သက်ဝေပဲဖြစ်မယ် ထင်တယ်။ ကဲ...ချစ်ဆွေ၊ မင်း ဦးဝင်းအောင်ကို သွားနှိုးပြီး ဌာနာရှေ့ကစောင့်။ ငါ အပေါ်အင်္ကျီဝတ်ပြီးခပ်နောက်က လိုက်ခဲ့မယ်..."

ထို့နောက် ဌာနာအုပ်ကြီးနှင့် ရာဇဝတ်အုပ် ဦးဝင်းအောင်၊ လူဆိုးထိန်းချစ်ဆွေ၊ ရဲသားတစ်ယောက်နှင့် စောထူးတို့ ငါးဦး ဆေးရုံသို့ လိုက်သွားခဲ့ကြသည်။

ဆေးရုံနှင့် ရဲဌာနာကလည်း သိပ်မဝေး။ ကိုက်သုံးရာခန့်လောက်သာဝေးပါသည်။ လကလည်း သာနေသဖြင့် နေ့ခင်းလိုပင် လင်းလင်းချင်းချင်းဖြစ်နေရာ ရှုခင်းက လှပသာယာနေပါသည်။ ဆေးရုံဝင်းထဲသို့အဝင် ဆောင်တော်ဘူး ပန်းရနံ့က လရောင်ကို ထိုးဖောက်ပြီး သင်းပျံ့စွာ ဆီးကြိုမွှေ့လိုက်သည်။

ဌာနာအုပ်ကြီးက ရှေ့ဆုံးမှ ဦးဆောင်ပြီး ရင်ခွဲရုံရှိရာ အဆောင်လေးဆီသို့ ဘန်းသွားကြသည်။

သို့သော် မီးရောင်အောက် ကျောက်သားအလောင်းစင်ပေါ်မှာ အဝတ်ခြုလွှမ်းထားသော မြစ်ပယ်ဝေ၏ အလောင်းသာလျှင် ရှိနေသည်။

"ဟာ...ဟိုလူ မရှိတော့ဘူး"

ကရင်လေး စောထူးက အံ့သြသွားပြီး သူ့နှုတ်က လွှတ်ခနဲထွက်သွားသည်။ သူတို့ ဖြည်းညင်းစွာ မြစ်ပယ်ဝေ အလောင်းနား တိုးကပ်သွားကြသည်။ စံပယ်နံ့သင်းသင်းလေးတွေက မွှေးပျံ့စွာ သူတို့ရင်ထဲ တိုးဝင်လာသည်ကိုသူတို့ သတိထားလိုက်မိကြသည်။

"ဟာ...စံပယ်ပန်းရနံ့ ရသလိုပဲ"

ဦးဝင်းအောင် မသင်္ကာသလို အခန်းကို ဝေ့ကြည့်ရင်းဆိုသည်။ ထော

www.burmeseclassic.com



တော့ သူတို့မမြင်။ အလောင်းပေါ်လွှမ်းထားသည့် အဝတ်ကအဖြူမို့ စံပယ်ပန်းတွေကို သူတို့ သတိမထားမိကြသေး။ နောက်မှ ဌာနာအုပ်ကြီး အရင်တွေ့လိုက်ရသည်။

"ဟိုမှာ အလောင်းရင်ညွန့်ပေါ်မှာ စံပယ်ပန်းတွေ"

ဟုတ်ပါသည်။ သူတို့အလောင်းနား တိုးကပ်သွားပြီး ငုံ့ကြည့်လိုက်ကြသည်။ မြစံပယ်ဝေ၏ အလောင်းပေါ်ရှိ ရင်ညွန့်ထက်မှာ စံပယ်ပွင့်တွေ။ ထမင်းစားပန်းကန်နီးပါးခန့် အပုံကြီးကို လှပညီညာစွာ ဖြန့်ကြခင်းထားသည်ကို မြင်ရသည်။

သေချာကြည့်လိုက်တော့ စံပယ်ပွင့်တွေအပုံက စာလုံးတစ်လုံး၏ ပုံသဏ္ဌာန်ဖြစ်နေသည်။ ဟုတ်ပါသည်။ စံပယ်ပွင့်နှင့် ရေးထားသည့်စာ။

"လွှမ်း"

"ဟာ...လွှမ်းဆိုပါလား။ စံပယ်ပွင့်တွေနဲ့ ရေးထားတဲ့စာပဲ..."

ဦးဝင်းအောင်က အံ့ဩစွာ ပြောလိုက်ရင်းက ဌာနာအုပ်ကြီး မျက်နှာကို လှမ်းကြည့်သည်။

"အင်း...လူသတ်သမားဟာ သူပဲဖြစ်ရမယ်။ လာ...ကျွန်တော်တို့ ခုတင်နောက်က လူသတ်မှုဖြစ်တဲ့နေရာကို သွားကြည့်ရအောင်။ ကျွန်တော့်အထင်မှန်ရင်တော့ ဒီလူ အဲဒီနေရာကို သွားမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တချို့လူသတ်သမားတွေဟာ ကိုယ်အခင်းဖြစ်ပွားခဲ့တဲ့ နေရာကို နောက်တစ်ခါ လာပြန်ကြည့်တတ်တယ်။ ပြီးတော့ ဒီလူဟာ အစွဲအလမ်းကြီးသူ တစ်ဦးလည်း ဖြစ်နိုင်တယ်"

ဌာနာအုပ်ကြီး ပြောစကားကို သူတို့အားလုံးက ခေါင်းညိတ်လိုက်ကြပြီး ရင်ခွဲရုံလေးထဲမှ ပြန်လှည့်ထွက်လာခဲ့ကြသည်။ ပြီးနောက် ဆေးရုံစောင့်ကရင်လေး စောထူးမှလွဲပြီး သူတို့လေးယောက်စလုံး ဆေးရုံဝင်းလေးထဲမှ ထွက်လာခဲ့ကြသည်။

ဘောလုံးကွင်းက ဆေးရုံ၏ တောင်ဘက်တွင် ရှိသည်။ ခင်တန်းတောအုပ်ကလေးတစ်ခုသာ ခြားသည်။ ဆယ်မိနစ်ခန့် သူတို့ ရာဘာတောတန်းလေးထဲမှ ဖြတ်လာခဲ့ကြသည်။ ဝင်းစက်သည့် လရောင်ပြောက်တိပြောက်ကြားက ရာဘာတောအုပ်လေးထဲမှ ဖြာကျနေသည်။

ရာဘာတောထဲက ထွက်လာတော့ ဘောလုံးကွင်းထဲ ရောက်လာကြသည်။ ကွင်း၏ အနောက်ဘက်တောင်ဘက်မှာ ခုတင်ရှိသည်။ ခုတင်ကမဖျက်ရသေး။ လရောင်အောက်မှာ ဖရိုဖရဲ ဖြစ်နေသည်၊



သူတို့လေးယောက် ခုတင်တောင်ဘက်မှ ကွေ့ပြီး ပတ်လာခဲ့ကြသည်။

သည်မှာ လရောင်ထဲ၌ ဝဲလွင့်လာသည့် အသံတစ်ခုက သူတို့ခြေလှမ်းများကို ရုတ်တရက် တုန့်ရပ်သွားစေတော့သည်။

အသံက ထူးဆန်းသည့် ချွဲ့ချွဲ့နွဲ့နွဲ့တယောသံလေး တစ်ခု။ လရောင်ကိုဖောက်ပြီး နူးညံ့စွာ ထွက်ပေါ်လာနေသည်။ တယောသံက ခုတင်နောက် မရမ်းပင်ကြီးအောက်ဆီမှ စီးမျော ထွက်ပေါ်လာနေခြင်း ဖြစ်သည်။

သူတို့လေးဦးစလုံး ခြေလှမ်းတွေ ရပ်တန့်လိုက်ကြပြီး မရမ်းပင်ကြီးအောက်စီ ငြိမ်တုလှမ်းကြည့်လိုက်မိကြသည်။

မရမ်းပင်အောက် ခုံတန်းရှည်လေးပေါ်မှာ လူတစ်ယောက် ကျောပေးပြီးထိုင်နေသည်။ ပခုံးထက်မှာ တယောပြားလေးကို တင်ပြီး လရောင်ဆီငေးကာ တယောကို ဆွေးဆွေးမြည့်မြည့် ထိုးနေသည်။

တစ်ဆက်တည်းမှာပဲ တယောသံနှင့်အတူ ဆွေးမြည့်အက်ကွဲနေသည့် သီချင်းသံနွဲ့နွဲ့ကလေးကလည်း လွင့်ဝဲထွက်ပေါ်လာသည်။

"စံပယ်...စံပယ်...စံပယ်ပန်းရယ်၊ သင်းရနံ့ကြူ ဖြူဖြူဖွေးရယ်၊ ဆွေးဆွေးလေးပေးချင်အောင်ကွယ်၊ မှုယာစုံကြွယ် ညာဘယ်သွဲ့သွဲ့နွဲ့ကာသာရယ်၊ ငြိမ်းစိမ်းလန်း ပွင့်နန်းသူမယ်။ ခိုင်ပန်းငုံဆန်း ရောင်စုံလွှမ်းခြယ်၊ ရောယှက်ကာ ငြိမ်းမြိုင်စခန်းလယ်..."

သီချင်းသံနှင့် တယောသံက လရောင်လွှင်ပြင်ထဲ စီးမျောကာ ရင်နင့်စွာ လွင့်လာနေသည်။

ဌာနာအုပ်ကြီးတို့လေးဦးသား မှင်သက်ကာ ရပ်ငေး နားထောင်နေမိကြသည်။ ခြေလှမ်းများက မရွေ့။

"မှုမမှန်တမင်ပွင့်၊ အဖြူခဲ့အဆင်နှင့် အသွင်တင့်ယဉ်ကျေးပါပေတယ်၊ ငရည်ငွေသွေးရိုးရိုးလေးနဲ့ မြင်သူငေးဖွယ် ဘယ်ရေးဆုတောင်းလဲကွယ့် စံပယ်ရယ်၊ အပျိုဖော်ဝင်အရွယ်၊ ချစ်ချစ်ဖို့ကောင်းလွန်းတယ် စံပယ်...စံပယ်...စံပယ်...စံပယ်...ဖြူစင်ကြယ်သူလေးကို ဒီနာမည် ပေးချင်ပါပြီကွယ်"

သီချင်းက ဆုံးသွားပေပြီ။ တယောသံကမူ ငွေ့မှုင်မှုင် ကျန်ရစ်နေဆဲသည်။

သည်တော့မှ လေးဦးသား အသက်ဝင်လာသလို လှုပ်ရှားလာသည်။ ဌာနာအုပ်ကြီးက သူ့လူတွေကို မျက်ရိပ်ပြလိုက်သည်။ မရမ်းပင်ရိပ်ဆီ သူတို့လေးဦးသား ဖြည်းညှင်းစွာ ရှေ့တိုးလျှောက်လာခဲ့ကြသည်။

သစ်ရွက်များ ပွတ်တိုက်သွားသံနှင့် ခြေသံဖွဖွ ထွက်ပေါ်လာသော...

www.burmeseclassic.com

www.burmeseclassic.com



တယောရှင် အလွမ်းသမားကမူ သတိမထားမိသေးချေ။ လရောင်ဆီ အငေး လွင့်ရင်း တယောကို မျှင်မျှင်လေး ထိုးနေပါသည်။

ဌာနာအုပ်ကြီးတို့ လေးဦးသား ဘွားခနဲ တယောသမားရှေ့မှာ ဝိုင်း ရပ်လိုက်ကြသည်။

တယောရှင်လက်ထဲမှ ဘိုးတံလေး တန်းလန်းရပ်သွားသည်။ တယောသံ မှုင်းမှုင်းလေး ဖျတ်ခနဲ ပျောက်သွား၏။ တယောသမားလူရွယ်၏ မျက်နှာ နုမွေးမွေးလေးက ဖွာကျနေသည့် ဆံနွယ်ရှည်များကြား၌ ချောမွေ့ချစ်စရာကောင်း လွန်းနေသည်။ ရက်ရက်စက်စက် ချောလွန်းလှသည့် လူရွယ်ပါလား။

သူ ငွေ့ငွေ့လေး ပြုံးလိုက်ပြီး ဌာနာအုပ်ကြီးတို့ လေးဦးကို ငေးစက် စက်လေး လှမ်းစိုက်ကြည့်နေသည်။ အကြည့်ချင်း စက္ကန့်ပိုင်းလေးမျှအကြာဝယ် သူ တယောပြားလေးကို ပခုံးထက်မှ ဖြည့်ညင်းစွာ ချလိုက်ကာ လွင်လွင်မွေ့မွေ့ လေး ခပ်သိမ့်သိမ့် ရယ်လိုက်ပါသည်။

"ဆရာတို့ ကျွန်တော့်ဆီ လိုက်ကြတာလား"

သူ တည်ငြိမ်စွာ ခပ်အေးအေး လှမ်းမေးသည်။ အပြုံးက သူ့မျက်နှာ ပေါ်မှာ မပျောက်ပျက်။ သူ့မျက်လုံးများက အဝေးဆီ ခံစားချက်နှင့် လွင့်နေ သလို ရီဝေမှေးစင်းနေသည်။ သူ့တယောပြားလေးကို သူ့နံဘေးခုံတန်းရှည်ပေါ် ညင်သာစွာ ချသည်။

"ဟုတ်ပါတယ် ဦးတို့..."

ရဲဌာနအုပ်ကြီးက အားတုံ့အားနာနှင့် စကားဆက်မည့်ဆဲဆဲသူက ခပ် ဟက်ဟက်လေး ခြောက်သွေ့စွာ ရယ်လိုက်ပြီး သွက်လက်စွာ ဖြတ်ပြောသည်။

"ဘီးလင်းရဲဌာနာက မဟုတ်လား။ ကျွန်တော် နားလည်ပါတယ်လေ။ ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ။ ကျွန်တော်ကလည်း မိုးမလင်းခင်ဘဲ ရဲဌာနကိုလာ ပြီး ဖြောင့်ချက်ပေးမလို့ ဆုံးဖြတ်ထားပြီးသားပါ။ ဘာဖြစ်လို့လဲဆိုတော့ မြစံပယ် မရှိတော့တဲ့နောက် ကျွန်တော့်ဘဝဟာလည်း ဘာမှ အဓိပ္ပာယ်မရှိတော့ပါဘူးလေ"

သူ့စကားကို ဖြတ်လိုက်ပြီး ခပ်ပြင်းပြင်းလေး သက်ပြင်းတစ်ချက်ကို ရှိုက်ချလိုက်သည်။ ပြီး သူ့ခေါင်းကို ငိုက်စိုက်ချလိုက်သည်။

"ဒီလိုဆို...မောင်ရင်ဟာ..."

ရဲဌာနာအုပ်ကြီးက အံ့ဩသွားသည့် အမေးစကားက မဆုံးလိုက်ပါ။ သူ့အသံက ရင်နင့်စွာ ဖောက်ထွက်လာသည်။

"ဟုတ်ပါတယ်။ မြစံပယ်ကို သိပ်ချစ်တဲ့ လွမ်းချစ်ဆိုတာ ကျွန်တော်ပါ။ အဲ...ပြီးတော့ မြစံပယ်အပေါ် သိပ်သဝန်တိုပြီး Jealous-Heart နဲ့ သတ်လိုက်တဲ့ သက်ဝေလေ။ အဟင်း...အဟင်း..."



သူ မချိတရိလေး ရယ်လိုက်ပြီးနောက်...

"ကိုယ့်သည်းနှင့်အောင် ချစ်ရတဲ့ ကိုယ့်ချစ်သူကို ပြန်သတ်တဲ့ လူသတ် သမား လွမ်းချစ်သက်ဝေ။ မြစံပယ်ရဲ့ လွမ်းချစ်သက်ဝေဆိုတာ ကျွန်တော်ပါ။ အဟက်...ဟက်..."

သူ လှိုက်မောခြောက်သွေ့စွာ ရယ်နေလေသည်။ သူ့ရယ်သံက အသက် မပါသလို သတိလက်လွတ် ရယ်နေပုံမျိုး။ မသိစိတ်နှင့် စိတ္တဇဆန်စွာ သူ ရယ်နေပါသည်။

ဩော်...နှလုံးသားမှာတော့ လွမ်းချစ်သက်ဝေ ထိခိုက်နာကျင်စွာ ငိုကြွေး နေမည်လား မသိ။ သူ့တယောပြားလေးကို လွယ်အိတ်ထဲပြန်သွင်းပြီး ပခုံးမှာ သိုင်းလွယ်လိုက်သည်။ သူ မွေ့မွေ့ရယ်သည်။

"ကျွန်တော့်ကို ဖမ်းကြပါ။ ကျွန်တော် ရဲဌာနကို လိုက်ခဲ့ပါ့မယ်။ အားလုံးအမှန်အတိုင်း ကျွန်တော် ဝန်ခံပါ့မယ်"

ရယ်သံလှိုင်းလေးတွေ တုန့်ခါစွာ ရပ်သွားတော့ သူ အသက်မပါသလို အရပ်ကာ အေးစက်စက် ပြန်ပြောသည်။ ပြီးနောက် သူ့လက်နှစ်ဖက်ကို ဆန့် တန်းပေးလိုက်သည်။ ရာဇဝတ်အုပ် ဦးဝင်းအောင် စိတ်မကောင်းစွာနှင့် အသင့် ပါလာသည့် လက်ထိပ်ဖြင့် လွမ်းချစ်သက်ဝေကို လက်ထိပ်ခတ်လိုက်သည်။

ပြီးနောက် လရောင်ဝင်းစက်စက်အောက် ရော်ဘာတောတန်းလေးကို ခွဲတက်ကာ လွမ်းချစ်သက်ဝေကို သူတို့ရဲဌာနသို့ ခေါ်လာခဲ့ကြသည်။

* * *

(၆)

"ကျွန်တော်နဲ့ မြစံပယ်တို့နှစ်ဦးဟာ ငယ်ငယ်ကလေးထဲက အင်မတန် ခင်မင်ရင်းနှီးခဲ့တဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေပါ ဆရာ..."

လွမ်းချစ်သက်ဝေဆိုသည့် လူသတ်တရားခံ လူချောလေးက သူ့ဘဝ ဇာတ်လမ်းအစကို ဤသို့လျှင် ရင်ဖွင့်လိုက်ပါလေသည်။

"သူနဲ့ ကျွန်တော်ဟာ ဆယ်တန်းအထိ တောင်စွန်း အထက်တန်း ကျောင်းလေးမှာ အတူနေလာခဲ့ကြတာပါ။ ခုနှစ်တန်းရောက်တော့ သူနဲ့ ကျွန်တော်တို့နှစ်ဦးက အပျိုပေါက် လူပျိုပေါက် အရွယ်တွေပေါ့။ အထူးသဖြင့် သူက အရမ်းချော အရမ်းလှလာတယ်လေ။ ဖြူသန့်တဲ့ စံပယ်ပန်းလေး တစ်ပွင့် လို အရမ်းကို ချောပြီး အင်မတန်ကို မြတ်နိုးစရာ ပန်းလေးတစ်ပွင့် ဖြစ်လာ တယ် ဆိုပါတော့။ ပြီးတော့ ကျွန်တော်တို့ နှစ်ဦးစလုံးကလည်း ဆယ်ကျော်သက်

www.burmeseclassic.com



အရမ်း မြတ်နိုးကြတယ်။ အဲဒီအချိန်မှာ ကျွန်တော့် စိတ်ထဲမှာ သူက အရမ်း လှလာတော့ သူ တခြားသူတစ်ဦးဦးကို စိတ်ဝင်စားသွားမှာ ချစ်သွားမှာကို အမြဲတွေးပြီး ကြောက်လန့်နေတယ်။ သူ့ကိုလည်း အဲဒီအချိန်မှာ စိတ်ဝင်စား ကြတဲ့သူတွေ၊ သူ့အလှကို ယစ်မူးနေကြသူတွေကလည်း ဝိုင်းဝိုင်းလည်နေတာ ပဲဆိုတော့ ကျွန်တော် အရမ်းစိုးရိမ်ခဲ့မိတယ်..."

"ဒါပေါ့...ဒါပေါ့..."

သူ သက်ပြင်းငွေ့ငွေ့ချသည်။ သူ့မျက်လုံးများသည် ဆွေးမြေ့ရီဝေ နေသည်။

"ကျွန်တော်က စိုးရိမ်နေပေမယ့် သူကတော့ ကျွန်တော်ကလွဲပြီး ဘယ် ယောကျာ်းလေးမှ စိတ်မဝင်စားခဲ့ပါဘူး။ ဒီလိုနဲ့ ကျွန်တော်တို့ ကိုးတန်းရောက် တဲ့နှစ်မှာတော့ ကျွန်တော့်စိတ်တွေ မထိန်းချုပ်နိုင်တော့ဘူး။ ပေါက်ကွဲသွားပြီး သူနဲ့ ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး သူ့ကို ကျွန်တော် က စံပယ်လို့ ခေါ်ခဲ့တယ်။ သူကလည်း ကျွန်တော့်ကို လွမ်းတတ် ချစ်တတ် လွန်းလို့တဲ့ လွမ်းချစ်လို့ မှည့်ခေါ်ခဲ့တယ်။ အဲဒီနှစ်က ကျွန်တော်တို့နှစ်ဦးဟာ ပျော်လိုက်ကြတာ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူး။ ဒါပေမဲ့ သူက အကသိပ်ဝါသနာပါတယ်၊ ကျောင်း ကပွဲမှာလည်း စံပယ်က နာမည်ကျော် ပါပဲ။ သူ့ပါရမီပဲ ဆိုရမှာပေါ့။ ဆယ်တန်းကိုလည်း ကျွန်တော်တို့ နှစ်ယောက် စလုံးပဲ အောင်ကြတာ။ ဒါပေမဲ့ ကျွန်တော် မျှော်လင့်အိပ်မက်ခဲ့သမျှတွေ အားလုံး ပျက်စီးကုန်တယ်..."

သူ့စကားကို ရပ်ထားလိုက်ပြီး မဲ့စူးစူးလေး သူပြုံး၏။ သူ့အပြုံး မှိုင်းညို့နေသည်။

"ဘယ်လိုကြောင့်လဲ မောင်သက်ဝေ၊ အဲ...မောင်လွမ်းချစ်"

ဌာနာအုပ်ကြီးက စကားကို ဝင်ထောက်ပေးလိုက်သည်။

"ရပါတယ် ဆရာ၊ ကျွန်တော့်ကို သက်ဝေလို့ ခေါ်ပါ။ ကျွန်တော့် နာမည်က သက်ဝေပါ။ ဆရာလည်း သိပြီးသား ဖြစ်မှာပါ။ အဲ...စံပယ့်နာမည် ရင်းက မြမြသင်းပါ။ အဲ...ဖြစ်လာတဲ့ ကံကြမ္မာက ဒီလိုပါ။ ကျွန်တော်က မြစံပယ်နဲ့ တက္ကသိုလ်ကို အတူတက်ချင်တယ်။ တက္ကသိုလ်မှာ ကျွန်တော်တို့ နှစ်ဦး ပညာအတူသင်ပြီး ဘွဲ့အသီးသီးရမှ လက်ထပ်ကြမယ်။ ဒီလို စိတ်ကူး ယဉ်အိပ်မက်ခဲ့တာလေ။ ဒါပေမဲ့ မြစံပယ်က သူ့ဆန္ဒအလျောက် သူ ဝါသနာ ပါတဲ့ ပန်တျာကျောင်းကို တက်ချင်တယ်ဆိုတာနဲ့ နောက်ဆုံး သူ့ဆန္ဒကို ကျွန်တော် လိုက်လျောခဲ့ရပါတယ်..."



"ဪ..."

သည်တစ်ခါတော့ ဌာနာအုပ်ကြီးက ကြားဖြတ်ပြီး ညည်းသံလေးနှင့် ဝင်ထောက်ပေးလိုက်၏။

"ကျွန်တော်တို့ချင်းကတော့ စာချင်းအဆက်အသွယ် မပြတ်ကြပါဘူး။ အတိုချုပ်ပြောရရင် သူက ပန်တျာကျောင်းဆင်းပြီး ဇာတ်သဘင်လောကထဲ ခြေစုံ ပစ်ဝင်ခဲ့တယ်။ သူ့နာမည်ကလည်း မြစံပယ်ဝေလို့ ကျွန်တော်တို့နှစ်ဦး တိုင်ပင် ပြီး ပေးခဲ့ကြတယ်။ ကျွန်တော်လည်း ဘွဲ့ရပြီးတာနဲ့ ကျွန်တော် ဝါသနာပါတဲ့ ကျောင်းဆရာအလုပ်ကို ဝင်လုပ်ခဲ့တယ်။ ကျွန်တော်က မြစံပယ်ဝေကို လက်ထပ် ဖို့ ပြောပါတယ်။ ဒါပေမဲ့ သူက ငါးနှစ်စောင့်ပါဆိုတာနဲ့ ကျွန်တော် စောင့် ခဲ့ပါတယ်။ အဲ...ငါးနှစ်ပြည့်လို့ ကျွန်တော်က လက်ထပ်ဖို့ ထပ်တောင်းဆို တော့ သူက ငြင်းဆန်တယ်။ ဘာကြောင့်လဲဆိုတော့ အခုနေမှာ သူဟာ သူ့ကိုယ်သူ မပိုင်တော့ဘူးတဲ့။ ပရိသတ်က ပိုင်နေပြီတဲ့။ သူလက်ထပ်လိုက် ရင် အပျိုမဟုတ်မှန်းသိသွားရင် ပရိသတ်က သူ့ကို အချစ်လျော့သွားမှာ၊ သူ နာမည်ကျသွားမှာကို စိုးရိမ်နေတယ်။ သူက ကျွန်တော့်ထက် သူ့အနုပညာနဲ့ သူ့ပရိသတ်ကို ပိုချစ်တယ်။ ပိုတန်ဖိုးထားတယ်။ ဒီမှာ သူနဲ့ကျွန်တော် အယူအဆ ကွဲ ငြင်းခုန်ကြပြီး စကားများခဲ့ကြတယ်။ နောက်ဆုံး သူက နောက်ထပ် ငါးနှစ်စောင့်ပါလို့ ဆိုပါတယ်။ ကျွန်တော် သဘောတူ ကျေနပ်ခဲ့တယ်။ တကယ် တော့ သူ ကျွန်တော့်ကို လှည့်စားသွားတာပါ။ အချိုနဲ့သတ်သွားတာပါ"

"သူ ဘယ်လို လှည့်စားသွားတာလဲ မောင်သက်ဝေ"

"ဒီလိုလေ မြစံပယ်ဟာ အောင်မြင်လာတော့ ကျွန်တော်လို သာမန် ကျောင်းဆရာလေးတစ်ယောက်ကို လက်မထပ်ရဲတော့ဘူး။ သူ အောင်မြင်မှု တက်ကို မက်မောစွာနဲ့လိုက်ပြီး နောက်ဆုံးမှာ သူ့ကို ငွေတွေ ရက်ရက် ရောရောပေး၊ တိုက်တွေ၊ အိမ်တွေ၊ ကားတွေ ဝယ်ပေးပြီး ရန်ကုန်မှာ တိတ်တိတ် ယူထားတဲ့ သူဌေးတစ်ဦးက သူ့ကို ရပ်ရှင်မင်းသမီးဖြစ်အောင်တောင် လုပ် ပေးမယ်ဆိုတာ ကျွန်တော် စုံစမ်းသိခဲ့ရတယ်။ ဒါကြောင့် ကျွန်တော် သူ့ကို ဆက်ကို ခေါင်းတောင်းပန်ပြီး သူနဲ့ပြန်ဆက်သွယ်ခဲ့တယ်။ ချိန်းတွေ့ခဲ့ကြတယ်။ ခဲ့တဲ့ သုံးလလောက်ကစပြီး သူနဲ့ ကျွန်တော် ပြန်တွေ့ခဲ့ကြတာ။ ဒီတုန်းမှာပဲ ဟာ ဘီးလင်းမြို့မှာ ပထမဦးဆုံးညက ပြဇာတ်ကအပြီးမှာ သူနဲ့ကျွန်တော် တွေ့ကြပြီး သူက ရပ်ဖျက်ပြီး ကျွန်တော်နဲ့ ပွဲခင်းထဲ လျှောက်လည်ခဲ့ ကြသေးတယ်။ ကျွန်တော်က မြစံပယ်ပျော်လား၊ ကျွန်တော့်ကို လက်ထပ်မှာ လားဆိုတော့ သူ ငိုတယ်။ သူ့ကို ခွင့်လွှတ်ပါတဲ့။ ဒီတစ်ခါ အောင်မြင်

www.burmeseclassic.com



တွေ့ခြင်းပဲတဲ့။ နောက် ဘယ်တော့မှ ကျွန်တော့်ကို သူ မတွေ့ရပါစေနဲ့တော့တဲ့။ သူ့အစ်ကိုကြီး သူ့ယောကျ်ားကို သစ္စာမဖောက်ချင်ပါဘူးတဲ့လေ။ ကျွန်တော် ဘယ်လောက် ရင်နာရသလဲ။ ကျွန်တော့် နှလုံးသားတွေ ပေါက်ကွဲကုန်တယ်။ ဒါကြောင့် ကျွန်တော် မြစံပယ်ကို တခြားယောကျ်ားရဲ့ ရင်ခွင်ထဲတော့ မထည့်နိုင်ဘူး။ မြစံပယ်ကို လက်လွှတ်ဆုံးရှုံးမည့်အစား သေတာကမှ ကောင်းဦးမယ်လို့ ကျွန်တော် ဆုံးဖြတ်ပြီး နောက်နေ့ညမှာ သူ့ကိုချိန်းတွေ့ပြီး ကျွန်တော် အသင့်ယူလာတဲ့ ကျွန်တော် စံပယ်ပွင့်လေးတွေ ဖြတ်ရင်း သုံးတဲ့ဓားနဲ့ ကျွန်တော် စံပယ့်ကို ထိုးသတ်ခဲ့ပါတယ် ဆရာ။ ဟောဒီမှာ အဲဒီဓား…”

ကျောင်းဆရာလေး မောင်သက်ဝေက ဆို့နင့်စွာပြောရင်း သူ့ရင်ဘတ် ရုပ်အင်္ကျီအောက်ထဲမှာ သိမ်းယူလာခဲ့သည့် သတင်းစာစက္ကူပါးနှင့် ပတ်ထားသော ပန်းလှီးဓားလေးကို ထုတ်ပေးပါသည်။

“ကျွန်တော်…ကျွန်တော် မြစံပယ်ကို ချစ်မြတ်နိုးလွန်းလို့ သတ်…သတ်ခဲ့ရတာပါ ဆရာရယ်။ အဟင့်…အဟင့်…”

သူ ကြေကွဲထိနိုက်စွာဖြင့် စားပွဲပေါ်မှာ မှောက်ချပြီး ရှိုက်ငိုနေပါတော့သည်။

သြော်…အလွန်သိမ်မွေ့နူးညံ့သော အချစ်၏နှလုံးသားသည် အတ္တလွှမ်းထဲမှုကြောင့် ယခုတော့ အဆိပ်အတောက် ဖြစ်သွားရလေပြီတကား။

* * *

(၇)

ထို့နေ့ နေ့လယ်ခင်း နှစ်နာရီခွဲမှာ ဘီးလင်းပြည်သူ့ဆေးရုံလေးမှနေ၍ မင်းသမီးလေးမြစံပယ်၏ အသုဘအခမ်းအနားကို ရင်နာကြေကွဲစွာဖြင့် ဘီးလင်းသုသာန်သို့ ပို့ဆောင်ခဲ့ကြပါသည်။

မမျှော်လင့်စွာ အသုဘအခမ်းအနားလေးက စည်းကားသိုက်မြိုက်နေလေသည်။ ရင်နှင့်စရာကောင်းသည်က ထိုည၊ ဆယ့်တစ်နာရီခန့်လောက်အချိန်တွင် ရွှန်းမြမြလရောင်ထဲတွင် လွင့်ထွက်လာသည့် တယောသံ တစ်ခုကလည်း ဆွေးမြေ့နာကျင်ဖွယ် ကောင်းလှပါသည်။

တယောသံက ဘီးလင်းရဲဌာနဝင်းအတွင်းရှိ အချုပ်ထောင်ကြီး၏ ထောင့်စွန်းရှိ တရားခံမောင်သက်ဝေ၏ အချုပ်ခန်းလေးဆီမှ ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် မောင်သက်ဝေ၏ စံပယ်သီချင်းသံလေးကလည်း တယောသံနှင့်အတူ လရောင်ကို ထိုးဖောက်ပြီး လွမ်းလွမ်းမြည့်မြည့် ထွက်ပေါ်လာနေပါသည်။



“စံပယ်…စံပယ်…စံပယ်ပန်းရယ်၊ သင်းရနံ့ကြူ ဖြူဖြူဖွေးရယ်၊ မွှေးမွှေးလေးပေးချင်အောင်ကွယ်၊ မှုယာစုံကြွယ်…”

သြော်…အချစ်လွန်ကဲလွန်းသည့် မောင်သက်ဝေ။ မသိစိတ်နှင့် လွင့်မျောနေလေရော့သလား။

မနက်ဖြန်ဆိုလျှင် သူ့ကို သထုံမြို့ (၁)ရာဘက် တရားသူကြီးရုံးသို့ ပို့ဆောင်ပြီး တရားရုံး၏ ဆုံးဖြတ်ချက် အပြစ်ဒဏ်ကို သူ ခံယူရရှာတော့မည်။

သူ့ဘဝ၏ အကျည်းတန်သည့် အနာဂတ်ခရီးကား…

နန်းထိုက်နိုး
(နိုင်ငံခြားဘာသာသိပ္ပံ)

*(ထိုစဉ်က ဘီးလင်းရဲဌာနအုပ်ကြီး ဦးမောင်မောင်စိန်မှာ စာရေးသူ၏ဖခင် ယခု သထုံခရိုင်အင်္ဂမ်းစား ရဲအရာရှိ ဦးမောင်မောင်စိန် ဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။ စာရေးသူ)*

www.burmeseclassic.com



## ၄ ဂဏန်းနဲ့လူ

သီဟထိုက်တင်စော

(၁)

"ဟဲလို...ပြောပါ..."

"သီဟ၊ ငါပါကွ...။ မင်း သိပြီလား၊ ဟိုကောင်ကြီးသတင်း..."

"ဘယ်ကောင်ကြီးလဲ၊ ရှင်းရှင်းပြောစမ်းပါ..."

"တင်အောင်မြင်ကို ပြောတာကွ..."

"ဟော... ဘာသတင်းလဲ၊ ငါမသိသေးဘူး"

"သူ ဆုံးသွားပြီ"

"ဘာ..."

"မနေ့ညက ဆုံးတာတဲ့၊ သူ့မိန်းမက ငါတို့ဖုန်းနံပါတ်တွေ ပျောက်နေလို့ စောစောကမှ အကြောင်းကြားတယ်။ မင်းကိုလည်း ပြောလိုက်ပါတဲ့"

"ဟာ၊ ဘယ်လို ဖြစ်ရတာလဲကွာ..."

"ငါလည်း စိတ်မကောင်းပါဘူး။ တစ်နေ့ ဒီကောင်ကြီး ဒီလိုဖြစ်မယ်ဆိုတာ ငါကြိုပြီး မြင်ထားပြီးပါပြီ။ "ဖိုး"ထိုးလို့ ရောဂါဖြစ်ပြီး တစ်ခါတည်း အသက်ပါသွားတာတဲ့..."

"ဒီကောင် မိုက်တယ်ကွာ။ အောင်မြင်မှုကို မခံနိုင်တာပဲလို့ ငါမြင်တယ်။ ဒါနဲ့ မနေ့က ဘယ်အချိန်မှာ ဆုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ပိုင်း၊ ရိုက်ကွင်းက ပြန်လာပြီး ဝင်အိပ်တယ်တဲ့။ ညနေ့ခံပွဲ ရှိတယ်၊ ၄ နာရီ ထိုးပြီးရင် နှိုးလို့ သူ့မိန်းမကို မှာထားသတဲ့။ သူ့မိန်းမ သွားနှိုးတော့ အသက်မရှိတော့ဘူး။ လက်မောင်းမှာ အပ်တန်းလန်းနဲ့။ ဆုံးပြီး ခါနေပဲ ရှိသေးတယ်။ သူ့မိန်းမပြောတာကတော့ ၄ နာရီလောက်မှာ ဆုံးတာ တဲ့"

"၄ နာရီ...ဟုတ်လား"

"ဟုတ်တယ်။ သူ့ အစွဲအလမ်းကြီးတဲ့ ၄ ပဲ။ အဲ...ခုမှ ငါလည်း စဉ်းစားမိတယ်ကွ။ မနေ့က ၄ ရက်နေ့လေ"

"ဟာ..."

* * *

(၂)

တင်အောင်မြင်အကြောင်းကိုပြောလျှင် သူ၏အစွဲအလမ်းအကြောင်းကို ပါ ပြောရပါလိမ့်မည်။ သူနှင့် သူ၏အစွဲအလမ်းမှာ ခွဲမရအောင် တူနေသော ကြောင့်ပင် ဖြစ်ပါ၏။

သူသည် ခေတ်ပညာတတ် တက္ကသိုလ်ဘွဲ့ရတစ်ဦး ဖြစ်သော်လည်း အစွဲအလမ်းက ကြီးလွန်းလှသည်။ အထူးသဖြင့် သူ၏အစွဲအလမ်းမှာ '၄' ဂဏန်း ဖြစ်၏။

'၄'ဂဏန်းဆိုတာက မကောင်းတဲ့ နတ်ဆိုးတစ်ပါး ပိုင်ဆိုင်ထားတဲ့ ဂဏန်းကွ။ အနောက်နိုင်ငံတွေမှာ အရေးကြီးတဲ့လုပ်ငန်းတွေ စတင်မယ်ဆိုရင် တို့၊ ခရီးထွက်မယ်ဆိုရင်တို့ ဆိုတာတွေမှာ '၄'ဂဏန်းကို ရှောင်လေ့ရှိတယ်။ သူတို့ဆီက ဟိုတယ်တွေ ဘာတွေမှာဆို အခန်းနံပါတ်ကို '၁၃' မထားကြဘူး။ Unlucky နံပါတ်လေ။ ၁၃ ဆိုတာကလည်း ၄ ပေါ့။ အဲဒီဂဏန်းဟာ ကောင်း ကျိုးထက် ဆိုးကျိုးကို ပိုပေးတတ်တယ်။ မင်းတို့ကြည့်ကွာ၊ အမေရိကန်က လကမ္ဘာကို အာကာသယာဉ်တွေ လွှတ်တင်တာ၊ အပိုလို ၁၁ နဲ့ ၁၂ တို့ အောင်မြင်ပြီး ၁၃ လည်းကျရော လကမ္ဘာပေါ် မဆင်းနိုင်ဘဲ ပြန်လာခဲ့ရတယ် မဟုတ်လား"

ဒါက တင်အောင်မြင် ပြောခဲ့သော စကား။

"ဒါကြောင့် လူ့နာမည်တို့၊ လုပ်ငန်းနာမည်တို့ ပေးရင်လည်း ၄ ကို ရှောင်ကြတယ်။ ခရီးသွားရင် ၄ ယောက် မသွားဘူး။



ကျွန်တော်နှင့် သိန်းဦးက သူ့ အယူအဆကို လက်မခံပါ။

"မြန်မာပြည်လွတ်လပ်ရေးရတာ ၄ ရက်နေ့ကွ။ ဘယ်လောက် မင်္ဂလာ ရှိလဲ။ ဘယ်လောက် ကောင်းတဲ့နေ့လဲ"

ကျွန်တော်က သက်သေထူပြီး ငြင်းသည်။

"အဲဒါ ငါထင်တာတော့ အင်္ဂလိပ်တွေက တမင် ၄ ဂဏန်းကို ရွေးပေး ခဲ့တာကွ။ လွတ်လပ်ရေးကို မဖြစ်မနေပေးတာတောင် မကောင်းကျိုးဖြစ်စေ ဆိုပြီး ပေးခဲ့တာ နေမှာပဲ"

တင်အောင်မြင်က လိုရာဆွဲပြီး အနိုင်အမာပြောသည်။

သိန်းဦးက–

"မြန်မာပြည်လွတ်လပ်ရေးရအောင် လုပ်ပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း ရဲ့နာမည်ဆို မင်း ဘာပြောမလဲ။ အောင်ဆန်းဆိုတာ အောင်က ၁၊ ဆန်းက ၃၊ ပေါင်းရင် ၄ ရတယ်။ ဘယ်လောက် ထူးခြားတဲ့ ပုဂ္ဂိုလ်လဲ"

တွေးမိသမျှ သက်သေပြသည်။

တင်အောင်မြင်က ခေါင်းရမ်း၏။

"ကြည့်လေ။ ၄ ဂဏန်းနာမည်မို့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီး သေဆုံးခဲ့ရတယ်။ သူ့မူလနာမည် 'ထိန်လင်း'ဆိုရင် အဲဒီလိုဖြစ်ချင်မှ ဖြစ်မှာ။ 'ဗိုလ်တေ'ဆိုရင်လည်း ဖြစ်ချင်မှ ဖြစ်မှာ"

"မင်းကိုက အစွဲအလမ်းကြီးတာပါကွာ"

"မင်းတို့ မယုံမရှိနဲ့။ ဒါ ဂမ္ဘီရ သဘောတွေကွ"

ကျွန်တော်တို့ သူ့ကိုပြိုင်မငြင်းနိုင်၍ လက်လျှော့ခဲ့ရ၏။

စင်စစ် သူ့နာမည်သည် တင်အောင်မြင်။ တင်က ၇၊ အောင်က ၁၊ မြင်က ၅။ ပေါင်းလျှင် ၁၃ ရ၏။ ထပ်ပေါင်းလျှင် ၄ ရ၏။ ထို့ကြောင့် သူက ထိုနာမည်ကို မကြိုက်။

အနုပညာလောကထဲ သူ ဝင်တော့ ထိုနာမည်ကိုပယ်ကာ နာမည်သစ် ရွေးသည်။ "လင်းဦး" တဲ့။ ၅ ဂဏန်းနာမည်။

"မင်းတို့ ကြည့်ပါလား။ ကျော်ဆွေ (၂+၃=၅)။ ဝင်းဦး (၄+၁=၅)၊ အောင်လွင် (၁+၄=၅)၊ ရန်အောင် (၄+၁=၅)၊ စန္ဒယားချစ်ဆွေ(၂+၃=၅)... ၅ ဂဏန်းသမားတွေက အောင်မြင်ကြတယ်ကွ"

သူ့အယူအဆ။

နာမည်သာ သူပြောင်း၍ရသည်။ သူ့မွေးနေ့ ၄ ရက်၊ သူ့မွေးလ ဧပြီ၊ သူ့မွေးနှစ် ၈၅ (၁၃=၄)ကိုကား ပြောင်း၍ မရနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပထမဆုံးကြိုက်သော မိန်းကလေးအမည်မှာ 'လေး' ဖြစ်၏။ ထို့ကြောင့် ချစ်လျက်နှင့် သူ နောက်ဆုတ်သည်။ သည်မျှ အစွဲအလမ်းကြီးသည့်ကောင်။

၄ ရက်နေ့မှာ သူ ထူးထူးခြားခြား ဘာမျှမလုပ်။ ၄ ဂဏန်းကျသော ကားများကို မစီး။ နံပါတ် ၄ ကျသော အိမ်မှာမနေ။

"မင်းကွာ လွန်လွန်းတယ်။ အဲဒီလောက်ဖြစ်နေရင် မင်း ကြည့်နေ။ ၄ ရက်နေ့မှာ မင်း သေမှာပဲ"

သိန်းဦးက ရွဲ့ပြောတာ တင်အောင်မြင် မျက်နှာပျက်သွားသည်။

"ဟ…ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။ မင်းကွာ နိမိတ်မရှိတဲ့စကား မပြောရဘူးကွ။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း၊ သြဘာနိမိတ်ထွန်းသတဲ့။ မကြားဖူးဘူးလား"

ကျွန်တော်တို့ အနောက်အပြောင်စကား ဆိုသည်ကိုပင် သူက အလေးအနက်ကြီးထားသည်။

"ဒါဆို ၄ ရက်နေ့တို့၊ ၁၃ ရက်နေ့တို့၊ ၂၂ ရက်နေ့တို့၊ ၃၁ ရက်နေ့တို့မှာ မင်း ထမင်းမစားနဲ့ပေါ့"

ကျွန်တော်က အနိုင်လု ပြောသည်။

"ဘာဆိုင်လို့လဲ"

"၄ ဂဏန်းကျတယ်လေကွာ"

"အဲဒါတော့ မင်းတို့က ကတ်ဖဲ့လုပ်ပြောတာကိုး။ တော်ပြီကွာ၊ မင်းတို့နဲ့စကားပြောရတာ လက်ဝင်တယ်။ နောက်ကျမှ ကိုယ်တွေ့ကြုံလာရင် ငါပြောတာ ဟုတ်ပါလား ဖြစ်သွားမယ်"

ကျွန်တော်က သူ့ကို စကားအတည်ပြောရန် ကြိုးစားလိုက်၏။

"ဘုရားက ဟောတာ အတ္တာဟိအတ္တနော နာထော တဲ့။ မိမိကိုယ်သာ ကိုးကွယ်ရာတဲ့။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ ဆိုတာ ကံဆိုတဲ့ အလုပ်ကို ပြောတာ။ ကိုယ်လုပ်တာ ကောင်းရင် ကိုယ်ကောင်းမှာပဲ။ ကိုယ်လုပ်တာ ဆိုးရင် ကိုယ့်ကံလည်း ဆိုးမှာပဲ။ မင်း ပြောသလိုဆိုရင် အနောက်နိုင်ငံ အယူအဆအရ Luckyနံပါတ်ဆိုတဲ့ ၇ တွေကိုပဲ သုံးရ၊ စွဲရ၊ ဆုပ်ကိုင်ရတော့မှာလား။ အဲဒါဆို ၇ ရက်နေ့မှာ သေတဲ့လူတွေ မရှိဘူးလား"

သူ ကျွန်တော့်ကို မျက်လုံးပြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။ ပြီးမှ –

"ဒါကတော့ မင်း ယုံကြည်ချက်နဲ့ မင်းပဲ။ ငါလည်း ငါ့ယုံကြည်ချက်နဲ့ငါပဲ။ မင်းမယုံကြည်တာ ငါ ဘာမှ မပြောလိုဘူး။ ငါ ယူဆလက်ခံတာကိုလည်း မင်းတို့ ဘာမှမပြောနဲ့"ဟု သူက အပြတ်ပြောခဲ့လေသည်။

* * *



(၃)

အမှတ်ရမိသေးသည်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက သူငယ်ချင်းများ စုရုံး ပြင်ဦးလွင်သို့ အလည်သွားကြသည်။

ထိုခရီးကို စတင် အကြံရ ဆော်ဩသူမှာ ကျွန်တော်ဖြစ်ပြီး အားလုံးကလည်း သဘောတူကြသဖြင့် စီစဉ်ကြသောအခါ…

ခရီးလိုက်ပါမည့်သူများမှာ တင်အောင်မြင်၊ သိန်းဦး၊ ကျော်မင်းနှင့် ကျွန်တော်တို့ ဖြစ်သည်။ အရေအတွက် ၄ ဦးဖြစ်နေသဖြင့် တင်အောင်မြင်က အစီအစဉ်တွင် သူမပါတော့ဟု ငြင်းလေတော့သည်။

"ငါ မလိုက်တော့ဘူး။ မင်းတို့ပဲ သွားတော့"

သူ့အကြောင်းကို သိသောကြောင့် သူ့ကို နားလည်ကြသဖြင့်

"ဒါဆို နောက်တစ်ယောက် ခေါ်မယ်ကွာ။ မင်း…လိုက်ပါ"

သိန်းဦးက အကြံပေးသည်။ တိုက်တွန်း စည်းရုံးသည်။

"အေး…ငါးယောက်ဆိုရင်တော့ လိုက်မယ်"

သူ့အဖြေ။

သို့ဖြင့် နောက်တစ်ယောက် ရှာကြသောအခါ မျိုးဝင်းက သူလိုက်မည်ဟု ဆိုသဖြင့် အဆင်ပြေသွားကြသည်။

ခရီးကို အစီအစဉ်ဆွဲရာ၌ ရထားဖြင့်သွားရန် သဘောတူကြသည်ဖြစ်ရာ ဒုတိယတန်းရထားလက်မှတ် ၅ စောင်ကို ကြိုတင်ဝယ်ယူခဲ့ကြ၏။

သို့သော် တကယ်ခရီးထွက်သောအခါ ဘူတာရုံသို့ မျိုးဝင်း ရောက်မလာ။

"ဟာ…ဒီကောင် ဘာဖြစ်တာလဲ မသိဘူး"

သိန်းဦးက တင်အောင်မြင်ကို ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် သိလိုက်ပြီ။

သိန်းဦး လှည့်ကွက်လုပ်လိုက်ခြင်းပင်။

၄ ယောက်သွားလျှင် မလိုက်ဟု ငြင်းသော တင်အောင်မြင်ကို လိုက်စေလို၍ သိန်းဦးက မျိုးဝင်းကို စည်းရုံးပြီး လိုက်မည် ပြောစေခဲ့ခြင်းဖြစ်၏။ အမှန်တကယ်မှာမူ မျိုးဝင်းက လိုက်ဖို့ အစီအစဉ်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"တင်အောင်မြင်ကို ငါ သက်သက်ပညာပေးချင်လို့ လုပ်တာကွ။ ဒီကောင့် အစွဲကို ချွတ်ချင်လို့"ဟု နောက်ပိုင်း၌ သိန်းဦးက ကျွန်တော့်ကို ပြောပြခဲ့၏။

"ဟာ...ဒါဆို အလကားသက်သက် မင်း ရထားလက်မှတ်တစ်စောင် ဆုံးတာပေါ့"

"ဆုံးပစေကွာ။ ငါတို့ခရီးမှာ ငါတို့အချစ်ဆုံး သူငယ်ချင်းကြီးကို ပါစေချင်တာရယ်။ ၄ ဆိုတာ ဘာမှ မဟုတ်ဘူးဆိုတဲ့အကြောင်း ဒီကောင် လက်ခံစေချင်တာရယ်ကြောင့် လုပ်လိုက်တာပဲ။ တန်ပါတယ်"

သို့သော် ရထားလက်မှတ် တန်ဖိုး မဆုံးရှုံးခဲ့ပါ။ အကြောင်းကိစ္စ အရေးကြီး၍ ရုတ်တရက် ထွက်လာရသော လူကြီးတစ်ဦးက လက်မှတ်မရ၍ အခက်ခဲဖြစ်နေသည်နှင့် ကြုံသဖြင့် ပြန်ရောင်းလိုက်ရသည်။

တင်အောင်မြင်ကား ၄ ယောက် ဖြစ်နေ၍ မျက်နှာပျက်နေသည်။ ခရီးထွက်ဖို့ ရထားပေါ်ပင် ရောက်နေပြီမို့ သူ ငြင်းဆန်ပြီး နေခဲ့ရန်လည်း ခက်နေ၏။

"မျိုးဝင်း ငရှုပ်။ အလကား ဒီကောင် ဂျိုးဂျောင် ဝင်လုပ်တာ။ စကတည်းက မလိုက်နိုင်ရင် မလိုက်နဲ့ပေါ့။ ခုဟာက..."

တင်အောင်မြင် မကျေနပ်၍ တဖျစ်တောက်တောက် ဖြစ်နေ၏။

သိန်းဦးက ပြုံး၍ -

"တစ်ခုခု အဆင်မပြေလို့ ဖြစ်မှာပါကွာ။ သူမပါလည်း ဘာဖြစ်လဲ။ ငါတို့က ၄ ယောက်တောင်ပဲ။ သူ့ရဲကောင်း ၄ ယောက်ပေါ့ကွာ ဟဲဟဲ"

ပြောရင်း ရယ်ကာ ကျွန်တော့်ကို မျက်စိမှိတ်ပြသည်။

တင်အောင်မြင်က လက်မှ နာရီကို ကြည့်ကာ နေရာမှ ရုတ်ချည်း ထသွားသည်။

"ဟေ့ကောင်...ဘယ်လဲကွ။ တော်ကြာ ရထားထွက်တော့မှာ"

"ဘူတာထဲကို ခဏပါ။ မကြာပါဘူး"

ရထားတွဲပေါ်မှ တင်အောင်မြင် ခုန်ချကာ ဘူတာထဲ ပြေးဝင်သွားသည်။ သူ ဘယ်သွားပါလိမ့်၊ ဘာသွားလုပ်ပါလိမ့်။ ကျွန်တော်တို့ တွေးမရ။

ခဏနေတော့ သူ ပြန်ရောက်လာသည်။

သူ့လက်ထဲမှာကလေးကစားစရာ အရုပ်တစ်ခု ပါလာသည်။ မိန်းကလေး ရုပ်ကလေး ဖြစ်၏။

"တင်အောင်မြင် ဘာလုပ်ဖို့လဲကွ။ ဘယ်ကလေးကို လက်ဆောင်ပေးဖို့လဲ"



ကျွန်တော်က နားမလည်စွာ မေးမိ၏။ သူက ခေါင်းရမ်းသည်။

"ဘယ်ကလေးမှ ပေးဖို့မဟုတ်ဘူး။ ယတြာ လုပ်လိုက်တာ"

ကျွန်တော်တို့ ခေါင်းရှုပ်သွားကြသည်။

"ယတြာဟုတ်လား"

"ဟုတ်တယ်လေ။ ငါတို့က ၄ ယောက်ဖြစ်နေတာ မဟုတ်လား။ အရုပ်ကို ထည့်သွားတော့ ၅ ယောက် ဖြစ်သွားပြီလေ"

ကျွန်တော်၊ သိန်းဦးနှင့် ကျော်မင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။ ရယ်ရအခက်၊ ငိုရအခက်ဆိုသည်မှာ ဒါမျိုးပင် ဖြစ်ပေမည်။

"မင်းကွာ အတော် အယူသီးတဲ့ကောင်ပဲ"

သိန်းဦးက မှတ်ချက်ချလေ၏။

* * *

မန္တလေးမှပြင်ဦးလွင်သို့ ရထားဖြင့် ဆက်တက်ကြသည်။ ဘာပြဿနာမှ မရှိ။ တင်အောင်မြင်က လန့်သည်။ သို့သော် လွန်းထိုးတက်ရသည်ကို ကျွန်တော်တို့က စိတ်ဝင်စားသလောက်၊ ပျော်သလောက် တင်အောင်မြင်က လန့်သည်။ တဖိုဖိုနှင့် လက်တွေ ခြေတွေ အေးလျက်။

"ဒါလေးများ ကြောက်ရတယ်လို့ကွာ။ ကိုကို ယောကျ်ားမဟုတ်ဘူး။ မဟုတ်ဘူး..."

သီချင်းဆို၍ ကျွန်တော်တို့ သုံးယောက်က သူ့ကို ဝိုင်းစကြသည်။

"အပြန်ကျရင် ကားနဲ့ ဆင်းမယ်"

သူက ကြေညာ၏။

"ဘာဖြစ်လို့လဲကွ"

"အတက်တောင်မှ အသည်းတယားယားနဲ့ အဆင်းဆို ပိုဆိုးမှာကွ"

ကျွန်တော်တို့ ဝိုင်းလှောင်ကြ၏။

"ကိုကို ယောကျ်ားမဟုတ်ဘူး...မဟုတ်ဘူး၊ စိတ်နာတယ်"

ပြင်ဦးလွင်ရောက်၍ တည်းခိုခန်းဝင်လိုက်တော့ နှစ်ယောက်ခန်း တစ်ခန်းသာဖြင့် တစ်ယောက်ခန်းနှစ်ခန်း တွဲယူရသည်။ သိန်းဦးက အခန်းသော့များကို ယူပြီး ကျွန်တော်တို့ကို ခွဲပေးရာ ကျွန်တော်နှင့်ကျော်မင်းက နှစ်ယောက်ခန်း ရ၏။ အခန်းနံပါတ်(၁၁)။ သိန်းဦးက တစ်ယောက်ခန်း။ အခန်းနံပါတ်(၁၂)။ တင်အောင်မြင်က သူ့ထံရောက်လာသော သော့မှ အခန်းနံပါတ်ကို ကြည့်ကာ မျက်နှာပျက်သွား၏။ (၁၃)။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဒီအခန်း ငါ မနေချင်ဘူး။ ဘယ်သူလဲမလဲ။ လဲကွာ"

သိန်းဦးက ငြင်း၏။

"မင်းတောင် မနေချင်တာ။ သူများလည်း ဘယ်နေချင်မှာလဲ၊ မလဲဘူး"

ကျော်မင်းနှင့် ကျွန်တော်ကလည်း ညစ်၍ တမင် လဲမပေး။

"အဲဒါဆို ငါ တခြားအခန်း သွားလဲမယ်"

ကျွန်တော်တို့ကို ပြောမရသဖြင့် သူ ဒေါပွပွနှင့် ကောင်တာသို့ ထွက်သွားသည်။ ပြန်လာတော့ မျက်နှာကြီးက ညှိုးမည်းလျက်။

"လဲလို့ရခဲ့လား"

ကျွန်တော်က မေးသည်။

"မရဘူး၊ အခန်းတွေက ကုန်နေပြီ"

"နေလိုက်ပါကွာ။ တစ်ည နှစ်ညပဲဟာ"

သိန်းဦးက ပြုံးစစနှင့် ဖိအားပေးတိုက်တွန်း၏။

"သီဟ ငါ မင်းတို့အခန်းမှာ လာပေါင်းအိပ်မယ်"

"ဟာ...ဘယ်ဖြစ်မလဲကွာ။ ငါတို့က တစ်ယောက်အိပ် ခုတင်တွေ တစ်ယောက်တစ်လုံး အိပ်ကြမှာ။ နှစ်ယောက်ဆို ကြပ်တယ်ကွ"

"ဟုတ်တယ်၊ ငါလည်း နှစ်ယောက် မအိပ်တတ်ဘူး"

ကျွန်တော်နှင့် ကျော်မင်းက ဓွတ်ငြင်းသည်။ လုံးဝ အလျှော့မပေး နောက်ဆုံးတော့-

"မင်းတို့ ငါ့ကို ဝိုင်းညစ်တာ ငါ သိတယ်"

သူ ဒေါပွပွ စိတ်တိုတိုနှင့် သူ့အခန်းကို ဖွင့်ပြီး ဝင်သွားသည်။ ကျွန်တော်တို့ သုံးယောက်ပြုံးစိစိနှင့် ကျန်ရစ်ခဲ့ကြ၏။

သိန်းဦးက လှမ်းအော်ပြောသည်။

"မင်း ကံကောင်းပါစေကွာ။ ညကျရင်လည်း အိပ်မက်လှလှမက်ပါစေ"

* * *

သူ့အစွဲနဲ့ သူမို့လား မသိ။

ထိုညမှာ တင်အောင်မြင့် ပြဿနာတက်သည်။

ကျွန်တော်တို့က ညနေဘက် အပြင်ထွက်လည်ပြီး ညအိပ်ပြန်လာ နေ့လယ်က ရထားစီးခဲ့ရသည်နှင့် ပင်ပန်းကာ တစ်ချိုးတည်း အိပ်ပျော်သွားကြ၏။

"ဒုန်း...ဒုန်း...ဒုန်း"



"ဝုန်း...ဝုန်း...ဝုန်း"

ကျွန်တော်တို့ အိပ်ကောင်းတုန်း တဒုန်းဒုန်း တဝုန်းဝုန်း အသံများကြောင့်လည်း နိုးလာကြသည်။ တံခါးရွက်ကို ထုနေခြင်းဖြစ်၏။

"သီဟ...သီဟ"

"ကျော်မင်း..."

ခေါ်သံလည်း ကြားရ၏။ တင်အောင်မြင့် အသံဖြစ်သည်။ သူ့အသံတွေမှာ ကြောက်လန့်ခြင်းဖြင့် တုန်နေ၏။

ကျွန်တော်တို့ ကပျာကယာ ထ၍ တံခါးဖွင့်ပေးလိုက်သောအခါ သူ အခန်းတွင်း အဆောတလျင် တိုးဝင်လာသည်။ သူ့ မျက်နှာ ဖြူဖျော့နေ၏။

"ဘာဖြစ်လို့လဲ တင်အောင်မြင့်"

"အိပ်မရဘူးကွ..."

"ဘာဖြစ်လို့ အိပ်မရတာလဲ"

"ငါ့ခြေထောက်ကို တစ်ယောက်ယောက်က လာလာဆွဲတယ်"

"ဟေ...ဟုတ်ရဲ့လားကွာ။ မင်း အိပ်မက်မက်ပြီး ယောင်နေတာလား"

ကျွန်တော်တို့က မယုံကြ။

"မဟုတ်ဘူး၊ တကယ်ပြောတာ။ အမွေးနံ့လိုလို အနံ့တစ်ခုလည်း ရတယ်"

ကျွန်တော်က နောက်ချင်စိတ်ကြောင့်-

"ဟာ...ဒါဆို သရဲမချောချောကလေး ဖြစ်မယ်။ မင်း ကံကောင်းတယ်"

"မဟုတ်တာ မပြောနဲ့ကွာ။ ငါ အတည်ပြောနေတာ"

"ဒါဆို ငါတို့ လိုက်ကြည့်မယ်"

ကျွန်တော်နှင့် ကျော်မင်း သူ့အခန်းကို သွားကြည့်ကြသည်။ ဘာအနံ့မှ ဘာအရိပ်အယောင်မျှ မမြင်။

"ဘာမှ မဟုတ်ပါဘူးကွာ။ မင်း စိတ်ချလက်ချသာ အိပ်ပါ"

ကျွန်တော်က ဖျောင်းဖျ၏။

"ငါ မအိပ်ရဲတော့ဘူး။ ငါ မင်းတို့နဲ့ လာအိပ်မယ်။ ဒါမှမဟုတ်ရင် မင်းတို့ အဲဒီအခန်းမှာ အိပ်ကြည့်"

တစ္ဆေသရဲကို မကြောက်တတ်သော ကျွန်တော်က-

"ငါ သွားအိပ်ရဲရင် မနက်ဖြန် မင်း ငါ့ကို လက်ဖက်ရည် တိုက်မလား" ပိုက်သည်။

"ထမင်းပါ ကျွေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်"

"ကျော်မင်း သက်သေရှိပါတယ်ကွာ"

သို့ဖြင့် ကျွန်တော် သူ့အခန်း ၁၃ မှာ သွား၍အိပ်ပြီး သူက ကျွန်တော့် အခန်းမှာ ကျော်မင်းနှင့်အတူ အိပ်ကျန်သည်။

ပြင်ဦးလွင်၏ အအေးဓာတ်နှင့် ထိုညက ကျွန်တော် အိပ်ကောင်းလိုက်သည်မှာ ပြောစရာမရှိ။ မနက် သိန်းဦး လာနှိုးမှ နိုးသည်။

မည်သို့မျှ ခြေထောက် လာမဆွဲ၊

မည်သည့်အနံ့မျှ မရ။

တင်အောင်မြင်က သူ့ကတိအတိုင်း ကျွေး၏။

သိန်းဦးကမူ–

"ဟော့ကောင် သီဟ၊ အဲဒါ မင်း သူ့ ပတ်တီးချတာကို ခံလိုက်ရတာ" ဟု ဆိုသည်။

"ဘာဖြစ်လို့လဲကွ"

"သူက အဲဒီအခန်းမှာ မနေချင်လို့ ဉာဏ်များပြီး မင်းနဲ့လဲတာ။ ဟုတ်တယ် မဟုတ်လား တင်အောင်မြင်..."

တင်အောင်မြင် ပြုံးစိစိ လုပ်နေ၏။

ကျွန်တော် သဘောပေါက်သွားပြီး သူ့ကို ဆဲမိသည်။

"ခွေးကောင်...မင်း တွေ့ဦးမယ်"

* * *

ပြင်ဦးလွင်မှာ လည်ပတ်နေထိုင်ပြီးပြန်ဆင်းဖို့ စီစဉ်သောအခါ တင်အောင်မြင်က ရထားနှင့်မဆင်းရဲဟု ဆိုသောကြောင့် ကားနှင့်ပြန်ရန် ဆုံးဖြတ်ကြသည်။

ဆလွန်း အငှားကားလေး ငှားကြ၏။

"ဟော့ကောင်တွေ ဂဏန်းပေါင်းရင် ၄ ရတဲ့ ကားကို မငှားနဲ့နော်"

တင်အောင်မြင်က ကားသွားငှားသော ကျွန်တော်နှင့် သိန်းဦးကို မှာသည်။

"အေးပါကွာ"

ကျွန်တော်တို့က ကားဂိတ်မှာ တင်အောင်မြင် မှာလိုက်သည့်အတိုင်း ကားကို လိုက်ရှာ၏။ ဆန့်ကျင်ဘက်ပါ။ ကားနံပါတ်ကို ပေါင်းလျှင် ၄ ထွက်သည့်ကား ရပါ၏။ ကားနံပါတ် ၁၉၁၂။ ပေါင်းလိုက်လျှင် ၄။

သို့သော် တင်အောင်မြင်က ထိုနံပါတ်ကို ကြည့်လျှင် စီးမှာမဟုတ်တာ သေချာမှာသည်။ ထို့ကြောင့် ကွမ်းယာဆိုင်မှ ထုံးတောင်းကာ ကားဆရာလည်း



မသိအောင် ၁ ကို ပိတ်လျက် ၀ လုပ်လိုက်သည်။ ၁၉၀၂ ဖြစ်သွားၿပီ။ ပေါင်းလိုက်လျှင် ၃။

ကားကို တည်းခိုခန်း ခေါ်သွားတော့ တင်အောင်မြင်က နံပါတ်ကြည့်ပြီး လက်ခံသည်။

ကျော်မင်းက အနားကပ်လာကာ–

"သီဟ ငါ တင်အောင်မြင် အိတ်ထဲက အရုပ်ကို ယူပြီး လွှင့်ပစ်လိုက်ပြီ။ မရှိတော့ဘူး"ဟု တိုးတိုးပြောသည်။

"ကောင်းတယ်"

ကျွန်တော်တို့ သူ့အစွဲကို ချွတ်ဖို့ ဝိုင်း၍ လုပ်ကြခြင်းဖြစ်သည်။

မန္တလေးရောက်လျှင် ပြောရမည်။

"တွေ့လား တင်အောင်မြင်။ ကားနံပါတ် ၁၉၁၂။ ပေါင်းလိုက်ရင် ၄။ ပြီးတော့ မင်းအရုပ်လည်း မရှိတော့ဘူး။ ကဲ...ငါတို့ ဘာဖြစ်လဲ။ မင်း အယူသီးတာတွေ စွန့်လိုက်တော့..."

သည်သို့ ပြောကြမည်။

သို့သော်...

မန္တလေးပြန်ဆင်းမည့် ဆဲဆဲကျမှ ကျော်မင်းထံ ပြင်ဦးလွင်မှ သူ့သူငယ်ချင်းတစ်ယောက် ပေါက်ချလာကာ နေခဲ့ရန် အတင်းခေါ်၏။ သူလည်း ဘစ်ရက်နှစ်ရက်နေ၍ ရန်ကုန်ဆင်းမှာ၊ အတူတူ ဆင်းကြမည်ဟု မရမနေ အနိုင်ကျင့်ခေါ်သောကြောင့် ကျော်မင်းခမျာ ကျွန်တော်တို့ကို အားနာနာနှင့် ထားခဲ့ကာ လိုက်ပါသွားရ၏။

ကျွန်တော်တို့ကိုပါ နေခိုင်းပါသေးသည်။ ကျွန်တော်တို့က မနေနိုင်တော့၍ ငြင်းလိုက်ခြင်းဖြစ်သည်။

ကားနှင့် ဆင်းလာမှ ကျွန်တော် စဉ်းစားကြည့်တော့ အခုမှ ၄ ဖြစ်သွားသည်ပဲ။ ကားဆရာရယ်၊ တင်အောင်မြင်ရယ်၊ သိန်းဦးရယ်၊ ကျွန်တော်ရယ်။

လူကလည်း ၄ ယောက်။ ကားနံပါတ်ကလည်း ၄။

ကျွန်တော်တို့ စိတ်ထဲမှာတော့ ဘာကိုမှ မဥပါဒ်ပါ။ စနိုးစနောင့်လည်း မဖြစ်ပါ။ တင်အောင်မြင်ကလည်း သူ့တွင် အရုပ်ပါသည်အထင်နှင့် ၄ ယောက် မဟုတ်ဟု ယူဆနေသည်။ ပြီးတော့ သူ့အမြင်မှာကား ကားနံပါတ်ကလည်း ၄ မဟုတ်။

သို့သော်...

မည်သို့ ပြောရမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကား မန္တလေးနားချဉ်းကပ်လာမှ ကားက ဘရိတ်ပေါက်၍ ထိန်းမရဖြစ်ကာ အကွေ့တစ်ခုတွင် တိမ်းမှောက်ခဲ့ပါတော့သည်။

* * *

သည်တစ်ခါတော့ အဆိုးထဲမှာ ကံကောင်းသည်ဟု ဆိုရပါမည်။

မည်သူမျှ ပြင်းစွာထိခိုက်မှု မရှိ။

ကားက ချောက်ထဲထိုးကျကာ ကျောက်တုံးတစ်ခုနှင့် တိုက်မိပြီး တုံးလုံးဖြစ်သွားကာ ကျွန်တော်တို့လည်း ကားထဲမှာ ပိညက်ကုန်ကြသည်။

ထိပ်ပေါက်၊ ခေါင်းပြုပုံစံများဖြင့် ကျွန်တော်တို့ ကားထဲမှ တိုးထွက်ကြရ၏။ ကျွန်တော်က နဖူးမှာ ဒဏ်ရာ၊ သိန်းဦးက ခြေထောက်မှာ ဒဏ်ရာ၊ ကားဆရာကလည်း ပါးမှာ ဒဏ်ရာ၊ တင်အောင်မြင်က လက်မှာ ဒဏ်ရာ။

သို့သော်...

တင်အောင်မြင်၏လက်က အလွန်ပင် နာကျင်နေသဖြင့် ကျိုးသွားသည်ဟု ယူဆရ၏။ အခြားကားများ ရောက်ရှိလာကာ ကျွန်တော်တို့ကို ဆေးရုံပို့ပေးကြသည်။

ဆရာဝန်က စစ်ဆေးလိုက်သောအခါ ကျွန်တော်တို့က ဆေးထည့်ပက်တီးစည်းဖြင့် ပြီးသော်လည်း တင်အောင်မြင်က လက်ဖျံရိုး ကျိုးသွား၍ ကျောက်ပတ်တီး စည်းရ၏။

ဆေးရုံရောက်မှ တင်အောင်မြင်က သူ့အရုပ်မရှိကြောင်း သိသည်။

"ဟာ...ငါတို့က ၄ ယောက်ကိုကွ"

သည်မှာ ကားနံပါတ်ကိစ္စပါ သူ သိသွားပြီး-

"မင်းတို့ တော်တော်ဆိုးတဲ့ကောင်တွေ။ ဒါ မလုပ်ကောင်းဘူးကွ။ ထဲအခု မင်းတို့ကိုယ်တွေ့ပဲ။ ငါတို့ မသေမပျောက်တာ ကံကောင်းတယ်"

တင်အောင်မြင်က ကျွန်တော်တို့ကို အပြစ်တင်သည်။

ကျွန်တော်နှင့် သိန်းဦး ဘာမှ မတက်နိုင်။

ဖြစ်ချင်တော့...

တင်အောင်မြင်၏ ခုတင်နံပါတ်က ၁၃။

တင်အောင်မြင်ကို ကျောက်ပတ်တီးစည်း ကုသပေးသော ဆရာဝန်က [illegible]ဦးကိုကို။ ဂဏန်းအားဖြင့် ပြောရလျှင် ကိုကို ၂+၂=၄။

ကျွန်တော်တို့ ချေပစရာ တစ်ကွက်ရသွား၏။

"[illegible] တိုက်ဆိုင်မှုပါကွာ။ ကဲ-ငါပြောမယ်။ မင်း ခုတင်နံပါတ်က



၁၃ ပေါင်းရင်း ၄ ရတယ်။ မင်းကို ကုပေးတဲ့ ဆရာဝန်ကလည်း ၄ ပဲ။ ဒီတော့ မင်းကို ကျန်းမာချမ်းသာအောင် လုပ်ပေးတာ ၄ ဂဏန်းမဟုတ်လား"

သူ့တစ်ချက် တွေသွား၏။ နှုတ်လည်း ဆိတ်သွား၏။

သို့သော်...

ရန်ကုန်ပြန်ရောက်ပြီး ကျောက်ပတ်တီးဖြည်သောအခါ အရိုးက မဆက်။ အရိုးလွဲနေ၍ မဆက်ခြင်းဖြစ်၏။ လက်ကို နောက်တစ်ကြိမ် ကျောက်ပတ်တီးပြန်စည်းရ၏။ ခွဲစိတ်ကာ အရိုးကို ပြန်၍ တော့ဆက်ပြီးမှ စည်းရခြင်းဖြစ်သည်။

"အဲဒါ မင်းတို့ကြောင့်ပဲ။ စပြီး ခရီးသွားကတည်းက ၄ ယောက်။ ပြန်လာတော့ ကားက ၄ ဂဏန်း။ စီးလာတာက ၄ ယောက်။ ဆေးရုံရောက်တော့ ခုတင်က ၁၃။ ဆရာဝန်က ၄။ တွေ့လား ငါဖြစ်ရတာ အဲဒါကြောင့်..."

တင်အောင်မြင်၏ အစွဲကား ပို၍ ကြီးသွားလေတော့သည်။

* * *

(၄)

သူ့မိခင် စေစပ်ပေးသော မိန်းကလေးနှင့် ပတ်သက်၍လည်း သူ၏အစွဲအလမ်း ကြီးမားပုံကို ကျွန်တော်တို့ တွေ့ခဲ့ရ၏။

မိန်းကလေးအမည်က နှင်းပွင့်ဦး။ ရုပ်ရည်ကလည်း ချောသည်။ ပညာအတတ်လည်း ဖြစ်သည်။ ငွေကြေးဥစ္စာလည်း ကြွယ်ဝသည်။ ဆွေမျိုးအသိုင်းအဝန်းအလည်း အဆင့်အတန်း မြင့်မြင့်ထဲက ဖြစ်သည်။ သူမ၏ မိဘများသည်ပင် ဂုဏ်ပိုင်ရှင် လူကုံထံများ။

ပြီးတော့ နှင်းပွင့်ဦး ကိုယ်တိုင်ကလည်း ယဉ်ကျေးသိက္ခာရှိသည်။

ထို့ကြောင့် သူ့မိခင်က သဘောကျ၏။ လူကြီးချင်း ရင်းနှီးသည်မို့ သူ့မိခင်က တင်အောင်မြင်နှင့် စကားကမ်းလှမ်းကြည့်ရာ တစ်ဖက်ကလည်း သဘောကျ လက်ခံသည်။

ကျွန်တော်တို့ကလည်း တင်အောင်မြင်ကို နှင်းပွင့်ဦးအားယူရန် တိုက်တွန်းသည်။

သို့သော် တင်အောင်မြင်က ငြင်း၏။

"သူ့မှာ ဘာမှ အပြစ်ပြောစရာ မရှိဘူးကွ။ မင်းယူသင့်တယ်"

ကျွန်တော်က နားချသည်။

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…မင်းက သူ့ကို မချစ်လို့လား။ နောက်တော့ သံယောဇဉ်တွေ ခိုင်သွားမှာပါကွာ"

သိန်းဦးက ဖျောင်းဖျသည်။

"အဲဒါကြောင့် မဟုတ်ဘူး…

"မင်းမှာ ချစ်သူရှိနေလို့လား"

ကျော်မင်းက မေး၏။

"မရှိပါဘူး။ မင်းတို့ သိနေတာပဲ။ ငါ ဘယ်သူနဲ့ တွဲလို့လဲ"

"ဒါဖြင့် ဘာကြောင့် ငြင်းနေရတာလဲ"

သူ့အဖြေက ရှင်း၏။

"သူ့နာမည် နှင်းပွင့်ဦး။ ပေါင်းရင် (၇+၅+၁=၁၃=၄)ကွ။ ငါက ၄ ဆိုရင် ဟင်ပဲ"

"ဟာ…အဓိပ္ပာယ်မရှိတာကွာ"

"ငါ့အဖို့တော့ အဓိပ္ပာယ်ရှိတယ်"

"ဟေ့ကောင်…မင်းတော့ အစွဲအလမ်းကြီးပြီး ရူးနေပြီ"

"မင်းတို့ ထင်ချင်သလိုထင်။ မင်းတို့ကောင် ၄ ဂဏန်းသမားတွေ မဟုတ်လို့ ငါ ပေါင်းတာ…"

ကျွန်တော်တို့ အံ့ဩမဆုံးကြ။

သူက ဆက်ပြောသည်။

"မင်းတို့ မသိလို့ပါ။ ငါက ၄ နဲ့ လုံးဝအကျိုးမပေးဘူး။ ၄ ဂဏန်းကို မကောင်းသလို ငါနဲ့ ၄ ဆုံရင် ထိပ်တိုက်ဖြစ်တာပဲ။ ဆိုးဝါးတဲ့ ကံကြမ္မာတစ်ခု ဖြစ်တာပဲ။ မယုံမရှိနဲ့…"

"မဟုတ်သေးပါဘူးကွာ"

သူက ခေါင်းယမ်းသည်။

"ငါ့မွေးရက် မင်းတို့ သိတယ်။ လေးလပိုင်း လေးရက်။ ဒါပေမဲ့ ငါ့ကို မွေးတဲ့အကြောင်း မင်းတို့မသိဘူး"

ကျွန်တော်တို့ စိတ်ဝင်စားသွားကြသည်။

"ဆိုစမ်းပါဦး"

"ငါ့ကို မွေးတုန်းက မေမေက အိမ်မှာပဲ ဆရာဝန်မတစ်ယောက်နဲ့ မွေးခဲ့တာ။ မွေးလာတော့ ငါက အသက်မရှူဘူး။ ဆရာဝန်မက အမျိုးမျိုး ကြိုးစားတယ် ပြောတယ်။ မရဘူး။ ဒါကြောင့် မေမေ့ကို အသိမပေးဘဲ ဖေဖေ ငါ့ကို သွားပြီးမြှုပ်နိုင်းတယ်။ ကလေးအသေမွေးရင် ဒီလိုပဲ လုပ်ကြတာပဲလေ



ဒါပေမဲ့ ခြံစောင့်ကြီးက ငါ့ကို ခြံထောင့်မှာ ကျင်းတူးပြီး မြှုပ်မယ်လည်းလုပ်ရော ငါက လှုပ်လာပြီး ငိုသံထွက်လာသတဲ့။ အဲဒါနဲ့ ခြံစောင့်ကြီးက ဝမ်းသာအားရ ပြန်ခေါ်လာတာတဲ့။ ကြည့်…ငါ လူ့လောကထဲ ရောက်လာခဲ့ရပုံ…"

"မင်းဟာက ဟုတ်ရဲ့လားကွာ"

"ဟုတ်တယ်။ ဒါ အမှန်ပါပဲ။ ဒါကို မေမေက သိသွားတယ်။ အဲဒီမှာ ဖေဖေ့ကို ပြဿနာရှာတာပဲ။ ငါ့ကို သေသေချာချာ မကြည့်ဘဲ သွားပြီး မြှုပ်ခိုင်း ရသလားပေါ့။ အင်း…ဖြစ်ချင်တော့ နောက်ကြောင်းကလည်း ရှိတာကိုး။ ငါ့ကို ကိုယ်ဝန်ရှိတော့ လာလာပြီး ကြည့်ပေးတဲ့ မီးယပ်ဆရာဝန်မနဲ့ ဖေဖေက ငြိသွားတယ်။ အဲဒီဆရာဝန်မဟာ တစ်ခုလပ်လေ။ အဲဒါကို မေမေက သံသယ ရှိနေတဲ့အဆင့်မှာ ငါ့ကို မွေးတယ်။ မွေးတာက အဲဒီဆရာဝန်မ။ ဒီတော့ ဖေဖေနဲ့ ဆရာဝန်မက ငါ့ကို တမင်သေအောင်လုပ်တာလို့ မေမေက ထင်သွား တယ်။ ဒါကြောင့် ပြဿနာက ကြီးသွားတာ။ တိုတိုပြောရရင်ကွာ…ငါ့ကို မွေးတဲ့နေ့မှာပဲ ဖေဖေနဲ့မေမေ လမ်းခွဲကြတယ်။ နောက်တော့ မေမေက အဲဒီ ဆရာဝန်မကို ယူတယ်…"

"အဲဒါ ငါတို့ မသိဘူး။ ဒါပေမဲ့ အဲဒါနဲ့ မင်းပြောတဲ့ ၄ ဂဏန်းနဲ့ ဘာဆိုင်လို့လဲကွ"

"ဆိုင်တယ်။ ငါ့ကိုမွေးတာ မင်းတို့သိတဲ့အတိုင်း လေးလ လေးရက်။ ငါ့ကိုမွေးတဲ့ ဆရာဝန်မ အမည်က ဒေါ်သီတာ။ ဒေါ်သီတာဆိုတာက ပေါင်းရင် ၆+၇=၁၃=၄ ရတာပေါ့ကွာ။ ငါ့အဖေနဲ့အမေကွဲတာ အဲဒီဆရာဝန်မကြောင့်။ ငါ့ဖေနဲ့အမေကွဲတာ ငါမွေးတဲ့ ၄ ရက်နေ့…"

"ဟ…မင်းရဲ့ အဖြေက ဖွတ်ဆွဲယူတာကြီးပဲကွ။ အဓိပ္ပာယ်မရှိပါဘူး"

"ဘာလဲ…မင်းတို့က တိုက်ဆိုင်တယ် ပြောချင်သေးလို့လား။ အဲဒီတုန်း က ငါတို့နေတဲ့ အိမ်နံပါတ်က ၄။ လမ်းကလည်း ၄ လမ်းကွ။ မေမေကိုယ်တိုင် အဲဒီအိမ်ကို စိတ်နာနာနဲ့ ရောင်းပစ်ခဲ့တာ…"

"အဲဒါလည်း စွဲလမ်းစိတ်ပါကွာ"

"နေဦး…ငါပြောဦးမယ်။ ငါ လေးတန်းရောက်တဲ့နှစ်မှာ ကားမှောက် တယ်။ ငါ လက်ကျိုးမှုးတယ်။ အဲဒီတုန်းက ငါတို့ စီးသွားတဲ့ကားက နံပါတ် ပေါင်းရင် ၄ ရတယ်"

တင်အောင်မြင့် ဓာတ်လမ်းက ဖွတ်ဖန်တီးယူသော ဓာတ်လမ်းကို ပြောနေ၏။ ကျွန်တော်တို့ ဘဝင်မကျ။

"ဆယ်တန်းဖြေတော့ ငါ တစ်နှစ်ကျတယ်။ အဲဒီတုန်းက အောင်သင့်

www.burmeseclassic.com

www.burmeseclassic.com



ရက်နဲ့ ကျရတာ၊ ခုံနံပါတ်ကြောင့်ပဲ။ ငါ့ခုံနံပါတ်က ၁၀၂၁။ ပေါင်းလိုက်ရင် ၄ ပေါ့”

ကျွန်တော်က ခုခံငြင်းဆန်ဖို့အတွက် တစ်ကွက်ရလိုက်၏။

“တင်အောင်မြင့်...ငါ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်တယ်။ ဂုဏ်ထူးနှစ်ခုပါတယ်။ ငါ့ခုံပါတ် ဘယ်လောက်လဲ မင်းသိလား။ မင်းခုံနံပါတ်နဲ့ ဆင်တယ်။ ၂၀၁၁။ ပေါင်းကြည့်စမ်း ၄ ပေါ့။ ငါ့ကျတော့ ဘာကြောင့် အောင်လဲ”

တင်အောင်မြင့်က ကျွန်တော့်စကားကို လက်မခံ။

“ဖေဖေ အခုမရှိတော့ဘူး ဆုံးသွားပြီ။ ဖေဖေ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာ။ ဖေဖေဆုံးတာလည်း ၄ ရက်နေ့ပဲ”

“ဟာ...မင်းတို့ဇာတ်လမ်းကလည်း ၄ နဲ့ပဲ မလွတ်နိုင်ဘူး”

သိန်းဦးက စိတ်ပျက်စွာ ဝင်ပြောသည်ကို–

“အေး...အဲဒါကြောင့် ငါပြောတာ။ ၄ ဟာ ငါ့အဖို့တော့ အကျိုးမပေး ဂဏန်းပဲ။ ဒါကြောင့် နှင်းပွင့်ဦးကို ငါ မယူတာ။ သူ့မွေးရက်ကို ငါ မေးပြီးပြီ။ ၂၂ ရက်တဲ့”

တင်အောင်မြင့်က သူ့ကို ထောက်ခံချက်ပေးသလို ယူဆပြီး ထပ်ပြော သည်။

“မင်းကွာ...၄ ရက်နေ့မွေးတဲ့သူတွေ လောကမှာအပုံ။ ၄ ဂဏန်းကျတဲ့ အိမ်တွေအပုံ။ ကားတွေအပုံ။ မင်းလိုသာ အယူသီးနေရင် ဘယ်သူမှ အလုပ် ဖြစ်တော့မှာ မဟုတ်ဘူး။ ၄ ရက်နေ့တို့ ၁၃ ရက်နေ့တို့မှာ ဆိုင်တွေ၊ ရုံးတွေ၊ အလုပ်တွေ ပိတ်ထားရမယ့်ပုံပဲ။ သိပ်အစွဲအလမ်း မကြီးစမ်းပါနဲ့”

ကျွန်တော်က အကျိုးသင့် အကြောင်းသင့် ရှင်းပြ၏။ မရ။

“နှင်းပွင့်ဦးကိုယူရင် ငါ တစ်ခုခု ဆိုးဆိုးဝါးဝါး ဖြစ်နိုင်တယ်”

တင်အောင်မြင့်၏ ယုံကြည်နေမှု။

ကျွန်တော်တို့ ခေါင်းခါ သက်ပြင်းချရုံမှတစ်ပါး ဘာမျှ မတတ်နိုင်တော့။

* * *

## (၅)

သူ လက်ထပ်ရယူခဲ့သည်မှာ သူ၏စိတ်ကြိုက် ရွေးချယ်လိုက်သော မိန်းကလေးဖြစ်သည်။

ထိုအချိန်တွင် သူသည် ‘လင်းဦး’ဟူသောအမည်ဖြင့် ဗီဒီယိုလောကသို့



ခြေချနေပြီဖြစ်၏။ ကားလည်း အတော်ထွက်နေပြီဖြစ်၏။ အောင်မြင်မှုလည်း ရနေပြီဖြစ်၏။

စင်စစ် ဗီဒီယိုလောကသို့ တင်အောင်မြင့် ရောက်သွားရသည်မှာလည်း မထင်မှတ်ဘဲနှင့် ဖြစ်၏။

ဗီဒီယိုရိုက်ချက်တစ်ခုသို့ မိတ်ဆွေ ရုပ်ရှင်မန်နေဂျာတစ်ဦးဖြစ်သူ မုံရွာ ညီလေးနှင့် လိုက်သွားပြီး ကြည့်ရာမှ ဒါရိုက်တာညွန့်မြန်မာညီညီအောင်နှင့် ရင်းနှီးသွား၏။ ဒါရိုက်တာက စွပါမင်းသားများနှင့် အလုပ်လုပ်ရသည်ကို ငြီးငွေ့နေချိန်။ ပြီးတော့ ကုမ္ပဏီတစ်ခုက မင်းသားသစ်တင်ဖို့ စီစဉ်နေချိန်။

ဒါရိုက်တာက တင်အောင်မြင့်ကို ကြည့်၍ သဘောကျသွားသည်။

ဖြစ်နိုင်ချေရှိသည်ဟု တွက်ဆပြီး တင်အောင်မြင့်အား စိတ်ဝင်စားမှုရှိမရှိ မေးတော့ နဂိုက ဝိုးရှိသော တင်အောင်မြင့်ကလည်း ခေါင်းညိတ်ပြန်သည်။ သို့ဖြင့် တစ်ရက်တွင် တင်အောင်မြင့်ကို ဗီဒီယိုကင်မရာဖြင့် ဇာတ်ဝင်ခန်းတစ်ခု အစမ်းရိုက်ကြည့်ရာ ဒါရိုက်တာရော ကုမ္ပဏီကပါ လက်ခံအတည်ပြုသော အဆင့်သို့ ရောက်သွားတော့၏။

တင်အောင်မြင့် မင်းသားဖြစ်သွားသည်။

သည်မှာပင် ‘လင်းဦး’ ဖြစ်လာ၏။ သူ့အယူအဆနှင့် သူရွေးသော နာမည်။ ၅ ဂဏန်း။ ဗေဒင်ဆရာ၏ ရွေးပေးသော နေ့နံများထဲမှ သူ စီစဉ် ရွေးချယ်သောအမည် ဖြစ်၏။

ယခုတော့ သူသည် တန်းဝင်မင်းသားတစ်လက် ဖြစ်နေပြီ။ ဗီဒီယိုကား များသာမက ဒီဗီဒီနှင့် ရုပ်ရှင်ကားကြီးပင် ရိုက်ကူးနေရပြီ။

ဤသို့ အောင်မြင်လာချိန်တွင် သူသည် ဘရဏီကို တွေ့ဆုံရ၏။ ဘရဏီက သူ့အနုပညာကို နှစ်ခြိုက်စွဲလမ်းသူ ပရိသတ်။ ဘရဏီကို မြင်တော့ သူ ချစ်သွားသည်။ တိုတိုပြောရလျှင် သူနှင့် ဘရဏီ ချစ်သူဖြစ်သွားသည်။ ထို့နောက်မှာ သူနှင့် ဘရဏီ လက်ထပ်သည်။

ဘရဏီက ခေတ်ဆန်သည်။ မိဘက ငွေကြေးချမ်းသာ၍ နေထိုင်မှုက ခေတ်ရှေ့ပြေးလွန်းပြီး ပေါင်းသင်းဆက်ဆံမှုက မြန်မာမိန်းကလေးတစ်ဦး၏ သဘာဝထက် ပိုသည်။ မညာမတာပြောရလျှင် ‘ဟော့’လွန်းသည်။

“မင်း...ဘရဏီကို တကယ်ချစ်တာလား။ ငါတို့အမြင်မှာတော့ ဘရဏီက မင်းနဲ့ မလိုက်ဘူး”

သိန်းဦးနှင့် ကျွန်တော်က သူ ဘရဏီကို ယူမည်ဆိုတော့ ထောက်ပြသည်။

“ဟုတ်တယ်။ ငါ သူ့ကိုချစ်တယ်။ သူ့ရဲ့ ရဲတင်းသွက်လက်တာလေး ကို ချစ်တယ်။ ပြီးတော့ သူက ၄ ဂဏန်းသမား မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



တင်အောင်မြင်က သူ့အကြောင်းပြချက်နှင့်သူ ဟုတ်နေ၏။

“ဘဝတစ်ခု တည်ဆောက်ရာမှာ လူရဲ့ စိတ်နေစိတ်ထား၊ ပင်ကိုစရိုက်၊ ကိုယ်ကျင့်တရားက အရေးကြီးသလား၊ ဂဏန်းက အရေးကြီးသလား”

ကျွန်တော်က မေးခွန်းတစ်ခု ထုတ်သည်။

“ငါ့အဖို့တော့ ဂဏန်းက အရေးကြီးတာပဲ။ သူက ၄ ဂဏန်းမဟုတ်ဘူး”

ကျွန်တော်တို့ ဝေဖန်ပိုင်းခြားပြရသည် အရာမထင်ခဲ့။

သူတို့ မင်္ဂလာလက်ထပ်ပွဲသည် ခြိမ့်ခြိမ့်သဲ။ ပြီးတော့ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာလည်း သူ့မင်္ဂလာပွဲသတင်းတွေက ဝေဝေဆာဆာနှင့်။

သို့သော် တစ်နှစ်ကျော် နှစ်နှစ်ကာလမှာပင် သူနှင့်ဘရဏီ လမ်းခွဲသွားကြ၏။ လမ်းခွဲတော့ တိုးတိုးတိတ်တိတ် ဖြစ်သည်။

“ဘာဖြစ်လို့လဲ။ ဘာအကြောင်း ရှိလို့လဲ”

ကျွန်တော်တို့ မေးတော့ သူ တိတိကျကျ အဖြေမပေး။

“ဆက်မပေါင်းသင့်လို့ပေါ့ကွာ”

ဒါပဲ ဖြေသည်။

ကျွန်တော်က တစ်ခွန်းထောက်၏။

“တင်အောင်မြင် ဘရဏီက ၄ ဂဏန်းသမားမဟုတ်ဘူးလေ”

သူ၏ ၄ ဂဏန်း အယူအဆကို ထောက်ပြဝေဖန်ခြင်း ဖြစ်ပါ၏။ ၄ ဂဏန်းသမားမဟုတ်သော ဘရဏီနှင့် သူ အဘယ်ကြောင့် လမ်းခွဲရသနည်း။ ၄ ဂဏန်းက ဆိုးကျိုးဖြစ်စေသည်ဟု သူ ယူဆသည်မှာ သူ့အနေအထားက လွဲချော်နေပြီ မဟုတ်ပါလား။

သူ ကျွန်တော့်ကို ဘာမျှ ပြန်မပြောခဲ့။

နောက် တစ်နှစ်ကျော်မှာ သူသည် ယခု ဇနီးသည်ဖြစ်သော ဥမ္မာကို လက်ထပ်လိုက်လေသည်။

* * *

## (၆)

သူသည် အမွေရခဲ့သော အိမ်နှင့်ခြံကို ဂဏန်းမကြိုက်၍ ရောင်းခဲ့ပြီး နောက် Lucky နံပါတ်ဟု ခေါ်သော ‘၇’ ကျသည့် အိမ်နှင့်ခြံကို ဝယ်ယူနေထိုင်ခဲ့၏။

ဗေဒင်အယူအဆအရ အစီအမံများနှင့်တကွ အိမ်ကိုပြင်ဆင်၏။ သွားလာနေထိုင်မှုမှန်သမျှ ဗေဒင်အယူအဆအရနှင့် ညီပြီး လုပ်၏။



အလှူလုပ်သည်ဆိုလျှင်ပင် နေ့ရက်၊ အချိန် ရွေးသည်။ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကလေးများဂေဟာနှင့် ဘုရားတို့ကို ငွေကြေးလှူဒါန်းလျှင် ထိုငွေကြေးပမာဏကို Lucky နံပါတ် ရွေးသည်။

အသွင်တူ၍ အိမ်သူဖြစ်သည် ပြောရမည်။

သူ၏ ဇနီးသည် ဥမ္မာသည်လည်း အယူအဆ အစွဲအလမ်း ကြီးစားသူဖြစ်၏။ တစ်နည်းပြောရလျှင် ခေတ်နောက်ပြန်ဆွဲလွန်း၏။

ကြည့်ပါ။ ကျွန်တော် အလှူလုပ်သည်။ အလှူဆိုသည်မှာ အခြားမဟုတ်ပါ။ ကျွန်တော့်မိခင်ကြီး ဆုံးပါးခဲ့သော နှစ်ပတ်လည်နေ့ကို နှစ်စဉ်လုပ်နေကျအတိုင်းလုပ်ခြင်းဖြစ်၏။ သူတို့ဇနီးမောင်နှံကို ဖိတ်သော်လည်း မလာ။

အလှူနေ့က ၄ ရက်နေ့ကျသည်လေ။

၄ ဂဏန်း အစွဲအလမ်းက လူမှုရေး ဆိုသည်ကိုပင် ကျော်လွန်အနိုင်ယူသွား၏။

သိန်းဦး မင်္ဂလာဆောင်တော့လည်း ထို့အတူပင်။

တနင်္ဂနွေနေ့လည်းဖြစ်၊ ရက်ရာဇာလည်းဖြစ်သော ၂၂ ရက်နေ့တွင် သိန်းဦးတို့ မင်္ဂလာဆောင်ရာ ကျွန်တော်အပါအဝင် သူငယ်ချင်းများအားလုံး မင်္ဂလာပွဲတက်ရောက်သော်လည်း တင်အောင်မြင်တို့ ဇနီးမောင်နှံမလာ။

မင်္ဂလာလက်ဖွဲ့တော့ ပို့ပါ၏။

သိန်းဦးက စိတ်မကောင်း။

“နေပါစေကွာ။ သူ့အစွဲအလမ်းကြီးတာ မင်းသိသားပဲ”

ကျွန်တော်က သိန်းဦးကို နှစ်သိမ့်မှု ပေးရပါ၏။

“အင်း...ဒီလောက်အစွဲအလမ်းကြီးတဲ့ကောင်...သေရင် ၄ ရက်နေ့မှာသေမှာပဲ”

သိန်းဦးက ဒေါသအခံနှင့် ပြော၏။

သိန်းဦး ပြောသလို ဒါသည်ပင် နိမိတ်ဖြစ်ခဲ့လေသလားဟင်။

ယခု တင်အောင်မြင် သေပြီ။

၄ ရက်နေ့။ ညနေ ၄ နာရီမှာ...။

* * *

## (၇)

ရေဝေးသုသာန်သို့ ကျွန်တော်နှင့် သိန်းဦး ရောက်သွားသောအခါ သူ၏ အလောင်းကို ခန်းမတွင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် အနုပညာသမားမို့ စည်ကားသည်မှာ မပြောနှင့်။

ပရိသတ်ကလည်းများ။ မီဒီယာသမားတွေကလည်းများ။ ငိုသူတွေက လည်းများ။ လွမ်းသူ့ပန်းခွေတွေကလည်း များမှများ။

ခန်းမနံပါတ်ကို ကြည့်လိုက်တော့ ၄ ဖြစ်နေ၏။

သိန်းဦးက ကျွန်တော့်ကို ပြသောကြောင့် ဖြစ်သည်။

"၄ ဂဏန်း ကြောက်တဲ့ကောင် ၄ ရက်နေ့မှာသေပြီး ခန်းမ ၄ မှာ ရှာပနအခမ်းအနား လုပ်ရမယ်။ အင်း...သူပြောသလို ၄ နဲ့ သူကတော့ ဟုတ်နေတာပဲ"

သိန်းဦးက မှတ်ချက်ချ၏။

သူ့ဇနီး ဥမ္မာကို တွေ့ပြီး ကျွန်တော်တို့က နှစ်သိမ့်စကားပြောသည်။

ဥမ္မာက–

"အစ်ကိုတို့ သူငယ်ချင်း သေရတာ သူရိုက်တဲ့ ရုပ်ရှင်ကြောင့်" ဟု ငို၍ ပြောသည်။ ကျွန်တော်တို့ ရုတ်တရက် နားမလည်။

ငိုနေသော ဥမ္မာကိုလည်း မမေးလိုသဖြင့် ကျွန်တော်တို့က တရားနှင့်သာ ဖြေသိမ့်ရန် လူကြီးစကား ပြောရ၏။

ကျွန်တော်တို့စိတ်တွင် ဥမ္မာပြောသော ရုပ်ရှင်ကြောင့် ဆိုသည့်အချက်က ပဟေဠိဖြစ်နေပေရာ သူ့ဆရာရင်းဖြစ်သော ဒါရိုက်တာညွှန့်မြန်မာညီညီအောင်နှင့် တွေ့သောအခါ တီးခေါက်ကြည့်မိကြသည်။

ဒါရိုက်တာက သက်ပြင်းချသည်။

"ကျွန်တော်က သူ ဒီလိုအစွဲအလမ်းကြီးတာ မသိပါဘူး။ အခု ကျွန်တော် ရိုက်တဲ့ကားက ရုပ်ရှင်ကားကြီးပါ။ သူနဲ့လည်း ဇာတ်က လိုက်ဖက်တာတစ် ကြောင်း၊ သူကလည်း ပရိသတ်ရှိတဲ့မင်းသား ဖြစ်တာတစ်ကြောင်းမို့ ကျွန်တော် က သူနဲ့ရိုက်ဖို့ ရွေးခဲ့တာပါ"

"ကားက ဘာကားလဲဆရာ"

"ဇာတ်ကားနာမည်ကတော့ ပွိုင့် ၁၃ ပါ"

"ပွိုင့် ၁၃ ဟုတ်လား"

"ဟုတ်ပါတယ်"

၁၃ ဆိုသည်မှာ Unlucky နံပါတ်။ ပေါင်းလျှင် ၄။ တင်အောင်မြင် မကြိုက်သော ၄။

"သူ့ကို ကမ်းလှမ်းတော့ သူက ငြင်းပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ဆရာရင်းဖြစ်နေတော့ ကျွန်တော်ကလည်း အတင်းပြောတာနဲ့ သူလက်ခံပြီး ရိုက်တာပါ"



"ဇာတ်လမ်းက ဘယ်လိုလဲဆရာ"

"အကျဉ်းချုပ် ပြောရရင်တော့ ဇာတ်လမ်းထဲက မင်းသားက အယူအစွဲ ကြီးတဲ့သူ။ သူကြောက်တာက ၁၃။ ၁၃ ဆိုတာ ကံမကောင်းတဲ့ နံပါတ်လို့ သူက စွဲနေတာပေါ့ဗျာ။ သူ့ဘဝမှာလည်း သူနဲ့ပတ်သက်ပြီး ခံစားခဲ့ရမှုတာတွေ ရှိတယ်ပေါ့။ သူက လေတပ်သား တပ်ကြပ်လေး။ သူ့ချစ်သူနဲ့ လက်ထပ်မယ့် ဆဲဆဲမှာ စစ်ဆင်ရေးတစ်ခု ထွက်ရတယ်။ ရန်သူတွေရှိတဲ့ ပွိုင့် ၁၃ ကို သိမ်း ဖို့ပေါ့။ ပွိုင့် ၁၃ က ကြည်းတပ်နဲ့တိုက်လို့ မလွယ်လို့ လေတပ်အကူနဲ့ တိုက်ရတာ။ တပ်သားတွေကို လေယာဉ်နဲ့ခေါ်သွားပြီး လေထီးနဲ့ ပွိုင့် ၁၃ မှာ ချပေးမယ်။ ညအချိန် တိတ်တဆိတ်ပေါ့။ အဲဒီထဲမှာ ကျွန်တော်တို့မင်းသား ပါတယ်"

ကျွန်တော်တို့ ဇာတ်လမ်းထဲမှာ နစ်ဝင်သွားကြ၏။ ဇာတ်လမ်းက အပြင်တွင်ရှိနေသော တင်အောင်မြင်နှင့် ထပ်တူကျနေသည် မဟုတ်ပါလား။

"လေယာဉ်ပေါ်က ခုန်ချဖို့ တပ်သားတွေ စီလိုက်တော့ သူက နံပါတ် ၁၃ နေရာ ရောက်နေတယ်။ ဒါကြောင့် သူက စိုးရိမ်သွားပြီး သူ့နောက်က ၁၄ နဲ့ နေရာလဲလိုက်တယ်။ ၁၄ နေရာပေါ့။ နေရာလဲပေးတဲ့သူက သူ့လို ၁၃ ဂဏန်းကို အစွဲအလမ်း မရှိဘူးလေ။ အဲဒီမှာ တပ်သားတွေ တစ်ယောက်ပြီး တစ်ယောက် ခုန်ဆင်းရာမှာ သူ့အလှည့်မရောက်ခင် တပ်သားတစ်ယောက်က ရုတ်တရက် အဆင်မပြေဖြစ်တော့ ဗိုလ်ကြီးက အဲဒီတပ်သားကို ထုတ်ပြီး နောက်ကို ပို့လိုက်တယ်"

"ဟာ...အဲဒါဆို သူက ၁၄ နေရာကနေ ၁၃ နေရာ ပြန်ရောက်သွား တာပေါ့နော်"

"ဟုတ်တယ်။ ဇာတ်လမ်းက အဲဒီနေရာမှာ ဇာတ်ရှိန်တင်ထားတာ။ သူလည်း ထိတ်လန့်သွားတယ်။ ဒီအချိန်မှာ နေရာချင်းလဲဖို့လည်း အဆင်မပြေ တော့ဘူး။ ဗိုလ်ကြီးက အမိန့်ပေးတာနဲ့ လေယာဉ်ပေါ်က ခုန်ချလိုက်ရတယ်"

"သူ ဘာဖြစ်သွားသလဲ"

"လေထီးက မပွင့်ဘူး။ သူ အမျိုးမျိုး ကြိုးစားတာ မရဘူး။ ဒါကလည်း သူက ၁၃ နံပါတ်ကို ကြောက်နေတဲ့စိတ်ကြောင့် တုန်လှုပ်ပြီး လေထီးအဖွင့်မှာ သူက မှားယွင်းနေတာ။ လေထီးက တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တာသောရော ဒီလိုနဲ့ လေထီးမပွင့်လို့ ပြုတ်ကျတာ သစ်ပင်တစ်ပင်ပေါ်ကျ၊ သစ်ပင်ပေါ်က မြေပြင်ကိုကျ...အဆုံးမှာ သူ သေသွားတယ်"

"ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"ညည်းရှယ်ချက်က အစွဲအလမ်း ဥပါဒါန်က သူ့ကို သေစေတယ်ဆိုတာကို ပြချင်တာပဲ"

ကျွန်တော်တို့ သဘောပေါက်သွားကြ၏။ ဥမ္မာ ပြောသည်မှာ ယင်းကို ပြောခြင်းပေပဲ။

ဒါရိုက်တာက–

"၄ ရက်နေ့မနက်က ဇာတ်ကားပြီးတယ်။ ဇာတ်သိမ်းရိုက်ပြီးပြီ။ ညမှာ အောင်မြင်တဲ့အနေနဲ့ ညစာစားပွဲရှိတယ်။ အဲဒီ ညစာစားပွဲကို မလာခင် သူ့ဆုံးသွားတာပဲ"ဟု ဆက်ပြောသည်။

ကျွန်တော်တို့ စိတ်မကောင်းကြ။

"အခုတော့ သူ့ဆုံးရတာ ကျွန်တော့်ကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါနေတယ်လို့ ယူဆပြီး ကျွန်တော်လည်း စိတ်ထိခိုက်ရတယ်"

ဒါရိုက်တာလည်း မျက်နှာအိုအိုလေးနှင့် ပြော၏။

"ဒီလိုလည်း စိတ်မစွဲပါနဲ့ ဆရာရယ်။ တိုက်ဆိုင်သွားတာလည်း ဖြစ်မှာပါ"

ကျွန်တော်က နှစ်သိမ့်စကား ပြောရပြန်ပါသည်။

တင်အောင်မြင်ကို သင်္ဂြိုဟ်ရန် နံပါတ်စဉ်မှာ ၃ ဖြစ်၏။ သို့သော် သူ့ကိုချစ်သော ပရိသတ်များက တိုးမပေါက်အောင် ဝိုင်းနေကြရာ သင်္ဂြိုဟ်ရန် သင်္ဂြိုဟ်စက်သို့ သူ့အလောင်းကိုယူရာ၌ နှောင့်နှေးနေသဖြင့် သူ့နောက်တစ်ဦးကို သူ့အလျင် သင်္ဂြိုဟ်လိုက်ရ၏။

ထိုအခါ သူ့သင်္ဂြိုဟ်အလှည့် နံပါတ်စဉ်မှာ ၄ ဖြစ်သွားပြန်တော့သည်။

"ဩော်...၄ နဲ့ပဲ မလွတ်ကင်းနိုင်ပါလားကွာ"

ကျွန်တော် စိတ်ထဲက ညည်းလိုက်မိပါ၏။

* * *

(၈)

တင်အောင်မြင်၏အသုဘကို ပို့ပြီးပြန်လာချိန်မှာ သိန်းဦးရော၊ ကျော်မင်းရော ကျွန်တော်ပါ နှုတ်ဆိတ်နေမိကြ၏။

သိန်းဦးတို့တွင် အဘယ်အတွေးများ ရှိနေမည်ကို ကျွန်တော်မသိ။

ကျွန်တော်ကမူ တင်အောင်မြင်၏ အဖြစ်များကို ရုပ်ရှင်တစ်ခုသဖွယ် မျက်စိထဲတွင် မြင်ယောင်နေ၏။ သိန်းဦးမွေးဖွားလာသည်မှ သေဆုံးသည်ထိ။

၄ ရက်တွင် မွေးဖွား၍ ၄ ရက်တွင် သေဆုံးသူ။



၄ ဂဏန်း နာမည်နှင့် လူ။

၄ ဂဏန်းကို ကြောက်သည့် လူ။

၄ ဂဏန်းကျသော အမည်နှင့် ရုပ်ရှင်ကို ရိုက်ပြီး ဖိုးထိုး၍ သေဆုံးခဲ့သူ။ (ဖိုးဆိုသည်က ၄ ပင် ဖြစ်၏။)

ကျွန်တော်တို့ မည်သို့ ပြောကြမည်နည်း။

* ၄ ဂဏန်းကပင် တင်အောင်မြင် ယူဆသလို ကောင်းကျိုးမပေးတာလား။

* ဥပါဒါန်ကြောင့် ဥပါဒ်ရောက် ဖြစ်ခဲ့ရခြင်းလား။

* မိမိပြုလုပ်သောကံ (ဖိုးထိုး၍သေရခြင်း)က မိမိတရားကို စီရင်ခဲ့ခြင်းလား။

အသင် စာဖတ်သူ မမ္မဓိဋ္ဌာန်ကျစွာ စဉ်းစားသုံးသပ် ဆုံးဖြတ်ကြည့်ကြစေရန် ကျွန်တော် ချန်လှပ်ခဲ့ပါရစေ။

သီဟထိပ်တင်အေး

www.burmeseclassic.com

www.burmeseclassic.com




# ကိုယ်ပွားစိညာဉ်

**တိုးထက်**

"မာရီယာရေ…ငါတို့ ပန်းခြံထဲသွားထိုင်ရရင် ကောင်းမလားပဲ"

သူမသည် ခေါင်းမှဆံပင်များကို လက်တစ်ဖက်ဖြင့် သပ်တင်ကာ သူငယ်ချင်းဖြစ်သော မာရီယာမော်ရေးယား(MARIA MOREIRA)အား လှမ်းပြောလိုက်လေလည်း။

သူမနှင့် မာရီယာတို့နှစ်ယောက်သည် တစ်ရပ်ကွက်တည်းတွင် အတူနေသည့် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြ၏။ အတန်းထဲမှာရော ရပ်ကွက်ထဲမှာပါ သူတို့နှစ်ယောက်က တပူးတွဲတွဲ ရှိကြသူများပင်။

ယခုလည်း သူမတို့နှစ်ယောက်က ညနေစာကို စားသောက်ပြီးကြသည်တွင် ဆုံတွေ့နေကျအတိုင်း စကားစမြည်ပြောဆိုနေကြလေသည်။ ရောက်တတ်ရာရာများကို ပြောဆိုနေကြရမှ မာရီယာဂရာ့ကပ်(MARIA GRACAS)က ဝန်းခြံထဲသို့သွားရောက်ရန် စကားစလိုက်သည်တွင် မာရီယာက–

"ကောင်းပါ့မလား ဂရာ့ရယ်…အတော်တောင်မှောင်နေပြီဟာ"

"ဒါများ အဆန်းလုပ်လို့ဟာ၊ မှောင်လည်း အရေးစိုက်လို့ နင်နဲ့ငါ နှစ်ယောက်ပဲဟာ"

ဂရာ့ကပ်က မျက်နှာလေးကို မဲ့ကာရွဲ့ကာဖြင့် ပြောဆိုနေလေသည်။

စင်စစ် သူမတို့နှစ်ဦးစလုံးပင် မြီးကောင်ပေါက်စ အရွယ်လေးများသာ ဖြစ်ကြ၏။ အသက်တွေက ဆယ့်ခြောက်နှစ်သာသာလေးတွေ၊ အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လူသွေးကြွယ်စ အပျံသင်စအရွယ်တွေမို့ အရာရာကို စူးစမ်းချင်သည့်သဘောတွေ၊ လက်တည့်စမ်းချင်သည့်ဆန္ဒတွေ ကိုယ်စီရှိ၍နေကြလေသည်။

ဒီအရွယ်က သစ်ရွက်လှုပ်တာ၊ လေတိုက်တာ၊ ပန်းပွင့်တာတွေကိုပင် ကြည့်မြင်ပြီး ရယ်ချင်ပြုံးချင်တတ်သည့်အရွယ်။

ပြီးတော့ နှစ်ဦးစလုံးကလည်း ရုပ်ရည်ရူပကာယ ချောမောလှပကြလေသည်။ သူမတို့သည် ဘရားဇီးနိုင်ငံသူလေးများဖြစ်ကြကာ ပြည်နယ်လေးတစ်ခု၏ မြို့ငယ်လေးတစ်မြို့တွင် အခြေချနေထိုင်ကြသူများ ဖြစ်ကြသည်။ သူမတို့ပြည်နယ်၏ ဒေသသုံးဘာသာစကားက ပေါ်တူဂီဘာသာစကားဖြစ်၏။

မော်ရေးယားက သူငယ်ချင်းဖြစ်သူ ဂရာ့ကပ်၏ စိတ်ဆန္ဒကိုလိုက်လျောဖို့ ဆုံးဖြတ်လိုက်ကာ–

"အေးလေ…နင့်သိပ်ကိုသွားချင်နေရင်လည်း ငါတို့ပန်းခြံထဲမှာ သွားထိုင်ကြတာပေါ့"

"ကျေးဇူး မာရီယာ"

ဂရာ့ကပ်က အပြုံးမျက်နှာလေးဖြင့် လှမ်းပြောလိုက်ပြီးလျှင် နှစ်ဦးသားလက်ချင်းယှက်ကာဖြင့် ပန်းခြံဘက်ဆီသို့ ဦးတည်ကာ လျှောက်ခဲ့ကြလေသည်။

"ဟဲ့…နေပါဦး၊ မနေ့က အတန်းထဲက ဟင်နရီက နင့်ကို နောက်တယ်ဆို"

မာရီယာမော်ရေးယားက ဂရာ့ကပ်၏ ခါးကျဉ်ကျဉ်လေးအား တံတောင်ဖြင့် လှမ်းတို့ကာ မေးလိုက်သည်။ ဂရာ့ကပ် အသံလွင်လွင်လေးဖြင့် ရယ်မောလိုက်ရာမှ–

"အလကားပါ မာရီယာရယ်…ဒီကောင်က ငါ့ကို ကြိုက်နေလားမသိဘူးဟ။ အောင်မယ်…ငါ့ဆံပင်တွေက ပျော့ပျောင်းနူးညံ့ပြီး သိပ်လှတာပဲတဲ့ ပြီးတော့ ငါ့ရဲ့လှုပ်ရှားဟန်လေးတွေက ဆွဲဆောင်မှု သိပ်ကောင်းတာပဲတဲ့ဟ"

သူမသည် ပြောပြီးရယ်မောနေလိုက်သေးသည်။ မာရီယာမော်ရေးယားက ပြုံးစစဖြင့် ဂရာ့ကပ်ကို လှမ်းကြည့်ရင်း "ဟင်နရီက ဆိုးတော့မဆိုးပါဘူး ကောင်ချောလေးပါ"

"သွားစမ်းပါဟယ်…ငါဖြင့် လုံးလုံးကို ကြည့်လို့ရတာမဟုတ်ဘူး ကြည့်ရတာ ဆောင့်ကြွားကြွားနိုင်လွန်းတယ်လို့ထင်တယ်"

သူမတို့နှစ်ယောက်သည် စကားတပြောပြောဖြင့် လျှောက်လာကြရာ ပန်းခြံထိပ်သို့ ရောက်ရှိလာကြလေသည်။ ပန်းခြံထဲတွင် လူသူရှင်းလင်းနေရပြီး မှောင်နှင့်မည်းမည်းဖြင့် ရှိနေလေ၏။



ဆည်းဆာရီသည် ကုန်ဆုံးခဲ့ပြီဖြစ်ရကား အမှောင်ထုက လောကဓာတ်တစ်ခွင်လုံးကို လွှမ်းခြုံကာဖြင့် ရှိနေတော့သည်။ အများပြည်သူအပန်းဖြေရန် ရည်ရွယ်ထားသည့် ပန်းခြံသည် မီးရောင်လဲ့လဲ့သာလျှင် မြင်တွေ့နေလေရာ နေရာတော်တော်များများသည် မှောင်အတိဖုံးနေပေတော့သည်။

မာရီယာဂရာ့ကပ်က ပခုံးတစ်ဖက်ကို တွန့်၍ပြလိုက်ရင်း–

"ငါ့တော့ ဝင်ရမှာတောင် ခပ်လန့်လန့်ပဲ၊ မှောင်လို့မည်းလို့"

"ဘာကြောက်စရာရှိလို့လဲဟ၊ လာပါ"

မာရီယာမော်ရေးယားက သူမအား ဇွတ်အတင်းပင် ပန်းခြံထဲသို့ ဆွဲခေါ်လာခဲ့၏။ ဂရာ့ကပ်မှ အစကတည်းကပင် သိပ်လိုက်ချင်သူမဟုတ်ခြင်းကြောင့် ယခုလို မှောင်နှင့်မည်းမည်းဖြစ်နေသည်တွင် သူမသည် ပန်းခြံထဲ ဝင်ရောက်ရမှာ တွန့်နေခြင်းပင်ဖြစ်၏။ သို့ရာတွင် အဆုံးမှာတော့ သူငယ်ချင်း၏ဆန္ဒကို မလွန်ဆန်နိုင်ဘဲ သူမသည် မာရီယာမော်ရေးနှင့်အတူ ပန်းခြံထဲ ဝင်ရောက်လာရတော့၏။

ပန်းခြံအတွင်းဝယ် လူသူအရိပ်အယောင်ဟူ၍ မမြင်တွေ့ရ။ သူမတို့နှစ်ယောက်က ရေကန်လေးအစပ်ရှိ ခုံတန်းရှည်လေးပေါ်တွင် ဝင်ထိုင်လိုက်ကြ၏။

"သရဲခြောက်မှာတောင်စိုးရတယ် မာရီယာရေ၊ လူလည်းတစ်ယောက်မှ မတွေ့ရဘူး"

"နင်ကလည်းဟာ…မဟုတ်မဟတ်တာ မပြောစမ်းပါနဲ့၊ ဘာလဲ…နင်က ကြောက်လို့လား မာရီယာ"

ဂရာ့ကပ်က မာရီယာ၏ပခုံးစွန်းတစ်ဖက်ကို ကိုင်ပြီးမေးလိုက်ရာ မာရီယာမော်ရေးယားက–

"ဘာလို့ ကြောက်ရမှာလဲဟ၊ တကယ်တော့ 'တစ္ဆေသရဲဆိုတာ မြင်တွေ့နိုင်တာမှ မဟုတ်တာဘဲ"

"ငါ့အမေကတော့ ပြောဖူးတယ်ဟ၊ ပရလောကဆိုတာ တကယ်ရှိတယ်တဲ့"

ပြောရင်းဖြင့် ဂရာ့ကပ်က ပခုံးလေးတစ်ဖက်ကို တွန့်ပြလိုက်လေသည်။ မာရီယာမော်ရေးယားက စိတ်မရှည်တော့ဟန်ဖြင့်–

"ကဲပါ…အဲဒီအကြောင်းတွေ ပြောမနေပါနဲ့တော့၊ ငါတို့ တခြားအကြောင်း ပြောင်းပြောကြစို့ ဂရာ့ကပ်"

"အေးပါ…ဒါဆို နင့်ကို သူဌေးလေးတစ်ယောက်က [illegible]လုပ်နေတယ်ဆို…"

www.burmeseclassic.com

www.burmeseclassic.com



မာရီယာမော်ရေးယားက ကိုယ်ကလေးကို လှုပ်ခါ၍ ရယ်မောလိုက်ပြီးလျှင်-

"မဟုတ်တာ ဂရော့ကပ်ရယ်၊ နင့်ဘယ်သူပြောလဲ"

"ကြားတာပေါ့"

ထိုသို့ဖြင့် မြီးကောင်ပေါက်လေးနှစ်ယောက်မှာ ရောက်တတ်ရာရာ စကားတွေကို ပြောဆိုလျက်ဖြင့် ရှိနေကြလေရာ အချိန်ကုန်လို့ ကုန်မှန်းမသိကြဘဲ ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာပြီဖြစ်တော့သည်။

မိန်းကလေးနှစ်ယောက်မှ စကားတွေ ပြောလို့ကောင်းနေကြဆဲပင်။

ထိုစဉ်...

* * *

လူတစ်ယောက်ဟု ပြောရမည်လား၊ လူ၏ပုံပန်းသဏ္ဌာန်နှင့် ဆင်ဆင်တူသည့် တစ်စုံတစ်ရာဟူ၍ ပြောရမည်လားမသိ။ ထိုထူးခြားဆန်းကြယ်ဟန်ရှိသည့် လူလိုလို သဏ္ဌာန်တစ်ခုသည် ပန်းခြံတစ်နေရာဆီမှ ရုတ်တရက် ပေါ်ပေါက်၍လာသည်ကို တွေ့ရှိလိုက်ရ၏။

ထိုသဏ္ဌာန်သည် လူတစ်ယောက်နှင့်တူသည်ဟု ဆိုနိုင်သော်လည်း သူ့တွင် သာမန်လူသားများနှင့်မတူ ခြားနားသည့်အချက်များ ရှိသည်ကို မြင်တွေ့ရလေသည်။

ထိုအသွင်သဏ္ဌာန်သည် သာမန်လူတစ်ယောက်ထက် များစွာမြင့်မားထွားကျိုင်းလှပါ၏။ သွားလာလှုပ်ရှားသည့်ဟန်ပန်က သွက်လက် မြန်ဆန်လှန်းသည်။

အထူးခြားဆုံးမှာ ထိုလူလိုလိုသတ္တဝါသည် လွန်စွာမည်းနက်တောက်ပြောင်သည့် အသားအရေပိုင်ဆိုင်ထားရှိခြင်းပင်။ သူ၏ မည်းမည်းပြောင်ပြောင် ကိုယ်ခန္ဓာပေါ်တွင် ဝတ်ရုံးဝတ်စုံမဟုတ်သည့် အဝတ်အဆင်ပုံစံမျိုးတွေကို သူက ဝတ်ဆင်ထား၏။

သူ၏မျက်လုံးများက သာမန်ထက်ပို၍ ပြူးကျယ်ဝိုင်းစက်ဟန်ရှိသည်။ သူ့တစ်ကိုယ်လုံးတွင်လည်း ထူထဲသန်မာလှသည့် အမွေးအမှင်များက ဖုံးအုပ်ထားကြလေသည်။

ထိုအခြင်းအရာသည် ပန်းခြံထဲသို့ ဘယ်အချိန်က ရောက်ရှိနေသည်လည်းမသိ၊ အဘယ်နေရာက ရောက်လာသည်ကိုလည်း မသိရှိရချေ။

ထိုထူးခြားဆန်းကြယ် လူလိုလို၊ ဂြိုဟ်သားလိုလိုအရာသည် မြေကိုလျှိုး၍ ရောက်လာလေသည်လား။ မိုးပေါ်က ကျလာလေသည်လား ဘာလား ဆိုတာ အတိအကျ ဂဃနဏပြောနိုင်ခြင်း မရှိခဲ့ပါလေ။



ထိုသူ၏ ညာဘက်လက်ဖဝါးထဲတွင် တစ်စုံတစ်ခုကို ကိုင်ဆောင်၍ထားသည်ကို တွေ့မြင်ရ၏။ သို့ရာတွင် အဘယ်ပစ္စည်းလဲ ဆိုသည်ကိုတော့ မသိရှိရ။ အကယ်၍ တွေ့မြင်ရသည့်တိုင်အောင် ထိုပစ္စည်းကို ခန့်မှန်းသိနိုင်ကြမည် မဟုတ်ပါ။

အကြောင်းမှု ထိုပစ္စည်းလေးသည် ငွေရောင်ဖိတ်ဖိတ်လက်၍နေကာ ရှည်ရှည်လုံးလုံးလေးဖြစ်၏။ ထိပ်ပိုင်းတွင် မှန်ဘီလူးအသေးလေးတစ်ခု တပ်ဆင်ထားပုံရသည်။ ပစ္စည်းလေး၏ကိုယ်ထည်တွင် ခလုတ်လေးနှစ်ခုပါရှိသည်။

တစ်ခုက အနီရောင်အမှတ်အသား၊ ကျန်တစ်ခုက အစိမ်းရောင်အမှတ်အသားဖြစ်၏။

သည်လိုပစ္စည်းမျိုးကို သာမန်လူတို့ ကိုင်တွယ်သုံးစွဲကြသည်ကို မမြင်တွေ့ခဲ့ရသေး။

ဤကမ္ဘာမြေပြင်ပေါ်တွင် မမြင်တွေ့ရသေးသည့် ထူးထူးခြားခြားပစ္စည်းလေးတစ်ခု ဖြစ်နိုင်လောက်ပေသည်။

ထိုပစ္စည်းလေးမှာ အဘယ်နည်း။ မည်ကဲ့သို့ အသုံးချရမည်နည်း။ မည်ကဲ့သို့သော အကျိုးသက်ရောက်မှုတွေကို ရရှိနိုင်မည်နည်း။ ထိုပစ္စည်းလေးနှင့် ပတ်သက်သည့် သို့လော၊သို့လော တွေးစရာတွေက ပေါ်ပေါက်၍လာသည်။

တခြားဂြိုဟ်ကမ္ဘာတစ်ခုခုမှ အသုံးပြုနေကြသည့် ပစ္စည်းဖြစ်နိုင်လောက်သည်ဟူ၍သာ လောလောဆယ် ခန့်မှန်း၍ ရနိုင်လောက်ပေ၏။

ထိုသူသည် သူ၏ပြူးကျယ်လုံးဝန်းသည့် မျက်လုံးများဖြင့် ပန်းခြံအနှံ့ဟိုသည် လျှောက်ကြည့်၍နေ၏။ ခန့်မှန်း၍ရနိုင်သည်မှာ သူ၏မျက်လုံးသည် အမှောင်ထုကို ထိုးဖောက်၍ မြင်နိုင်စွမ်းရှိပုံရလေ၏။

သူသည် တစ်စုံတစ်ရာကို မြင်တွေ့သွားရာမှ သဘောကျ နှစ်ခြိုက်သည့်ဟန် သေးငယ်သည့် ပါးစပ်လေးဖြင့် မပွင့်တပွင့်ပြုံးလိုက်၏။ သူ၏ချောက်နှာမှုံ့စည်းထားပုံက အလွန်ပင်အကြည့်ရဆိုးလှပေသည်။

မျက်လုံးတွေက ပြူးပြူးဝိုင်းဝိုင်း၊ နှာခေါင်းက ပြားပြားချပ်ချပ်၊ နှုတ်ခမ်းက သေးသေးငယ်ငယ်၊ မျက်နှာပုံပန်းကလည်း လေးထောင့်စပ်စပ်ရှိကာ ကြည့်ရသည်မှာ ဘယ်လိုမှ အဆင်မပြေပါ။ ဒီကြားထဲ အသားကလည်း မည်းနက်ပြောင်ပြန်၊ အမွေးအမှင်တွေကလည်း ထူထူထဲထဲ ရှိပြန်လေရာ သူသည် လူသားတွေနှင့် ခပ်ဆင်ဆင်တူသည်ကလွဲ၍ ဤကမ္ဘာဂြိုဟ်မှ ဘယ်လိုနည်းနှင့်မှ မဟုတ်နိုင်ဆိုသည်ကို တွေးကြည့်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် စောစောလေးက ရေကန်စပ်အားရှိ ခုံတန်းရှည်ပေါ်တွင် ထိုင်လျက်ရှိနေကြသည့် မိန်းမငယ်လေးနှစ်ယောက်ဆီသို့ ခပ်သွက်သွက်လျှောက်လှမ်းသွားသည်။

ညမှောင်မည်းမည်းကြီးထဲမှာ မဲမဲသဲသဲပုံစံရှိသည့် သူ့ကို မိန်းကလေးနှစ်ယောက်က ရုတ်တရက် မမြင်တွေ့ကြသေး။

သူမတို့နှစ်ယောက်သည် ရောက်တတ်ရာရာစကားတွေကို ပြောဆိုငြင်းခုံလျက် ရှိနေကြဆဲပင်။ ထိုမည်းမည်းပုံသဏ္ဌာန်သည် သူမတို့နှင့် အလွန်ပင်နီးကပ်၍လာပြီဖြစ်၏။

ထိုစဉ် မာရီယာမော်ရေးယားက စကားပြောနေရာမှ မျက်နှာကိုအမှော့လိုက်တွင် ရှေ့မလှမ်းမကမ်းတွင် မားမားကြီးရပ်လျက်ရှိသည့် ထိုမည်းမည်းသဏ္ဌာန်ကြီးအား တွေ့လိုက်ရပြီး အလန့်တကြားဖြစ်ကာ–

"အား…အောင်မယ်လေး…လုပ်ကြပါဦး"

သူမ၏ငယ်သံပါအောင် အော်ဟစ်လိုက်သံက တိတ်ဆိတ်ငြိမ်သက်နေသည့် ညယံကိုထွင်းဖောက်၍သွားလေသည်။

သူမ၏မျက်နှာတွင် သွေးမရှိတော့။ သူမအားတွင် ကပ်ထိုင်နေသည့် မာရီယာဂရာ့ကပ်ကလည်း ထိတ်ထိတ်ပျာပျာဖြင့်–

"ဟဲ့…မာရီယာ၊ ဘာလဲ…ဘာလဲ"

"ဟိုမှာ…ဟိုမှာ…ဂရာ့ကပ်"

သူမ လက်ညွှန်ပြရာ ရှေ့ကိုအကြည့် ဂရာ့ကပ်မှာ ထိုမည်းမည်းကြီးကို ရုတ်တရက် မြင်လိုက်ရာမှ မေ့လဲကျမတတ် ကြောက်လန့်သွားကာ–

"ဟယ်…ဘီလူး"

"ဘီလူးကြီး"

"အောင်မယ်လေး…ကယ်တော်မူကြပါဦး"

သူမတို့၏ ကြောက်လန့်တကြားအော်သံတို့သည် ထိုသူ၏ ရယ်မောသံများ၏ ကြားထဲဝယ် ပျောက်ကွယ်သွားလေသည်။

ဟူး…ဟူး…ဟူး…ဟူး"

"ဟက်…ဟက်…ဟက်…ဟက်"

ထိုသူသည် ရယ်မောရင်းဖြင့် မိန်းကလေးများ၏ရှေ့သို့ တိုးကပ်လာကာ သူမတို့၏ ကြက်သေ,သေနေသည့် မျက်နှာများဆီသို့ သူ့တွင်ကိုင်ဆောင်ထားသည့် ငွေရောင်ပစ္စည်းလေးဖြင့်ချိန်ရွယ်ကာ ခလုတ်အနီကို နှိပ်ချလိုက်သည်။

အလင်းတန်းတစ်ခု ရုတ်တရက်ဖြာထွက်လာ၏။



အရောင်က ခရမ်းရောင်၊ ထိုအရောင်သည် ပန်းခြံတစ်ခုလုံးကိုပင် ဖျော့ခနဲဖြင့် လင်းလက်သွားစေလောက်အောင် စူးရှပြင်းထန်လှ၏။ သူနောက်ထပ် ခလုတ်အစိမ်းကို နှိပ်လိုက်ပြန်သည်။

ဖြူဖြူဖွေးဖွေး အလင်းတန်း၊ သို့ရာတွင် ထိုအဖြူရောင်အလင်းတန်းထဲတွင် သက်တံရောင်စုံတို့ ရောယှက်ဖြာဝေ လင်းလက်သည်။

မိန်းကလေးနှစ်ဦးစလုံးမှာ သက်မဲ့ကျောက်ရုပ်များသဖွယ် ငြိမ်သက်ကာ ထိုရောင်ပေါင်းစုံတို့၏ ထိုးနှက်ခြင်းကို ခံလိုက်ကြရာမှ ခုံတန်းရှည်လေးပေါ်တွင် ပျော့ခွေကာလဲကျသွားကြလေသည်။

သူမတို့နှစ်ယောက် ပစ္စက္ခကမ္ဘာကြီးနှင့် အဆက်အသွယ်ပြတ်တောက်သွားကြသည်။

"ဟူး…ဟူး…ဟူး…ဟူး"

"ဟက်…ဟက်…ဟက်…ဟက်"

ထိုထူးဆန်းပုဂ္ဂိုလ်သည် ရယ်မောလိုက်ရင်းဖြင့် အမှောင်ထုအတွင်း တိုးဝင်ကာ ပျောက်ကွယ်သွားတော့သည်။

ပန်းခြံအတွင်းမှာတော့ မုန့်တိုင်းသည် ငြိမ်သက်၍ သွားခဲ့ပြီဖြစ်၏။

* * *

"ဟင်…ကြည့်ကြစမ်းပါဦး၊ နှစ်ယောက်စလုံးက ဒီမှာလာပြီး အိပ်မောကျနေကြတာကိုး"

"ဟဲ့ မာရီယာ…မာရီယာ"

"ဂရာ့ကပ်…"

"ဂရာ့ကပ်…"

လိုက်လံရှာဖွေကြသည့် သူမတို့၏ အိမ်သူအိမ်သားများက သူမတို့နှစ်ယောက်အား လှုပ်နိုး၍နေကြ၏။

သို့သော် နှစ်ယောက်သားက တုတ်တုတ်မျှ မလှုပ်ကြသေး။ သူမတို့၏ မိဘများနှင့် အိမ်သူအိမ်သားများသည် သူမတို့ ပျောက်ဆုံးနေကြခြင်းကြောင့် ထိုနေ့ည တစ်ညလုံး ရှာဖွေခဲ့ကြသည်မှာ တစ်မြို့လုံးအနှံ့ပင်။

ဘယ်မှမှ ရှာမတွေ့သည့်အဆုံးတွင် မိုးလင်းခါနီးမှ ပန်းခြံအတွင်းသို့ ရောက်ရှိလာကြရာမှ သူမတို့နှစ်ယောက်အား ရေကန်စပ်အားက ခုံတန်းရှည်ပေါ်တွင် ခွေခွေခေါက်ခေါက်ဖြင့် အိပ်ပျော်နေကြသည်ကို တွေ့ကြခြင်းဖြစ်၏။

မိဘများမှာ သမီးလေးတွေအား ဘေးမသီ ရန်မခဘဲ ပြန်လည်တွေ့ရှိရ

www.burmeseclassic.com

www.burmeseclassic.com



သည်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်၍နေကြလေသည်။ ထို့ကြောင့် မာရီယာ မော်ရေးယားနှင့် မာရီယာဂရာ့ကပ်တို့ကို နိုးလာအောင် လှုပ်နိုးနေကြခြင်း ဖြစ်လေသည်။

"မာရီယာ..."

"မာရီယာ..."

"ဂရာ့ကပ်..."

"ဂရာ့ကပ်..."

"ဟဲ့ ဂရာ့ကပ်..."

"ဟင်..."

"ဟာ..."

နှစ်ယောက်သား မျက်လုံးပေကလပ်,ပေကလပ်လုပ်ကာ ခုတန်းရှည်လေးပေါ်မှာ ထထိုင်လိုက်ကြ၏။ သူမတို့နှစ်ယောက်သည် မိဘများနှင့် အိမ်သူအိမ်သားများအား စကားမဆိုဘဲ ငေးကြောင်ကာဖြင့် ကြည့်ရှုနေကြ၏။

"ဟင်း...ပြောလိုက်ရင်မကောင်းတော့ဘူး။ နင်တို့အရွယ်နဲ့ ပန်းခြံမှာလာအိပ်ရတယ်လို့ဟယ်။ လာကြစမ်း၊ သွားကြမယ်"

"မကြီးမငယ်နဲ့ မိဘတွေ ဒုက္ခပေးတဲ့ ဟာမလေးတွေ"

"သွားကြမယ်"

သို့ရာတွင် နှစ်ယောက်စလုံးမှာ ခပ်ငူငူဖြင့် ထိုင်နေကြဆဲပင်။ သူတို့ ပြောသည့်စကားတွေကို နားလည်ပုံရမှ ရကြသည်လားမသိ။ သူမတို့နှစ်ယောက်၏ မျက်လုံးအကြည့်တွေကလည်း ခါတိုင်းနှင့်မတူဘဲ ထူးခြားသလိုလို ရှိနေသည်ကြောင့်—

"ဟဲ့...နင်တို့က ဘာဖြစ်နေကြတာလဲ မာရီယာ"

သူမတို့နှစ်ယောက်က သူမတို့အဖြစ်ကို ပြိုင်တူပြောလိုက်ကြသည်။

"×××...××..."

"ဟင်..."

"ဟာ..."

သူမတို့၏ပြောစကားများကိုကြားပြီး မိသားစုဝင်အားလုံးမှာ အလန့်တကြား ဖြစ်သွားကြ၏။

သူမတို့၏နှုတ်များမှ ထွက်ပေါ်လာကြသည့် စကားလုံးများ၊ ဘာသာစကားများသည် သူတို့တစ်တွေ နားမလည်ကြသည်၊ လုံးဝမကြားဖူးကြသည့် စကားများ ဖြစ်နေသောကြောင့်ပင်။



ပြောရိုးပြောစဉ် ပြောနေကျ ပေါ်တူဂီဘာသာစကား မဟုတ်တော့။ ထိုစကားတွေကို သူမတို့နှစ်ယောက် အဘယ်က တတ်မြောက်သွားကြသည်ကို ဉီးစားမိကာ သူမတို့၏မိဘဆွေမျိုးတွေ ခေါင်းခြောက်သွားကြသည်၊ နိုးရိမ်ပူပန်သွားကြသည်။

"ဘာများဖြစ်သွားကြပါလိမ့် မာရီယာတို့ရယ်..."

"ကျုပ်အထင်တော့ ညကြီးမိုးချုပ် ဒီမှာလာအိပ်ရင်း အပမှီထားတယ်ထင်တာပဲ"

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲဟင်"

"ဒီလိုမျိုးကိစ္စတွေမှာ နားလည်တတ်ကျွမ်းတဲ့ ဆရာတွေ၊ ဘုန်းတော်ကြီးတွေဆီမှာပြပြီး ကုရတော့မှာပေါ့ဗျာ။ ဖြစ်မှတော့ ဘာတတ်နိုင်ကြတော့မှာလဲ"

သူမတို့နှစ်ယောက်အား မိဘအသီးသီးက အိမ်သို့ခေါ်ဆောင်သွားကြတော့သည်။

ထို့နောက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆေးဝါးကုသနေကြလေတော့သည်။

* * *

"ဒါမျိုးက နာမ်ကိန်းတာလို့ ခေါ်တယ်"

"ဩော်..."

မာရီယာဂရာ့ကပ်၏ဖခင် ဖြစ်သူက သူ၏သမီးငယ်အား ပယောဂဆရာအမျိုးမျိုး၊ နတ်ဆရာအဖုံဖုံတို့နှင့် ကုသပြသပြီး ထူးခြားမှုမရှိသည်ကြောင့် နောက်ဆုံးတွင် ဘရာဇီးနိုင်ငံ၊ ယဉ်ကျေးမှုသိပ္ပံမှ ပါရာဆိုက်ကိုလော်ဂျီပါမောက္ခ ပရော်ဖက်ဆာ ရောမာရီနက်ထံ ရောက်ရှိလာခဲ့သည်တွင် ပရော်ဖက်ဆာကြီးက မာရီယာအား အမျိုးမျိုးစစ်ဆေးကြည့်ရှုပြီးလျှင် ထိုကဲ့သို့ မှတ်ချက်ပေးလိုက်ခြင်းဖြစ်၏။

"နာမ်ကိန်းတယ်ဆိုတာ ဘာကိုခေါ်တာလဲ၊ ပရောက်ဖက်ဆာကြီးခင်ဗျား"

"ဒီကလေးမလေးရဲ့ စိတ်ထဲကို ဝိညာဉ်တစ်ခုခု ဝင်ရောက်ပူးကပ်သွားခဲ့သဘောပါ။ ဒီတော့ သူ့ရဲ့မူလစိတ် အသိပျောက်သွားတာပေါ့ဗျာ။ အခုဆိုရင် ဒီကလေးမလေးဟာ လွန်ခဲ့တဲ့ အနှစ်ရာကျော်လောက်က ဝိညာဉ်လာပူးနေတာ ခံနေရပုံရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူပြောတဲ့စကားတွေဟာ အလွန်ရှေးကျတဲ့ ဂရိဘာသာစကားတွေ ဖြစ်နေလို့ပါပဲ"

"ကျွန်တော့်ကို တစ်ခုမေးခွင့်ပြုပါခင်ဗျာ။ ဒီအတိုင်းဆိုရင် ကျွန်တော့်သမီးလေးရဲ့ရောဂါက မပျောက်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မာရီယာဂရာ့ကပ်သည် သူမ၏ဖခင်နှင့် ပရော်ဖက်ဆာကြီးတို့ ပြောဆိုနေကြသည်ကို မျက်လုံးအကြောင်သားဖြင့် ငေးစိုက်ကြည့်နေလေသည်။ သူမကို ကြည့်ရသည်မှာ ဘာကိုမှမသိ နားလည်ပုံမရတော့။

"ဒါမျိုးက သူ့အလိုလိုလည်း ပြန်ပျောက်သွားတတ်ပါတယ်။ ဒီကလေးမရဲ့ စိတ်ထဲကို တစ်စုံတစ်ယောက်က သူ့ဝိညာဉ်ကို ထည့်သွင်းသွားတာဆိုတော့ သူ့ဝိညာဉ်ကို ပြန်အလိုရှိတဲ့အခါမှာ သူပြန်လာနှုတ်ယူသွားမှာပေါ့"

"ဒါဆို ကျွန်တော့်သမီးလေးရဲ့ မူလစိတ်(ဝိညာဉ်)က..."


"အဲဒီပုဂ္ဂိုလ်ရဲ့ဝိညာဉ်က ဖုံးလွှမ်းထားတာပေါ့ဗျာ"

"အင်း...တော်တော်ခက်ခဲနက်နဲလှပါသလားခင်ဗျာ။ ဒီအတိုင်းဆိုရင်တော့ သမီးလေးရဲ့ ကံတရားကိုပဲ ယိုးမယ်ဖွဲ့ရတော့မှာပေါ့လေ"

သူသည် ပရော်ဖက်ဆာကြီးအား စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်ပြီးလျှင် သမီးလေး မာရီယာဂရာ့ကပ်အား လက်ဆွဲကာဖြင့် ပြန်လည်ထွက်ခွာလာခဲ့ပါတော့သတည်း။

*(Ref: THE MYSTERY OF THE TALL. DARK MAN ကို ဆီလျော်အောင် ပြန်ဆိုထားပါသည်။)*

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com

# မျက်ဝန်းမှတစ်ဆင့် ပါးပြင်ဆီသို့

မောင်သစ်နွယ်

(၁)

ငွေရောင်လပြည့်ည…

ဆိပ်ဖလူး ရန့်သင်းကြိုင်နေသော ညဝန်းကျင်သည် အိပ်မောကျနေ၏။ ညဦးအတော်နက်နေပြီမို့ လရောင်ဆမ်းထားသော ကွန်ကရစ်လမ်းကလေးအတိုင်း သွက်သွက်လျှောက်ခဲ့သည်။ အိမ်တံခါးက စေ့ရုံစေ့ထားသဖြင့် အသာအယာ တွန်းဖွင့်၍ ဝင်လိုက်သည်။

ဝယ်လာခဲ့သည့် ခေါက်ဆွဲကြော်ထုပ်ကို ထမင်းစားပွဲပေါ်တင်၍ အိပ်ခန်းထဲသို့ ဝင်ကြည့်သည်။ အိပ်ပျော်နေသည့် ထွန်းသူရလေးက နှစ်နှစ်ခြိုက်ခြိုက်။

"ဟာ…ဒီကလေး ခြင်ထောင်မထောင်ဘဲ အိပ်နေတာကိုး"

ခြေကိုဖော့နင်းသည်။ ခြင်ထောင် ထောင်ပေးသည်။ ခြင်မဝင်နိုင်စေရန် အိပ်ရာအောက်သို့ ခြင်ထောင်စကို သပ်သပ်ရပ်ရပ်ဖိညှပ်ပေး၏။ တော်သေးသည်။ ထွန်းသူရလေးက မနိုး။ သနားဖွယ်အိပ်မောကျနေဆဲ။

စာကြည့်စားပွဲပေါ်တွင် စာအိတ်တစ်လုံးနှင့် ဖွင့်ဖတ်လက်စ စာရွက်ကလေးတွေ ပြန့်ကျဲနေသည်ကို တွေ့ရသဖြင့် ယူကြည့်ဖြစ်လိုက်သည်။



ထွန်း…

သီတာ သတိတရ စာရေးလိုက်ပါတယ်။ အခုနေများ ထွန်း သီတာ့အနားမှာရှိနေရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိတယ်။ ထွန်းကိုသတိရတိုင်း ထွန်းနဲ့သီတာ တွေ့နေကျကုက္ကိုပင်ကြီးအောက်သွားပြီး အားရပါးရ ငိုရှိုက်ရင်း ဖြေသိမ့်ခဲ့ရတဲ့ရက်တွေ မနည်းတော့ပါဘူး ထွန်းရယ်။ ခုတော့ ထွန်းနဲ့သီတာ ထိုင်နေကျ ကုက္ကိုပင်ကြီးဟာ ကမ်းပြိုတဲ့အထဲပါသွားပြီ ထွန်းရေ…မရှိတော့ဘူး။ အဲဒီတော့လည်း သီတာ…ကုက္ကိုပင်ကြီးကို သနားရမှာလား၊ အဝေးရောက်နေတဲ့ထွန်းကို သနားရမှာလား အထီးကျန်ဘဝနဲ့ လွမ်းကျန်ရစ်ခဲ့တဲ့သီတာကို သနားရမှာလား ဆိုတာတောင် မဝေခွဲနိုင်အောင်ပါပဲ ထွန်းရယ်။ သီတာ ဒီလောက်တောင်ပဲ ခံစားနေရပါတယ်။

ဒါပေမယ့် ထွန်းရေးလိုက်တဲ့စာထဲမှာပါတဲ့အတိုင်း ထွန်းရဲ့အစ်ကိုကြီးက ထွန်းအပေါ် အစစအရာရာ ညီလိုတစ်မျိုးသားလိုတစ်မျိုး ပြုစုစောင့်ရှောက်ခဲ့တယ်ဆိုတာသိရလို့ သီတာကျေးဇူးတင်လိုက်တာ။ ပြီးတော့ ထွန်း ၁၀ တန်း စာမေးပွဲအောင်သွားပြီဆိုတာရယ်၊ ကွန်ပျူတာသင်တန်းလည်း တက်နေတယ်ဆိုတဲ့အတွက်လည်း သီတာ ဝမ်းသာမိတယ်။ ကြိုးစားပါ ထွန်းရယ်၊ ထွန်းအနေနဲ့ ဘဝကိုရပ်တည်နိုင်ပြီဆိုတဲ့နေ့ သီတာ့ကို ခေါ်လိုက်ပါ။ သီတာ ထွန်းဆီကို အပြေးလာခဲ့ပါ့မယ် ထွန်းရယ်။

ထွန်းချစ်တဲ့
ထွန်းကိုချစ်တဲ့
သီတာ

စာကိုဖတ်ပြီးသွားချိန်မှာ ကြေကြေကွဲကွဲ ခံစားလိုက်ရ၏။ တိမ်ခြူးထင်းခင်သည့်ည ကောင်းကင်တွင် လပြည့်ဝန်းသည် ငြိမ်းချမ်းစွာ သာနေ၏။

ပြတင်းမှန်မှ လရောင်လှဲ့လှဲ့သည် မရဲတရဲ တိုးဝင်ဖြာကျလျက်။ ပြတင်းမှာရပ်ရင်း ထွန်းသူရလေးအကြောင်းကို တွေးလိုက်မိသည်။ သည်ကလေးကိုရော ဘဝရေစက်ကြောင့်လားမသိ။ သွေးမတော်သားမစပ်ပါဘဲ စောင့်ရှောက်တွေ့နေမိသည်။ ဝိဘိ ညီရင်းတမျှ သံယောဇဉ်ဖွဲ့နှောင်သည်။ ဒီကလေးအကြောင်းနှင့် သူ၏ဘဝအစအဆွေးပုံရိပ်သည် မျက်ဝန်းမှာ အရိပ်ထင်လာ၏။ အဲသည်အခန်းကပေါ့လေ…။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဤနေရာသည် ကမ်းနားဆိပ်နှင့်နီးသည်။ စည်ပင်သာဈေးကြီးနှင့်လည်း နီး၏။ သို့ဖြစ်၍ နံနက်မိုးသောက်သည်မှ ညမိုးချုပ်သည့်တိုင် အမြဲလိုလိုဝင် စည်ကားနေတတ်သည်။

ထွန်းသူရသည် မြကဖီးမှ ချိုဆိမ့်လက်ဖက်ရည်ပါဆယ်နှစ်ခွက် ဝယ် လိုက်သည်။ ကောင်တာတွင် သူကတစ်ထောင်တန်တစ်ရွက်ထုတ်ပေးလိုက်၏။ ကောင်တာထိုင်နေသည့် ဆိုင်ရှင် ဦးထွန်းရှင်က စောစောစီးစီး တစ်ထောင်တန် ပေးသည့်သူကို မကြည့်သည့်အကြည့်ဖြင့် ကြည့်၏။ ထွန်းသူရကို ဂရုမစိုက်။ လက်ဖက်ရည်ပါဆယ်ကိုဆွဲ၍...

ရှုပ်ထွေးနေသည့် ဈေးသွားဈေးသည်များကြား တိုးဝှေ့၍ ဈေးလမ်း အတိုင်းလျှောက်ခဲ့သည်။ မဥ္ဇူလမ်းထိပ်သို့ ရောက်သောအခါ လမ်းထဲသို့ ချိုး ကွေ့မဝင်သေး။ လမ်းထိပ်ထဲတွင် တဲကလေးနှင့်ရောင်းနေသည့် အပျိုကြီးမစန်း ထံသမှ ပဲပြုတ်နန်းချင်း၊ ကြက်သွန်မြိတ်နန်းချင်း နှမ်းဆီစစ်စစ် ရန့်ကလေး သင်းနေသည့် ဘိန်းမုန့်အဖြူနှစ်ချပ်ဝယ်လိုက်သည်။

"ဟဲ့ ကောင်လေး စောလှချည်လား"

"ဟုတ်"

လမ်းဆုံလမ်းခွတွင် ဈေးရောင်းသူပီပီ စပ်စုတတ်သည့် ဉာဏ်ရှိသော ဘိန်းမုန့်သည် အပျိုကြီးမစန်းထံမှ ထပ်၍ စပ်စုသံထွက်မလာမီ ကျသင့်ငွေ ပေး၍ ထွန်းသူရ သုတ်ခြေတင်သည်။ သူဘယ်ကိုသွားမည်၊ ဘယ့်သူ့ဆီသွား မည်။ ဘာကိစ္စ၊ စသည်များကို သိနေသော ဘိန်းမုန့်သည်အပျိုကြီးသည် သူ့ ကျောပြင်ကိုကြည့်၍ မဲ့ရွဲ့နေလိမ့်မည်။ မျက်စောင်းခဲနေလိမ့်မည်။ ထို့နောက် ယနေ့အဖို့ စကားစပ်မိတိုင်း (စကားမစပ်မိလျှင်လည်း စပ်မိအောင်စပ်၍) နှုတ်ခမ်း တစ်လံ ပါးတစ်လံနှင့် အပနာပများ ပြောလိမ့်မည်။

ဒါတွေထားပါ။ မမအိမ်ရှေ့သို့ သူရောက်သောအခါ အိမ်ရှေ့တံခါး ပိတ်ထားဆဲ။ ခြံတံခါးကို ဖွင့်ဝင်လိုက်၏။ ခြံချမ်းကပ်မှ စမ်းမြသီတာက သူ့ကိုလှမ်းကြည့်နေ၏။ မျက်လုံးချင်းဆုံမိသည်။ ချက်ချင်းမျက်နှာလွှဲလိုက်၏။ မမ၏ အိမ်ရှေ့တံခါးမကြီးကို သူကခေါက်လိုက်၏။ နှုတ်မှလည်း...

"မမ...မမ"

အတွင်းမှ တုံ့ပြန်သံမကြားရ။ တံခါးကို နားကပ်ထောင့်ကြည့်ရာတွင် လည်း တစ်စုံတစ်ရာလှုပ်ရှားမှုမရှိ။ သူ့မျက်လုံးတွေ စမ်းမြသီတာဆီရောက်သွား ရပြီပေါ့။



"သီတာ...ဘယ်သူမှမရှိဘူးလား"

"ဒေါ်လေးမြမေ...ရွာပြန်တာ နှစ်ရက်ရှိပြီ။ မမကတော့ ရှိလိမ့်မယ်။ ညတုန်းကတော့ မီးရောင်မြင်တာပဲ"

သီတာက မျက်စောင်းနှင့်ပစ်ပေါက်ရင်း ခြေဆောင့်၍အိမ်ထဲဝင်သွား သည်။ အိမ်ဘေးမှပတ်၍ နောက်ဖေးဘက်သို့ ဝင်လိုက်သည်။ နောက်ဖေး တံခါးက အသာအယာတွန်းလိုက်သည်နှင့်ပင် အလိုအလျောက်ပွင့်သွား၏။

အိမ်သာထဲမှာရှာသည်။ ပွင့်နေသည့် တံခါးပေါက်မှ မီးဖိုခန်းထဲဝင် သည်။ အိမ်ရှေ့ဧည့်ခန်းသို့ သွားကြည့်သည်။ မတွေ့။ စိုးရိမ်စိတ်ဖြင့် အိပ်ခန်း ထဲသို့ ချောင်းကြည့်လိုက်၏။ မမက ခုတင်ပေါ်တွင် ခွေခွေကလေး စောင်ကို ခေါင်းမြီးခြုံထားသည်။

"မမကလည်းဗျာ...ဘယ်အချိန်ရှိပြီလဲ၊ ခေါ်မကြားအော်မကြားဖြစ်နေလို့ ကျွန်တော်ကဖြင့် စိုးရိမ်လိုက်ရတာဗျာ။ ကဲ–ထတော့၊ ဒီမှာမကြိုက်တဲ့ လက် ဖက်ရည်နဲ့ ဘိန်းမုန့်ဝယ်လာတယ်။ ကျွန်တော်လည်း မစားရသေးဘူး။ ထပါ၊ အတူစားရအောင်"

ထွန်းသူရက မလှုပ်မယှက်ငြိမ်ချက်သားကောင်းနေသည့် မမ၏ ခေါင်း မြီးခြုံထားသောစောင်ကို ဆွဲလှန်လိုက်သည်၊

"အောင်မလေး"

နှုတ်မှ လွှတ်ခနဲလန့်၍ အော်မိသွားသည်။ မမက ကြည့်ရက်မြင်ရက် စရာ မရှိ။ ခြောက်သွေ့စပြုနေသည့် သွေးအိုင်ထဲမှာ ငြိမ်သက်နေသည်။ လက်ထဲမှ လက်ဖက်ရည်ပါဆယ်ထုပ်နှင့် ဘိန်းမုန့်ထုပ်ကိုပင် ယောင်၍လွှတ်ချလိုက် နှုတ်မှ လည်း အလန့်တကြား။

"လာကြပါဦးဗျာ၊ လာကြပါဦး"

ပတ်ဝန်းကျင်မှ လူများအပြေးအလွှား ရောက်လာကြသည်။ ရပ်ကွက် တာဝန်ရှိလူကြီးများလည်း ပါသည်။ ပြီးတော့ ရဲတပ်ဖွဲ့ဝင်များ...

* * *

(၃)

"အဲဒါပဲ ဆရာ။ ကောင်လေး ဒီအတိုင်းပြောခဲ့တာ အကြောင်း မရေတွက်နိုင်တော့ဘူး"

နယ်မြေခံစခန်းမှူးက စီအိုင်ဒီမှ အမှုစစ်အရာရှိ ရဲအုပ်သောင်းကြည်ကို အချင်းဖြစ်စဉ်အား ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတဲ့အထဲမှာပါတဲ့ မြကဖီးက ကောင်တာထိုင်တဲ့ဆိုင်ရှင် ဦးထွန်းတို့၊ ဘိန်းမှုန့်ရောင်းတဲ့ အပျိုကြီးမစန်းတို့၊ ဘေးချင်းကပ်အိမ်က စမ်းမြသိဘာဆိုတဲ့ ကောင်မလေးတွေကို ခေါ်မေးကြည့်တော့ကော ဘာထူးလဲ"

"မထူးပါဘူး၊ သူပြောတဲ့အတိုင်းပဲ။ အားလုံး အစစ်ခံကြတယ်၊ သူဝယ်သွားတယ်ဆိုတဲ့ လက်ဖက်ရည်ပါဆယ်ထုပ်ကလေးနဲ့၊ ဘိန်းမှုန့်ထုပ်ကလည်း ကြမ်းပြင်ပေါ်မှာ ကျနေတာတွေ့ရတော့။ သူတော်တော်လန့်သွားတယ်ဆိုတာ ထင်ရှားတယ်လေ။ ပြီးတော့ သူဟာ လူသတ်သမားဆိုရင် သူသတ်ခဲ့တဲ့ အလောင်းရှိရာကို ဒီလိုတစ်ခေါက်ပြန်ဝဲ့မှာ မဟုတ်ဘူး"

"မှုခင်းဆရာဝန်ရဲ့ ထင်မြင်ချက်ကို ပြောပါဦး"

"ချွန်ထက်တဲ့အရာနဲ့ ထိုးသွင်းခံရတဲ့ ဒဏ်ရာကြောင့် နှလုံးအိမ်ကို ထိပြီး ဝမ်းဗိုက်အတွင်း သွေးသွန်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း မှုခင်းဆရာဝန်ကြီးက မှတ်ချက်ချတယ်။ ပြီးတော့ သေသူဝတ်ဆင်ထားတဲ့ စိန်နားကပ်ကို ဖြုတ်ယူဖို့အချိန်မရလို့ ထင်ပါရဲ့။ နားသီးနှစ်ဖက်စလုံး ဖြတ်ယူသွားတယ်။

တစ်ကွင်းကို ရွှေချိန် ငါးမူးသားစီရှိတဲ့ ရွှေလက်ကောက်လေးကွင်း၊ ရွှေနှစ်ကျပ်သားရှိတဲ့ အမ်စီကြိုးပုံဆွဲကြိုးတစ်ကုံးကိုလည်း ယူသွားတယ်။ အမျိုးသမီးနဲ့ ကိုယ်လက်နှီးနှောသွားတဲ့ လက္ခဏာကိုလည်း တွေ့တယ်တဲ့။ ဒါကြောင့် လူသတ်သမားဟာ အမျိုးသမီးကို အဓမ္မကျင့်ကြံပြီး ပစ္စည်းယူ လူသတ်သွားတဲ့ ဝါရင့်လောကသားတွေထဲကပဲ ဖြစ်နိုင်တယ်။ အလောင်းကို ထွန်းသူရ စတွေ့ချိန်မှာ သေဆုံးတာ ၉ နာရီကျော်ပြီလို့ ဆရာဝန်က မှတ်ချက်ချတယ်။ အဲဒါကြောင့် သေဆုံးတာဟာ အချင်းဖြစ်ည ၁၀ နာရီလောက်ကလို့ ယူဆနိုင်ပါတယ်"

"အမှုနဲ့ပတ်သက်ပြီး မသင်္ကာသူတွေကို စစ်ဆေးခဲ့တဲ့အခြေအနေကိုလည်း ပြောပါဦး စခန်းမှူး"

"မှုဒိမ်းမှု လူသတ်မှုတွေနဲ့ ပြစ်ချက်ဟောင်းရှိတဲ့နှစ်ယောက်ကို ဖမ်းဆီးပြီး ရိမန်ယူ စစ်ဆေးတယ်။ မထူးခြားခဲ့ဘူး။ ပြီးတော့ ထွန်းသူရရဲ့ အမေနဲ့ အစ်ကိုရယ်၊ ညီမနဲ့ ညီမယောက်ျားကိုလည်း ဖမ်းဆီးစစ်ဆေးခဲ့ပါတယ်"

"ဘာဖြစ်လို့လဲ စခန်းမှူး၊ သူတို့မိသားစုကို ဖမ်းဆီးစစ်ဆေးတာက မသင်္ကာစရာရှိလို့လား"

"ဟုတ်တယ်ဗျ၊ အချင်းမဖြစ်မီ တစ်ပတ်လောက်က အိမ်မှာ ထွန်းသူရနဲ့ သူ့မိသားစုအကြီးအကျယ် စကားများကြတယ်။ မင်းကြောင့် ငါတို့ရှက်တယ်။ ရပ်တန်းကရပ်မလား၊ မရပ်ရင် နှစ်ယောက်စလုံး သတ်ပစ်မယ်လို့ မိသားစုတစ်ခုလုံးက ဝိုင်းပြီးကြိမ်းမောင်းကြတာကို ပတ်ဝန်းကျင်ကလည်း ကြားတယ်



လို့ သတင်းပေးတယ်။ အဲဒီလို သူတို့အသီးသီးမှာ (MOTIVE)သတ်ဖြင်း-အကြောင်းရင်းကိုယ်စီရှိနေကြလို့ ဖမ်းဆီးစစ်ဆေးတာပဲ။ ဒါပေမယ့် တရားစွဲတင်နိုင်တဲ့အထိ မသင်္ကာစရာ သဲလွန်စမတွေ့ရလို့ ပြန်လွှတ်ပေးလိုက်ရတယ်"

ရဲအုပ်သောင်းကြည်က ခေါင်းကို တဆိတ်ဆိတ်ညိတ်သည်။ စခန်းမှူး ပြောခဲ့သမျှထဲတွင် လစ်ထွက်ဟာကွက်များကို သူကိုယ်တိုင် နားထောင်ရင်း ရှာဖွေကြည့်သည်။ မတွေ့။

"ကျွန်တော်တို့ မြို့နဲ့ အနီးပတ်ဝန်းကျင်ကမြို့တွေထဲမှာလည်း အမာခံသတင်းပေးတွေကို ရွှေဆိုင်တွေစောင့်ကြည့်ခိုင်းတာလည်း ဘာမှသတင်းမထူးဘူး။ တရားခံဟာ သဲလွန်စမကျန်အောင် ကျူးလွန်သွားတဲ့အတွက် ဝါရင့်ဒုစရိုက်သမားပဲဖြစ်မယ်လို့ ကောက်ချက်ချရတော့တာပေါ့ဗျာ"

"အင်းဗျာ…အဲဒီလူသတ်မှု ကျွန်တော်တို့ စီအိုင်ဒီကိုရောက်လာပြီး ဖော်ထုတ်ဖို့ ကျွန်တော့်ကို တာဝန်ပေးကတည်းက တော်တော်ခေါင်းစားမယ့်အမှုဆိုတာ အကဲခတ်မိပါရဲ့။ ကဲဗျာ…မထူးတော့ပါဘူး။ ထွန်းသူရဆိုတဲ့ ကောင်လေးကို ကျွန်တော်စစ်ကြည့်ချင်တယ်၊ ခေါ်ပေးပါ"

* * *

(၄)

နေက ခြစ်ခြစ်တောက်အောင်ပူနေ၏။ စခန်းဝင်း၏ စည်းရိုးထောင့်ရှိ အရိပ်ကောင်းသည့် ရောမ မန်ကျည်းပင်ကြီးအထက်မှ ချိုးတစ်ကောင်က ခွဲ-ခွဲ ချိုးချိုးကူနေ၏။

"ထွန်းသူရဆိုတာ သူပဲဆရာ"

နှယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကလေးနှင့် အတူရပ်နေသည့် အရပ်ရှည်ရှည်အသားဖြူဖြူနှင့် မိန်းမချောချောသည့် ကောင်လေးက ရဲအုပ်သောင်းကြည်၏ စားပွဲရှေ့မှာ ရို့ရို့ကျိုးကျိုးရပ်နေ၏။

"ထိုင်ကွာ ညီလေး"

ကောင်လေးက ခုံအလွတ်တစ်လုံးကို ညင်သာစွာ ဆွဲယူ၍ဝင်ထိုင်သည်။ ခေါင်းကိုငုံ၍ ငြိမ်နေ၏။ ရုပ်ရည်က အနီးကပ်၍ သေချာကြည့်သော် အပြစ်အနာအဆာ ရှာမတွေ့အောင် ချောမောလေဖြစ်သည်။

လှိုင်းတွန့်ကလေးများဖြင့် နက်မှောင်နေသည့် ဆံနွယ်ချွေလေးများ နဖူးပေါ်မှာ ကခွဲ့ကလျဝဲကျနေ၏။ ထူထဲသည့် မျက်ခုံးများက ပြတ်သားတည်ကြည်သည့် စိတ်ဓာတ်ရှိလိမ့်မည်ဟု ထင်ရသည်။ တင်းတင်းစေ့ထားသော

www.burmeseclassic.com



ဝိရိသေသပ်သည့် ပါးလွှာလွှာနှုတ်ခမ်းအစုံကလည်း စကားကို လိုသည်ထက် ပို၍ မပြောတတ်သူမဟုတ်ကြောင်း သိသာသည်။

“နာမည်က ထွန်းသူရနော်”

“ဟုတ်”

“အသက်”

“၁၉ နှစ်ပါ”

“အေး၊ မင်းနဲ့ မင်းမမအကြောင်း ငါသိသင့်သလောက်တော့ သိထားပြီးပြီ။ ဒီအမှုပေါ်အောင်စစ်ဖို့ အင်းစိန်စီအိုင်ဒီက ငါလာတာကွ။ ငါ့ညီအမှန်အတိုင်းဖြေ၊ လိမ်ရင်တော့...”

ရဲအုပ်သောင်းကြည်၏ အေးစက်မျက်လုံးအစုံက အချုပ်ခန်းကို လှမ်းကြည့်ပြီးမှ ထွန်းသူရ၏မျက်နှာကို တည့်တည့်ကြည့်သည်။ ထွန်းသူရမျက်နှာလေးက ကြည်ကြည်လင်လင်ပင်။

“မင်းမမရဲ့ အမည်အပြည့်အစုံက ဘယ်တုတဲ့လဲ”

“ဒေါ်တင်ထားမေ”

“သူ့အသက်ကကောကွ”

“၃၆ နှစ်လို့ ပြောပါတယ်”

“ကဲကွာ...မင်းတို့နှစ်ယောက်ရဲ့အကြောင်း ပြောစမ်းပါဦး”

“မမ အိမ်ထောင်ကွဲတာ နှစ်နှစ်လောက်ရှိပါပြီ။ သူ့ယောကျ်ားက ဆရာဝန်ပါ။ သားသမီးနှစ်ယောက်ကိုတော့ ကွဲသွားတဲ့ သူ့ယောကျ်ားကပဲ ခေါ်သွားပါတယ်။ မမဟာ အဒေါ်တစ်ယောက်နဲ့ အတူနေပါတယ်”

“ကျွန်တော်က သူတို့လင်မယား မကွဲခင်က မမယောကျ်ားဒေါက်တာအောင်မျိုးဦးဖွင့်တဲ့ မုဒိတာဆေးခန်းမှာ စာရေးလုပ်ရင်း အိမ်ကိုအဝင်အထွက်ရှိပါတယ်။ လင်မယားကွဲသွားပြီးတဲ့နောက်ပိုင်း ဆေးခန်းပိတ်လိုက်တော့ မမရဲ့ ပွဲရုံလုပ်ငန်းတွေကို ကူလုပ်ပေးရင်း ပိုပြီးရင်းနှီးခဲ့ကြရာက ကျ...ကျွန်တော်တို့...”

ထွန်းသူရက ဆက်ပြောရမည့်စကားကို ရှက်ရွံ့ဟန်ဖြင့် နှုတ်ဆွံ့နေ၏။ ရဲအုပ်သောင်းကြည်က ထောက်ပေးလိုက်သည်။

“ဆက်ပါဦးကွ”

“တစ်နေ့ မမကြွေးတောင်းခိုင်းလို့ တောဘက်ဆင်းပြီး ကြွေးတောင်းရာကအပြန် မိုးကလည်းချုပ်နေ၊ နေလို့လည်းမကောင်းတာနဲ့ အိမ်ကိုမပြန်တော့ဘဲ မမအိမ်မှာ အိပ်လိုက်ပါတယ်။ အဲဒီညက ကျွန်တော်တို့ မမျှော်လင့်ဘဲ မှားမိသွားကြတယ်ဆိုပါတော့ အစ်ကိုရယ်”



ထွန်းသူရထံမှ သက်မောရှိုက်သံကိုပင် အတိုင်းသားကြားလိုက်ရ၏။ ရဲအုပ်သောင်းကြည်က ထွန်းသူရ၏ အမှုအယာမှန်သမျှကို အလစ်မပေး။

“ကျွန်တော် မမကိုတကယ်ချစ်မိသွားတာပါ အစ်ကို၊ မမကလည်း ကျွန်တော့်ကို တကယ်ချစ်ပါတယ်။ ခုတော့...”

ထွန်းသူရထံမှ ရှိုက်သံက တိုးညင်းစွာ ပျံ့လွင့်လာ၏။ ရဲစခန်းစည်းရိုးထောင့်ရှိ မန်ကျည်းပင်ကြီးပေါ်မှ ချိုးကလေး ချွဲ့ချွဲ့ချွဲ့ချွဲ့ ကူမြဲကူလျက်ပင်။

“ခုတော့ ဘာဖြစ်သလဲကွာ၊ ဆက်ပါဦး”

“ခုတော့မမဟာ လူမသမာရဲ့လက်ချက်နဲ့ မရှုမလှအသတ်ခံသွားခဲ့ရရှာပြီလေ။ ကျွန်တော်နဲ့ မမဟာ သေကွဲကွဲခဲ့ရပြီပေါ့ အစ်ကိုရယ်”

အမှုစစ်ပင်လျှင် ထိခိုက်ကြေကွဲရတော့မလိုလို...

“သေသွားရှာတဲ့ မမကတော့ ဘာမှမသိရှာတော့ဘူးပေါ့။ ကျန်ရစ်တဲ့ ကျွန်တော့်မှာတော့ ဒုက္ခတွေပင်လယ်ဝေနေပြီ။ ကျွန်တော့်ကြောင့် မိသားစုတစ်ခုလုံး အဖမ်းဆီးအစစ်ဆေးခံရလို့ ဂုဏ်သိက္ခာထိခိုက်တယ်၊ ရှက်တယ်ဆိုပြီး အိမ်ပေါ်က နှင်ချခံရလို့ အခုကျွန်တော် ဘုန်းကြီးကျောင်းမှာကပ်နေရတဲ့ ဘဝကို ရောက်နေပါပြီဗျာ”

“ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေလိုက်ဖို့ စဉ်းစားတာ မကြာခဏဆိုသလိုပါပဲ။ ရင်ဘတ်ထဲမှာ ခံစားနေရတဲ့ သောကနဲ့ ပရိဒေဝရဲ့ဒဏ်ကို ကျွန်တော်မခံစားနိုင်တော့ဘူး”

ရဲအုပ်သောင်းကြည် ခေါင်းတဆတ်ဆတ်ညိတ်မိ၏။ ကောင်လေးတကယ်ခံစားနေရရှာသလား၊ ဟန်ဆောင်နေသလားဆိုသည်ကိုမှ သူအဆုံးအဖြတ်မပြုနိုင်သေး။ အချိန်ကစောသေးသည်။ ကြုံခဲ့ဖူးသည့် ပြစ်မှုကျူးလွန်သူအတော်များများ မာယာများတတ်သည်။ ဟန်ဆောင်ကောင်းတတ်သည်လေး

* * *

(၅)

ထွန်းသူရကို စစ်ကြောပြီးနောက် အမှုနှင့်သက်ဆိုင်သူများအား ကိုယ်တိုင်ပင် တစ်ကျော့ပြန်၍ အစမှအဆုံးထိ စစ်ကြောကြည့်သည်။ ကြည့်ကြသည့် နယ်မြေခံအမှုစစ်များကဲ့သို့ပင် သဲလွန်စဖြစ်နိုင်သည့် အချက်ကို ရှာဖွေမတွေ့ခဲ့။

နယ်ကျော်လာသည့် လူသတ်သမားသည် ရှိသည့်... အမှု ချသွားခြင်းဖြစ်နိုင်သည်ဟု ယူဆဖွယ်ရှိ၏။ ပြစ်မှုကျူးလွန်... ...

www.burmeseclassic.com



ခြေရာမကောက်နိုင်မီ လူသတ်သမားသည် ခြေရာပျောက်သွားခြင်းပဲပေါ့။ ဤအတိုင်း အစီရင်ခံစာရေးရုံသာလျှင်ရှိတော့သည်ဟု ရဲအုပ်သောင်းကြည် ကောက်ချက်ချရတော့သည်။

အမှုလိုက် စုံထောက်ဘဝဖြင့် မှုခင်းတပ်ဖွဲ့ (အင်းစိန်စီအိုင်ဒီ)တွင် အတော်ဆုံးမဟုတ်သည့်တိုင် အညံ့ဆုံးစာရင်းထဲတွင်လည်း မပါသောသူဖြစ်ပါလျက် ဤအမှုကို အမှုမှန်ပေါ်အောင် မဖော်နိုင်ခြင်းအတွက် ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်မိသည်တော့အမှန်။

* * *

(၆)

သဘော်ဆိပ်သို့ စခန်းမှလိုက်ပို့သည့် ကားရပ်လိုက်လျှင် ရဲအုပ်သောင်းကြည် ကားပေါ်မှဆင်း၍ ဧရာဝတီ၏ ရင်ခွင်ကိုဖြတ်တိုက်လာသည့် လေနုနုကို တဝရှိုက်ရှူလိုက်သည်။

သဘော်ထွက်ချိန်က စောသေးသဖြင့် ကမ်းနားလမ်းအတိုင်း ဟိုသည်ငေးမောရင်း လျှောက်ခဲ့သည်။ မျက်လုံးအစုံသည် ဧရာဝတီကမ်းနဖူးမှ ကုက္ကိုပင်ကြီး၏အရင်းရှိ အမြစ်ပါးပျဉ်ကြီးပေါ်တွင်ထိုင်၍ မြစ်ပြင်ကို ငေးမောနေသူများဆီ အကြည့်ရောက်သွား၏။

ခြေလှမ်းတွေ အလိုလိုပင် လှမ်းထွက်ဖြစ်သည်။ ကလေးနှစ်ယောက်အနားမှာ ခြေစုံရပ်မိ၏။ နှစ်ယောက်စလုံး သူရောက်လာသည်ကိုပင် သိပုံမရ။ ရီဝေဝေမျက်လုံးများနှင့် မြစ်ပြင်တွင် ရေစီးနှင့်မျောလျက် လှိုင်းအပုတ်တွင် မြုပ်ချည်ပေါ်ချည်ခရီးနှင်နေသည့် ဗေဒါပင်ကလေးကို ငေးကြည့်နေကြ၏။ နှစ်ဦးစလုံး၏ မျက်လုံးများတွင် မျက်ရည်များနှင့် ပြည့်ပြည့်ဝိုင်းဝိုင်း။

"ဘာတွေ ငေးကြည့်နေကြတာလဲ"

ထွန်းသူရနှင့် စမ်းမြသီတာလေးက သူ့ကိုမော့ကြည့်သည်။

"ဩော်...အစ်ကိုပြန်တော့မလို့လားဟင်"

ခရီးဆောင်အိတ်ကို ဆွဲထားသည့်သူ့ကိုကြည့်၍ မေးလိုက်ခြင်းဖြစ်၏။

"အေးကွာ အစ်ကိုပြန်တော့မယ်။ ဒါနဲ့မင်းတို့နှစ်ယောက်က..."

တစ်ယောက်မျက်နှာ တစ်ယောက်ဖူးတ်ခနဲမော့ကြည့်သည်။ စမ်းမြသီတာလေးက ခေါင်းငုံ့ချသွား၏။ ထွန်းသူရက သူ့ကို မရဲတရဲမော့ကြည့်ရင်းမှ—

"သီတာနဲ့ကျွန်တော်ဟာ ကျောင်းနေဖက်ပါ အစ်ကို၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးခဲ့ကြတဲ့ ဟို...ဟိုလေ ငယ်...ငယ်ချစ်ဦးတွေပဲ ဆိုပါတော့ အစ်ကိုရယ်"



ရဲအုပ်သောင်းကြည်၏ ရင်မှာ တစ်ပတ်လည်လာသည့် သံသယကို မြိုသိပ်လိုက်ရ၏။

"ကျွန်တော်ဟာ မမနဲ့အနေနီးပြီး သီတာ့ကို မေ့ထားခဲ့သလို ဖြစ်ခဲ့ပေမယ့် ကျွန်တော်ခုလို မမကိစ္စနဲ့ ဒုက္ခရောက်တဲ့အချိန်မှာ သီတာဟာ ကျွန်တော်ရဲ့ အနီးဆုံးလူအဖြစ်နဲ့ စိတ်ဓာတ်မြှင့်တင်ပေးနေခဲ့ရှာပါတယ် အစ်ကိုရယ်"

"ဟုတ်ပါတယ် အစ်ကို၊ သူ့ကို သူ့မိသားစုကလည်း ပြန်မကြည့်တော့ပါဘူး။ ဒီအတိုင်းလွှတ်ပေးထားလိုက်ရင် သူဟာ ပျက်စီးချင်ပျက်စီး၊ ဒါမှမဟုတ်ရင် စိတ်မထိန်းနိုင်ဖြစ်ပြီး သူ့ကိုယ်သူတစ်ခုခုလုပ်လိုက်မှာစိုးလို့ သမီး လိုက်ထိန်းနေတာပါ"

"ဒီနေ့လည်း ဥပုသ်နေ့မို့ ဘုန်းကြီးကျောင်းမှာ သီတင်းသီလဆောက်တည်တဲ့လူတွေပြည့်နေလို့ ရှောင်နေသတဲ့ အစ်ကို။ ဒါကြောင့် သမီး သူ့ကို စိတ်မချလို့ ဒီမှာ လာနေပေးတာ"

စမ်းမြသီတာဆိုသည့် ကောင့်မလေး၏သံယောဇဉ်ကလည်း တစ်မျိုး၊ ကိုယ်ချစ်သူ သူများရင်ခွင်ထဲရောက်သွားစဉ်ကလည်း ခွင့်လွှတ်ခဲ့သည်။ တစ်ပါးသူရင်ခွင်မှ ကိုယ့်အရိပ်ကိုခိုလာတော့လည်း နားလည်ပေးခဲ့၏။ စွန့်လွှတ်အနစ်နာခံသည့် မေတ္တာဟူ၍ပင် ပြောရမည်လား၊ သို့မဟုတ် နောက်ကွယ်တွင် ဘာတွေရှိနေသနည်း။

"ထွန်းသူရ"

"ဟုတ်ကဲ့ အစ်ကို"

"ကိုယ်ကောင်းရင် ခေါင်းမရွှေ့ဘူးဆိုတဲ့ စကားပုံကိုကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကြားဖူးပါတယ် အစ်ကို"

"ကိုယ့်ဘက်က မှန်တယ်ဆိုရင် ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလိုပါဘူးကွာ"

မနီးမဝေး အမှိုက်ပုံတွင် နှုတ်သီးနှင့်ထိုး၍ အစာရှာနေသော ခွေးဆော ခွေးလွှင့်တစ်ကောင်ကို ရွာခံခွေးတစ်အုပ်က ဝိုင်းကိုက်ကြ၏။ ဝန်းကျင်တစ်ခွ လုံး ခွေးဟိန်းသံ၊ ဟောင်သံ၊ နာကျင်စွာ အော်ဟစ်သံများဖြင့် ဝုံတင်းနေ၏။ ပြောလက်စ စကားကို ရပ်၍ ခွေးအုပ်ဆီအကြည့်ရောက်သည်။ အမြီးညှပ်ထွက်ပြေး ထားသော ခွေးပိန်ကလေးက ခွေးအုပ်ကြီးနှင့်ဝေးရာသို့ နာကျင်စွာအော်ဟစ်ရင်း ထွက်ပြေးသည်။

"ကျွန်တော့်အဖြစ်က အဲ့ဒီခွေးကလေးရဲ့ အဖြစ်မျိုး[illegible]ပဲ အစ်ကို။

www.burmeseclassic.com



ကိုယ့်ဘက်က မှန်တယ်ဆိုပေမယ့် အပြစ်မရှိ အပြစ်ရှာနေတဲ့လူတွေကို ရင်မဆိုင်ရဲလို့ ကျွန်တော်ရှောင်နေတာပါ။ ဒီမြို့ကလေးက ကျဉ်းကျဉ်းလေးပါ အစ်ကို။ ကျွန်တော် ဘယ်လိုမှ ရှောင်လို့မလွတ်မှန်းလည်း သိပါတယ်။ လူတွေက ကျွန်တော့်ကို ကြည့်တဲ့မျက်လုံးတွေရဲ့ဒဏ်ကို ခံရပါများလို့ ကြောက်နေပြီ အစ်ကိုရယ်။ ကျွန်တော်တစ်ခုခု လုပ်မိတော့မယ်”

ကောင်လေးကို သူခေါ်စစ်တုန်းကပြောခဲ့သည့် စကားစုကိုလည်း နားမှာပြန်ကြားသည်။ ’ကျွန်တော်ကိုယ်ကျွန်တော် သတ်သေလိုက်ဖို့ စဉ်းစားတာ မကြာခဏဆိုသလိုပါပဲ။ ရင်ဘတ်ထဲမှာခံစားနေရတဲ့ သောကနဲ့ ပရိဒေဝရဲ့ဒဏ်ကို ကျွန်တော်မခံစားနိုင်တော့ဘူးဗျာ’။

ကောင်လေးခံစားနေရသည့် ဝေဒနာကို စာနာမိသဖြင့် ရဲအုပ်သောင်းကြည်၏ ရင်မှာနာကျင်သွားသည်။ ထွန်းသူရမျက်ဝန်းမှ မျက်ရည်စက ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ ရှိုက်သံတစ်ချက်ကလည်း လှိုင်းပုတ်သံနှင့် လွှန့်ယှက်နေသည့် ရောဝတီမြစ်ရင်ခွင်ကြားသို့။ ရဲအုပ်သောင်းကြည် ထွန်းသူရလေးကိုပင် မကြည့်ရက်။ စိုးရိမ်စိတ်နှင့် အကြင်နာစိတ်သည် တစ်ခုခုကိုဆုံးဖြတ်ရန် ခန္ဓာကိုယ်အတွင်းမှ လှုံ့ဆော်နေ၏။

“ဘော်...ဘော်...”

ဆိပ်ကမ်းကပ်ထားသည့် ရန်ကုန်အစုန်သင်္ဘောဆီမှ ထွက်ခွာရန် သတိပေးဥသြသံကြားလိုက်သည်။ ရဲအုပ်သောင်းကြည် ထွန်းသူရလေး၏ပခုံးကို တယုတယဆုပ်ကိုင်လိုက်၏။

“မင်း...ငါနဲ့လိုက်မလား”

“ဗျာ...”

ထွန်းသူရ မယုံမရဲနှင့် မော့ကြည့်သည်။

“တကယ်ပြောတာပါကွာ။ မင်း ငါနဲ့လိုက်မလား”

ထွန်းသူရက စမ်းမြသီတာကို ငဲ့စောင်းကြည့်သည်။ မျက်ရည်နှင့် ဝိုင်းနေသည့် စမ်းမြသီတာလေး၏ မျက်လုံးအစုံက တလက်လက်တောက်လာ၏။ ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

“သီတာတော့ ထွန်းလိုက်သွားသင့်တယ်လို့ ထင်တာပဲ”

ရဲအုပ်သောင်းကြည်က စမ်းမြသီတာကို အလစ်မပေးဘဲ အကဲခတ်သည်။ စမ်းမြသီတာလေးက လုံးဝဟန်မပျက်။ သိမ်မွေ့စွာ မျက်လွှာချထား၏။ မယုံလွယ်တတ်သည့် သူ့ဉာဉ်ကိုပင် အပြစ်တင်ရတော့မည်။ ထိုစဉ် ထွန်းသူရက...



“အ..အစ်ကိုခေါ်ရင် ကျွန်တော်လိုက်ချင်ပါတယ်ဗျာ”

“ဒါဆိုသွားရအောင်”

သူတို့ခြေလှမ်းတွေက အနာဂတ်၏ ခရီးလမ်းပေါ်မှာ...။

* * *

(၇)

အိပ်ရာပေါ်မှလွန့်လူးသံကြောင့် ရဲအုပ်သောင်းကြည် အတွေးထဲမှ ရုန်းထွက်လိုက်သည်။ တစ်ရေးနိုးသွားသည့် ထွန်းသူရသည် ပြတင်းဝတွင် တွေတွေကြီးရပ်နေသည့် ရဲအုပ်သောင်းကြည်ကို မြင်သွားသည်။

“ဟင်...အစ်ကို ဘယ်တုန်းက ပြန်ရောက်လဲ၊ ကျွန်တော့်ကို နှိုးရောပေါ့ အစ်ကိုရာ”

ထွန်းသူရက အိပ်ရာမှ ကပျာကယာလူးလဲထရင်း ပြောသည်။

“ရောက်တာတော့ အခုပဲဆိုပါတော့ကွာ။ ငါဝယ်လာတဲ့ ခေါက်ဆွဲကြော်ကိုတောင် မင်း အိပ်ချင်အိပ်ပါစေတော့ဆိုပြီး နှိုးမကျွေးတာကွ။ ကဲ...နိုးမှတော့ ဆကွာ စားလိုက်ဦး၊ မနက်ကျရင် ကောင်းချင်မှကောင်းမှာ”

“အစ်ကိုက စားပြီးပြီလား”

“ငါလည်း မစားရသေးပါဘူးကွာ၊ အတူတူစားကြမယ်လေ”

ခေါက်ဆွဲကြော်စားနေသည့် ထွန်းသူရရင်မှာ တသိမ့်သိမ့်။ ရဲအုပ်သောင်းကြည်လည်း ထို့အတူ...။

* * *

(၈)

အခါမဲ့မိုးက သဲသဲရွာနေရာမှ ရုတ်ချည်းတိတ်သွားသည်။ အုံ့ဖွဲ့နေသည့် မိုးရိပ်တို့က မပြယ်တတ်သေး။ ကောင်းကင်တွင် လေနှင်ရာ မျောလွင့်နေသည့် မိုးသားတိမ်ဆိုင်တို့ဖြင့် မှုန်မှိုင်းမှိုင်း။

ထွန်းသူရသည် မိုးရေမိုးစက်တို့ ပက်သွင်းမည်စိုးသဖြင့် ပိတ်ထားခဲ့သော ပြတင်းတံခါးများကို ပြန်ဖွင့်လိုက်သည်။ အိမ်အတွင်းသို့ လက်ဆတ်သန့်ရှင်းသည့် လေနုအေးသည် နွဲ့လျစွာတိုးဝင်လာ၏။ မိုးရေစက်တွေ တွဲလွဲခိုနေသည့် ဝိတောက်ပင်ကြီးကို ငေးကြည့်ရင်း အတိတ်တစ်စက ရင်မှာ ထင်ဟပ်လာ၏။ စမ်းမြသီတာ...

စမ်းမြသီတာ၏အချစ်က ဖြူစင်သည်။ အနစ်နာခံသည့် မေတ္တာဖြင့် သာဝရချစ်သွားသူ

www.burmeseclassic.com



"ငါဟာ နင့်ကိုသစ္စာဖောက်မိတဲ့လူပါ သိတာရယ်။ ငါ့ကို နင်မုန်းဘူးလားဟင်"

"နင် ငါ့ကိုသစ္စာဖောက်တယ်ဆိုတာ အတွေ့အကြုံရင့်ကျက်တဲ့ မိန်းမတစ်ယောက်ရဲ့ မာယာနဲ့လှည့်ဖျားမှုကြောင့် ဖြစ်သွားခဲ့ရတာမှန်း ငါသိပါတယ် အွန်း၊ နင့်အပြစ်မဟုတ်ပါဘူး။ ငါနင့်ကို ခွင့်လွှတ်ပါတယ်"

"နင်ဟာ ငါ့ကို အနားလည်ဆုံးချစ်သူတစ်ယောက်ပါ သိတာ၊ ကျေးဇူးတင်ပါတယ်နော်"

မမသေဆုံးခဲ့မှုအတွက် သူ့ကို လူသတ်သမားဟု ပတ်ဝန်းကျင်က သတ်မှတ်ကာ မကောင်းဖြစ်နေချိန်တွင် မားမားမတ်မတ်ရပ်၍ နားလည်ပေးခဲ့သူ စမ်းမြသိတာကို သူတကယ်ပင် ကျေးဇူးတင်ခဲ့သည်။

ထွန်းသူရသည် လွင့်မြောသွားသည့် စိတ်ကို အချိန်မီထိန်းလိုက်ရ၏။ "လုပ်စရာရှိတဲ့ အလုပ်တွေထဲမှာပဲ စိတ်ကို နှစ်မြှုပ်ထားတာ ကောင်းပါတယ်လေ"ဟု ပျံ့လွင့်သွားသည့်စိတ်ကို အလုပ်နှင့် အစားထိုး၍ ဖြေသိမ့်ရ၏။ အစ်ကိုနှင့် သူ့ဘဝက ခုတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။

ရဲအုပ်သောင်းကြည်တစ်ယောက် ထွန်းသူရရောက်မှပင် လူနှင့်သူနှင့် တူတော့သည်ဟု ဆိုရမည်။ ယခင်က သူနေသည်က ပစ္စလက္ခ။ သူ့အခန်းသည် အမြဲလိုရှုပ်ပွနေတတ်၏။ လူစိမ်းတစ်ယောက် သူ့အခန်းထဲဝင်လိုက်လျှင် မလှော်မဖွတ်ဘဲ ခုတင်တန်းနှင့် ကြိုးတန်းများပေါ်တွင် ဖြစ်သလို ပစ်တင်ထားသည့် အဝတ်အစားများထံမှ ချွေးချဉ်အနံ့သည် မခံရပ်နိုင်။

ယခုတော့ ရဲအုပ်သောင်းကြည် အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့၏။ ရဲအုပ်သောင်းကြည် ရုံးတက်နေချိန်တွင် ထွန်းသူရက မိန်းကလေးတစ်ယောက် လိုပင် အိမ်မှုကိစ္စဟူသမျှကို လုပ်သည်။ သူတို့နှစ်ယောက်၏ သံယောဇဉ်ဖွဲ့ ဘဝလေးသည် ကြာလေမြဲလေ။ ပို၍ ခိုင်လေပင်။

တစ်ခါတစ်ရံ ရုံးဆင်းချိန် ရဲအုပ်သောင်းကြည်အပေါင်းအသင်း သူငယ်ချင်းနှင့် ပါသွားခဲ့လျှင် ထွန်းသူရက ဧည့်ခန်းတွင်ထိုင်၍ ဂီတာတီးရင် ထမင်းမစားဘဲ စောင့်၏။ ရဲအုပ်သောင်းကြည်ပြန်ရောက်သည့်အချိန်မှ ခူးခပ်ကျွေးရင်း သူကိုယ်တိုင်လည်း အတူစားသည်။

"နောက် ငါ့ကိုမစောင့်နဲ့ကွာ၊ စားနှင့်"

"ကျွန်တော် ဦးဦးဖျားဖျား မစားတတ်ပါဘူး အစ်ကိုရာ"

"ဟာကွာ...စားတတ်အောင်စားဦး၊ ဖယ်ချင်ဖယ်လိုက်ပေါ့။ ငါအပြင်မှာ နောက်ကျလို့ အိပ်ချိန်ရောက်ရင်လည်း အိပ်သာအိပ်၊ ငါ့ကို မစောင့်နဲ့ကြားလား"

* * *



(၉)

ညဉ့်နက်လှပြီ။

လေရူးနှင့်အတူ ရွက်ကြွေတွေ သဲသဲဖြတ်ဖြုတ်ကြွေသည့် နွေသို့ပင် ရောက်ခဲ့ပြန်၏။ နံရံကပ် လျှပ်စစ်နာရီကြီးမှ ည ၁၂ နာရီထိုးပြီဖြစ်ကြောင်း သံစုံမြည်လျက် အချက်ပြသည့်တိုင် ထွန်းသူရ အိပ်မပျော်။ အိပ်ရာထဲမှာ လှဲရင်း တလူးလူးတလွန့်လွန့်။ အတွေးတွေနှင့် ဖွဲ့နှောင်ခြင်းခံနေရသဖြင့် ထ၍ထွက်ခဲ့ရင်း ပြတင်းဝမှာ ရပ်သည်။ စိတ်အစဉ်က အပျံ့ပျံ့အလွင့်လွင့်။

ဘာလိုလိုနှင့် မွေးရပ်မြေမှ ချစ်ရသူနှင့် ခွဲခဲ့သည်ပင် တစ်နှစ်ကျော်ခဲ့ပြီ။ အစ်ကို့စေတနာ အစ်ကို့မေတ္တာကြောင့် မကြောင့်မကျ မတောင့်မတ စားနေခဲ့ရသည်။ လုံခြုံစိတ်ချစွာနေ၍ ပညာသင်ကြားရသဖြင့် ၁၀ တန်းစာမေးပွဲပင် အောင်မြင်ခဲ့၏။ ကြီးမားသည့် အစ်ကို့ကျေးဇူးကို ဘုရားရှိခိုးတိုင်း အနန္တငါးပါးဝင်တစ်ယောက်လို အစ်ကို့ကိုပါ ကျေးဇူးရှင်အဖြစ် ရှိခိုးရင်း ကျန်းမာချမ်းသာစေရန် မေတ္တာပို့ရ၏။ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာဟူသည့် စကားလိုပါပင်...

ထိုအချိန်တွင်...

"အရက်ကိုကြိုက်လို့ သောက်တဲ့သူ၊ စိတ်ပျော်လွန်းလို့သောက်တဲ့သူ၊ သောက်ပစ်လိုက်မယ် အရက်များများ"

"ဝါးဟား...ဟား...ဝါးဟား...ဟား"

တွေ့ကရာသီချင်းတွေကို အော်ဆိုရင်း ပြန်လာနေသည့် အစ်ကို့အသံကို ကြားလိုက်ရသဖြင့် ထွန်းသူရပြုံးမိသွား၏။ အစ်ကိုက တစ်ခါတစ်လေ သူငယ်ချင်းများနှင့် ဆုံမိလျှင် သောက်တတ်စားတတ်သည်။ မူးလာလျှင် ပို၍နူးညံ့သိမ်မွေ့နေ၏။ ချစ်စရာပိုကောင်း၏။ အိမ်ရှေ့တည့်တည့်သို့အရောက် အစ်ကိုက ဆိုနေသည့် သီချင်းကိုရပ်သည်။

"ဟေ့ကောင်ကြီး ဆက်ဆိုလေကွာ"

"တော်ပြီကွာ၊ မဆူနဲ့တော့၊ ငါ့ညီလေးနိုးသွားမယ်"

"ဘာကွ ညီလေးဟုတ်လား၊ ရယ်ရတယ်ကွာ ဟား...ဟား...ဟား"

ရဲအုပ်မောင်မောင်၏ဟားတိုက်ရယ်မောလိုက်သံကြီးက ညရင်ခွင်ကြားထဲသို့ နှံ့ရင်းစွာ တိုးဝင်သွား၏။

"ဟေ့ကောင် မောင်မောင် ငါ့ညီလေးမို့ ညီလေးလို့ပြောတာ ဘာများ ဘာလှောင်တာလဲကွဟင်"

"သော်စမ်းပါကွာ၊ အဲဒီကောင်လေး ဘာကောင်လဲဆိုတာ သိချင်ရင် ပြောပြလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျယ်ကျယ် ကျယ်ကျယ်မလုပ်ပါနဲ့ မောင်မောင်ရာ၊ ကြားသွားရင် ကလေးစိတ်မကောင်းဖြစ်နေပါဦးမယ်။ သူ့ခမျာ ငါ့ကိုအားကိုးပြီး နေရှာတာပါ"

"ကြားပေ့စေကွာ၊ ဂရုမစိုက်ဘူး၊ မင်းကို ပတ်ဝန်းကျင်က ဘာတွေ ပြောနေတယ်မှတ်သလဲ။ သောင်းကြည်ကို အမှုဖော်ဖို့ လွှတ်လိုက်တာ အမှုမှန်ပေါ်အောင် မဖော်နိုင်လို့ တရားခံလို့ မသင်္ကာတဲ့လူကို အိမ်ခေါ်လာပြီး ခေါင်းရင်းခန်းတင် ကျွေးထားရတဲ့ဘဝရောက်သွားရှာသတဲ့။ မင်းကြောင့် စီအိုင်ဒီသိက္ခာကျတယ်ဆိုပါလား"

"တော်ပါတော့ သူငယ်ချင်းရာ၊ ငါ့ညီလေး ကြားသွားရင် မကောင်းပါဘူး။ ငါ သူ့အပေါ်ထားတဲ့ စေတနာတွေလည်း အလကားဖြစ်သွားပါ့မယ်"

"မင်းက တော်ဆိုတိုင်း မတော်နိုင်ဘူး။ ဒီကောင်လေးကို မင်းဆက်ပြီး မထားသင့်ဘူးဆိုတာတော့ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ပြောရမှာပဲ။ လူသတ်သမားလို့ သင်္ကာမကင်းတဲ့လူတစ်ယောက်နဲ့ အတူစား အတူအိပ်ပြီး အတူနေတာ မင်းမကြောက်ဘူးလား။ တစ်နေ့နေ့ စိတ်မထင်လို့ မင်းကိုပါ သတ်ပြီး...."

"သူက ငါ့ကို ရက်စက်နိုင်လို့ သတ်ချင်ရင် သတ်စမ်းပါစေကွာ။ ဆယ်ခါပြန်ငါသေဝံ့ပါတယ်။ တော်ပါတော့ မောင်မောင် မင်းသိပ်လွန်နေပြီ။ မင်းပြန်ပါတော့"

"မင်းက ငါ့ကိုနှင်တာလား၊ ရတယ် သောင်းကြည်၊ ရတယ် မင်း အသတ်ခံရလို့ သေရင် မင်းမှသာကို ငါလာပြီး သင်္ဂြိုဟ်ပေးမယ်။ စိတ်ချ ဟုတ်ပြီလား ဟား...ဟား...ဟား"

ရဲအုပ်မောင်မောင်က နွေညဏ်အမှောင်ထဲသို့ တိုးဝင်သွားသည်။ မြင်ကွင်းမှပျောက်ကွယ်သွားမှပင် ရဲအုပ်သောင်းကြည် အိမ်ပေါ်သို့တက်သည်။ မီးဖွင့်လိုက်သည်။ ထွန်းသူရက နှစ်ယောက်ထိုင်ခုံပေါ်မှာ အိပ်နေ၏။ ဒီတော့မှပင် ရဲအုပ်သောင်းကြည် သက်မောရှိုက်နိုင်သည်။

"တော်ပါသေးရဲ့၊ မောင်မောင်ပြောတာတွေ သူမကြားပေလို့"

ရဲအုပ်သောင်းကြည်က အိပ်ခန်းထဲဝင်၍ ထွန်းသူရအိပ်ရာကို ပြင်ပေးလိုက်သည်။ ပြီးမှ ထွန်းသူရကို နှိုးသည်။

"ထွန်း ထကွာ၊ မင်းကလဲကွာ၊ အိပ်ချင့်ရင် အိပ်ခန်းထဲဝင်အိပ်ပါလား ခြင်တွေဘာတွေ နာနေတော့မှာပဲ၊ ကဲထ အစ်ကိုအိပ်ရာခင်းပေးပြီးပြီ၊ ဝင်အိပ်တော့"

ထွန်းသူရက အိပ်နေရာမှ လူးလဲထသည်။ သူ့အတွက် ပြင်ပေးထားသည့် အိပ်ရာနှင့် သူ့အစ်ကို့ကို တစ်လှည့်စီကြည့်သည်။



"ဘယ်လိုလဲကွ မင်းမျက်လုံးကျယ်သွားပြီလား။ အိပ်ချင်ပြေသွားရင်လည်း မင်းကိုဝမ်းသာစရာ ပြောရဦးမယ်"

"ရဲအုပ်လောင်းလျှောက်လွှာ ခေါ်တော့မယ်တဲ့ကွ၊ လျှောက်လွှာတင်ဖို့ ပြင်ထားပေတော့။ ငါ့ရည်မှန်းချက်လည်း ခုမှပြည့်တော့တယ်ကွာ၊ ငါကမင်းကို အများကြီး မျှော်လင့်ထားတာကွ၊ မင်းဘဝတိုးတက်ရေးအတွက်ဆိုရင် အစ်ကို ဘာလုပ်ရလုပ်ရကွာ၊ လိုတာမှန်သမျှလုပ်ပေးမယ်။ ကြိုးစားနော် ညီလေး"

ထွန်းသူရထံမှ အသံထွက်မလာ၊ မျက်လုံးတွေက ငေးကြောင်တွေဝေနေ၏။ ရဲအုပ်သောင်းကြည်၏ စကားသံက မှန်မှန်ထွက်ပေါ်နေဆဲ။

"ဘဝဆိုတာ အံ့ဩဖို့ကောင်းအောင်လှည့်စားတတ်တယ်ကွ။ ကိစ္စတစ်ခု ငါမင်းကို ပြောမယ်ပြောမယ်နဲ့ ပြောလို့မထွက်လို့ မပြောဖြစ်ခဲ့ဘူး။ အဲဒီလို ကိုညီအစ်ကိုနှစ်ယောက်ရဲ့ကြားမှာ ပွင့်လင်းမှုမရှိဘဲ ထိန်ချန်ထားသလို ဖြစ်နေတာဟာ မရိုးတာဘဲကွာ။ အစ်ကိုအနေနဲ့ ကြာလေလိပ်ပြာမသန့်လေ ဖြစ်လာတယ်လေ"

"ဘာလဲ အစ်ကို၊ ဘာကိစ္စမို့လဲ"

တစ်လျှောက်လုံး ငြိမ်သက်နေသည့် ထွန်းသူရက လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ အလျင်စလို မေးခွန်းထုတ်သည်။ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ထားရဟန်ရှိ၏။

"မင်းကို ခေါ်လာခဲ့စဉ်က စေတနာအပြည့်အဝနဲ့ ခေါ်လာခဲ့တာမဟုတ်ဘူးကွာ၊ မသင်္ကာလို့ အနီးကပ်လေ့လာနိုင်အောင် အချိုသပ်ပြီးခေါ်လာခဲ့တာကွ။ အေး၊ တစ်ခုပြောမယ်ဆိုရင်လည်း ပြောလို့ရပါတယ်။ မင်းကို လွှတ်ပေးထားလိုက်ရင် စိတ်မထိန်းနိုင်လို့ မင်းကိုယ်မင်းတစ်ခုခု လုပ်သွားမှာစိုးရိမ်တဲ့ စေတနာလေးလည်း နည်းနည်းတော့ပါတာပေါ့ကွာ"

ရဲအုပ်သောင်းကြည်က ပြောလက်စ စကားကို ရပ်၍ ထွန်းသူရကို ကြည့်သည်။ အပြစ်ရှိသူတစ်ယောက်ပမာ မဝံ့မရဲနှင့်ပါ။

"စမ်းမြသီတာအပေါ်လည်း ဒီအတိုင်းပဲ။ ငါမသင်္ကာဘူး၊ ဒေါ်အင်ဒား မကို သူများသတ်သလားလို့ သံသယတွေဖြစ်မိသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ Motive (သတ်ရခြင်းအကြောင်း)က သူ့မှာရှိနေတယ်လေ။ သူချစ်သူကို သူ့ရင်ခွင်ထဲကနေပြီး ဒေါ်တင်ထားမေက လုယူထားတယ် မဟုတ်လား။ ဒေါ်တင်ထားမေလည်း သေပြီးသွားရော မင်းကို သူကခွင့်လွှတ်တယ် ဘာညာနဲ့ပြန်လက်ခံတယ်"

"အဲဒါကြောင့် မင်းတို့နှစ်ယောက်ကို ခွဲထားပြီးအခြေအနေစောင့်ကြည့်ဖို့ မင်းကို ငါခေါ်လာခဲ့တာပဲ။ နောက်ပိုင်း စမ်းမြသီတာကို နယ်ပြောင်းခိုင်းခဲ့ဘာ

www.burmeseclassic.com

www.burmeseclassic.com

အမှုစစ်တွေနဲ့ဆက်သွယ်ပြီး အခြေအနေပြောင်းလဲမှုရှိမရှိ စောင့်ကြည့်ခိုင်းခဲ့တာ ဒီနေ့ထိ ဘာထူးခြားမှုမှမရှိတဲ့အတွက် မင်းတို့နှစ်ယောက်ရဲ့ ဖြူစင်ရိုးသားမှုကို ခေါ်ထားခဲ့သွားပါတယ်။ အစ်ကို့ကို ခွင့်လွှတ်ပါနော်၊ အစ်ကို တောင်းပန်ပါတယ် ညီလေးရယ်"

အနူးအညွတ်တောင်းပန်နေသည့် သူ့အစ်ကိုကြီးကို ကြည့်ရင်း ထွန်းသူရ မျက်ဝန်းမှာ မျက်ရည်တွေပြည့်ဝိုင်းလာသည်။ လက်သီးကိုကျစ်ကျစ်ဆုပ်သည်။ အံကို တင်းတင်းကြိတ်ထား၏။ ကြေကွဲစရာအဖြစ်နှင့် ရင်ဆိုင်နေရသဖြင့် အားတင်းထားသည့်ကြားမှ ရှိုက်သံတစ်ချက် ပွင့်အံထွက်လာခဲ့၏။

"ထွန်း ညီလေး မင်းငိုနေသလားဟင်"

"ဟုတ်တယ်အစ်ကို ကျွန်တော် ဝမ်းနည်းလွန်းလို့ပါ"

ညသည် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်လာနေ၏။ ညဥ့်ငှက်တစ်ကောင်က အိမ်ခေါင်မိုးပေါ်မှဖြတ်၍ ဂီးခနဲအော်လျက် ပျံသန်းသွားသည်။ လေအဟေ့တွင် ရွက်ဝါကြွေသံတွေ ဖြိုးဖြိုးဖျောက်ဖျောက်။

"အစ်ကို တောင်းပန်တာကို ညီလေးမကျေနပ်လို့လားဟင်"

ထွန်းသူရက ခေါင်းကိုသွက်သွက်ခါရမ်း၏။ သူ့တစ်ကိုယ်လုံးယိမ်းယိုင်နေသည်။ ဖြေဆည်မရဟန်က အထင်းသား။

"အစ်ကိုက ကျွန်တော့်အပေါ် ရိုးသားမှုတွေ ပွင့်လင်းမှုတွေရှိသလောက် ကျွန်တော်က အစ်ကိုအပေါ် ကောက်ကျစ်မိတာတွေကို တွေးပြီး ဝမ်းနည်းမိလို့ပါ အစ်ကိုရယ်"

ရဲအုပ်သောင်းကြည်က မျက်မှောင်ကျုံ့သည်။ ခေါင်းကိုလည်း တဖျင်းဖျင်းကုတ်၍ စဉ်းစားသည်။ ထွန်းသူရ၏ ဆိုလိုရင်းကို နားမလည်နိုင်သေး။ ဘာတွေဖြစ်ကုန်ပြီလဲဟူသော ပဟေဠိတွေနှင့်။

"ကျွန်တော်လည်း ဒီအတိုင်းဆက်ပြီး ဟန်ဆောင်နေရင် ကျွန်တော်ချစ်တဲ့ လေးစားရိုသေတဲ့အစ်ကို့ကို ထပ်ခါထပ်ခါလှည့်စားသလို ဖြစ်မှာစိုးတယ်။ စောစောက အစ်ကိုပြောသလိုပဲ ကျွန်တော်လည်း လိပ်ပြာမသန့်တော့ဘူး။ ဒါကြောင့် ဒီအချိန်ကစပြီး ကျွန်တော်ကြောင့် အစ်ကို့ကို သူများအထင်သေးတာ မခံရတော့အောင်နဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ရဲ့ကြားမှာ တားဆီးထားတဲ့ မှသားတံတိုင်းကြီးကို ဖြိုချလိုက်တော့မယ်"

"ကျွန်တော် အမှန်အတိုင်းဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပြီ အစ်ကို၊ ဟုတ်တယ်...ဒေါ်တင်ထားမေကို ကျွန်တော်ကိုယ်တိုင် ဓားနဲ့ထိုးသတ်လိုက်တာပါ အစ်ကိုရယ်"



"ဟော..."

ထွန်းသူရထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ရဲအုပ်သောင်းကြည် အထိတ်တလန့်ဖြစ်သွားသည်။ ပျာပျာသလဲစကားလမ်းကြောင်းပြောင်းရန် ကြိုးစားသည်။

"မင်းမဟုတ်တာတွေ လျှောက်မပြောနဲ့နော်။ သူများကြားသွားရင် အဟုတ်မှတ်ပြီး ဒုက္ခရောက်လိမ့်မယ်။ ဘာအောက်မေ့လို့လဲ၊ လူသတ်မှုက သေစားသေချင်သေရမယ်၊ တစ်သက်တစ်ကျွန်းထောင်ဒဏ်ခံချင်ခံရမယ်။ စကားကို အရမ်းမပြောရဘူး ဒီမှာတင်ရပ်တော့"

"ကျွ...ကျွန်တော် အမှန်အတိုင်းပြောတာပါ အစ်ကို၊ ယုံပါ"

ရဲအုပ်သောင်းကြည်က အံ့သြရင်း အံ့သြရင်း ဖြစ်ရ၏။ တကယ်တော့ ထွန်းသူရနှုတ်မှ ဒီစကားမျိုး ကြားရလိမ့်မည်ဟု သူမျှော်လင့်မထားခဲ့သည်မှာ ကြာခဲ့ပြီ။ ထွန်းသူရက ပြောလက်စစကားကို ဆက်ပြောရန် လည်ချောင်းရှင်းလိုက်၏။ ရဲအုပ်သောင်းကြည်တစ်ယောက် သစ်သားပန်းပုရုပ်တစ်ရုပ်ပမာ ဘုတ်တုတ်မျှပင် လှုပ်မရတော့။

"အဲဒီညက မမနဲ့ ကျွန်တော်ချိန်းတွေ့ကြရင်း မမရဲ့အတွေးအာရုံတွေကြားမှာ မိုးမမြင်လေမမြင် မျောနစ်နေခဲ့သူပီပီ မမကို ကျွန်တော် လက်ထပ်ကြရအောင်ပါလို့ ပြောမိတယ်။ မမကလည်း ပတ်ဝန်းကျင်က ပြောလာမှာတွေနဲ့ ကြည့်လာမယ့် မျက်လုံးဒဏ်တွေကို မခံနိုင်ဘူးကွာတဲ့။ လက်မထပ်ဘဲလည်း တွေ့ချင်တဲ့အချိန်တွေ့နေတာပဲ လက်ထပ်စရာမလိုပါဘူးလို့ ငြင်းတယ်"

ထွန်းသူရ၏စကားတွေကို ရဲအုပ်သောင်းကြည် မကြားဝံ့ဝံ့နှင့် ကြားနေရ၏။ ဆက်မပြောစေချင်တော့သော်လည်း ထွန်းသူရက ပြောမြဲပြောလျက်ပင်။

"ကျွန်တော်က မမရဲ့အယုအယတွေနဲ့ ကင်းကွာမနေနိုင်တော့ဘူးဗျာ။ ခုလို ခိုးကြောင်ခိုးဝှက် ချစ်နေရတာကိုလည်း အားမရဘူး၊ လက်ထပ်ကြဖော်လို့ အတင်းပူဆာမိတယ်"

"အဲဒီတော့ မမက နင့်လို ၁၀ တန်းတောင် မအောင်တဲ့သူငယ်နှပ်စား လေးကို လင်တစ်ယောက်အဖြစ်နဲ့ ဘဝခရီးဖော် မသတ်မှတ်နိုင်ဘူးတဲ့၊ သူ့ဘာသာ ဘာတော် လင်နဲ့ကွဲလို့ တရားဝင်နောက်တစ်ယောက်ယူရင် အရာရှိအရာခံတွေ ထဲကပဲ ယူမှာပေါ့တဲ့ နင်စိတ်ကူးတွေယဉ်ပြီး အိပ်မက်တွေ မမက်နေနဲ့တဲ့"

ထွန်းသူရအသံက မာရမှ ထန်လာသည်။ သူ့မျက်လုံးတွေမှာလည်း ဒေါသဝင်းဝင်းတောက်လာ၏။ အံကြိတ်ထားသဖြင့် မေးကြောကြီးများထင် ရှားနေပြီ။

"အဲဒါဆိုရင် မမကျွန်တော့်ကို အခုလိုနေကြတာကျတော့ကောဗျာလို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကမေးတော့ သူက အားပါးတရရယ်ရင်း နင့်ကိုချစ်လို့မဟုတ်ဘူးဟေ့လို့နေတဲ့ ကွက်လပ်လေးကို ယာယီအစားထိုးပြီး ဖြည့်ဆည်းတာတဲ့ဗျာ။ အစ်ကိုစဉ်းစားကြည့်ပါ။ ကျွန်တော်ဟာ အလိုလိုနေရင်း သူ့အလိုကျအသုံးတော်ခံဘဝရောက်မှန်းမသိ ရောက်သွားတော့တာပေါ့။ ကျွန်တော်မခံစားနိုင်တော့ဘူး။ ရက်ရက်စက်စက်အသည်းတွေ ဆတ်ဆတ်ခါအောင် နာကျည်းခံပြင်းမိတယ်။ ကျွန်တော့်မျက်စိထဲမှာ ဘာဆိုဘာမှမမြင်တော့ဘူး။ ဒီလောက်တောင် ရက်စက်လှတာသိကြရောပေါ့ဆိုပြီး မီးဖိုချောင်ထဲက သားလှီးဓားကိုယူပြီး ထိုးသတ်လိုက်တာပါပဲ အစ်ကိုရယ်”

ထွန်းသူရက ဖြစ်ခဲ့သမျှကို ရင်ဖွင့်ပြရင်း ယူကျုံးမရနိုင်အောင်ပင် ဖြစ်နေရှာသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အတ္တကြောင့် တအော်အတွင်းပေါက်ကွဲသွားသည့်အမှားကို မထိန်းနိုင်လိုက်သဖြင့် ကြေကွဲဖွယ်ရာဖြစ်ရပ်များနှင့် ရင်နင့်စရာကြုံလိုက်ရခြင်းအတွက် နောင်တတရဖြင့် စကားဆိုဆက်သည်။

“ကျွန်တော် မမရဲ့သက်မဲ့ခန္ဓာကြီးကို ရပ်ပြီး တွေတွေကြီးငေးကြည့်နေမိရာက သတိရတာနဲ့ ပစ္စည်းယူလှူသတ်တဲ့ပုံစံဖြစ်အောင် လက်ဝတ်လက်စားတွေချွတ်ယူလိုက်တယ်။ ရက်စက်ရာကျပေမယ့် မတတ်နိုင်တော့ဘူးလေ။ နားထောင်စိန်နားကပ်ကိုဖြုတ်တာ အရမ်းကျပ်နေလို့ ဓားနဲ့လှီးယူလိုက်တယ်။ မနက်ဖြန်ရောက်တစ်ခေါက် ထပ်သွားတာကလည်း ကျွန်တော့်ကိုမထင်ရအောင် လှည့်စားလိုက်တာပါပဲ။ ဒါဟာ အဖြစ်မှန်ပါပဲဗျာ”

ထွန်းသူရက ပြောလက်စစကားကို တိခနဲဖြတ်ချပစ်လိုက်၏။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ရဲအုပ်သောင်းကြည်ကိုယ်တိုင်လည်း စိတ်မကောင်းနိုင်ရှာတော့။ မမျှော်လင့်သည်များ ဖြစ်လာခဲ့ပြီမို့ ရှေ့ဆက်ရင်ဆိုင်ဖြေရှင်းဖို့ကိုပင် အဖြေရှာရတော့၏။ ရင်မောပါပြီ။

“မင်း...မင်း...ဓားနဲ့ လက်ဝတ်လက်စားတွေကို ဘယ်မှာဝှက်ထားသလဲ”

“ပလတ်စတစ်အိတ်တစ်လုံးနဲ့ထည့်ပြီး အိမ်သာတွင်းထဲကို ပစ်ချလိုက်ပါတယ်။ အစ်ကိုလိုက်သိမ်းမယ်ဆိုရင် ကျွန်တော် ပြပေးပါ့မယ်”

ရဲအုပ်သောင်းကြည် အရုပ်ကြိုးပြတ်ဖြစ်သွားသည်။ ဒီအချိန်တွင် လူ့ရေးကို ရှေ့တန်းတင်၍ မဖြစ်တော့။ သံယောဇဉ်နှင့် မေတ္တာတရားကို ကော်ဖြတ်၍ စည်းခြားလိုက်သည့် ဥပဒေဘက်သားတစ်ဦး၏ တာဝန်က ပခုံးပေါ်သို့ ကျရောက်ခဲ့ပြီမဟုတ်ပါလား။



“အစ်ကို့ကို အရှုးလုပ်သလိုဖြစ်ခဲ့ရတဲ့အတွက် ကျွန်တော်နောင်တမရလို့မဆုံးပါဘူး။ ခွင့်လွှတ်ပါတော့ အစ်ကိုရယ်၊ ဒါဟာ အစ်ကိုကျွန်တော့်အပေါ်ထားတဲ့ ဖြူစင်မွန်မြတ်တဲ့စေတနာနဲ့ မေတ္တာကို ကျွန်တော်ကလည်း ရိုးသားပွင့်လင်းစွာနဲ့ တုံ့ပြန်လိုက်တာပါပဲ။ အစ်ကို့မှာ တာဝန်ရှိတဲ့အတိုင်း အရေးယူပါတော့လေ”

မျက်ရည်ဖြင့် နီရဲရွှန်းစိုနေသည့် မျက်လုံးများကို ပုတ်ခတ်ရင်း ထွန်းသူရက လက်နှစ်ဖက်ကို ကမ်းပေးသည်။ ရဲအုပ်သောင်းကြည်အသင့်ရှိနေသည့် လက်ထိပ်ကို ယူလိုက်သည်။

အေးစက်မာကျောသည့် စတီးလက်ထိပ်၏ အထိအတွေ့က အကြင်နာမဲ့လွန်းသည်။ တရားခံပေါင်းများစွာကို လက်ထိပ်ခတ်၍ ဖမ်းဆီးအရေးယူခဲ့ဖူးသော စုံထောက်၏လက်တွေက တဆတ်ဆတ်တုန်ယင်နေ၏။ ဆုပ်ကိုင်ထားမိဆဲ လက်ထိပ်ပေါ်သို့ မျက်ဝန်းမှတစ်ဆင့် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသော မျက်ရည်တစ်စက်က ကြေကွဲဖွယ် ကြွေသက်သွားခဲ့ပါပြီလေ...။

***ဂန့်ဂေါစရိုင် ရဲမှူးသောင်းကြီးသို့ အမှတ်တရ***
**မောင်သစ်နွယ်**

www.burmeseclassic.com